
www.burmeseclassic.com

ဒုတိယအကြိမ်

ဒဂုန်ရွှေမျှား

# စုံထောက်ဦးထင်ကျော်

၅



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်

# ဒဂုန်ရွှေမျှား

# စုံထောက်ဦးထင်ကျော်

၅



www.burmeseclassic.com

BURMESE CLASSIC .com



စုံထောက်ဦးထင်ကျော်

ဒဂုန်ရွှေမျှား

834506
700 Ks

PiKePiXe, 2000

www.burmeseclassic.com

စာအုပ်တိုက်

အမှတ်– ၁၉၉၊ ၃၃ လမ်း(အထက်) ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

**နိုင်ငံတော်ရဲ့ စည်းမျဉ်းဥပဒေအပေါ် ပေါက်ရောက်သည့်**
**ပြည်ထောင်စုသားအားလုံး၏ မေတ္တာကြွေးသော တာဝန်ဖြစ်သည်။**

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
တိကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့တွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

# ဒဂုန်ရွှေမျှား

# စုံထောက်ဦးထင်ကျော်(၅)

www.burmeseclassic.com

www.burmeseclassic.com

**တန်ဖိုး –** ၅၀၀ ကျပ်
**အုပ်ရေ –** ၅၀၀အုပ်
– ၂၀၀၀ ခုနှစ်၊ ဩဂုတ်လ
– **ဒုတိယအကြိမ်**
**မျက်နှာဖုံး –** ပိုက်ပိုက်
**အတွင်းဖလင် –** ပန်းရွှေပြည်
**အဖုံး+အတွင်းပုံနှိပ် –** ဦးထွန်းထွန်း (၀၂၇၂၆)
အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၂၄၊ လမ်း (၄၀)၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ –** ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ (၀၁၂၉၉)
၆၅၊ အုပ်စု ၃ /ဃ၊ အောင်သိဒ္ဓိလမ်း၊
ဓော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်။
**စာမူခွင့်ပြုချက် –** ၃၁၇ / ၂၀၀၀ (၅)
**အဖုံးခွင့်ပြုချက် –** ၄၃၄ / ၂၀၀၀ (၇)

# ဒဂုန်ရွှေမျှား

၁။ မနုန်းစိန်သေဆုံးမှု ၇
၂။ ဦးထင်ကျော် တစ်ပတ်ရိုက်ခံရပုံ ၄၃
၃။ သွန်မဆင်လမ်းလူသတ်မှု ၈၃
၄။ ထူးဆန်းသောဖော်မြူလာ ၁၀၀
၅။ စုံထောက်အတတ်ပညာဖြင့် စုံထောက်ခြင်း ၁၅၈
၆။ ဦးထင်ကျော်၏ ခွန့်စားခန်း ၁၇၈
၇။ ထူးဆန်းသော အားကစားသမားအမှု ၂၁၃
၈။ ပြိုလ်မွေတဲ့ပတ္တမြား ၂၂၂
၉။ ဦးထင်ကျော် ပျောက်ဆုံးသွားခြင်း ၂၅၀

www.burmeseclassic.com

www.burmeseclassic.com

# မနန်းစိန် သေဆုံးမှု

ယခုရေးသားဖော်ပြသော ဝတ္ထုမှာ ဦးထင်ကျော်နှင့် ကျွန်ုပ် မသိမီ၊ ဦးထင်ကျော် အလုပ်စ၍လုပ်စက တောင်ငူမြို့တွင် သူကိုယ်တိုင်တွေ့ကြုံခဲ့သော အမှုတစ်ခု ဖြစ်လေသည်။ ဦးထင်ကျော်သည် ထိုအဖြစ်အပျက်ကို နေ့ရက်၊ နေရာဌာန၊ အမှုသည်အမည်များနှင့်တကွ မိမိဒိုင်ယာရီမှတ်တမ်းတွင် အကျဉ်းချုပ်ရေးသားထားခဲ့ရာ ကျွန်ုပ်က ထို အဖြစ်အပျက် အလုံးစုံကို ကြားလိုသဖြင့် တောင်းပန်ရာ ဦးထင်ကျော်က ပြောပြသဖြင့် သူပြောပြသည့်အတိုင်း ယခု ရေးသားဖော်ပြခြင်း ဖြစ်ပါကြောင်း။

ထိုအဖြစ်အပျက်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ခုနစ်နှစ်ခန့်က တောင်ငူမြို့တွင် ဖြစ်ပွားခဲ့ရာ အမှုဖြစ်ပွားစဉ်အချိန်က အင်္ဂလိပ်မြန်မာ သတင်းစာကြီးများတွင် အထင်အရှားရေးသားပါရှိခဲ့သည့် ထူးဆန်းသော လူသတ်မှုတစ်ခုဖြစ်သဖြင့် လူများ စိတ်ဝင်စားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်

ကျွန်ုပ်သည် မိတ်ဆွေဆရာဝန်တစ်ဦး၏ ညွှန်ကြားချက်အရ အလုပ်မှ ခေတ္တအနားယူပြီးလျှင် မိတ္ထီလာမြို့တွင် ကျန်းမာရေးအတွက် ရက်သတ္တ နှစ်ပတ်ခန့် နေထိုင်ခဲ့ပြီးနောက် အပြန်တွင် တောင်ငူမြို့မှ မိတ်ဆွေ ရာဇဝတ်ဝန်ကလေးတစ်ဦး၏ဖိတ်ခေါ်ချက်အရ လာရောက်ခဲ့ရာ ရန်ကုန်တွင် လက်စမသတ်သေးသော အမှုလည်း မရှိ။ ကျန်းမာရေး အတွက် ဆက်လက်အနားယူရန်လည်း လိုအပ်သေးသည်ဟု ထင်မြင်သဖြင့် တောင်ငူမြို့တွင် ရက်ပေါင်း နှစ်ဆယ် အစိတ်ခန့်မျှ ကြာခဲ့ရှိ၏။ ယခု ကျွန်ုပ် ဒိုင်ယာရီတွင် 'တောင်ငူ'ဟု ခေါင်းစဉ်တပ်လျက် ရေးမှတ်ထားသောအမှုမှာ ယင်းကဲ့သို့ တောင်ငူမြို့တွင် ကျွန်ုပ် ခေတ္တ ရှိနေစဉ်က ကံအားလျော်စွာ အကြောင်းတိုက်ဆိုင်သဖြင့် တွေ့ကြုံခဲ့ရသော အမှုတစ်ခု ဖြစ်လေသည်။

မြို့ကိုရောက်၍ ဆယ်ရက်ခန့်မျှ ကြာလတ်သော် တစ်နေ့သောည၌ ၁၁နာရီကျော်ကျော်ခန့် အချိန်လောက်တွင် ကျွန်ုပ်သည် လည်ပတ်ပြန်လာရာမှ တည်းခိုသောအိမ်နှင့် မနီးမဝေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည် သောက်လျက်ရှိ၏။ လသာသောည တစ်ည ဖြစ်သော်လည်း ဆီးနှင်းများ ကျလျက်ရှိသဖြင့် အလင်းရောင်နည်းပါးလှ၏။ တောနယ်များတွင် ည၌ ၉နာရီကျော်လျှင် လူခြေတိတ်ပြီဖြစ်၍ ပတ်ဝန်းကျင်မှာ အတော်ပင် တိတ်ဆိတ်လျက်ရှိတတ်လေသည်။ အားလပ်သည့်အချိန်များ၌ ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်များတွင်ထိုင်ကာ လက်ဖက်ရည်ဆိုင်သို့လာသူများအား ကြည့်ရှုအကဲ





ခတ်ခြင်း၊ အချို့ မိတ်ဆွေဖွဲ့လောက်သူများနှင့် မိတ်ဖွဲ့ခြင်း၊ မြို့ရွာ၏အကြောင်းကို စနည်းနာခြင်းများကို ပြုလုပ်တတ်သော ဝါသနာရှိရာ တစ်ခါတစ်ရံ ဝါသနာကပင် ကျွန်ုပ်၏အလုပ်ကို အတော်အတန် အထောက်အပံ့ အကူအညီပေးကြောင်း တွေ့ရဖူး၏။

ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့၍ အိမ်ဘက်သို့ ပြန်ခဲ့ရာ လမ်းကျယ်တစ်ခုကို ကျော်ပြီးနောက် အခြားလမ်းကျဉ်းကလေးတစ်ခုအနီးသို့ ရောက်သောအခါ လမ်းကြားထဲမှ ဝီစီမှုတ်သံကြားလိုက်ရပြီးလျှင် ပုလိပ်သားတစ်ယောက်သည် လမ်းမဘက်သို့ ပြေးထွက်လာသည်ကို မြင်ရ၏။

ထိုပုလိပ်သားသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း ရုတ်တရက် မမှတ်မိသော်လည်း အနီးသို့ ချဉ်းကပ်လာသောအခါ ကျွန်ုပ်မှာ ပုလိပ်အရာရှိ ဦးလွန်းမောင်၏အိမ်တွင် ခေတ္တတည်းခိုလျက်ရှိသော ရန်ကုန်မှ အလွတ်စုံထောက်တစ်ယောက်ဖြစ်သည်ကို သိရှိသွားလေသည်။ ဦးလွန်းမောင်သည် သူ၏တပည့်တပန်းများဖြစ်သော ရာဇဝတ်အုပ်များ၊ အချို့အင်စပိတ်တော်များနှင့် မိတ်ဆက်ပေးဖူးရာ ကျွန်ုပ် အကြောင်း ကိုလည်း အတော်အတန်သိရှိပြီး ဖြစ်ကြလေသည်။ သို့ဖြစ်၍လည်း ထိုပုလိပ်သားက ကျွန်ုပ်အား သိရှိနိုင်ခြင်းဖြစ်၏။

ပုလိပ်သားသည် ဝီစီမှုတ်ရင်း မောကြီးပန်းကြီးပြေးလွှားလာရာမှ ကျွန်ုပ်အနီးသို့ရောက်လျှင် ခေတ္တရပ်လိုက်၍.....

"ဆရာ၊ ဝန်ထောက်ဦးလွန်းမောင်အိမ်မှာတည်းနေတဲ့ ရန်ကုန်က ဦးထင်ကျော်ဆိုတာ မဟုတ်လား"

ကျွန်ုပ် ။ ။ "အေး။ ဟုတ်တယ်"

"အဲဆင်သင့်လိုက်လေဆရာရယ်"

"ဘာဖြစ်လို့လဲကွယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှုဆရာရေ၊ လူသတ်မှု။ လူသတ်မှု"

"ဘယ်မှာလဲကွယ့်"

"ဒီလမ်းကြားအဆုံးနားက အိမ်မှာဆရာ။ အခုတင်ကပဲ သတ်သွားတယ်"

ပုလိပ်သားသည် ဝီစီကို နှစ်ကြိမ် သုံးကြိမ်မျှ ဆက်လက်၍ ကျယ်လောင်စွာမှုတ်ပြီးနောက် ကျွန်ုပ်အား လမ်းကြားထဲသို့ခေါ်သွားရာ၊ ကျွန်ုပ်လည်း ၎င်းနောက်သို့ ဘုမသိဘမသိ လိုက်ပါသွားရလေ၏။ လမ်းတွင် ပုလိပ်သားက·····

"ကျွန်တော့် နာမည် ဖိုးစတဲ့ ဆရာရဲ့။ ဦးလွန်းမောင်ကရာဇဝတ်အုပ် ကိုအုန်းလွင်နဲ့ ဆရာ့ကို မိတ်ဆက်ပေးတုန်းက ကျွန်တော်အနားမှာ ရှိတယ်လေ။ ဒါကြောင့် ဆရာ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိတာပေါ့။ ဒီလိုဆရာရဲ့။ ကျွန်တော် ဟိုဘက်လမ်းကြားမှာ ပတ္တရောင်လှည့်လာတုန်း ဦးရွှေဗျိုင်းဆိုတဲ့ လူကြီးအိမ်နောက်ဖေးနားကအော်သံတစ်သံ ကြားလိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လည်း အိမ်ကြားကဖြတ်ပြီး ဒီဘက်လမ်းကြားကို ပြေးလာခဲ့တယ်။ ကျွန်တော်လာနေတုန်းပဲ 'အမယ်လေး လာကြပါဦး၊ ကျုပ်မယား သေပါပြီ' လို့ အော်လိုက်တဲ့အသံ ထပ်ကြားရတယ်။ အသံကတော့ ဦးရွှေဗျိုင်းအသံပဲ။ ဒီလူကြီးကို ကျွန်တော် ကောင်းကောင်းသိတယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်ဖေးပေါက်က လှည့်ဝင်၊ ဦးရွှေဗျိုင်းနာမည်ကို ခေါ်ပြီး ကျွန်တော်ဟာ ပုလိပ်သားဖိုးစ ဖြစ်တဲ့အကြောင်းပြောတော့ သူလည်း ကျွန်တော့်ကို တံခါးဖွင့်ပေးပြီး သူ့မယား မနန်းစိန်ကို ဘယ်သူကဓားနဲ့ထိုးသတ်သွားမှန်း မသိဘူးလို့ပြောတာကိုး ဆရာရဲ့။ ဒါနဲ့ ကျွန်တော်လည်း သက်သေ မြန်မြန်ရအောင်၊ အကူအညီလည်း မြန်မြန်ရအောင်ဆိုပြီး အိမ်အပြင်ထွက် ဝီစီမှုတ်ပြီး လမ်းကြားကလေးအတိုင်း





ပြေးလာခဲ့တာ အခု ဆရာနဲ့ တွေ့တာပဲ။ ဟော ရောက်လာပြီ။ ဒီအိမ်ပဲ ဆရာ"

မှုခင်းဖြစ်ပွားသည်ဆိုသော အိမ်မှာ တိုက်ခံအိမ်ကလေးတစ်လုံးဖြစ်၍ ကျွန်ုပ်တို့လည်း အိမ်ကြားတစ်ခုမှ နောက်ဖေးဘက်သို့ လှည့်၍ သွားကြရ၏။ နောက်ဖေးဘက်တွင် တံခါးတစ်ချပ် ပွင့်နေသည်ကို တွေ့ရသဖြင့်၊ ကျွန်ုပ်တို့လည်း ထိုတံခါးမှဝင်သွားရာ အိမ်ပေါ်ထပ်သို့ ရောက်သောအခါ အသက် ၅၀ခန့်ရှိ ရုပ်ရည်သားနားသပ်ယပ်သော လူကြီးတစ်ယောက်သည် မိန်းကလေးတစ်ယောက်အလောင်းကို ပွေ့ဖက်ကာ ·····

"လုပ်ရက်လေခြင်းကွယ့် စိန်စိန်ရယ်"

···စသည်ဖြင့် ဖွဲ့နွဲ့ငိုကြွေးနေသည်ကို တွေ့ရလေ၏။ သေဆုံးနေသူ မိန်းမမှာ အသက်၃၀ထက် မကြီးသေးဘဲ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျသူ မိန်းမချောတစ်ယောက်ဖြစ်၍ ဖြူစင်သောအသားအရေရှိပြီးလျှင် မည်းနက်သောဆံပင်တို့မှာ မျက်နှာတစ်ခြမ်းကို ဖုံးအုပ်လုမတတ် ရှိနေ၏။ ကျွန်ုပ်သည် ငိုနေသူအား တတ်နိုင်သမျှ အားပေးစကားပြောကြားပြီးလျှင် အလောင်းကဒဏ်ရာကို ကြည့်ရှုလေရာ အဝမှာ ဖြက်တစ်လက်မခန့် ရှိပြီးလျှင် ရင်ညွန့်မှသည် ကျောဘက်သို့ ထုတ်ချင်းခတ်ပေါက်လျက် ရှိနေသည်ကို တွေ့ရ၏။

ဒဏ်ရာအဝ တစ်ဘက်တစ်ချက်တွင် တိရိစ္ဆာပြတ်နေသဖြင့် အသွားနှစ်ဘက်ရှိသည့် ချွန်ထက်သော လက်နက်တစ်ခုဖြင့် ရှေ့မှတအားထိုးစိုက်လိုက်ဟန် လက္ခဏာရှိ၏။

ထိုအချိန်၌ ကျွန်ုပ်တို့လည်း လမ်းထိပ်မှ လည်းကောင်း၊ လမ်းကြားမှ လည်းကောင်း လူသံများကို ကြားရလေရာ ကျွန်ုပ်လည်း မောင်ဖိုးစအား အိမ်ရှေ့နှင့် နောက်ဖေးအခန်းထဲမှ အပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခေါ်သွားပြီးလျှင် အမှုဖြစ်ပွားပုံ အကျိုးအကြောင်းကို အနည်းငယ် စုံစမ်းမေးမြန်းလျက်ရှိလေ၏။

ကျွန်ုပ် ။ ။ "ဒီလူကြီးနာမည် ဘယ်သူကွယ့်"

စ ။ ။ "ရွှေဗျိုင်းတဲ့ ဆရာ။ ကျွန်တော်နဲ့သိတာ တစ်နှစ်ကျော်လောက် ရှိပါပြီ။ လူသူတော်ကောင်းကြီးပါ ဆရာ။ နို့ပေမယ့် အရက်ကလေး ဘာကလေးတော့ နည်းနည်းပါးပါးသောက်တတ်တယ် ခင်ဗျာ"

"မင်းနဲ့ ဘယ်တုန်းက သိသလဲ"

"သူက ငွေတိုးကလေး ဘာကလေးဆိုသလို ပေးတတ်လေတော့ တစ်ခါတုန်းက ကျွန်တော့်မှာ အင်မတန်အကြပ်အတည်းတွေ့နေ၊ လခလည်း မထုတ်သေးတာနဲ့ သူ့ဆီကိုလာပြီး ငွေ၃၀လောက် လှည့်ရတာကိုး ခင်ဗျာ။ အင်မတန် သဘောကောင်းရှာပါတယ်ခင်ဗျာ။ နို့ပေမယ့် သူ့မိန်းမကတော့ သူ့ကို တော်တော်နိုင်ပုံရတယ်"

"ဪ..ဟုတ်လား၊ ပြောစမ်းပါဦး"

"ဦးရွှေဗျိုင်းက မုဆိုးဖိုကြီးဆိုပဲ ဆရာရဲ့။ သူ့မယားကြီးလက်ထက်က လယ်တို့၊ ချောင်းမြောင်းတို့နဲ့တကွ ပစ္စည်းအတော်အတန် ကျန်ရစ်ခဲ့တယ်။ ဒီသူငယ်မက ရန်ကုန်သူဆို ထင်ပါရဲ့ခင်ဗျာ။ ဒါနဲ့ မယားကြီးသေသွားတော့ အခုသေသွားတဲ့ မနန်းစိန်ဆိုတာနဲ့ အကြောင်းပါပြီး ဒီအိမ်ဟောင်းကိုပြင်ပြီး အောက်က တိုက်ခံဆောက်နေကြတာပါပဲ။ အလုပ်ကတော့ စပါးတွေ ကြိတ်စက်ငှားပြီး ရန်ကုန်ကို ဆန်ပို့တယ် ဆရာရဲ့။ သူ့အလုပ်တိုက်နဲ့ ဂိုဒေါင်က ဘူတာရုံနားမှာ ရှိတယ်။ ဆရာသိတဲ့အတိုင်းပဲ ကောင်မကလေးကချောလည်း ချောပြန်၊ အသက်လည်း ငယ်ပြန်၊ ရန်ကုန်သူလည်း ဖြစ်ပြန်၊ ပိုက်ဆံငွေကြေးလည်း ပြည့်စုံပြန်ဆိုတော့ အဘိုးကြီးအပေါ်မှာ နွဲ့ချင်တိုင်းနွဲ့





ဆိုးချင်တိုင်း ဆိုးနေတာပေါ့ ဆရာရယ်။ ကိုင်း...ကျွန်တော်သိသလောက်တော့ ဒါပါပဲ ဆရာ"

မကြာမီ အိမ်နီးပါးချင်းများနှင့် အရပ်သားများပါ ရောက်ရှိလာရာ မရှေးမနှောင်းပင် ရာဇဝတ်အုပ်ကိုအုံးလွင်သည် လက်နှိပ်ဓာတ်မီးတစ်လက်ကို ကိုင်ကာ ပုလိပ်သားနှစ်ယောက်နှင့်အတူ အိမ်ပေါ်သို့ ပြေးတက်လာ၏။ ကျွန်ုပ်ကို မြင်လျှင် ကိုအုံးလွင်သည် ပြုံး၍ နှုတ်ဆက်ပြီးနောက် အလောင်းဆီသို့ သွားရောက်ကြည့်ရှုလေရာ ပုလိပ်သားမောင်ဖိုးစက သူ သိရှိသမျှအချက်အလက်များကို ပြန်ပြောပြလျက်ရှိလေ၏။ မောင်ဖိုးစပြောသော အကြောင်းအရာများမှာ ကျွန်ုပ်အားမောင်ဖိုးစက မူလပြောသည့် အချက်အလက်များပင် ဖြစ်လေသည်။ ထို့နောက် ကိုအုံးလွင်သည် သေသူ၏ယောကျ်ား ဦးရွှေဗျိုင်းအား စစ်ဆေးလေရာ ဦးရွှေဗျိုင်း၏အစစ်ခံချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"ကျွန်တော်သည် ညနေ ၆နာရီ အချိန်ခန့်တွင် ဂိုဒေါင်ကိုပိတ်၍ အိမ်သို့ပြန်လာရာ လမ်း၌ ပွဲစားကိုဖိုးစိန်၊ ပန်းထိမ်ဆရာကိုလှဝဆိုသူတို့နှင့် တွေ့၍ ဟော်တယ်တစ်ခုသို့သွားပြီးနောက် အရက်အနည်းငယ်သောက်ကြပါသည်။ နောက် ၉နာရီအချိန်ခန့်လောက်တွင် ပွဲစားမောင်ညွန့်ဟန်ဆိုသူတစ်ဦး ရောက်လာ၍ ကိုးမီးဖဲဝိုင်းများ စတင်၍ ကစားကြပါသည်။

၁၀ နာရီလောက်တိုင်အောင် ဖဲကစားလျက် ရှိကြရာ မောင်ဖိုးစိန်နှင့် ပန်းထိမ်ဆရာတို့မှာ မျိုးစွာစိတ်မပါကြဘဲ အရက်ကိုသာဆက်လက်၍ သောက်လျက်ရှိကြရာ ဟော်တယ်တွင်ပင် အိပ်ပျော်လျက်ရှိကြပါသည်။ ကျွန်တော်နှင့် မောင်ညွန့်ဟန် နှစ်ယောက်သာ ဖဲကိုသဲသဲမဲမဲကစားလျက် ရှိကြရာ ပွဲစားမောင်ညွန့်ဟန်သည် လွန်စွာရှုံး



www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိသည်နှင့် နောက်ဆုံး၌ ကျောက်စီထားသည့် ငွေစီးကရက်ဘူး တစ်ဘူးကို ငွေနှစ်ရာကျပ်နှင့် ကျွန်တော့်ထံ ပေါင်နှံပြီးလျှင် ဆက်လက်၍ ကစားပြန်ရာ ကျွန်တော်ပင် ဆက်လက်နိုင်ခဲ့ပါသည်။

ကျွန်တော်သည် အရက်အနည်းငယ်ကို ထပ်မံသောက်ပြီးလျှင် တခဏမျှ ဆက်လက်ကစားပြီးနောက် အိမ်သို့ ပြန်ခဲ့ပါသည်။ အိမ်သို့ရောက်လျှင် ကျွန်တော်၏အိပ်ခန်းသော့ကို အင်္ကျီအိတ်ထဲတွင် ရှာမတွေ့သည်နှင့် ကျွန်တော့်မိန်းမ မစိန်စိန်ကို နှိုးရပါသည်။ ထို့နောက် ကျွန်တော်သည် အခန်းထဲ၌ အဝတ်အစားများလဲလှယ်ပြီးလျှင် အိပ်ရာသို့ဝင်ခဲ့ရာ မည်မျှလောက်ကြာအောင် အိပ်ပျော်သွားသည် မသိ။ မစိန်စိန်၏ ငယ်သံပါအောင်ဟစ်အော်လိုက်သော အသံတစ်သံကို ကြားရသဖြင့် စိန်စိန်အိပ်သောအခန်းဆီသို့ ကျွန်တော် ပြေးသွားမိပါသည်။ ကျွန်တော်တို့လင်မယားမှာ တစ်ယောက်တစ်ခန်းစီ အိပ်ပါသည်။ ကျွန်တော်က ခေါင်းရင်းခန်းတွင် အိပ်၍ စိန်စိန်က ခြေရင်းခန်းတွင် အိပ်ပါသည်။

ဓာတ်မီးများမှာ ငြိမ်းထားသဖြင့် မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် ကျွန်တော်သည် စိန်စိန့်အလောင်းကို ခြေဖြင့်တိုက်မိပါသည်။ ထိုအခါကျမှ ဓာတ်မီးခလုတ်ကို သတိရ၍ သွားရောက်ဖွင့်လိုက်ရာ၊ စိန်စိန်ခမျာ ကုတင်ပေါ်မှ အောက်သို့ကျပြီးလျှင် ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသည်ကို တွေ့ရပါသည်။ အင်္ကျီရင်ဘတ်မှာ သွေးများစိုရွှဲနေသည်ကို တွေ့ရသဖြင့် ရင်ဘတ်ကို လှန်လှော ကြည့်ရှုရာ ရင်ဝတွင် နောက်ကျောသို့ဖောက်ထွက်သွားသော ဒဏ်ရာကြီးကို တွေ့ရပါသည်။ ထိုအခါမှ ကျွန်တော်လည်း အလောင်းကို ပိုက်လျက် ဟစ်အော်ရာ ပုလိပ်သားမောင်ဖိုးစရောက်ရှိလာပါသည်''

* ❖ *





နောက်တစ်နေ့နံနက်၌ ရာဇဝတ်အုပ် ကိုအုန်းလွင်သည် ကျွန်ုပ်တည်းခိုသော ဝန်ထောက်ဦးလွန်းမောင်အိမ်သို့ ရောက်ရှိလာပြီးလျှင် ကျွန်ုပ်တို့ လက်ဖက်ရည်သောက်နေရာသို့ ဦးလွန်းမောင်က ဖိတ်ခေါ်သည့်အတိုင်း ဝင်သောက်ကာ ယမန့်နေ့ညဉ့်က ဖြစ်ပွားခဲ့သော လူသတ်မှုအကြောင်းကို ဝိုင်းဖွဲ့ ပြောဆိုလျှက်ရှိကြကုန်၏။

ထိုအခါ ဦးလွန်းမောင်က ဦးအုန်းလွင်အား···

''ဘယ်နှယ့်လဲဟေ့ အုန်းလွင်။ ညက ကိစ္စ ဘယ်နှယ့်လဲ''

''အမှုကတော့ ခပ်ရှင်းရှင်းပါပဲ အစ်ကို''

''အခန်းကို ဒီက လာမကြည့်မချင်း ခြေရာလက်ရာ မပျက်အောင်ထားဖို့ စီစဉ်ခဲ့ရဲ့လား''

''ဟုတ်ကဲ့။ စီစဉ်ခဲ့ပါတယ် အစ်ကို''

''မင့်စိတ်ထဲမှာကော ဘယ်လိုထင်သလဲ''

ထိုအခါ ကိုအုန်းလွင်က ထိုအမှုတွင် ဦးရွှေဗျိုင်းအပေါ်များစွာ မသင်္ကာကြောင်း၊ ဦးရွှေဗျိုင်းမှာ အသက်အရွယ်ကြီးရင့်သော လင်ယောကျ်ားတို့ထုံးစံအတိုင်း မိမိ၏ဇနီးချော စိန်စိန်အား မည်သည့်အခါမှ ယုံကြည်စိတ်ချခြင်းမရှိကြောင်း၊ စိန်စိန်ကလည်း ယောကျ်ားလစ်သည်နှင့် တစ်ပြိုင်နက် မိမိနှင့်ရွယ်တူတန်းတူ ယောကျ်ားကလေးများအား မျက်နှာသာပေး အရောတဝင်နေထိုင်တတ်ကြောင်း၊ လွန်ခဲ့သော သုံးလေးလလောက်ကပင် ရုပ်ရည်သနားကမားရှိသူယောကျ်ား တစ်ယောက်နှင့် သင်္ကာမကင်းဖြစ်ကာ လင်မယား အကြီးအကျယ်စကားများခဲ့ဖူးကြောင်း၊ သို့ဖြစ်၍ သည်းမခံနိုင်သည့်အဆုံးတွင် ဦးရွှေဗျိုင်းသည် ဇနီးဖြစ်သူအား ကိစ္စတုံး လုပ်လိုက်ဟန်တူကြောင်း ပြောဆိုပြီးလျှင်··

''သြော် ဒါထက် ဟောဒီကဆရာကလည်း ဒီအမှုမှာ သက်



www.burmeseclassic.com

www.burmeseclassic.com



သေပါနေတယ်အစ်ကို။ ကျွန်တော့်အရင် ဟောဒီက စုံထောက်ကြီးက ပုလိပ် ဖိုးစနဲ့အတူ ဦးရွှေဖျိုင်းအိမ်ကို ရောက်သွားတယ်အစ်ကိုရဲ့"

လွန်း။ ။ ဒီလို သက်သေပါနေမယ့်အတူတူဖြင့် အမှုမှန်ကန်ရာ ရောက်အောင် ဦးထင်ကျော်လည်း လိုက်ပြီးစုံစမ်းပေးပေါ့ဗျာ။ ခင်ဗျား ဒီမြို့မှာရှိနေတဲ့အခိုက် အမှုတစ်ခု လိုက်သွားတယ်ဆိုတဲ့ နာမည်လည်း ရရော"

ကျွန်ုပ်။ ။ "ကျုပ် နာမည်မလိုချင်ပါဘူး ဦးလွန်းမောင်။ ပြီးတော့ ဒီက မောင်အုန်းလွင်လိုက်နေတဲ့ အမှု မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ ဦးထင်ကျော်။ ကျုပ်ပြောတာက မောင်အုန်းလွင်တို့ကို ကူညီဖို့ ပြောတာပါ။ တလွဲ မထင်ပါနဲ့"

"ဒီလိုဆိုရင် ကူညီပါ့ဗျာ။ ကျုပ် အမှုတစ်ခုကို လိုက်ရမယ်ဆိုရင် ကိုယ့်ထမင်းကိုယ်စားပြီး လိုက်ရချင်လိုက်ရပါစေ။ ခင်ဗျားတို့ကိုလည်း ကူညီချင်ပါတယ်"

လွန်း။ ။ "ဒီလိုဆိုရင် ကျေးဇူးပေါ့ဗျာ"

လွင်။ ။ "ဟုတ်ပါတယ်ဆရာ။ ဒီလိုဆိုရင် ဆရာ့ဆီက ကျွန်တော်တို့ အများကြီး ပညာ ရတာပေါ့"

ဦးလွန်းမောင်၏ စကားများကို ထောက်ထားသဖြင့် မျက်နှာလိုမျက်နှာရပြောသော်လည်း ရာဇဝတ်အုပ် မောင်အုန်းလွင်မှာ စိတ်ထဲမှ များစွာပါပုံ မပေါ်လှချေ။

ကျွန်ုပ်သည် ဝန်ထောက် ဦးလွန်းမောင်နှင့် ရာဇဝတ်အုပ် ကိုအုန်းလွင်တို့ထံမှ သဘောတူညီချက် ရရှိပြီးဖြစ်သဖြင့် လိုက်ပါဆောင်ရွက်ရန် အသင့်ရှိနေလေသည်။ သို့နှင့် အဝတ်အစားလဲပြီးနောက် ကိုအုန်းလွင်နှင့်အတူ ချက်ချင်းပင် ဦးရွှေဖျိုင်းအိမ်သို့ လိုက်ပါသွားလေ၏။ လမ်း၌လည်း ကိုအုန်းလွင်အား ကျွန်ုပ်က ဦးရွှေဖျိုင်းကို





မေးမြန်းသည့်အခါများတွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် မှာထားသေး၏။

ဦးရွှေဖျိုင်းအိမ်သို့ ရောက်သောအခါ ခြံဝတွင် စောင့်နေသော မောင်ဖိုးစနှင့်တွေ့သဖြင့် ကျွန်ုပ်တို့လည်း အိမ်အပေါ်ထပ်သို့ တက်သွားရာ မနန်းစိန်၏အလောင်းကို ကုတင်ပေါ်တွင် တင်ထားသည်မှတစ်ပါး အခြားအရာဝတ္ထုများသည် ကိုအုန်းလွင် အမိန့်ပေးထားခဲ့သည့်အတိုင်း ခြေရာလက်ရာမပျက်ဘဲ ရှိနေသည်ကို တွေ့ရလေ၏။ ဦးရွှေဖျိုင်းသည် ကျွန်ုပ်တို့အား ခရီးဦးကြိုပြုပြီးလျှင် နေရာထိုင်ခင်းများ ပေးလေရာ ကျွန်ုပ်တို့လည်း အိမ်ရှေ့ဧည့်ခန်း ကုလားထိုင်များပေါ်တွင် ထိုင်ကြရလေ၏။

ကျွန်ုပ်။ ။ "ဪ..ဒါထက် အိမ်ကို ဦးရွှေဖျိုင်းပြန်ရောက်တော့ ဘယ်အချိန်လောက် ရှိပြီထင်သလဲ"

"ဆယ်နာရီကျော်ကျော်လောက်ပဲ ရှိပါလိမ့်ဦးမယ်ခင်ဗျာ"

"အိမ်ရောက်တော့ အခန်းသော့ ရှာမတွေ့ဘူး။ ဟုတ်စ"

"မှန်ပါတယ် ခင်ဗျာ"

"သော့ကို ခင်ဗျား ဘယ်မှာထားသလဲ"

"ကျွန်တော့် မီးခိုးရောင်သက္ကလပ် နာရီအိတ်ထဲမှာ ထားပါတယ် ခင်ဗျာ"

"မနေ့ညက ဟော်တယ်မှာ အသောက်အစားကလေးကတော့ နည်းနည်းလွန်သွားတယ် မှတ်တယ်"

မျက်နှာကို အောက်ချလျက်...

"ဟုတ်ကဲ့.."

"ကိုးမီးဝိုင်းပြီးတဲ့နောက် ၁၅မိနစ်လောက် မူးနေသေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ဒါဖြင့် အရက်မူးနေတုန်းကို တစ်ယောက်ယောက်ကများ သော့ကို နှိုက်ယူထားလိုက်မယ်ဆိုရင် သိမယ် မဟုတ်ဘူးနော်"

"ဩော်...ဟုတ်ပါတယ်။ နှိုက်ပြီး ယူမယ်ဆိုရင်ဖြင့် ဘယ်နည်းနဲ့မှ သိမယ်မဟုတ်ဘူး"

ကျွန်ုပ်လည်း နေရာမှထပြီးလျှင် အခန်းများ၏အခြေအနေကို သွားရောက်ကြည့်ရှုလျက်ရှိရာ ကိုအုန်းလွင်နှင့် မောင်ဖိုးစတို့လည်း ကျွန်ုပ်နောက်မှ လိုက်ပါလာကြလေ၏။ ဦးရွှေဇျိုင်း၏အိမ်မှာ အိပ်ခန်းကြီး နှစ်ခန်းရှိ၍ ခေါင်းရင်းဘက် အိမ်ဦးခန်းမှာ ဦးရွှေဇျိုင်းအိပ်ခန်း ဖြစ်၏။ ခြေရင်းအိပ်ခန်းမှာ သေသူ မနန်းစိန်၏အခန်း ဖြစ်လေသည်။ သို့သော် မနန်းစိန်သေဆုံးစဉ်က ဦးရွှေဇျိုင်းအခန်းတွင် သေဆုံးခြင်းဖြစ်လေသည်။

"မှန်ပါတယ်ခင်ဗျာ။ ဗိုလ်ဆန်တယ်ပြောရင်လည်း ခံရမှာပဲ။ ကျွန်တော်က လင်နဲ့မယားပေမယ့် တစ်ခန်းတည်း မအိပ်တတ်ဘူးခင်ဗျာ။ အနောက်နိုင်ငံသားများလို ကုတင် တခြားစီအိပ်ရမှ အိပ်တတ်တယ်။ ဒီတော့ သတ်တဲ့လူဟာ ဓာတ်သိဖြစ်ရင်တော့ ကျွန်တော့်ကို သတ်တာပဲလို့ ထင်တာပဲ"

"ကိုင်းလေ။ ဒီဟာ ထားပါဦး။ ခင်ဗျားအခန်းကို ခင်ဗျား မိန်းမက ဘာပြုလို့ ရောက်နေရတာလဲ"

"ဩော်...ဒါကတော့ ကျွန်တော်တို့ချင်း အခန်းပြောင်းအိပ်တာ သုံးလေးရက် ရှိသွားပြီခင်ဗျာ။ ဒီလိုပါ ခင်ဗျာ။ သူအိပ်တဲ့အခန်းက လမ်းဘက်ကိုနီးလေတော့ ညကျမှဖြင့် ဆယ်နာရီ ဆယ့်တစ်နာရီအထိ မော်တော်ကားသံတွေ၊ မြင်းရထားသံတွေ အင်မတန်ဆူတယ်ခင်ဗျ။ ဒီတော့ တစ်နေ့က နန်းစိန်က သူ အင်မတန်ခေါင်းကိုက်လွန်းလို့ပါတဲ့။ နှစ်ရက် သုံးရက်လောက် အခန်းချင်းပြောင်းပြီး အိပ်ချင်ပါတယ်လို့ပြောတော့ သူပြောတဲ့အတိုင်းပဲ ခဏအိပ်ရာချင်းလဲ အိပ်မိပါတယ်ခင်ဗျာ။ ကံဆိုးချင်တော့ ဒီလိုအခန်းချင်းပြောင်းပြီး အိပ်တဲ့အခါမှပဲ သတ်တဲ့လူကလာသတ်တော့ ခမျာမှာ ကျွန်တော့်အတွက် ဓားစာ ဝင်ပြီးခံရတာပါပဲ။ သူ သေမယ့်အစား ကျွန်တော် သေသွားရင်ဖြင့် အခုလို ပရိဒေဝမီး တောက်လောင်စရာ မရှိပါဘူးခင်ဗျာ"





မနန်းစိန် သေနေသောအခန်းမှာ ဦးရွှေဇျိုင်းပြောသည့်အတိုင်း ယောကျ်ားခန်း ဖြစ်ဟန်တူ၍ ယောကျ်ားအဝတ်အစားများဖြင့် ပြည့်လျက်ရှိ၏။

ထို့နောက် ကျွန်ုပ်သည် မနန်းစိန်၏မူလအခန်းဖြစ်သည်ဆိုသော ဦးရွှေဇျိုင်းအိပ်သည့်ခြေရင်းခန်းကို ဝင်ရောက်ကြည့်ရှုပြန်ရာ အခန်းထောင့်တစ်နေရာတွင် မှန်တင်ခုံနှင့် သနပ်ခါးကျောက်ပျဉ်၊ အလှဆီ၊ ပေါင်ဒါဗူးမှစ၍ မိန်းမအသုံးအဆောင်များကို တွေ့ရလေသည်။ ဦးရွှေဇျိုင်းသည် လိမ်လည်ပြောဟန် မတူချေ။

ကျွန်ုပ်တို့သည် အခန်းမှထွက်ခဲ့ကြ၍ အိမ်ရှေ့ဧည့်ခန်းသို့ ရောက်လတ်သော် အခန်း၏လက်ဝဲနံဘေးရှိ အိမ်နံရံတွင် တိုင်ကပ်နာရီကြီးတစ်လုံး ရှိ၍ ၎င်း၏အောက်၌ သမင်ချိုတစ်ခုလည်း ရှိရာ သမင်ချိုပေါ်တွင် ဦးရွှေဇျိုင်း၏အင်္ကျီနှင့်တူသော မီးခိုးရောင်သက္ကလပ်အင်္ကျီသည်လည်း ချိတ်လျက်ရှိသည်ကို တွေ့ရလေသည်။

ကျွန်ုပ်။ ။ "ညကဝတ်လာတယ်ဆိုတဲ့အင်္ကျီဟာ ဒီအင်္ကျီပဲ မှတ်တယ်"

ဇျိုင်း။ ။ "ဟုတ်ပါတယ် ခင်ဗျာ"

"အိမ်မှာ ဘာများ ပျောက်သေးသလဲလို့ ကြည့်ရှုပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီ ခင်ဗျာ။ ဘာမှ အပျောက်အရှ မတွေ့ရပါဘူး"

"အပြင်ဘက်အခန်းမှာကောဗျာ"

"အပြင်ဘက်အခန်းမှာတော့ ယူစရာလည်း မရှိတာနဲ့ မစစ်ဆေးမိဘူး ခင်ဗျ။ ဒီအင်္ကျီတစ်ထည်နဲ့ မျက်နှာသုတ်ပုဝါပဲ မှတ်မှတ်ရရ ထားတယ်"

"ခင်ဗျားအင်္ကျီအိတ်ထဲမှာကော ရှာပြီးပြီလား"

ထိုအခါ ဦးရွှေဗျိုင်းသည် အင်္ကျီအိတ်ထဲက သားရေအိတ်ငယ်တစ်လုံးကို ထုတ်ယူလိုက်ပြီးလျှင် သားရေအိတ်ကိုဖွင့်၍…

"ငွေလည်း မပျောက်ပါဘူးခင်ဗျာ။ ဟောဒီမှာ တစ်ရာတန်က သုံးချပ်၊ တစ်ဆယ်တန်က လေးချပ်၊ ဒင်္ဂါး နှစ်ပြား၊ မူးစေ့က နှစ်ကျပ် သုံးကျပ်ဖိုးလောက် ရှိလိမ့်မယ်။ မပျောက်ပါဘူး"

"သော့ထည့်ပြီး ထားတယ်ဆိုတာ ဒီအိတ် မဟုတ်လား၊ သေသေချာချာလည်း ကြည့်စမ်းပါဦးဗျာ"

ထိုအခါ ဦးရွှေဗျိုင်းသည် အပေါ်နှာရီအိတ်ကလေးတွင် နှစ်ထပ်ရှိသည့်အနက် ဒုတိယအထပ်ကို နှိုက်၍ကြည့်ရာ တစ်စုံတစ်ရာကို တွေ့ရဟန်ဖြင့်…

"အလို၊ ဟောဒီမှာ သော့တွဲဆရာရေ့။ ကျွန်တော် ညက ပျောက်နေတဲ့သော့တွဲဟာ ဒါပဲ"

"ဒါဖြင့် ဘယ်လိုပြန်ရောက်နေတာလဲ ဦးရွှေဗျိုင်းရဲ့"

"ဒီဟာတော့ ကျွန်တော်လည်း ဘယ်လိုနည်းနဲ့ ပြန်ရောက်နေတယ်ဆိုတာ မပြောတတ်ဘူး ခင်ဗျာ"

ထို့နောက် ဦးရွှေဗျိုင်းသည် တစ်စုံတစ်ရာရှာဖွေသည့်ဟန်ဖြင့် အတွင်းမိုးကာအိတ်ထဲသို့ လက်နှိုက်ပြီးလျှင် စမ်းသပ်ရှာဖွေပြီးနောက်





"အလို၊ ငွေစီးကရက်ဘူးကလေးလည်း မတွေ့တော့ပါလား" ဟု အလန့်တကြား ဟစ်အော်လိုက်လေ၏။

ကျွန်ုပ်။ ။ "ဘယ်က ငွေစီးကရက်ဘူးလဲ"

ဦးရွှေဗျိုင်းသည် ကျွန်ုပ်မေးလိုက်သည်ကို ပထမ မကြားဟန်ပြုသကဲ့သို့ ရှိနေပြီးနောက် မပြောချင်ပြောချင်နှင့်…

"ဒါက ဟော်တယ်မှာ ညက ကျွန်တော့်ဆီ ခဏထားတဲ့ ပစ္စည်းပါပဲခင်ဗျာ"

ကျွန်ုပ်က ခပ်ရှင်ရှင်ဖြင့်

"ခဏထားတယ်ဆိုတာက ပေါင်တာကို ပြောတာ မဟုတ်လား ဦးရွှေဗျိုင်းရဲ့"

"ဟုတ်ပါတယ်ခင်ဗျ။ ကျွန်တော့်မှာလည်း ဘယ်လိုဖြစ်နေသလဲ မပြောတတ်ပါဘူးခင်ဗျာ။ ညက သော့ပျောက်လို့ရှာတာ ဘယ်မှာမှ မတွေ့ဘူး။ အခုတော့ နာရီအိတ်ထဲကပဲ ပြန်တွေ့ရတယ်။ ပြီးတော့ အဲဒီ စီးကရက်ဘူးကလေးကို သော့ရှာတုန်းက အိတ်ထဲမှာ စမ်းကြည့်သေးတယ်။ ဟော၊ အခု မရှိတော့ဘူး"

"ဒါဖြင့် ညက ပျောက်နေတယ်ဆိုတဲ့သော့တွဲဟာ အင်္ကျီအိတ်ထဲပြန်ရောက်ပြီး ညက အိတ်ထဲမှာရှိနေတဲ့ စီးကရက်ဘူးက အခု ပျောက်နေတယ် ဆိုပါတော့"

"ဒီအတိုင်းပါပဲ ခင်ဗျာ"

"အင်း။ ဦးရွှေဗျိုင်းလည်း အယောင်ယောင်အမှားမှား ဖြစ်နေတော့တာပဲ။ ဟုတ်ပေမှာပေါ့လေ။ ပရိဒေဝမီးဆိုတာ တားဆီးလို့မရနိုင်အောင် ပူပန်ကြတာကလား။ ကဲ၊ တော်လောက်ပါပြီခင်ဗျာ။ ဒီကမိတ်ဆွေကိုအုန်းလွင်က ဆက်ပြီး မေးချင်မေးပါလိမ့်ဦးမယ်။ ကျွန်တော်က ပုလိပ် မဟုတ်ပါဘူး။ အရပ်သားပါ။ တောင်ငူကို အလည်အပတ်



www.burmeseclassic.com

www.burmeseclassic.com



လာရင်း ကိုအုန်းလွင်စစ်နေတဲ့အမှုကို ဝင်ပြီး ကူညီတာပါ”

ထို့နောက် ကျွန်တော်လည်း ယခုအချိန်၌ ဤမှုလောက် မေးမြန်းစုံစမ်းရလျှင် တော်လောက်ပြီဖြစ်ကြောင်း ကိုအုန်းလွင်အား ပြောဆိုနှုတ်ဆက်ပြီးလျှင် အိမ်သို့ ပြန်ခဲ့လေ၏။ ကိုအုန်းလွင်မှာမူ ဦးရွှေဗျိုင်းအား ဆက်လက်မေးမြန်းရင်း မောင်ဖိုးစနှင့်အတူ ကျန်ရစ်ခဲ့လေသည်။

*　　*　　*

နေ့လယ် နှစ်နာရီလောက်တွင် ပုလိပ်သားမောင်ဖိုးစသည် အိမ်သို့ရောက်ရှိလာ၍ ဦးရွှေဗျိုင်းအား ကိုအုန်းလွင်က ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပြောပြလေ၏။

ကျွန်ုပ်။ ။ “နောက်ထပ် ဘာများ ထူးထူးခြားခြား သက်သေခံရလို့လဲကွယ့်”

စ။ ။ “ဒီလို ဆရာရဲ့။ ဆရာ ပြန်သွားပြီးတဲ့နောက် ခြေရင်းဘက်က သူအိပ်တယ်ဆိုတဲ့ အခန်းထဲ ဝင်ရှာတော့ ခုတင်အောက်က အဝတ်ဟောင်းတွေထည့်တဲ့ ဖာတစ်လုံးထဲမှာ ရင်ဘတ်သွေးစွန်းနေတဲ့ ရှပ်အင်္ကျီတစ်ထည် ထွေးလုံးထားတာ တွေ့ရတယ်”

“ဒါ သူက ဘယ်လို ပြောသလဲ”

“သူကတော့ မနန်းစိန်ကို ပွေ့ထားတုန်းက မနန်းစိန်ရဲ့ဒဏ်ရာက သွေးပါလို့ ပြောတယ်။ ဖြောင့်ကွယ်တာပေါ့ ဆရာ”

“အင်း။ ပြီးတော့ကော”

“ပြီးတော့ နောက်ဖေးခန်းအထွက် ကြောင်အိမ်ပေါ်မှာ သွေးစွန်းနေတဲ့ ဓားမြှောင်တစ်ချောင်းလည်း တွေ့ရတယ်”

“ဒါကိုရော့ သူက ဘာပြောသလဲ”

“ဒါကိုလည်း သူက ဒရယ်တစ်ကောင်ကို ဖျက်ကြတုန်း





က သွေးပါတဲ့”

“ဓားက ဘယ်လောက်ရှည်သလဲ”

“ခုနစ်လက်မ ရှစ်လက်မလောက် ရှိလိမ့်မယ်ထင်တယ် ဆရာ”

“ဒါပဲလား”

“ဒါပါပဲ ဆရာ”

“ဩော် ဒါထက် မောင်ဖိုးစကို မေးရဦးမယ်။ ဟိုညက ဦးရွှေဗျိုင်းအိမ်ဆီက အော်သံကြားလို့ လမ်းကြားထဲ ဝင်သွားတော့ ဘယ်သူမှ မတွေ့ဘူးလား”

“မတွေ့ဘူး ဆရာ”

“ဦးရွှေဗျိုင်း အိမ်ကထွက်ပြီး လမ်းမဘက်ပြေးလာတော့ကောကွယ်”

တခဏမျှ စဉ်းစားပြီးနောက်

“နေပါဦး။ မိန်းမအိုကြီး တစ်ယောက်လိုလို ဘာလိုလို လုံချည်အနီ အပေါ်အနက်ခြုံပြီး၊ ဟုတ်တယ်၊ ဟုတ်တယ်။ လက်က တောင်ဝှေးဖြူဖြူကလေးထောက်ပြီး ဟိုဘက်အိမ်ကြီးထဲကို ဝင်သွားတယ်”

“ဘယ်ဘက် အိမ်ကြီးထဲလဲကွယ့်”

“ဦးရွှေဗျိုင်းအိမ်နဲ့ မျက်နှာချင်းဆိုင်ဘက် အိမ်အိုကြီးတစ်လုံး ရှိပါပကောဆရာ။ အဲဒီအိမ်ကြီးပဲပေါ့”

“အင်း။ ငါတော့ ဟိုညက ဒီအိမ်ကြီးကို သတိမထားမိဘူး။ မင်းပြောမှပဲ သိရတယ်။ အင်း၊ ပြောပါဦး”

“အဲဒီအိမ်ကြီးထဲ ရိပ်ခနဲဝင်သွားတာ မြင်လိုက်တယ်လို့ ထင်မိတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"လက်ကကိုင်တာက ခပ်ဖြူဖြူ ဟုတ်စ"

"ဟုတ်ကဲ့။ ခပ်ဖြူဖြူ ဆရာ။ တောင်ဝှေးလား တုတ်လား တော့ မပြောတတ်ဘူး"

"ဦးရွှေဗျိုင်းကို ဘယ်တုန်းက ဖမ်းလိုက်သလဲ"

"ဆရာပြန်သွားပြီးနောက် တယ် မကြာပါဘူး။ နောက် ဖေးဆောင်က စားမြောင်တွေ့တော့ မသင်္ကာဘူးဆိုပြီး ဌာနာကို ခေါ် လာခဲ့ကြတယ်။ ဌာနာရောက်တော့ ဖမ်းချုပ်ထားလိုက်တာပါပဲ ဆရာ"

"အေးလေ။ ဖမ်းတာတော့ ဖမ်းတာပေါ့။ မသင်္ကာရင် ဖမ်းတမ်းပဲ၊ ဒါက သူ့အလုပ်ကိုးကွယ့်။ ငါ ညနေကျရင် ဌာနာသွားပြီး ဦးရွှေဗျိုင်းနဲ့ တွေ့ပါဦးမယ်။ ဦးရွှေဗျိုင်းကို နည်းနည်းပါးပါး မေးစရာ ကျန်သေးတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒါထက် ညက ဦးရွှေဗျိုင်း အစစ်ခံချက်မှာပါတဲ့ ပွဲစား ကိုဖိုးစိန်နဲ့ ပန်းထိမ်ဆရာ ဦးလူဝတို့ရဲ့ လိပ်စာကို သိသလား"

"သိပါတယ်ဆရာ"

ထို့နောက် ကျွန်ုပ်က အိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကလေးကို ထုတ်ပေးရာ မောင်ဖိုးစလည်း ထိုလူနှစ်ယောက်တို့၏ လိပ်စာများ ရေးပေးလေသည်။

မောင်ဖိုးစ ပြန်သွားသောအခါ ကျွန်ုပ်လည်း တရေးတမော အိပ်၍၊ အိပ်ရာမှ ထပြီးနောက် ပန်းထိမ်ဆရာဦးလူဝအိမ်သို့ သွား ရောက်လေ၏။

ဦးလူဝမှာ အသက်လေးဆယ်ကျော် ငါးဆယ်ရှိ၍ အပြော အဆို အနေအထိုင်မှစပြီး အလွန်ရိုးသားသူတစ်ယောက်ဖြစ်ကြောင်း တွေ့ရ၏။ ကျွန်ုပ်သည် ဤအမှုကို ဘယ်အတွက် လိုက်လံစုံစမ်းရ





သည့်အကြောင်း ရေလည်အောင် စကားပလ္လင်ခံ၍ မေးမြန်းလေရာ ဦးလူဝသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ကျွန်ုပ် မေးမြန်းသည်ကို ပြောပြတော့၏။ သူနှင့်တကွ ပွဲစားကိုဖိုးစိန်ဆိုသူပါ ဦးရွှေဗျိုင်းနှင့် အရပ်ချင်းဝေးသဖြင့် ရင်းရင်းနှီးနှီး မရှိလှဘဲ တစ်ယောက်နှင့် တစ် ယောက် မြင်ဖူးကြားဖူးရုံမျှသာ ရှိကြောင်း၊ မောင်ညွန့်ဟန်ဆိုသူမှာ မူ မိမိတို့သိရသလောက် လူလည်တစ်ယောက်ဖြစ်ပြီးလျှင် ဖဲကစား ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်းဖြင့် ပြောပြ၏။

၄င်းထံမှ သိရှိရသလောက်မှာ ဦးရွှေဗျိုင်းသည် ထိုညဉ့်၌ အရက်များ အလွန်မူးလျက် စပါးပွဲစားမောင်ညွန့်ဟန်ဆိုသူနှင့် သဲ သဲမဲမဲကစားလျက်ရှိကြရာ မိမိတို့နှစ်ယောက်မှာမူ ညဉ့် ကိုးနာရီခွဲ လောက်တွင် လက်ကိုင်ပြုတ်သဖြင့် ထွက်ခဲ့ရကြောင်း၊ ထိုအခါ ဟော် တယ်ဆိုင်ရှင်တရုတ်က ဝင်ရောက်ကစားပြန်ရာ တရုတ်နှင့် မောင် ညွန့်ဟန်တို့ပင် ရှုံးလျက်ရှိကြောင်း၊ မိမိကိုယ်တိုင် အရက်မူးလျက်ရှိ သည်ဆိုသော်လည်း လူမှန်းမသိလောက်အောင် မမူးကြောင်း၊ နောက် ဆုံး၌ မောင်ညွန့်ဟန်တွင် ပါလာသောငွေများ ကုန်သွားသဖြင့် မောင် ညွန့်ဟန်က အိတ်ထဲမှစီးကရက်ဘူးတစ်ခုကို ထုတ်ပြီးလျှင် အဖိုးငွေ ကျပ်နှစ်ရာ ထား၍ ဦးရွှေဗျိုင်းထံ ပေါင်နှံကြောင်း၊ ထိုစီးကရက်ဘူး မှာ အလွန်လှပသော ငွေစီးကရက်ဘူးတစ်ခုဖြစ်၍ အချို့နေရာတွင် ကျောက်များစီထားသည်ကို မြင်ရကြောင်းပြောပြသဖြင့် သိရလေ သည်။ ထို့နောက် ကျွန်ုပ်လည်း ဦးရွှေဗျိုင်းအား ချုပ်နှောင်ထားရာ ဌာနာသို့ သွားရောက်လေ၏။

ဌာနာသို့ရောက်၍ ဌာနာအုပ်ထံမှ တရားခံနှင့်တွေ့ဆုံခွင့်ရ သောအခါ ကျွန်ုပ်လည်း အချုပ်ခန်းသို့သွားရောက်ကာ ဦးရွှေဗျိုင်းနှင့် တွေ့ဆုံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေဖျိုင်းသည် အလွန် စိတ်ညစ်ညူးသည့်ဟန်ဖြင့် မိမိ ဦးခေါင်းကို လက်သီးဖြင့် အကြိမ်ကြိမ်ထိုးနှက်လျက်....

"ကျွန်တော့်ထက် ကံဆိုးတဲ့လူတော့ ဒီလောကမှာ မရှိတော့ပါဘူးခင်ဗျာ။ မယားလည်း ဆုံးရသေးတယ်။ ကျွန်တော့်ကိုပဲ မသင်္ကာဘူးဆိုပြီး အဖမ်းလည်း ခံရသေးတယ်။ မဟုတ်တာခင်ဗျာ။ ကိုယ့်အသက်လောက် ချစ်နေတဲ့မယား သူများ စေ့စေ့ကြည့်တာတောင် မခံနိုင်တဲ့မိန်းမကို ကျွန်တော် သတ်ပါ့မလားဗျာ။ စဉ်းစားလည်း ကြည့်ကြပါဦး"

ကျွန်ုပ် ။ ။ "သက်သေခံ ထင်ထင်ရှားရှားမရခင်တော့ သည်းခံဦးပေါ့ခင်ဗျာ။ ကျွန်တော်လည်း ဒီအမှုမှာ ကြိုးစားပြီး ထောက်လှမ်းစုံစမ်းနေပါတယ်"

ဖျိုင်း ။ ။ "ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကိုအုန်းလွင်တို့လူစုက ကျွန်တော့်အပေါ် သင်္ကာမကင်းရှိခဲ့ပေမယ့် စုံထောက်ကြီးက ကျွန်တော့်ကို ယုံကြည်တယ်ဆိုတာ အတော်အတန်တော့ ရိပ်မိပါတယ်။ ကျွန်တော့်စားမြှောင်မှာ သွေးစတွေ့တယ်ဆိုတာလည်း လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်လောက်က ကျွန်းကုန်းဘက်ကို တောလည်သွားတာ ဒရယ်တစ်ကောင်ကို ဖျက်တဲ့အခါ ဒီဓားနဲ့ဖျက်လို့ ပေနေတဲ့သွေးပါ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ဖြစ်ပျက်ပုံက အဆင်သင့်နေတော့ ထင်မယ်ဆိုရင် ထင်စရာပဲခင်ဗျာ"

"သွေးအတွက်ကတော့ ကိစ္စမရှိပါဘူး။ နောင်အခါ ဓာတုဗေဒက သက်သေခံလိမ့်မပေါ့။ လူ့သွေးနဲ့ တိရစ္ဆာန်သွေးဟာ အကွဲကြီးပဲ"

"မှန်ပါပေတယ်ခင်ဗျာ။ ကျွန်တော် လိမ်မပြောဝံ့ပါဘူး"

"ကဲ...ဒီတော့ ကျွန်တော့်အပေါ်မှာ ယုံကြည်အားထား





လို့ရှိရင် ကျွန်တော်မေးတာကို မှန်မှန်ပြောပေတော့"

"ပြောပါ့မယ်ခင်ဗျာ။ ကျွန်တော် ပြောဖို့အသင့်ပါပဲ"

"အဲဒီညက ဖဲဝိုင်းမှာ ဦးရွှေဖျိုင်းအပေါင်ခံတဲ့ စီးကရက်ဘူးကလေးအကြောင်း ကျွန်တော် နည်းနည်းပါးပါးသိချင်ပါတယ်။ အပေါင်ခံပြီး ဒီစီးကရက်ဘူးကလေးကို ဘယ်မှာ ထားလိုက်သလဲ"

"ကျွန်တော့်အပေါ်အင်္ကျီအိတ်ထဲမှာ ထည့်ထားလိုက်ပါတယ်ခင်ဗျာ"

"နေရာ မမှားဘူးနော်"

"မမှားပါဘူးခင်ဗျာ။ ကျွန်တော် သေသေချာချာထည့်ပါတယ်။ အိပ်ရာဝင်ခါနီး အင်္ကျီကို သမင်ချိုမှာ ချိတ်ထားတုန်းကတောင် ကျွန်တော် စစ်ပြီးကြည့်တော့ ရှိပါသေးတယ်"

"စီးကရက်ဘူးက အတော်အဖိုးတန်တယ် ထင်တယ်"

"မှန်ပါတယ် ခင်ဗျာ။ ဒါကြောင့်လည်း ဒီအကောင်ကို နှစ်ရာကျပ် ထုတ်ပေးလိုက်တာပါ။ ပီအောက လုပ်တဲ့လက်ရာခင်ဗျ။ ရွှေရည်ပွတ်ထားတဲ့ ပန်းခက်ပေါ်မှာ အိပ်ချ်ဆိုတဲ့ သူ့နာမည် အတိုကောက်ကလေးကို စိန် အလုံးသေးသေးကလေးတွေနဲ့ စီထားတယ်။ တန်ဖိုး ငါးရာလောက် ရှိပါလိမ့်မယ်"

"ဒါဖြင့် စီးကရက်ဘူးကလေး ပျောက်သွားတာ ဆန်းတာပေါ့"

"မှန်ပါတယ်ခင်ဗျာ။ စီးကရက်ဘူး ပျောက်သွားတာလည်း ဆန်းတာပဲ။ ပြီးတော့ သော့တွဲကို ပြန်တွေ့ရတာလည်း ဆန်းတာပဲခင်ဗျ"

ထို့နောက် ကျွန်ုပ်လည်း ဦးရွှေဖျိုင်းအား တတ်နိုင်သမျှ အားပေးစကား ပြောခဲ့ပြီးလျှင် ဌာနာအုပ်စားပွဲသို့ သွားရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အမှုတွဲကိုဖတ်လျက် ရှိလေ၏။ ဦးရွှေဗျိုင်းထံမှ သိမ်းထားသော ဓားမြှောင်ကိုလည်း ဌာနာအုပ်၏ခွင့်ပြုချက်အရ ကြည့်ရှုလေရာ ဓားမြှောင်မှာ သေနတ်လိုင်စင်ရသူများ ကိုင်ဆောင်လေ့ရှိသော ဟန်းတင်းနိုက် (Hunting Knife) ခေါ် အမဲလိုက်ရာတွင် အသုံးပြုသော ဓားမြှောင်ဖြစ်သည်ကို တွေ့ရ၏။ ဓားသွားမှာ ခြောက်လက်မ တစ်မတ်ရှိ၍ ဖြက်နှစ်လက်မခန့်ရှိပြီး ဓားသွား၏ထိပ်၌ သွေးကွဲသို့ နီညိုသောအရာများသည် သံချေးများဖြင့် ရောကာ သုံးလက်မခန့် စွန်းထင်းလျက် ရှိသည်ကို တွေ့ရ၏။

ထို့နောက် ကျွန်ုပ်လည်း ဒိစတြိတ်အတွင်းရှိ နာမည်ကြီးလူဆိုးများ၊ ခြေချုပ်ဖြင့် နေရသူများ၊ ဝရမ်းပြေးများ၏ရာဇဝင်မှတ်တမ်းများ၊ ၎င်းတို့ဓာတ်ပုံများကို ဌာနာအုပ်ထံမှ တောင်းယူပြီးလျှင် အတန်ကြာ ကြည့်ရှုလေ့လာပြီးနောက် တည်းခိုသောအိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်သောအခါ လမ်းတွင် ဆိုင်တစ်ဆိုင်မှဝယ်သော ဆေးရည်များကို ပန်းကန်ပြားများထဲသို့ ထည့်၍ရောစပ်ကာ ကျွန်ုပ်ယူခဲ့သော အရာဝတ္ထုကလေးများကို စမ်းသပ်ကြည့်ရှုလျက် ရှိလေသည်။

* * *

နောက်တစ်နေ့၌ ရာဇဝတ်အုပ်ကိုအုန်းလွင်သည် အိမ်သို့ရောက်ရှိလာပြန်ရာ သဘောကောင်းလှသော ဦးလွန်းမောင်မိသားစုက ကော်ဖီများ တိုက်ကျွေးဧည့်ခံသဖြင့် ကျွန်ုပ်တို့လည်း စကားဝိုင်းဖွဲ့ ပြောဆိုလျက် ရှိကြလေသည်။ ကိုအုန်းလွင်၏မျက်နှာမှာ အောင်မြင်သူတစ်ယောက်မျက်နှာကဲ့သို့ ပျော်ရွှင်လန်းဆန်းသော အမူအရာလည်း ရှိလေသည်။

လွင် ။ ။ "အဖိုးကြီးတော့ ကျွန်တော် ဖမ်းလိုက်ပြီ ဆရာ။





အမှုကတော့ ကောင်းကောင်းထင်ရှားနေတာပဲ။ သူ့ရှပ်အင်္ကျီဟောင်းတစ်ထည်မှာ သွေးစလည်း တွေ့ရတယ်။ နောက်ဖေးဆောင်မှာ တွေ့ရတဲ့ ဓားမြှောင်မှာလည်း လက်သုံးလုံး လေးလုံးလောက် သွေးစွန်းနေတာ တွေ့ရတယ်။ ရည်ရွယ်တာက မယားပဲ ဆရာရဲ့။ မယားမယား။ မိန်းမက အဖိုးကြီး အလိုလိုက်တိုင်း သူနဲ့ ရွယ်တူတန်းတူကောင်ကလေး ချော့ချော့လှလှမြင်ရင် သူက စချင်တယ်။ အဆုံးမတော့ ဒါပါပဲဆရာ။ နောက်ဆုံး မခံနိုင်တဲ့အဆုံးကျတော့ ဟိုတယ်က မူးအောင် သောက်လာပြီး ကောင်မကို ကိစ္စတုံးလုပ်လိုက်တာနဲ့ တူပါတယ်။ ကျွန်တော်ထင်ရင် မလွဲတတ်ပါဘူး"

ကျွန်ုပ်။ ။ "ဒါထက် ဓားမြှောင်ကို သေသေချာချာကြည့်ပြီးပြီလား"

"သွေးစကိုတော့ ကြည့်ပြီးပါပြီ ဆရာ"

"ဓားအရင်း လက်ကိုင်နားမှာတော့ သွေးစ မရှိဘူး။ ဟုတ်စ"

"ဟုတ်ပါတယ် ဆရာ။ မရှိပါဘူး"

"ဓားသွားဟာ ဖြက် ဘယ်နှစ်လက်မ ရှိသလဲ"

"နှစ်လက်မလောက် ရှိမလား မပြောတတ်ဘူး"

"နှစ်လက်မမတ်တင်း ရှိတယ်ဗျ။ အရှည်ကကောဗျာ"

"ကျွန်တော့်စိတ်အထင် ခုနစ်လက်မလောက် ရှိမလားပဲ"

"ခြောက်လက်မ တစ်မတ်ရှိတယ်ဗျ။ ကဲဗျာ၊ ကျုပ် တစ်ခု ပြောမယ်။ မနန်းစိန်အလောင်းကို ခင်ဗျား သေသေချာချာကြည့်ခဲ့ရတယ် မဟုတ်လား။ မိန်းမက လုံးကြီးပေါက်လှ၊ ရင်အုပ် ကြီးပြီး ရင်သားထုထည် အင်မတန်ကောင်းတဲ့မိန်းမ။ ဒီတော့ ခင်ဗျားတွေ့ရတဲ့ ခြောက်လက်မသာသာလောက်ရှိတဲ့ ဓားမြှောင်တစ်ခုနဲ့ မနန်းစိန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြီးကို ထုတ်ချင်းခတ်ပေါက်အောင် ထိုးဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကိုင်းလေ.. ဒီဟာတွေ ထားပါတော့။ ဦးရွှေဗျိုင်းနေတဲ့ အိမ်ကို ကျုပ် ခဏသွားချင်တယ်ဗျာ"

"ဘယ်တော့လဲ ဆရာ"

"အခုပေါ့ဗျာ။ မောင်ဖိုးစလည်း ခေါ်ခဲ့ဦးမှ ဖြစ်မယ်"

"ဒါဖြင့် ဒီလိုလုပ်တာပေါ့ဆရာ။ ကျွန်တော်တို့ ဒီကနေ ဌာနာကို မြင်းလှည်းနဲ့ သွား။ ဌာနာမှာ မောင်ဖိုးစ ဝင်ခေါ်ပြီးတော့မှ ဦးရွှေဗျိုင်းအိမ်ကို ဆက်ပြီး သွားကြတာပေါ့"

"အကောင်းသားပဲ"

သို့နှင့် ကျွန်ုပ်တို့လည်း မြင်းရထားတစ်စီး ငှား၍ အိမ်မှ ထွက်ခဲ့ကြပြီးလျှင် ဌာနာသို့သွားရောက်ကာ ပုလိပ်သား မောင်ဖိုးစကို ခေါ်ခဲ့ပြီးနောက် ဦးရွှေဗျိုင်းအိမ်ဘက်သို့ ဆက်လက်မောင်းနှင်စေ၏။ အမှုဖြစ်ပွားသော ညက ပုလိပ်သား မောင်ဖိုးစနှင့် ကျွန်ုပ် ပထမ စ၍တွေ့သောနေရာသို့ ရောက်လျှင် မြင်းရထားကို ရပ်စေပြီးနောက် ကျွန်ုပ်တို့လည်း ရထားပေါ်က ဆင်းသက်ကြလေ၏။

ထို့နောက် ဦးရွှေဗျိုင်းအိမ်ဘေးမှ လကျာ်ဘက်သို့ အတန်ငယ် ကွေ့သွားမိသောအခါ လူသွားလမ်းကလေးတစ်ခုကို ကျော်မိလေလျှင် အိမ်အိုကြီးတစ်လုံး၏ ဝင်းအတွင်းသို့ရောက်ရှိကြလေ၏။ အိမ်အိုကြီးမှာ ဦးရွှေဗျိုင်းအိမ်နှင့် မျက်နှာချင်းဆိုင်တည်ရှိသော်လည်း လမ်းကလေး တစ်ခုခြားပြီးလျှင် အတန်ငယ်ဝေးလေသည်။ ထိုအိမ်ကြီး၏ ရှေ့မှဝင်သောလမ်းကလေးမှာ အုတ်များဖြင့် ခင်းထားလျက်ရှိလေရာ ကျွန်ုပ်တို့လည်း အိမ်တံခါးသို့ရောက်ကြသောအခါ အသက်နှစ်ဆယ်ခန့်ရှိ ဖျတ်လတ်သွက်လက်ဟန်ရှိသော မိန်းကလေးတစ်ယောက် အိမ်ဝသို့ ထွက်လာ၍ ကျွန်ုပ်တို့လာရောက်ခြင်းကိစ္စကို မေးမြန်းလေရာ





ကျွန်ုပ်က....

"ဟိုဘက်အိမ်က စိန်စိန်သေတဲ့ညက အဲဒီအချိန်လောက် အိမ်ကို အဖိုးကြီးတစ်ယောက်လိုလို၊ မိန်းမအိုကြီးတစ်ယောက်လိုလို ဝင်ပြီး မလာဘူးလား သူငယ်မ"

"ကြံကြံဖန်ဖန် ရှင်။ မလာပါဘူးတော်။ ရှင်တို့က ပုလိပ်အရာရှိတွေ မှတ်တယ်။ ကျွန်မတို့နဲ့ မဆိုင်ပါဘူးရှင်။ ရှုပ်ရှုပ်ယှက်ယှက်လာပြီး မလုပ်ကြပါနဲ့ ဦးတို့ရယ်"

"ပုလိပ်အရာရှိတိုင်း၊ အစိုးရအရာရှိတိုင်း ရှုပ်ရှုပ်ယှက်ယှက် လုပ်တတ်တယ်လို့ တစ်ထစ်ချ အယူမရှိပါနဲ့ သူငယ်မရယ်။ ဒါထက် မင်းတို့က ဘာအလုပ်လုပ်သလဲ"

"ကျွန်မက အင်္ကျီ လက်ခစားနဲ့ချုပ်ပြီး မျက်မမြင်အမေအိုကြီးကို လုပ်ကျွေးနေပါတယ်ရှင်"

"သာဓုကွယ်....သာဓု၊ သာဓု။ သူငယ်မနာမည်က ဘယ်သူကွယ့်"

"မစောမေပါတဲ့ ရှင်"

"အဲဒီနေ့က ဦးရွှေဗျိုင်းအော်သံကော ကြားသလား"

"ဟုတ်ကဲ့ ကြားပါတယ်ရှင်။ ဦးရွှေဗျိုင်းအော်သံ ကြားတော့ ကျွန်မတို့သားအမိနှစ်ယောက်မှာ ကြောက်လွန်းလို့ တစ်ယောက်နဲ့တစ်ယောက် ဖက်နေကြတယ်"

"အဲဒီလို အော်သံမကြားခင်၊ မင်းတို့ခြံထဲက ခြေသံများကော မကြားမိဘူးလား"

"ခြေသံတော့ မကြားပါဘူးရှင်။ နို့ပေမယ့် အိမ်ဘေးရေတွင်းနားဆီက ခွေးဟောင်သံတော့ နှစ်ခါသုံးခါ ကြားလိုက်မိတယ်"

"ဒီပြင်ကော ဘာများကြားရသေးလဲ စဉ်းစားပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး။ ကျွန်မတို့အိမ်ဘေးနားဆီက ရေသံလိုလို ဘာလိုလို ကြားလိုက်မိတယ် ထင်တာပဲ။ အသေအချာတော့ ကျွန်မ မပြောနိုင်ဘူး"

ထို့နောက် ကျွန်ုပ်တို့သည် မစောမေတို့နေသော အိမ်အိုကြီး၏ဘေးသို့ လျှောက်၍လာကြရာ မရန်းပင်၊ ကွမ်းသီးပင်၊ အုန်းပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိသော ရေတွင်းပျက်ကြီးတစ်ခုကို တွေ့ရလေ၏။ ထိုရေတွင်းပျက်ကြီးမှာ ပေလေးဆယ်ခန့် နက်မည်ထင်ရ၍ ငါးပေ၊ ခြောက်ပေခန့် ရေရှိသေးသည်ဖြစ်ရာ ရေမျက်နှာတွင် သစ်ရွက်ခြောက်များ ဖုံးလျက် ရှိနေ၏။

ကျွန်ုပ်လည်း ရေတွင်းအနီး၌ ခြေရာလက်ရာများကို ရှာဖွေလျက်ရှိပြန်ရာ သစ်ရွက်ခြောက်များ မရှိဘဲ၊ အတော်အတန်ရှင်းလင်းလျက်ရှိနေသော နေရာတစ်ခု၌ အုတ်ခဲတစ်ခဲကို ထုတ်ယူသွားသော နေရာတစ်ခုကိုတွေ့ရသည်နှင့် ထိုအနီးအနားတွင် ရှာဖွေပြန်ရာ စီးကရက်ဆေးလိပ်တို တစ်တိုကို တွေ့ရပြန်လေ၏။ (ထိုစီးကရက်ဆေးလိပ်တိုကလေးမှာ ဦးရွှေဖျိုင်းအိမ်ပေါ်တွင် အိမ်ရှေ့ခန်း၌တွေ့ရသော စီးကရက်အမျိုးအစားပင် ဖြစ်ကြောင်း ကျွန်ုပ် ဓာတ်ခွဲကြည့်သောအခါ တွေ့ရလေသည်။)

ထို့နောက် ကျွန်ုပ်တို့သည် စာရွက်ကလေးတစ်ခုပေါ်တွင် တစ်စုံတစ်ရာရေးသား၍ ပုလိပ်သားမောင်ဖိုးစအား ထိုလိပ်စာအတိုင်း လူတစ်ယောက်ကို သွား၍ခေါ်ခဲ့စေရန် စေလွှတ်လိုက်လေ၏။ မောင်ဖိုးစ ထွက်သွားသောအခါ ရာဇဝတ်အုပ်ကိုအုန်းလွင်သည် ကျွန်ုပ်၏အပြုအမူများကို အံ့ဩကာ အကဲခတ်ကြည့်ရှုလျက်ရှိရာမှ····

လွင် ။ ။ "ဘယ်သူ့ဆီကို လွှတ်တာလဲ ဆရာရဲ့"

"လူတစ်ယောက်ဆီကိုပါဗျာ။ ရောက်လာတော့ သိမှာပေါ့"





"ကျွန်တော်ဖြင့် ဆရာလုပ်တာ နားမလည်သေးပါဘူး ဆရာ"

"တော်တော်ကြာတော့ ကျုပ် ရှင်းပြပါ့မယ် ကိုအုန်းလွင်"

ကျွန်ုပ်တို့သည် မစောမေအိမ်မှ စောင့်ဆိုင်းလျက်ရှိကြရာ နာရီဝက်ခန့်မျှကြာလတ်သော် ပုလိပ်သားမောင်ဖိုးစသည် အဝတ်အစား ညစ်ပေစွာဝတ်လျက်ရှိသော လူတစ်ယောက်နှင့် ရောက်လာခဲ့လေရာ၊ ထိုသူမှာ ရေငုပ်ခြင်း၌ကျွမ်းကျင်သော ရေငုပ်သမား မောင်တိုးဆိုသူပင် ဖြစ်လေသည်။ ၎င်းနောက် မစောမေတို့အိမ်မှ ကြိုးတစ်ချောင်းကို တောင်းယူပြီးလျှင် မောင်တိုးအား ရေတွင်းပျက်ထဲသို့ဆင်း၍ငုပ်စေရာ အထုပ်တစ်ထုပ်ကို တွေ့ရှိရလေ၏။ ထိုအထုပ်သည်ကား မိန်းမဝတ်သရက်ထည်လုံချည် အနီရောင်တစ်ထည်ကို ရှန့်စောင်အနက်တစ်ထည်ဖြင့် ရစ်ပတ်ပြီးလျှင် အတွင်း၌ အုတ်ခဲတစ်ခဲကို ရေနစ်မြုပ်စေရန် ထည့်၍ ရေတွင်းပျက်ကြီးထဲသို့ ချထားခဲ့ခြင်းဖြစ်ဟန်တူလေသည်။ အထုပ်ကိုတွေ့ရသောအခါ မစောမေတို့ သားအမိနှင့်တကွ ရာဇဝတ်အုပ်ကိုအုန်းလွင်နှင့် ပုလိပ်သား မောင်ဖိုးစတို့ပါ အံ့ဩလျက်ရှိကြကုန်၏။

ကျွန်ုပ် ။ ။ "ဟိုညက မဝင်းမြင်လိုက်တယ်ဆိုတဲ့ အဖိုးကြီးလိုလို အမယ်ကြီးလိုလိုဟာ အဝတ်အနီနဲ့ လုံချည်အနက်ခြုံထားဆို၊ မဟုတ်လား မောင်ဖိုးစ"

စ။ ။ "ဟုတ်ပါတယ် ဆရာ"

"အဲဒါပေါ့ကွ။ သတ်တဲ့လူက အင်မတန်ဉာဏ်ကောင်းတာပဲ။ မစောမေပြောတဲ့အတိုင်း အိမ်ဘေးက ခွေးဟောင်သံကြားရပြီး၊ ရေတွင်းနားဆီက ရေသံကို မကွဲမပြားကြားလိုက်ရတယ်ဆိုကတည်းက ရေတွင်းထဲ တစ်ခုခုပစ်ချသံများလားလို့ စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း ဟိုနေရာက အုတ်ခဲကျိုးကြီးတစ်ခုကို မြေကြီးထဲက လတ်တလောခွာယူသွားတဲ့နေရာ တွေ့ရတော့ ကျုပ်ထင်ချက်နဲ့ ကိုက်နေတာကိုး ကိုအုန်းလွင်ရဲ့"

လွင် ။ ။ "ဆရာ့ယူဆပုံ ကျွန်တော် ချီးကျူးပါတယ်ဆရာ"

"ရေတွင်းပျက်လည်း ရှိတယ်။ ရေသံလည်း ကြားတယ်၊ နောက် ခွေးဟောင်သံလည်း ကြားတယ်။ ပြီးတော့ ရေတွင်းနားက အတော်အတန်လေးတဲ့ အုတ်ခဲကျိုးကြီးတစ်ခုလည်း လတ်လတ်ဆတ်ဆတ်ပျောက်ဆုံးနေတဲ့အရာ တွေ့ရတယ်ဆိုတာ ပေါင်းစပ်ကြည့်လိုက်ရင် တစ်စုံတစ်ယောက်ဟာ ညဥ့်အချိန်မတော် အိမ်ထဲမသိအောင် တိတ်တိတ်ဝင်ပြီး ပစ္စည်းတစ်ခုခုကို ရေတွင်းထဲပစ်ချတယ်ဆိုတာ တပ်အပ်တွေးနိုင်တာပေါ့ဗျ"

"ဟုတ်တော့ ဟုတ်ပါရဲ့ဆရာ။ နို့ပေမယ့် သတ်တဲ့လူကို လက်ဆုပ်လက်ကိုင်ဖမ်းမိဖို့ လိုသေးတယ် ဆရာရဲ့"

"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ ကိုအုန်းလွင်။ ရော့ဗျာ၊ ဒီစာရွက်ကလေး အိမ်ကျမှပဲ ဖတ်ကြည့်။ အချိန်အတိုင်း ရောက်အောင်လာဗျနော်။ လက်နက်ကလေးများလည်း ပါပေစေ။ ရော့ဟော့ ‥မောင်တိုး။ မင်း ရေငုပ်တဲ့အတွက် ငွေငါးကျပ်။ ကဲ‥နေတောင်အတော်မြင့်သွားပြီ။ ကျုပ် ပြန်လိုက်ဦးမယ် ကိုအုန်းလွင်"

* * *

နံနက်စာ စားသောက်ပြီးနောက် ကျွန်ုပ်သည် အိမ်မှထွက်ခဲ့၍ တရုတ်ဟော်တယ်တစ်ခုသို့ သွားရောက်ကာ တစ်ရက်မျှ တည်းခိုရန် ငှားရာ ဟော်တယ်အပေါ်ထပ်ရှိ အခန်းလွတ်တစ်ခုကို ရရှိလေသည်။ ဤကဲ့သို့ ငှားရမ်းခြင်းမှာ ဦးလွန်းမောင်အိမ်တွင် နေပါက မကြာခဏ ဝင်ထွက်သွားလာခြင်း၊ ကျွန်ုပ်ခေါ်ယူလိုသော သူများ





ကိုခေါ်လာခြင်း အနှောင့်အယှက်များကို မပေးလိုသဖြင့် လွတ်လပ်စွာနေနိုင်ရန် ငှားရမ်းခြင်း ဖြစ်၏။ သို့နှင့် ထိုနေ့ တစ်နေ့လုံး ညနေပိုင်းတွင် ကျွန်ုပ်၏အကြံအစည် အထမြောက်အောင်မြင်စေရန် များစွာ အလုပ်ရှုပ်လျက် ရှိလေတော့၏။

ညနေ ငါးနာရီထိုး၍ ညစာကို ဟော်တယ်မှ မှာယူစားသောက်ပြီးနောက် ကျွန်ုပ်လည်း အခန်းထဲတွင် မှန်တစ်ချပ်ကို ရှေ့ကထောင်ကာ မျက်နှာကို ဆေးခြယ်လျက်ရှိလေရာ၊ တစ်ခဏမျှကြာလျှင် ကျွန်ုပ်၏ပါးများသည် အတွင်းသို့ချိုင့်ဝင်လျက်လည်းကောင်း၊ အကြောတို့သည် အပြိုင်းပြိုင်းထလျက်လည်းကောင်း၊ နှာခေါင်းသည် ရှုံ့တွ၍သွားပြီးလျှင် သွားတို့မှာလည်း နီမြန်းပေကျံ၍သွားပြီးနောက် ဆံပင်တို့မှာလည်း အချို့နေရာ၌ ဖြူဆွတ်လျက် ရှိကုန်၏။ ထို့နောက် ဟောင်းနွမ်းသောအဝတ်တို့ကို လဲလှယ်ပြီးသော် လွယ်အိတ်ဟောင်းတစ်လုံးကိုလွယ်လျက် ပစ္စတိုကလေးကို လွယ်အိတ်ထဲ၌ ထည့်ပြီးလျှင် ကျွန်ုပ်မိတ်ဆွေအား ချိန်းဆိုထားရာတရုတ်ဟော်တယ်ကို သွားရောက်လေ၏။

ဟော်တယ်အပေါ်ထပ်သို့ ရောက်သောအခါ ရာဇဝတ်အုပ်ကိုအုန်းလွင်၊ ပုလိပ်သား မောင်ဖိုးစနှင့် အခြားလုပ်သားတစ်ယောက်ပါ လူသုံးယောက်တို့သည် ထောင့်တစ်ထောင့်ရှိ စားပွဲတစ်လုံးတွင် ထိုင်ရာ ကျွန်ုပ်ချိန်းထားသည့်အတိုင်း စောင့်ဆိုင်းနေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်လည်း သူတို့အနီးသို့ သွား၍ ကိုအုန်းလွင်ထံမှ စီးကရက်ကို မီးညှိရန် ခေတ္တမျှတောင်းယူပြီးနောက် ကျွန်ုပ်၏ဆေးပေါ့လိပ်တိုကို မီးညှိလေရာ မောင်အုန်းလွင်မှာ ကျွန်ုပ်ကို အနည်းငယ်မျှ မှတ်မိဟန်မတူဘဲ‥‥

"အရေးထဲဗျာ။ တကတည်း ဒီအဖိုးကြီးက ရှုပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ကျွန်ုပ်လည်း မိမိ၏ပကတိအသံအတိုင်း ဟက်ဟက်ပက်ပက်ရယ်မောလျက်…

“ကိုအုန်းလွင်က ကျုပ်ကိုတောင် မမှတ်မိဘူးလားဗျ”

ဟု ပြောရလေ၏။

“တော်လည်း တော်ပါပေတယ် ခင်ဗျာ။ ရုပ်ပြောင်းပုံက ဖြင့် ချီးမွမ်းထိုက်ပါပေတယ်”

“ခင်ဗျားတို့ လက်နက်များ အပြည့်အစုံပါကြရဲ့နော်။ အဲ၊ ဟုတ်ပြီ။ ကျုပ်လူလည်း ရောက်ချိန်နီးပါပြီ။ ကိုင်း၊ ခင်ဗျားတို့က တစ်ဆိတ်ကလေး ကန့်လန့်ကာအတွင်း ဝင်နေလိုက်ကြစမ်းဗျာ”

ကန့်လန့်ကာအတွင်းသို့ ပုလိပ်အရာရှိများ ဝင်သွားသောအခါ ဟော်တယ်ဆိုင်က တရုတ်တစ်ယောက်သည် အခန်းတစ်ခုထဲမှ စက္ကူဖြဲထုပ်တစ်ထုပ်ကို ကိုင်ကာ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်လည်း ထိုတရုတ်နှင့် အကျိုးအကြောင်းတိုင်ပင်ပြောပြီးနောက် ကျွန်ုပ်၏မိတ်ဆွေအား စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိနေလေ၏။

တခဏမျှကြာလျှင် ဗန်ကောက်လုံချည် ပန်းနုရောင်၊ သက္ကလပ်တိုက်ပုံအင်္ကျီတို့ကို ဝတ်ဆင်လျက်၊ ခေါင်းပေါင်း ပေါင်းပုံထုပ်ပုံတို့မှာလည်း လွန်စွာသပ်ယပ်သေချာပြီးလျှင် လက်ကိုင်တုတ်ကောက်အဖြူကလေးတစ်ချောင်းကို ဝင့်ကာ သိုက်မြိုက်သားနားစွာ ဝတ်ဆင်ထားသော လူတစ်ယောက်သည် စီးကရက်တစ်လိပ်ကို ဟန်ပါပါသောက်ရင်း လှေကားမှတက်လာလေရာ ကျွန်ုပ်လည်း မိမိကိုယ်ကို တတ်နိုင်သမျှ ဟန်ဆောင်ပြီးလျှင် အရက်ဖန်ခွက်ကို မော့လျက် ၄င်း၏အရိပ်အကဲကိုသာ အမှတ်တမဲ့ အကဲခတ်လျက်ရှိလေ၏။ ထိုသူသည် မည်သည့်စားပွဲသို့ သွားရမည်မသိဘဲ ခပ်ဆိုင်းဆိုင်းရှိနေစဉ် ဆိုင်ရှင်တရုတ်သည် ထိုသူထံသို့ သွားရောက်ကြိုဆိုကာ





“လာပါခင်ဗျာ။ ပွဲစားကြီး ဒီစားပွဲကို ကြွပါ။ ဟောဒါက ကျွန်းကုန်းစက်သူဌေး ဦးဖြူရောင်တဲ့။ မြို့ကိုလာတဲ့အခါ ကျုပ်တို့ ဟော်တယ်မှာ အမြဲစားတဲ့လူပါ။ အခု ပျော်ပျော်ပါးပါး စားသောက်ကြပေါ့”

ဟု ကျွန်ုပ်နှင့် မိတ်ဆက်ပေး၏။

မကြာမီ ဝီစကီ တစ်ပုလင်းနှင့် ဆော်ဒါ သုံးပုလင်း ရောက်လာကြပြီးလျှင် ကျွန်ုပ်တို့လည်း ရောက်တတ်ရာရာ စကားများကို ပြောဆိုရင်း ဝီစကီကို ကျွန်ုပ် မှာယူသော ကြက်သားကင်နှင့် မြည်းလျက်ရှိကြကုန်၏။ ကျွန်ုပ်က မသိမသာ အခြားဘက်သို့လှည့်လိုက်သည်တွင် တရုတ်က ကျွန်ုပ်ဘက်သို့မေးငေါ့ကာ ထိုသူအား မျက်စိတစ်ဘက် မှိတ်ပြလိုက်၏။ အဓိပ္ပါယ်မှာ ‘ဒါမျိုး နှံလိုက်ရမှ ပွပေါက်တိုးတာပေါ့ဗျ’ ဟု ဆိုလေသည်။

မိနစ် နှစ်ဆယ်အစိတ်ခန့် ကြာသောအခါ ဆိုင်ရှင်တရုတ်က ဆွယ်သည်နှင့် ကျွန်ုပ်တို့လည်း ကိုးမီးဝိုင်းကိုစကြလေရာ ပထမတွင် တစ်ကျပ် ငါးမူးသာ အပျော်အပါးထိုးကြသော်လည်း မကြာမီ သွေးဆူလာသည့်ဟန်ဖြင့် ထိုသူလည်း ငါးကျပ် တစ်ဆယ်အထိ ချလာတော့၏။ ကျွန်ုပ်လည်း သွေးပူလာသည့်ဟန်ဖြင့် ထိုးသမျှကို လက်ခံလျက်ရှိရာ ပထမ၌ ကျွန်ုပ်၏‘အိမ်မှာ’ များစွာဖဲသာလျက် လက်တိုင်းလိုလိုပင် လတ်-ကိုး-ကုလားသုံးစီးတို့ တိုက်လျက်ရှိလေရာ ကျွန်ုပ်မှာ ဆယ်မိနစ် ဆယ့်ငါးမိနစ်အတွင်း၌ပင် ငွေ ငါးဆယ်၊ ခြောက်ဆယ်ခန့် နိုင်လျက်ရှိနေလေပြီ။

အတန်ကြာလတ်သော် ထိုသူ၏‘အိမ်’တွင် တဖြည်းဖြည်း ကောင်းလာပြီးလျှင် နာရီဝက်ကျော်ကျော်ခန့်မျှ ကစားမိသောအခါ ကျွန်ုပ်အိမ်မှ ‘ဘူ’ကို သူက ‘တစ်’ဖြင့် စားလျက် ကျွန်ုပ်အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



'တစ်'ကျသောအခါများတွင် သူက သုံး-လေး စသည်ဖြင့် ပွတ်ကာသီကာ စားလျက်ရှိလေ၏။ ကျွန်ုပ်က မခံချင်သကဲ့သို့ နဖူးမှ ချွေးများကို ပွတ်ဟန်ပြုပြီးလျှင် သဲသဲမဲမဲကစားသော်လည်း ကျွန်ုပ်အိမ်တွင် နှစ်-သုံးထက် မတက်ဘဲ ဖဲသေကာ လက်စဉ်လိုလိုပင် ရှုံးလျက် ရှိနေတော့၏။ သို့နှင့် ကျွန်ုပ်နိုင်သော ငွေ ငါးဆယ်ကျော် ခြောက်ဆယ်ပြုတ်သွားရုံမက ကျွန်ုပ် အိတ်ထဲမှပင် ငွေတစ်ရာခန့် ရှုံးလျက်ရှိနေလေပြီ။ ဆိုင်ရှင့်တရုတ်လည်း ငွေငါးဆယ်ကျော် ခြောက်ဆယ်ခန့် ရှုံးနေသည်ကို တွေ့ရ၏။ ထိုအခါ ကျွန်ုပ်လည်း အရက်ခွက်ကို ထပ်၍သောက်ဟန်ပြုပြီးလျှင် ၎င်း၏အရိပ်အကဲကို ခတ်လျက်ရှိရာ ၎င်းမှာ မုဆိုးထောင်သော ထောင်ချောက်ကို မမြင်ဘဲ အစာကိုသာမြင်သော သားကောင်ကဲ့သို့ ကျွန်ုပ်တို့အကြံအစည်ကို အနည်းငယ်မျှ ရိပ်မိသိရှိဟန်မတူဘဲ ဖဲကိုသာ စိတ်အားထက်သန်စွာ ကုလားဖန်ထိုးလျက် ရှိလေ၏။

ကျွန်ုပ်။ ။ 'အင်း။ ခင်ဗျားတို့ မြို့ကြီးသားတွေက သိပ်ပြီး ကျင်လည်တာပဲ။ ကျုပ် တော်တော်ရှုံးနေပြီဗျာ''

ထိုသူ။ ။ ''ရှုံးတစ်လှည့် နိုင်တစ်လှည့်ပေါ့ သူကြီးမင်းရယ်။ ဒီလောက်ငွေကလေးများ သူကြီးမင်းတို့လို ပိုက်ဆံဝါလားတွေမှာ မဖြစ်လောက်ပါဘူး''

ထိုအခါ ကျွန်ုပ်က နဂိုသံဖြင့်

''နို့ပေမယ့် ဆရာရေ့။ ကျုပ်ပါတဲ့ ငွေအားလုံးကုန်ရင် ခင်ဗျားလို ငွေစီးကရက်ဘူးတော့ ဘာတွေတော့ ပေါင်စရာ မရှိဘူး''

ထိုသူသည် သေနတ်ထိမှန်လိုက်သကဲ့သို့ ဖျတ်ခနဲဖြစ်သွားပြီးနောက် အနီးရှိလက်ကိုင်တုတ်ကလေးကို လှမ်း၍ဆွဲလိုက်ရင်း....

''ခင်ဗျား ဘယ်သူလဲ''





''နောက်တော့ သိလိမ့်မပေါ့ ရှမ်းကလေးရယ်''

မီးထွက်မတတ်သော မျက်လုံးများဖြင့်...

''ဘယ်က ရှမ်းကလေးလဲ။ ကျုပ်နာမည် ပွဲစားမောင်ညွှန့်ဟန်တဲ့''

''တယ်လည်း နာမည်များတဲ့ လူပဲ။ မောင်ညွှန့်ဟန်လို့ ခေါ်စေချင်လည်း ခေါ်ရတာပေါ့ဗျာ။ ဩော် ဒါနဲ့ ခင်ဗျား ဦးရွှေဖျိုင်းဆီက ပြန်ယူသွားတဲ့ ငွေစီးကရက်ဘူးကလေး တစ်ဆိတ်ပေးပါဗျာ။ ကျုပ် လိုချင်လို့''

''ဘယ်က ငွေစီးကရက်ဘူးလဲ။ ကျုပ် မသိဘူး။ ဦးရွှေဖျိုင်းဆီမှာ ရောက်နေတဲ့ပစ္စည်းကို ကျုပ် ဒီမှာ ပေါင်နိုင်ပါ့မလား''

''ဦးရွှေဖျိုင်းဆီမှာ ပေါင်တယ်ဆိုတာတော့ ကျုပ် သိပါတယ်။ နို့ပေမယ့် နန်းစိန်ကိုသတ်တဲ့ညက ခင်ဗျားခိုးသွားလို့ တောင်းရတာပေါ့ဗျာ။ စိတ်မရှိပါနဲ့။ ခင်ဗျား မပေးဘူးပေါ့လေ''

''ကျုပ်လက်ထဲမှာမှ မရှိဘဲ။ ဘာပြုလို့ ပေးရမှာလဲ။ နန်းစိန်သေတာနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ။ ကဲကွာ၊ ပြောနေကြာတယ်၊ လျှာရှည်တဲ့အဖိုးကြီးတော့ သေပေရော့''

ပြောပြောဆိုဆိုနှင့်ပင် ထို မောင်ညွှန့်ဟန်ဆိုသူသည် လက်ကိုင်တုတ်အဖြူကလေးကို ဖှေ့ယမ်းကာ တုတ်အရင်းရှိ ကြေးဖုကလေး တစ်ခုကို နှိပ်လိုက်ရာ တုတ်အဖျားဘက်သည် ကြမ်းပေါ်သို့ ကျွတ်ကျသွားပြီးနောက် ၎င်း၏လက်ထဲတွင် နှစ်ပေခန့်ရှည်သော အသွားနှစ်ဖက်ရှိ ချွန်ထက်လှသောဓားတစ်ချောင်းကို ကိုင်လျက်ရှိလေသည်။

သို့သော် ထိုခဏ၌ ကုလားထိုင်နောက်ကွယ်တွင် ပုန်းကွယ်လျက်ရှိသော ကိုအုန်းလွင်သည် ကျွန်ုပ်တို့နှစ်ယောက်ကြားသို့ လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန်စွာခုန်ဝင်လာပြီးနောက် မောင်ညွှန့်ဟန်လက်မှ ဓားချွန်ကို သေနတ်ဒင်ဖြင့် ရဲဝံ့စွာရိုက်ချလိုက်ရာ ၄င်းနှင့်တစ်ချိန်တည်းမှာပင် မောင်ဖိုးစနှင့် အခြားရဲသားတစ်ယောက်က ၄င်းလက်များကို ချုပ်ထားလိုက်ကြလေသည်။

*  *  *

ဌာနာသို့ရောက်၍ ကျွန်ုပ်တို့လည်း သက်သေများရှေ့တွင် မောင်ညွှန့်ဟန်အား ရှာဖွေရာ ၄င်း၏ရှပ်အင်္ကျီအတွင်းမှ စိန်များခြယ်လှယ်တပ်ဆင်ထားသည့် ငွေစီးကရက်ဘူးကလေးတစ်ဘူးကို တွေ့ရလေသည်။ ကျွန်ုပ်လည်း စီးကရက်ဘူးကို ဖွင့်မည်ပြုသည်တွင် မောင်ညွှန့်ဟန်က ကျယ်လောင်သောအသံဖြင့်...

"စီးကရက်ဘူးတော့ မဖွင့်ပါနဲ့ဗျာ။ ကျုပ်ကို သတ်ချင်သတ်ပစ်လိုက်ပါ"

ကျော်။ ။ "ဘာများပါလို့လဲကွယ့်"

ဟန်။ ။ "ဒီအထဲမှာပါတဲ့ပစ္စည်းက ကျုပ်အသက်ထက် အဖိုးတန်သေးတယ်။ နားလည်လား"

ကျော်။ ။ "နို့ပေမယ့် ဝတ္တရားရှိတဲ့အတိုင်း ကြည့်ရလိမ့်မယ် မောင်ရဲ့။ ဟောဒီက ဌာနာအုပ်မင်းနဲ့ ကိုအုန်းလွင်တို့က သက်သေပေါ့"

"ဒီအထဲမှာ စာရွက်ကလေးတစ်ရွက် ပါတယ်ဗျ။ ဒီစာဟာ အင်မတန်ဂုဏ်သရေရှိတဲ့မိန်းကလေးတစ်ယောက် ရေးတာ။ တကယ်လို့ ဒီအကြောင်းတွေ ပေါ်ပေါက်သွားမယ်ဆိုရင် ကျုပ်အပေါ်မှာ အင်မတန်ကြီးလေးတဲ့ တာဝန်ရှိပါတယ်ဗျာ။ ဒီတော့ မကြည့်ချင်ပါနဲ့တော့။ အမှုနဲ့လည်း မပတ်သက်ပါဘူး"

"ဒီဟာတော့ တောင်းပန်လို့ မရဘူး။ ကြည့်ရလိမ့်မယ်။





ပြီးတော့ ရေးတဲ့သူငယ်မက သေပြီမဟုတ်လားကွယ့်"

"သေပြီလေ။ သေတော့ ဘာဖြစ်သလဲ။ လူတို့ရဲ့ ဂုဏ်သိက္ခာဆိုတာ သေသည့်တိုင်အောင် ရှိကြသေးတယ်မဟုတ်လား။ ဒီအကြောင်းတွေကို မသိစေချင်လို့ ကျုပ်က ဒီလောက်ငြင်းနေတယ်ဗျို့။ ခင်ဗျားတို့ ကြည့်မယ့်အတူတူဖြင့် ကျုပ် ဖွင့်ပြီးပြောတော့မယ်။ သေသွားတဲ့ မနန်းစိန်ဟာ ကျုပ်ငယ်ရည်းစားပေါ့ဗျ။ သူက ရန်ကုန်သူ။ ကျုပ်က ရန်ကုန်သား။ ငယ်ငယ်ကတော့ ကျုပ်က တော်တော်ဆိုးတော့ခဲ့တယ်ပေါ့ဗျာ။ သူလည်း ကျုပ်နဲ့မရတာ အင်မတန်ကုသိုလ်ကောင်းတာပါ။ ခမျာမှာ ဒီအဖိုးကြီး ဦးရွှေဗျိုင်းနဲ့ရတာ ငွေမက်လို့သာ ယူခဲ့ရတာ။ သူ သဘောမကျရှာဘူး။ ရုပ်ရည်ချင်းကလည်း ကွာ။ အရွယ်ချင်းကလည်း ကွာ။ အို...တိုတိုပြောမယ်ဗျာ။ ခမျာဟာ ကျုပ်အပေါ်မှာ ငယ်ရည်းစားဆိုတော့ စိတ်မကုန်ရှာဘူး။ ခုထက်ထိ မေတ္တာမပျက်ရှာဘူး။ ဒါနဲ့ ကျုပ်လည်း တောင်ငူရောက်လာတော့ သူနဲ့ တစ်ခါ ဆက်မိပြန်တာကိုဗျ။ ဆက်မိတယ်ဆိုပေမယ့် ကျွန်တော် အင်မတန် ရှောင်ကြဉ်ခဲ့ပါတယ် ခင်ဗျာ။ ကျွန်တော်ဟာ မိုက်တယ် ဆိုးတယ် ဆိုပေမယ့် လူတစ်ယောက်ကိုသာ သတ်ရင်သတ်မယ်။ ပရဒါရကံကိုတော့ မကျူးလွန်ဘူးခင်ဗျ။ ခမျာ သေနေ့စွဲလေတော့ ဒီနေ့မှာပဲ သူ့လင်နဲ့ အိပ်ရာချင်း ပြောင်းပြီးအိပ်ရသတဲ့။ ဩော်..မစားရတဲ့အမဲမို့ အသည်းနာလိုက်ပါရဲ့ မနန်းစိန်ရယ်"

"ကဲ၊ မဟုတ်ဘူးလား ကိုအုန်းလွင်။ ကျုပ်ထင်တဲ့အတိုင်းပဲ မဟုတ်လား။ အင်း...လောကမှာ တယ်ခက်တာကလားဗျ။ ဣတ္ထိဝဏ်-နဒီဝင်္ကာလို့ ဘုရားဟောခဲ့တယ် မဟုတ်လားဗျ။ သားမယားကို ချီမွမ်းရင် သေခါမှ ချီးမွမ်းရမယ်တဲ့"

"မှန်တာပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ရန်ကုန် ဆယ့်သုံးလမ်းမှာ ကျက်စားနေတဲ့ လူတစ်ယောက်ပေါ့။ ကျုပ်က ရန်ကုန်က လူဆိုးမျက်နှာကို အတော်မှတ်မိတယ်။ ကျုပ်တို့အလုပ်က မှတ်လည်း မှတ်မိမှ ဖြစ်မှာကိုးဗျ။ ကျုပ်မိတ်ဆွေနာမည်က ရှမ်းကလေးတဲ့။ သူ့နာမည်ရင်းကိုတော့ ကျုပ် မသိဘူး။ နို့ပေမယ့် ရှမ်းပြည် သီပေါသိန္နီနယ်တစ်ဝိုက်မှာတော့ အတော်နာမည်ရခဲ့တဲ့ လူတစ်ယောက်ပေါ့။ ရန်ကုန်ရောက်တော့ သူ့ကို အသားကလည်း ဖြူလို့ ရှမ်းကလေးလို့ ခေါ်ကြတယ်။ အခု တောင်ငူရောက်မှသာ မောင်ညွန့်ဟန်တွေ ဘာတွေ ဖြစ်နေတာကိုးဗျ။ ကဲ...ဘယ့်နှယ်လဲဟေ့ ရှမ်းကလေး။ ငါ ပြောတဲ့အတိုင်း ဟုတ်တယ် မဟုတ်လား"

မျက်နှာကို အောက်ချလျက်...

"ဟုတ်ပါတယ်ဆရာ။ အခုတော့ ကြိုးပေးရင်လည်း မကြောက်တော့ပါဘူး။ မြန်မြန်သေရင် မြန်မြန် မနန်းစိန်နဲ့တွေ့မှာပဲ"

ငွေစီးကရက်ဘူးထဲတွင် တွေ့ရသောစာမှာ ဦးရွှေဗျိုင်း၏ ဇနီး မနန်းစိန်ထံမှရေးသော မေတ္တာစာတစ်စောင်ဖြစ်၍ မှုခင်းဖြစ်ပွားသောနေ့ ညဥ့် ဆယ့်နှစ်နာရီတွင် အိမ်သို့လာရောက်တွေ့ဆုံရန် ချိန်းချက်သောစာ ဖြစ်လေသည်။

ဌာနာအုပ်သည် ထိုစာနှင့် ငွေစီးကရက်ဘူးကလေးကို သက်သေခံအဖြစ် သိမ်းဆည်းလေရာ ထိုအချိန်၌ ရာဇဝတ်အုပ်ဦးအုန်းလွင်သည် ကျွန်ုပ်၏ထောက်လှမ်းစုံစမ်းပုံများကို ဌာနာအုပ်အား ခရေစေ့တွင်းကျ ပြောဆိုလျက် ရှိလေ၏။





# ဦးထင်ကျော် တစ်ပတ်ရိုက်ခံရပုံ

နိပွန်တို့သည် ၁၉၃၉ခု၊ စက်တင်ဘာလ၊ ၃ရက်နေ့တွင် ဂရိတ်ဗြိတိန်အား စစ်ကြေညာခဲ့ရာ ထိုအချိန်လောက်မှစ၍ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌လည်း ဂျပန်သူလျှိုတို့သည် အမြို့မြို့တွင် ခြေရှုပ်လျက်ရှိခဲ့ကြလေသည်။ သာမန် နာမကျန်းဖြစ်နေသူတစ်ယောက်အား ပြင်ပမှ ပယောဂဝင်ရောက်လာသောအခါ ဆေးဆရာသည် လူနာကို ယခင်ကထက် ပိုမိုဂရုစိုက်ရန် လိုအပ်လာတော့၏။

နိပွန်လျှို့ဝှက်ဂိုဏ်းသား သူလျှိုများသည် ရန်ကုန်မြို့ပေါ်တွင် ခြေချင်းလိမ်ကာ အောက်ခြေသိမ်း ဆင်းရဲသားလက်လုပ်လက်စားများမှအစ တဖြည်းဖြည်းနယ်ချဲ့ကာ လွှတ်တော်အမတ်များ၊ အထက်တန်းအရာရှိကြီးများ၊ နိုင်ငံရေးဝါသနာထုံသော သူဌေးသူကြွယ်များသည် လူကုံထံလောကသို့ပင် တစ်စတစ်စ ဝင်ရောက်လာခဲ့လေသည်။ နိပွန်လျှို့ဝှက်ဂိုဏ်းများအား ကူညီနေသူတို့မှာ အများအားဖြင့် နိုင်ငံရေးသမားများဖြစ်သော်လည်း အချို့မှာ နိုင်ငံရေးကို အလျဉ်း နားမလည်ဘဲ ပိုက်ဆံကြေးငွေ မြက်မြက်ကလေးရသောကြောင့်သာ ကူညီကြခြင်း ဖြစ်၏။

ထိုသူများမှာ အများအားဖြင့် နာမည်ကြီးလူဆိုးများ၊ ကြေးစားပြည့်တန်ဆာမများ၊ အချို့သဘင်သည်များ ပါဝင်လေသည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို တင်ကြိုသိမြင်ပြီးဖြစ်သော အင်္ဂလိပ်အစိုးရတို့က လည်း သူတို့၏ခြေလှမ်းများကို အကဲခတ်ကာ ကြွံကြွံခိုင်ခိုင်ရှိနေပြီးလျှင် အစိုးရရုံးထောက်ဘက်ဌာနမှလည်း ဝါရင့်ပြီး စုံထောက်အရာရှိများကိုသာ အသုံးပြုရန် ညွှန်ကြားထားလေသည်။

အထက်ပါအကြောင်းများကို ကောင်းစွာသိရှိပြီး ဖြစ်သည့်အတိုင်း ဦးထင်ကျော်သည် လက်ရှိအမှုသစ်များကို လက်မခံဘဲ လက်ကျန်အမှု သုံး–လေးမှုကိုသာ ပြတ်အောင်ပြုလုပ်ပြီးလျှင် မိမိ၏ခြေလှမ်းကို နိုင်ငံရေးဘက်သို့ အတော်အတန် ရွှေ့ပြောင်းလာခဲ့လေသည်။

တစ်နေ့သောညနေစောင်း၌ ဦးထင်ကျော်သည် ဂျူဗလီဟောတွင် ခင်းကျင်းပြသလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီအသင်းကြီးက ကြီးမှူးပြသသည့် ပန်းချီပန်းပုပြပွဲသို့ သွားရောက်ကြည့်ရှုလေသည်။ သူသည် မြောက်ဘက်ပေါက်မှ ဝင်ခဲ့၍ အခန်းထောင့်တစ်ခုရှိ ဦးဘညွန့် ရေးဆွဲသော ဆီဆေးကားတစ်ချပ်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုလျက်ရှိစဉ်…

"အို··ဆရာကြီး၊ ဘာများ ဒီလောက်တောင် စိုက်ကြည့်နေတာလဲ"

·····ဟု ပြောသံကြားလိုက်ရသဖြင့် ဦးထင်ကျော်သည် နောက်သို့ ဖျပ်ခနဲ လှည့်ကြည့်လိုက်၏။ မရမ်းစေ့ရောင် မန္တလေးကျစ်ပိုးလုံချည်တွင် အောက်နားက နှင်းဆီပွင့်အဖြူများကို ထိုးထားလျက် ခရမ်းနုရောင်အင်္ကျီလက်ရှည်ကိုဝတ်ထားသည့် အသက်သုံးဆယ်ခန့် ရုပ်ရေလှပသောမိန်းမတစ်ယောက်သည် မိမိနှင့်ကျောခိုင်းကာ ဆီဆေးဖြင့်ဆွဲထားသော ပုဂံ သဗ္ဗညုစေတီပုံအား ကြည့်ရှုနေသည်ကို တွေ့ရ၏။ အခန်းထောင့်၌ကား မည်သူမျှ မရှိချေ။





"ဩော်··ရီရီပါကလား။ ဘယ့်နှယ် တစ်ယောက်တည်းလားဗျ။ ဘယ်သူမှ မပါဘူးလား"

"ဘယ်သူမှ မပါပါဘူးရှင်။ တစ်ယောက်တည်းပါ"

"အမတ်မင်းကော"

"အစည်းအဝေးက သုံးနာရီပြန်လာမယ်ဆိုတာ အခုထက်ထိ ပြန်မလာတာနဲ့ ကျွန်မလည်း အဖော်ကောင်းတာနဲ့ လိုက်လာခဲ့တာပဲ။ နေပါဦး။ အစ်ကိုကြီး ကြည့်နေတဲ့ကားက ဘာကားလဲ အစ်ကိုကြီးရဲ့"

"ဦးဘညွန့်ဆွဲတဲ့ ကားလေ။ မဲဇာရွာ ဆောင်းဥတု နံနက်ချိန်လို့ စာတန်းထိုးထားတယ်။ ရီရီ လာကြည့်စမ်း။ ဒီကားကိုကြည့်ရုံနဲ့ ဆီးနှင်းတွေ တဖြိုက်ဖြိုက်ကျနေတာတွေ၊ တောင်ခိုးတောင်ငွေ့တွေသန်းနေတာတွေ မြင်ရတယ်။ ကြည့်တဲ့လူရဲ့ မျက်စိထဲမှာ အေးပြီးသွားတာပဲ ရီရီရဲ့"

ရီရီသည် ဦးထင်ကျော်အနီးသို့ လာရောက်ကာ ဦးထင်ကျော်၏စကားများကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိနေ၏။

"နေက သိပ်ပြင်းတာပဲနော်။ ဒီ ဦးဘညွန့်ရဲ့ပုံ ကြည့်ပြီး ရီရီဖြင့် ကားတစ်စီးနဲ့ ကန်တော်ကြီးဘက်တောင် လျှောက်ပြီး လည်ချင်စိတ် ပေါက်နေပြီ"

"တက္ကစီတွေ ပေါပါတယ်ဗျာ"

"အစ်ကိုကြီးလိုက်ပို့ရင် ခဏသွားကြမယ်လေ"

"ပို့ပါမယ်ဗျာ။ ရီရီ သွားချင်တယ်ဆိုရင်"

"ကဲ····ဒါဖြင့် ကျွန်မတို့ သွားကြရအောင်လား အစ်ကိုကြီး"

ဦးထင်ကျော်သည် ဘုရားလမ်းတစ်လျှောက်တွင် ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အငှားကားများအနက် ကားသစ်ကလေးတစ်စီးကို ငှားရမ်းပြီးလျှင် ရီရီနှင့်အတူ ကန်တော်ကြီးဘက်သို့ ကားကလေးအား မောင်းနှင်စေ၏။ ကားကလေးသည် လျင်မြန်စွာ ကွေ့၍ထွက်သွားပြီးနောက် ဘုရားလမ်းတစ်လျှောက် မောင်းနှင်သွားပြီးလျှင် တောင်ဘက်စောင်းတန်းသို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုး၍သွားလေ၏။ မကြာမီ ကားကလေးသည် ကန်တော်ကြီးကိုကွေ့ပတ်ကာ တညိမ့်ညိမ့်ပြေးသွားလျက် ရှိလေသည်။ ကန်တော်ကြီးကို နှစ်ပတ်မျှ ခပ်ဖြည်းဖြည်းပတ်ပြီးနောက် လှေရုံ (BOAT CLUB)ရှေ့သို့ ရောက်သောအခါ ဦးထင်ကျော်က....

"ဘယ်သွားချင်သေးသလဲ ရီရီ"

"ဘယ်မှ မသွားချင်တော့ဘူး။ လေညှင်းခံလိုက်ရတာ အတော်အပန်းပြေသွားလို့ ဆာတောင်လာပြီ"

"ဒါဖြင့်ရင် ဟော်တယ်တစ်ခုသွားပြီး စားကြမယ်လေ"

ရီရီသည် မလှုပ်မယှက် ငြိမ်သက်လျက် ရှိလေ၏။ ကားထွက်သည့် အချိန်မှစ၍ ရီရီသည် ဦးထင်ကျော်၏မျက်လုံးများကို မကြာခဏ စိုက်ကြည့်တတ်ပြီးလျှင် တစ်စုံတစ်ရာပြောတော့မည်ကဲ့သို့ နီရဲသောနှုတ်ခမ်းကလေးများသည် လှုပ်ရှား၍လာပြီးမှ တစ်စုံတစ်ခုသောအကြောင်း ရှိသည့်ဟန်ဖြင့် ချက်ချင်းပင် ငြိမ်သက်သွားပြန်၏။

နောက် ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ကားကလေးသည် အထက်ပန်းဆိုးတန်းဘက်သို့ ရောက်လာ၍ ဆူးလေဘုရားလမ်းတစ်လျှောက်မောင်းနှင်ခဲ့ပြီးလျှင် ကုန်သည်လမ်းသို့ ရောက်သောအခါ ရိုမန်နီယာဟော်တယ်ရှေ့တွင် ရပ်လေ၏။

ဦးထင်ကျော်သည် ညစာနှစ်ပွဲ မှာထားပြီးနောက် လင်မနစ်





ကို တစ်ကျိုက်နှစ်ကျိုက်မျှ မော့ပြီးနောက် မိန်းကလေးမှာ ဆေးတံနံ့ကို မခံနိုင်သဖြင့် ငါးသုံးလုံးစီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လေသည်။ ရီရီသည် စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ယခင်ကထက် အဓိပ္ပါယ်ပါသောမျက်လုံးများဖြင့် ဦးထင်ကျော်အား ကြည့်ရှုလျက်ရှိလေသည်။

"နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အရှုပ်အထွေးအမှုကလေးတွေ အစ်ကိုကြီး စိတ်မဝင်စားဘူးလား"

"စိတ်ဝင်စားတယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ့်တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရမယ့် ကိစ္စကလေးတွေကိုတော့ တတ်နိုင်သလောက် ဆောင်ရွက်ရမှာပဲ။ ရီရီက အခု နိုင်ငံရေးကိစ္စကလေးတွေ ဘာတွေတောင် နည်းနည်းပါးပါး သိနေမှကိုး"

"သိတယ်လို့တော့ မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ အထက်တန်းလွှာတွေနဲ့ပေါင်းနေတဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ နည်းနည်းပါးပါး ကြားဖူးနားဝရှိတာပေါ့ အစ်ကိုကြီးရဲ့။ ဒီဟာတွေ သိပ်ပြောလို့လည်း မကောင်းပါဘူး"

"ဟုတ်ပါရဲ့။ အစ်ကိုကြီး မေးမိတာ မှားသွားတယ်"

"ဒါထက် ဆယ့်လေးလမ်းက အငြိမ့်ထောင်တဲ့အငြိမ့်ဆရာ ဦးလူဝင်းဆီကို အစ်ကိုကြီး ရောက်ဖူးလား"

ဦးထင်ကျော်သည် ဆယ့်လေးလမ်း အငြိမ့်ဆရာ ဦးလူဝင်းအိမ်သို့ တစ်ကြိမ် ရောက်ခဲ့ဖူး၏။ ဦးလူဝင်းမှာ အသက်ငါးဆယ်ကျော်မျှ ရှိပြီးဖြစ်၍ ရွှေတိဂုံဂေါပကဘဏ္ဍာတော်ထိန်းလူကြီး၊ မြေပိုင်ရှင်၊ အနောက်ပိုင်းစာဖတ်အသင်းဒုတိယဥက္ကဋ္ဌ ဖြစ်၍၊ အရပ်ထဲတွင် ဩဇာတိက္ကမ ပြည့်စုံသောလူကြီးလူကောင်းတစ်ယောက်လည်း ဖြစ်ပြီးလျှင် အနောက်ပိုင်းတွင် ကိစ္စကြီးငယ်ရှိက ဦးလူဝင်း မပါလျှင် မပြီးချေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလူဝင်းအား တိုင်ပင်ကြရသည်သာ ဖြစ်၏။ လမ်းမတော်၏ အနောက်ဘက်တွင် လူဆိုးလူမိုက် မှန်သမျှအပေါ်တွင်လည်း ဦးလူဝင်းမှာ ဩဇာညောင်းသူ ဖြစ်လေသည်။

ဦးလူဝင်းအိမ်သို့ အငြိမ့်ငှားရန် ဦးထင်ကျော် သွားရောက်ခြင်းမှာ အမှန်အားဖြင့်ဆိုသော် အငြိမ့်ငှားရမ်းလို၍ မဟုတ်။ အခြားအရေးကြီးသောကိစ္စတစ်ခုကို စုံစမ်းရန် ဖြစ်၏။ ဦးလူဝင်း၌ သားနှစ်ယောက်နှင့် သမီး တစ်ယောက် ရှိ၏။ သား နှစ်ယောက်အနက်တစ်ယောက်မှာ အနောက်ပိုင်းရှိ 'မိုနီတာ' ဂျပန်သွားစိုက်ဆိုင် တစ်ဆိုင်၌ လည်းကောင်း၊ အခြား သားတစ်ယောက်မှာ ဆူးလေဘုရားလမ်းရှိ 'ဟီရိုရှီမာ' ဓာတ်ပုံတိုက်၌လည်းကောင်း အလုပ်လုပ်နေကြ၏။

သမီးဖြစ်သူမှာ အတွင်းဝန်ရုံး နိုင်ငံခြားရေးဌာနတွင် လက်နှိပ်စက်စာရေးမ လုပ်နေ၏။ ဦးလူဝင်းမှာ နဂိုက မဟုတ်မခံ သတ္တိလည်း ရှိပြန်၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံပြန် ဖြစ်ရကား ရန်ကုန်မြို့ပေါ်ရှိ ရုပ်သေး၊ ဇာတ်၊ အငြိမ့်၊ ဆိုင်းဝိုင်းမှန်သမျှမှာ ဦးလူဝင်း၏လက်အောက်မှာ ရှိနေသကဲ့သို့ ရှိတော့၏။ ဦးလူဝင်းမှာ ၎င်းတို့အပေါ်တွင် ဩဇာညောင်းမည်ဆိုကလည်း ညောင်းလောက်ပါပေ၏။ အဘယ်ကြောင့်ဆိုသော် ဦးလူဝင်းသည် ဇာတ်များ အငြိမ့်များထူထောင်ရေးအတွက် ငွေကြေး စိုက်ထုတ်ချေးငှားရုံမက၊ ဇာတ်အဖွဲ့ဝင်များတွင် အရေးအကြောင်းရှိက ငွေအင်အား လူအင်အားဖြင့်လည်း ကူညီခဲ့လေသည်။

ဦးလူဝင်းအိမ်သို့ မိမိ တစ်ကြိမ် ရောက်ဖူးကြောင်း ရီရီက သိနေသည်ကို ဦးထင်ကျော်သည် စဉ်းစား၍မရနိုင်အောင် ရှိတော့၏။ ရီရီသည် မိမိ၏ထောက်လှမ်းချက် တစ်စိတ်တစ်ဒေသကို အဘယ့်ကြောင့်သိရလေသနည်း။ ရီရီ အိမ်ထောင်မပြုမီကပင် ဦးထင်





ကျော်သည် ရီရီတို့အိမ်သို့ ဝင်ထွက်ခဲ့ဖူးရာ တစ်ခါတစ်ရံ မိမိအား မရိုးသားသောမျက်လုံးများဖြင့် တိတ်တိတ်ခိုးကြည့်ဖူးသည်ကို ပြန်၍ သတိရမိ၏။

အချစ်ဟူသော ဓာတ်သည် အလွန်ခိုင်မြဲစွာ အမြစ်တွယ်တတ်သည့် သဘောတရားရှိလေရာ ယခင်က ဟောင်းနွမ်းဆွေးမြည့်နေသောအချစ်သည် ယခုမှ အညှောင့်အတက်ပေါက်ကာ မိမိ အပေါ်တွင် အလွန် စေတနာသဒ္ဓါတရား ထက်သန်လျက်ရှိသည်မှာ ထင်ရှားလှ၏။ ရီရီသည် မိမိအား လျှို့ဝှက်ချက်တစ်စုံတစ်ရာကို အတိအလင်းသော်လည်းကောင်း၊ စောင်းပါးရိပ်ခြည်သော်လည်းကောင်း ပြောလိုဟန် တူ၏။

စီးကရက်ကို အတန်ကြာ ဖွာ၍နေပြီးမှ ဦးထင်ကျော်က အဖြေပေးလေသည်။

"ဘာဖြစ်လို့ မေးတာလဲ ရီရီ"

"ဒီဟာတော့ ကျွန်မ အဖြေမပေးနိုင်ဘူး။ နို့ပေမယ့် ရီဟာ ဘယ်အခါမဆို အစ်ကိုကြီးရဲ့ကောင်းကျိုးကို ဆောင်ရွက်တယ်။ အစ်ကိုကြီး ကြီးပွားတာကို မြင်လိုတယ်။ အစ်ကိုကြီးမှာ ဘေးအန္တရာယ်ရှိရင် သတိပေးချင်တယ်ဆိုတာတော့ အစ်ကိုကြီး ယုံကြည်ရဲ့မဟုတ်လား"

"ယုံကြည်ပါတယ်ဗျာ"

ထို့နောက် ညစာကို ဆက်လက်စားသောက်ကြလေ၏။ ရီရီသည် ဦးထင်ကျော်၏ပန်းကန်ထဲသို့ ကြက်ကလေးကင်မှ ပေါင်သားကလေးများကိုပင် ဓားဖြင့် လှီးဖြတ်ထည့်ပေး၏။ စားသောက်ပြီးလတ်သော် ဦးထင်ကျော်သည် စီးကရက်ကို ထုတ်၍မီးညှိလေ၏။

"ကိုင်း…ရီ ဘယ်သွားချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်တော့ပါဘူး အစ်ကိုကြီးရယ်။ အိမ်ကိုပဲ ပို့ပါတော့"

အထက်လွှတ်တော်အမတ် ဦးထွန်းတင်မှာ သော်မဆင်လမ်းတွင် ရှိသဖြင့် ဦးထင်ကျော်သည် ဒရိုင်ဘာအား ကားကလေးကို ကုန်သည်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်စေ၏။ သော်မဆင်လမ်းရှိ သုံးထပ်တိုက်တစ်တိုက်ရှေ့သို့ ရောက်သောအခါ ဦးထင်ကျော်က ကားကလေးကို တိုက်ရှေ့တွင်ရပ်စေပြီးလျှင် အောက်သို့ဆင်း၍ ရီရီအား တံခါး ဖွင့်ပေးလေသည်။

ဦးထွန်းတင်နှင့် ရီရီတို့နေသောတိုက်ခန်းမှာ တိုက်၏အလယ်ထပ်ဖြစ်၍ ပြတင်းပေါက်မှ ခန်းဆီးအပြာရောင်ကို ချထားပြီးလျှင် အတွင်း၌ မီးတစ်လုံးသာ ထွန်းထားသည်ကို မြင်ရ၏။

"ကိုင်း…ကိုင်း…မြန်မြန်သွား။ ရီရီရဲ့မောင်တော် ရောက်နေလို့ ဆူနေဦးမယ်"

"လမ်းမှန်အတိုင်းလုပ်တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ဆူရမှာလဲ အစ်ကိုကြီးရဲ့။ ရီ့အကြောင်း အစ်ကိုကြီးလည်း အသိသားနဲ့"

ရီရီမှာ မည်သည့်နေရာမဆို စိတ်ထဲတွင် ဟုတ်မှန်သည်ထင်က မကြောက်မရွံ့ပြုလုပ်တတ်ကြောင်း ဦးထင်ကျော် သိပြီးဖြစ်၏။ အကင်းပါးသော မိန်းကလေးတစ်ယောက် ဖြစ်သဖြင့်လည်း ယောကျ်ား၏အလုပ်များကို ဝင်ရောက်စွက်ဖက်ခြင်း မရှိသော်လည်း တိုင်းရေးပြည်ရေးနှင့်ပတ်သက်သည့် နက်နဲသောအချက်များကိုမူ ကောင်းစွာသိရှိနားလည်သူ ဖြစ်လေသည်။

ကားပေါ်မှဆင်းသောအခါ ရီရီနှင့် ဦးထင်ကျော်တို့မှာ တစ်ဖန် မျက်လုံးချင်းဆုံမိပြန်ရာ ရီရီ၏နှုတ်ခမ်းကလေးများမှာ လှုပ်ရှား





တော့မည်ကဲ့သို့ ရှိနေသဖြင့် တစ်စုံတစ်ခုပြောရန် ကျန်ရှိနေသေးကြောင်း ဦးထင်ကျော် သိရှိရိပ်မိလေသည်။

"အစ်ကိုကြီး သွားတော့မယ်နော်"

"ဟုတ်ကဲ့။ သြော်၊ အစ်ကိုကြီးကို တစ်ခုပြောချင်တယ်"

"ပြောလေ။ ဘာလဲ‥ရီရဲ့"

"ဓာတ်သမပဲ ဖြစ်ဖြစ်၊ အငြိမ့်သမပဲ ဖြစ်ဖြစ် အခုတလော ခပ်ကင်းကင်းနေပါ အစ်ကိုကြီးရယ်။ ပြီးတော့ သူတို့က ဖိတ်မန္တကပြုရင်လည်း လက်မခံပါနဲ့။ ရီ အစ်ကိုကြီးကို သတိပေးပါရစေ"

"ဘာဖြစ်လို့လဲ ရီရီ"

"ဒီမေးခွန်း မေးလိမ့်မယ်ဆိုတာ ရီရီ အထင်သားပဲ။ ရီရီ မဖြေနိုင်ဘူး အစ်ကိုကြီးရဲ့။ ရီ့မှာ ဝတ္တရားအတိုင်း သစ္စာစောင့်ထိန်းရမယ့်လူတွေ ရှိသေးတယ်"

"ကောင်းပါပြီ ရီရီရယ်။ ဒါထက် ရီရီကို တစ်ခု မေးစမ်းပါရစေ။ အစ်ကိုကြီးကို ဘာဖြစ်လို့ အခုလို သတိပေးရတာလဲ"

"မိန်းမတွေဟာ ထူးထူးဆန်းဆန်းလုပ်တတ်ကြတယ် အစ်ကိုကြီးရဲ့။ ယောကျ်ားများ နားမလည်နိုင်ဘူး။ ကျွန်မကိုယ်တိုင် ကျွန်မတစ်ခါတလေ နားမလည်ဘူး။ သွားပြီနော် အစ်ကိုကြီး"

ရီရီသည် မှောင်မိုက်သော တိုက်အလယ်တံခါးမှ အပေါ်သို့ လျင်မြန်ဖျတ်လတ်စွာ တက်သွားလေ၏။

* * *

ဆယ်ရက်ခန့်ကြာသောအခါ ဦးထင်ကျော်သည် အိမ်ရှေ့ဧည့်ခန်းတွင် သိဟောင်းကျွမ်းဟောင်း မိတ်ဆွေဖြစ်သူ ကိုအောင်မြတ်ဆိုသူနှင့် စကားစမြည်ပြောဆိုလျက် ရှိကြ၏။ ကိုအောင်မြတ်မှာ ဦးထင်ကျော်ထက် ငါးနှစ်ခန့်ငယ်ပြီးလျှင် မိဘများ ငွေကြေးချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အလျောက် အလုပ်အကိုင်ဟူ၍ အတည်တကျမရှိဘဲ အေးအေး ဆွာ နေထိုင်သူတစ်ယောက် ဖြစ်၏။ တစ်ခါတစ်ရံ ဦးထင်ကျော် ခိုင်းစေသည့်အတိုင်း အလုပ်များကိုပင် ဝင်ရောက် ကူညီခဲ့ဖူးလေ သည်။

ကိုအောင်မြတ်သည် သံဘူးထဲက စီးကရက်တစ်လိပ်ကို ယူ၍ မီးညှိပြီးလျှင် သူ၏အိတ်ထဲက ဖိတ်စာတစ်စောင်ကို ထုတ်ယူ လိုက်လေ၏။

"သြော်၊ ဟောဒီမှာ အစ်ကိုကြီးအတွက် ဖိတ်စာတစ်စောင် ရောက်နေတယ်"

"ဘယ်က ဖိတ်စာလဲကွယ့်"

"အငြိမ့်သမ မန္တလာဆွေတဲ့ အစ်ကိုကြီးရဲ့။ နက်ဖြန်ညနေ လေးနာရီ 'ဆဗွိုင်း' ဟော်တယ်ကို လက်ဖက်ရည်သောက် ဖိတ်တယ်"

"ငါလည်း မသိပါကလားဟေ့"

"သိသိ မသိသိပေါ့ အစ်ကိုကြီးရယ်။ နာမည် နည်းနည်း ကြီးလာရင် ဒီလို ဖိတ်ကြတာပဲ"

"ဘယ်သူလဲကွယ့် မန္တလာဆွေ၊ ဟုတ်စ"

"ဟုတ်တယ် အစ်ကိုကြီးရဲ့။ မန္တလေးက ဆင်းလာတာ မကြာသေးဘူး။ ဟယ်လပင်လမ်းမှာ တိုက်ခန်းငှား နေတယ်"

"အောင်မယ်။ မင်းက သိနေပြီလား"

"သိတာပေါ့ အစ်ကိုကြီးရဲ့။ ကျွန်တော်က အလုပ်ရှိတဲ့ကော မှ မဟုတ်ဘဲ။ အငြိမ့်ဆိုရောက် ပွဲဆိုရောက်နေတဲ့ သူပဲ"

"ဟယ်လပင်လမ်းမှာ တိုက်ခန်းငှားနေတယ်။ ပြီးတော့ အခုလည်း ဆဗွိုင်းမှာ လူကြီးလူကောင်းတွေ ဖိတ်ပြီး မိတ်ဆက်ဧ ခံပွဲလုပ်တယ်ဆိုတော့ အတော် ဖောလို့ပေါ့"





"သူက ကြေးကြီးရမှ ကတယ် အစ်ကိုကြီးရဲ့။ ပွဲတစ်ချိုကို နှစ်ရာကျပ်ရမှ ကတယ်။ တခြားအငြိမ့်တွေက လေးငါးဆယ်နဲ့ ကတယ် မဟုတ်လား။ အစ်ကိုကြီး ကြည့်ဖူးလား"

"မကြည့်ဖူးပါဘူးကွယ်။ လေဘာတီမမြရင်နဲ့ ဘယ်လိုနေလဲ"

"တစ်ယောက် တစ်မျိုးစီပေါ့ အစ်ကိုကြီးရယ်။ နို့ပေမယ့် သူက ရုပ်ချောတယ်။ အပြောလည်း သာတယ်။ အစ်ကိုကြီး မမြင်ဖူးဘူးလား"

"ဟင့်အင်း။ မမြင်ဖူးဘူး"

"ဒါဖြင့် ညစာစားပွဲသွားပေါ့ အစ်ကိုကြီးရဲ့။ နီးနီးကပ်ကပ်လည်း မြင်ရရော၊ မိတ်ဆွေလည်း ဖြစ်ရော"

"အစ်ကိုကြီးကို မသိဘဲနဲ့ ဘာဖြစ်လို့ဖိတ်သလဲ မသိဘူး"

"လူဆိုတာ ပိုက်ဆံချမ်းသာလာတော့ အရာရှိအရာခံတွေနဲ့ ပေါင်းချင်တယ်။ ပုလိပ်ဘက်ကို မျက်နှာလုပ်ချင်တယ်။ ဘွဲ့ထူးဂုဏ်ထူးတွေ လိုချင်တယ်။ အဲဒီလိုဖြစ်လာတာပေါ့ အစ်ကိုကြီးရယ်။ ထုံးစံအတိုင်းပေါ့"

"သူငယ်မက အတော်ချောသလား"

"ချောတယ် အစ်ကိုကြီးရဲ့။ အစ်ကိုကြီးတွေ့တော့ သိပါလိမ့်မယ်။ ဘယ့်နှယ်လဲ။ နက်ဖြန် သွားမယ် မဟုတ်လား"

ဦးထင်ကျော်သည် စီးကရက်ကို မီးညှိမည်ပြုပြီးမှ မညှိသေးဘဲ အတန်ကြာစဉ်းစားလျက်ရှိရာ မီးခြစ်ဆံကုန်သောအခါ အောက်သို့ ပစ်ချလိုက်လေသည်။

"အေး။ မင်းနဲ့အတူတူဆိုရင် လိုက်တာပေါ့ကွယ်"

"ကျွန်တော် မိတ်ဆက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် မင်းနဲ့ ဘယ်တုန်းက သိတာလဲ"

"ဘယ်တုန်းက သိသိ အစ်ကိုကြီးရယ်။ ပြောမနေပါရစေနဲ့။ သြော် ဒါနဲ့ အမြဲသူနဲ့တွဲနေတဲ့ လူကြီးတစ်ယောက်ရှိတယ် အစ်ကိုရေ။ ဘိုကပြားလိုလို ဘာလိုလိုပဲ။ နာမည်က ဦးဖေခင်ဆို ထင်ပါရဲ့။ ဘိုလိုဝတ်တယ်"

"ဒီလူကြီးက ဘာလုပ်တာလဲ"

"သူဌေးပေါ့ အစ်ကိုကြီးရယ်။ အသက် ငါးဆယ်လောက်ရှိပြီ"

"အသားဖြူဖြူ အရပ်မြင့်မြင့်"

"မျက်နှာနီနီ နှာခေါင်းချွန်ချွန် မဟုတ်လား။ လမ်းသွားရင် ခြေတစ်ဖက် နည်းနည်းဆာတယ်လေ"

"ဟုတ်တယ် အစ်ကိုကြီးရေ။ အစ်ကို သိလား"

"မသိပါဘူး"

"ကိုင်းလေ။ ကျွန်တော် လေးနာရီအရောက် ဒီကိုလာခဲ့မယ်။ အစ်ကိုကြီး စောင့်သာနေပေတော့"

* ● *

နောက်တစ်နေ့ ညနေ လေးနာရီကျော်ကျော်လောက်တွင် မောင်အောင်မြတ် ရောက်လာ၍ ဦးထင်ကျော်သည် တက္ကစီကားကလေးတစ်စီးကို ငှားပြီးလျှင် ထွက်ခဲ့ရာ အချိန် အတန်ငယ်စောသည်နှင့် ပုလိပ်ရုံးသို့ ဝင်ပြီးလျှင် စုံထောက်အင်စပိတ်တော် ဦးအုန်းဘူးနှင့် ခေတ္တ စကားပြောနေ၏။ မောင်အောင်မြတ်မှာ ကားကလေးထဲတွင် ထိုင်ကာ ငိုက်လျက်ရှိရာ ရုံးပေါ်မှ ဦးထင်ကျော် ဆင်းလာသောအခါ၌မှ လေးနာရီခွဲမျှပင် ရှိခဲ့လေပြီ။ ထို့နောက် ကားကလေးသည် ဒါလဟိုဇီလမ်းမှ ဆူးလေဘုရားလမ်းဘက်သို့မောင်းနှင်သွားပြီးနောက် 'ဆဗွိုင်း'





ဟော်တယ်ရှေ့တွင် ရပ်လေ၏။

ဟော်တယ်ခန်းမတွင် မန္တလာဆွေ၏ ညှော်ခံလက်ဖက်ရည်ပွဲ ကျင်းပလျက် ရှိရာ ယောက်ျားမိန်းမ ပရိသတ် ငါးဆယ်ကျော်ခြောက်ဆယ်ခန့် ရှိ၍၊ ဒုတိယပုလိပ်မင်းကြီးနှင့် စုံထောက်အရာရှိများ၊ လွှတ်တော်အမတ်များ၊ မြို့အုပ်ဝန်ထောက်များ၊ မြေပိုင်ရှင်နှင့် စက်သူဌေးများ၊ မင်းကတော်၊ သူဌေးကတော်များ စသည်တို့ ဖြစ်လေသည်။

မန္တလာဆွေသည် ပန်းနုရောင်နှင်းဆီပွင့်ကြီးများ ထိုးထားသော ခရမ်းရောင်ဘန်ကောက်လုံချည်၊ ခရမ်းရောင်လက်ကြပ်အင်္ကျီကို ဝတ်ထား၏။ လက်ယာဘက် လက်ကောက်ဝတ်တွင် စိန်လက်ကောက် တစ်ဆက်ကိုလည်းကောင်း၊ လက်ဝဲဘက်လက်သူကြွယ်တွင် ကြုစုသီးစိန်ခြယ်မြလက်စွပ်ကိုလည်းကောင်း ဝတ်ဆင်ထား၏။ ရွှေနှင့် ဆစ်၍ထားသော ပုလဲလည်ဆွဲကလေးသည် နွဲ့သွယ်ကြော့ရှင်းသော လည်တိုင်ကို နှစ်ပတ်မျှ ရစ်ပတ်လျက်ရှိ၏။ တစ်ဘက်လျှင် နှစ်ရတီခန့်မျှစီရှိသော စိန်တစ်လုံးနားပွင့်ကလေးများသည် ဝတ်ဆင်သူ၏ မျက်လုံးများနှင့် ယှဉ်ပြိုင်ကာ ဝင်းခနဲ လက်ခနဲ တောက်ပလျက် ရှိလေသည်။

ဦးဖေခင်က ပရိသတ်များအား မန္တလာဆွေနှင့် မိတ်ဆက်ပေးလျက်ရှိ၏။ အငြိမ့်သမနှင့်ဇာတ်သမများမှာ အပြင်၌လည်း ဇာတ်သံပါ၍နေတတ်ကြရာ မန္တလာဆွေမှာမူ ဇာတ်ဟန်ဟူ၍ အလျဉ်းမရှိဘဲ ပကတိအရပ်သူတစ်ယောက်၏ အမူအရာမျိုးဖြင့် ဦးဖေခင် မိတ်ဆက်ပေးသောသူများအား တစ်ဦးမှ တစ်ဦးသို့ ကူးပြောင်း နှုတ်ဆက်လျက် ရှိလေသည်။

ဦးထင်ကျော်နှင့် ကျောချင်းကပ်လျက်ရှိသော စားပွဲမှ



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ့်ငါးနှစ်ခန့် လူရွယ်နှစ်ယောက်တို့သည် အချင်းချင်း တီးတိုးပြောဆိုလျက်ရှိ၏။

"အိုင်ဆေး၊ အတော် နိပ်သားပဲဗျ"

"သိပ်တော့ မလှပါဘူးဗျာ။ ယဉ်တာ တစ်ခုပဲ"

"မန္တလေးသူကိုးဗျ။ ပြီးတော့ လှတစ်မျက်နှာ ယဉ်တစ်ကိုယ် လုံးဆို မဟုတ်လား"

"မန်းနီးလည်း အတော်ဖော်သနဲ့ တူတယ်"

"တူပါရဲ့ဗျာ။ ဟယ်လပင်လမ်းမှာတောင် တိုက်ခန်းငှား နေနိုင်တယ်ဆိုတော့ ဖောလို့ပေါ့"

"နဂိုက ပိုက်ဆံရှိတယ် ထင်ပါရဲ့"

"ဒီဟာတော့ မသိဘူး။ ဝင်ငွေလည်း အတော်ကောင်းလို့ ပေါ့ဗျာ"

"တစ်ပွဲ နှစ်ရာတောင် ယူတာပဲ ကိုလှစိန်ရဲ့"

"ဒီဟာကြောင့်လည်း ဟုတ်မယ် မထင်ပါဘူးဗျာ။ တစ်ပွဲ နှစ်ရာရတယ် ထားဦးတော့၊ ဒီလောက် ဝတ်စားသုံးစွဲပြီး အခန့် နေ နိုင်ပါ့မလား ကိုကျော်ဒင်ရယ်"

"တစ်ခုလည်း ရှိသေးတယ်။ သူ့နဲ့ ကပ်ထိုင်နေတဲ့ ဟိုငတိ ကြီးကို ကြည့်စမ်း"

"ဘိုလိုဝတ်ထားတဲ့ လူကြီးလား"

"ဟုတ်တယ်လေ။ သူက ဦးဖေခင်တဲ့။ ကောင်မကို ပိုး ပြီး ဒီငနဲကြီး အတော်ကျနေတယ် ကြားတယ်"

"ဟုတ်မှာပေါ့ဗျာ။ ဒီမိန်းမမျိုးဟာ ဘယ်လို အကျင့်စာရိတ္တ ကောင်းတယ် ပြောပြော။ ရသာရင်တော့ ချိုင်မှာပေါ့။ နေပါဦး။ ဒီ လူကြီး ဘယ်ကလဲဗျ"





"ကျုပ်လည်း အသေအချာတော့ မသိဘူး။ နို့ပေမယ့် ဒီ ၏လူကြီးက မင်းတွေစိုးတွေနဲ့ပေါင်းပြီး အတော်နံ့စပ်တဲ့ လူကြီးတစ် ယောက်ပဲဗျ။ မင်းပွဲစိုးပွဲတွေ၊ ဂါးဒင်းပါတီတွေ၊ တီးပါတီတွေမှာ ဒီလူကြီးကို ကျုပ် မကြာမကြာတွေ့ဖူးတယ်"

သို့ ပြောဆိုလျက်ရှိစဉ် မန္တလာခွေကိုယ်တိုင် အနီးသို့ ရောက်လာသဖြင့် ကိုလှစိန်နှင့် ကိုကျော်ဒင်ဆိုသူ နှစ်ယောက်တို့မှာ စကားလက်စ ပြတ်သွားတော့၏။

လက်ဖက်ရည်ပွဲပြီး၍ ဧည့်သည်များအားလုံး အတော်ရှင်း သွားသောအခါ ကိုအောင်မြတ်က ဦးထင်ကျော်အား အငြိမ့်သမ မန္တ လာခွေနှင့် မိတ်ဆက်ပေးလေသည်။

"ဟောဒီမှာပဲ ခွေခွေ။ ကျွန်တော့်နောင်တော် ဦးထင် ကျော်ဆိုတာ အလွတ်စုံထောက် တစ်ယောက်ပဲ"

ဦးထင်ကျော်၏မျက်နှာကို ဖျပ်ခနဲ ကြည့်လိုက်ကာ မသိ မသာ ပြုံးလျက်)

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ အစိုးရလခကို မယူဘဲ ဒီလို အလွတ်စုံထောက်လုပ်ပြီး နာမည်လည်းကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် နဲ့ မိတ်ခွေဖြစ်ရတာ ကျွန်မတို့ကလည်း အားကိုးတစ်ခု ရလာတာ ပေါ့"

"နာမည်တော့ မကြီးပါဘူးဗျာ"

"ဘယ့်နှယ် မကြီးရမှာလဲရှင်။ ဘယ်နေရာမှာ ဘယ်အမှု ကို ဖမ်းလိုက်ပြန်ပြီ။ ဘယ်အမှုကို ဘယ်လို ဆောင်ရွက်လိုက်တာ ဘယ်လို အောင်မြင်သွားပြီဆိုတဲ့သတင်းတွေ ကျွန်မတို့ အမြဲကြား နေရတာပဲ။ ကျွန်မတို့ မန္တလေးမှာဆိုရင် ဦးထင်ကျော်ဆိုတဲ့နာမည် ကြားလိုက်တာနဲ့တစ်ပြိုင်နက် ကလေးကစ သိကြတာပဲရှင်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက ကိုအောင်မြတ်ကို တစ်နေ့ မိတ်ဖွဲ့ပေးပါဆိုတဲ့အကြောင်း ပြောနေရတယ်"

"ဟုတ်ကဲ့။ ဒီကလည်း တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်မကဖြင့် ဝမ်းသာရုံမကဘူး။ မြင်မြင်ချင်း အစ်ကိုကြီးအရင်းလို အောက်မေ့ပြီး အားကိုးမိတယ်"

"အားကိုးနိုင်ပါတယ်ဗျာ။ ဘာမဆို ပြောသာပြောပါ။ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်"

"ဒီလို အစ်ကိုကြီးရဲ့။ ကျွန်မလည်း အငြိမ့်အဖွဲ့နဲ့ မန္တလေးက ဆင်းလာခဲ့တာ ရန်ကုန်မှာ အသိအကျွမ်း များများစားစားမရှိဘူး။ ဒါနဲ့ ကိုယ့် မိတ်ဆွေသင်္ဂဟကလေး ရှိတာနဲ့ပေါင်းပြီး အခုလို မိတ်ဖွဲ့ရတာပဲ အစ်ကိုကြီးရဲ့"

"ဒါပေ့လေ။ နောက်တော့ မိတ်ဆွေတွေ ပေါလွန်းအားတောင်ကြီးနေပါလိမ့်ဦးမယ်။ အစ်ကိုကြီးတို့ ရန်ကုန်က ခင်တတ်ပါတယ်"

"ဟုတ်ပါတယ်ရှင်။ ဒီလိုကြားရတာ ဝမ်းမြောက်ပါတယ်။ ဒါထက် အခုတင်ကစကား ဆက်ပြောရဦးမယ်။ ကျွန်မမှာ သဘင်သည်လည်းဖြစ်ပြန်၊ မိန်းမသားတစ်ယောက်လည်းဖြစ်ပြန်ဆိုတော့ သာပြီး ပေါင်းလိုတာပေါ့ အစ်ကိုကြီးရဲ့။ အခုကာလက မိန်းမသားတစ်ယောက်တည်းဆိုရင် စော်ကားတတ်တယ် မဟုတ်လားရှင်။ ဒါကြောင့် တတ်နိုင်သလောက် ခံ့ခံ့ညားညားနေပြီး အခုလို လူကြီးလူကောင်းတွေနဲ့ပေါင်းရတာ အရေးအကြောင်းရှိရင် အားကိုးပါရစေနော် အစ်ကိုကြီး"

"စိတ်ချပါ"

"ကျွန်မနာမည်ရင်းက မခင်ဆွေတဲ့ အစ်ကိုကြီးရဲ့"





"အကြောင်းကြီးငယ်ရှိရင် ပြောပါလေ မခင်ဆွေ။ ဒီက တတ်နိုင်သမျှ ကူညီပါ့မယ်"

"သြော်၊ ဒါထက် နက်ဖြန်ည ရှစ်နာရီကို ကျွန်မတို့အိမ်ကိုလာပြီး ထမင်းစားပါလား။ အစ်ကိုကြီးလည်း ကျွန်မတို့အိမ်ရောက်ဖူးရော။ စကားစမြည်လည်း အေးအေးဆေးဆေးပြောရရော။ ဒီက ကိုအောင်မြတ်ပါ လိုက်ခဲ့ရမယ်နော်"

မြတ် ။ ။ "ကျွန်တော် မလိုက်ပါရစေနဲ့ဗျာ။ အစ်ကိုကြီးသာ ဖိတ်သွားပါ။ ကျွန်တော် ကိစ္စတစ်ခု ရှိနေလို့"

ဆွေ ။ ။ "ရှင့်ကိစ္စက ထမင်းစားပြီးမှ သွားလို့ကော မဖြစ်ဘူးလား"

မြတ် ။ ။ "အချိန်ချင်း ကိုက်နေလို့ပါ ဆွေဆွေရယ်။ သည်းခံပါ။ နောက်တော့ လာစားပါ့မယ်။ လိုက်သွားလိုက်ပါနော် အစ်ကိုကြီး"

ထင် ။ ။ "ငါက အိမ်လည်း သိတာမဟုတ်ဘူးကွယ့်။ ပြီးတော့.."

ဆွေ ။ ။ "ဒါဖြင့် ဒီလိုလုပ်ပါလား အစ်ကိုကြီး။ ဒီဟော်တယ်ကို ခုနစ်နာရီအရောက် မလာနိုင်ဘူးလား။ မြို့ထဲမှာ ညှိသည်တစ်ယောက်နဲ့ ခုနစ်နာရီမှာ စကားပြောဖို့ ကျွန်မချိန်းထားတဲ့ကိစ္စတစ်ခု ရှိတယ်။ စကားပြောပြီးပြီးချင်း ဆွေဆွေ ဒီဟော်တယ်က စောင့်နေမယ်။ အစ်ကိုကြီးသာ ဒီအရောက် လာခဲ့ပေတော့။ မကောင်းဘူးလား"

ထင် ။ ။ "အကောင်းသားပဲ"

ထို့နောက် စားပွဲတစ်လုံးတွင်ထိုင်ကာ အခြား ထွေရာလေးပါးစကားများကို ဆယ်မိနစ်ခန့်မျှ ပြောကြားလျက်ရှိလေ၏။ ထိုအ



www.burmeseclassic.com

www.burmeseclassic.com



တွင်း မန္တလာဆွေသည် သူနှင့်အတူပါလာသော အဒေါ်ကြီးအား ဟော်တယ်မန်နေဂျာကို ခေါ်ခဲ့စေပြီးလျှင်၊ လက်ဆွဲသားရေအိတ်ထဲမှ ငွေစက္ကူတစ်ရာတန်များကိုထုတ်ကာ လက်ဖက်ရည်ပွဲအတွက် ကျသင့်သောငွေများကို ပေးချေလေသည်။ ထို့နောက် ဦးထင်ကျော်အား နောက်တစ်နေ့တွင် ချိန်းဆိုထားသည့်အတိုင်း ဆက်ဆက်လာရောက်ရန် မှာကြားလေသည်။

မကြာမီ ဥရောပတိုက်သား ဧည့်သည်များ ရောက်လာသည်နှင့် ဦးထင်ကျော်နှင့် မောင်အောင်မြတ်တို့လည်း ဆွေဆွေနှင့် အဒေါ်ကြီးအား နှုတ်ဆက်ကာ ဟော်တယ်မှ ထွက်လာခဲ့ကြလေသည်။

* * *

နောက်တစ်နေ့ ညနေ၌ ဦးထင်ကျော်သည် အပြင်သို့မထွက်မီ အတန်ကြာ စဉ်းစားလျက် ရှိ၏။ အဝတ်အစားဝတ်၍ အသုံးအဆောင်များ ထည့်ဖို့ရာ၌ပင် အသေးစိတ်ဂရုစိုက်လျက် တစ်နာရီခန့်မျှ အချိန်ကုန်လေသည်။ ဦးထင်ကျော်သည် ဘန်ကောက်လုံချည် အသစ်၊ အယ်လပတ်ကားအပေါ်အင်္ကျီ၊ ကြွေရောင်တိုက်ကော်လာရှပ်အင်္ကျီအဖြူ၊ သားရေပြောင်ရှူးဖိနပ် စသည်တို့ကို ဝတ်ဆင်ကာ၊ ဆံပင်ကို သပ်ယပ်စွာဖီးပြီးနောက် တက္ကစီတစ်စီးကိုငှား၍ ဟော်တယ်သို့ လာခဲ့လေသည်။

ကွန်တီနင်တယ်ရှေ့သို့ ရောက်၍ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ခုနစ်နာရီ သုံးဆယ့်ရှစ်မိနစ်မျှပင် ရှိနေပြီဖြစ်၍ ဆူးလေဘုရားလမ်းဘက်သို့ ချိုးကာ ကားကလေးကို ခပ်သုတ်သုတ်မောင်းနှင်စေ၏။ ဆဗွိုင်းဟော်တယ်ရှေ့သို့ ရောက်သောအခါ ဒရိုင်ဘာအား ယနေ့ညအတွက် ဆယ့်နှစ်နာရီအထိ ကားကိုယူမည့်အကြောင်း





ပြောပြီးလျှင်၊ စရံငွေအဖြစ် ငွေစက္ကူ တစ်ဆယ်ကျပ်တန် တစ်ချပ်ကို ထုတ်၍ပေးခဲ့၏။ ထို့နောက် အပေါ်ထပ်သို့တက်သွားရာ ဧည့်ခန်းတွင် တစ်ယောက်တည်းစောင့်နေသော မန္တလာဆွေကို အဆင်သင့်တွေ့ရလေသည်။

ထင် ။ ။ "နည်းနည်းနောက်ကျသွားတယ် ထင်တယ်။ စောင့်နေတာ ဘယ်လောက်ကြာပြီလဲ"

ဆွေ ။ ။ "မကြာလှသေးပါဘူး။ ဆယ်မိနစ်လောက်ပဲ ရှိပါလိမ့်ဦးမယ်"

အငြိမ့်မင်းသမီး မခင်ဆွေသည် ပန်း...ရောင် ပိုးတွန့်လုံချည်၊ ပန်းနုရောင်ဘော်ဒစ်အပေါ်မှ ပဒုမ္မာအင်္ကျီပါးကိုဝတ်ကာ မျက်နှာမှာ သနပ်ခါးရေကျဲကလေးမျှ လိမ်းထား၏။ ပုလဲပုတီးကို အလယ်မှ အသည်းပုံမြဘယက်ကလေး တပ်၍ ဆွဲထား၏။ နောက်တွဲထုံးထားသော မည်းနက်သောဆံထုံးမှာ အလယ်မှ စပယ်ဖူးကုံးကလေး ရစ်ပတ်ထားခြင်းဖြင့် ပို၍ပေါ်လွင်လျက်ရှိ၏။

"အစ်ကိုကြီးက အခုလို ဝတ်လာပြန်တော့လည်း ပိုပြီး နုသွားတယ်"

"အဲဒါက အစ်ကိုကြီး ပြောရမယ့်စကားပါ ဆွေရဲ့"

"အစ်ကိုကြီး လာမှလာပါ့မလားလို့ ဆွေဖြင့် မျှော်လိုက်ရတာ။ ပြီးတော့ ဘယ်သူမှ ပါတာ မဟုတ်ဘူး။ ဆွေ တစ်ယောက်တည်းရယ်။ ဘယ်နှစ်နာရီရှိပြီလဲ အစ်ကိုကြီး"

"ခုနစ်နာရီ လေးဆယ့်ငါးမိနစ် ရှိပြီ"

"ဒါဖြင့် အဆင့်သင့်ပဲ။ သူတို့တွေတော့ အခုလောက်ရှိ အိမ်ရောက်နေကြပြီ ထင်တယ်"

"ဘယ်သူတွေလဲ ဆွေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး အစ်ကိုကြီးပါ လူ ဆယ့်နှစ်ယောက် ဖိတ်ထားတယ်။ ဦးဖေခင်တို့လည်း ပါတယ်"

"ဦးဖေခင်ဆိုတာ ဘယ်သူလဲ ဆွေ"

"ဆွေကို ကြည့်ရှု မ,စနေတဲ့လူကြီးပါ။ လာ၊ သွားကြမယ်"

ထို့နောက် အောက်ထပ်သို့ ဆင်းခဲ့ကြ၏။ ဒရိုင်ဘာသည် နောက်ခန်းမှ ကားတံခါးကို အဆင်သင့်ဖွင့်ပေးရာ မန္တလာဆွေသည် ကိုယ်ကလေးကို မသိမသာကြွ၍ ဦးထင်ကျော်နှင့် အတန်ငယ်ကပ်၍ ထိုင်လေသည်။ ကားကလေးသည် ကတ္တရာစေးလမ်းပေါ်တွင် တငြိမ့်ငြိမ့်ပြေးလျက်ရှိ၏။

"တက္ကစီဆိုပေမယ့် အတော်ကောင်းတဲ့ ကားကလေးပဲနော် အစ်ကိုကြီး။ မန္တလေးက ကျွန်မတို့ဦးကြီး စီးတဲ့ ချက်ပလက်ကားကလေးဟာ ဒီကားထက်တောင်မှ ပြေးသေးတယ်။ အလျင်မလိုပါဘူးလေ။ ဖြည်းဖြည်းသာ မောင်းခိုင်းပါ အစ်ကိုကြီး"

ဦးထင်ကျော်က အမိန့်ပေးသည့်အတိုင်း ကားဆရာသည် အတန်ငယ် အရှိန်ကို လျှော့လိုက်၏။

"ဘယ်နှစ်နာရီ ရှိပြီလဲ အစ်ကိုကြီး"

"ခုနစ်နာရီ ငါးဆယ့်ငါးမိနစ်"

"အချိန် ရှိသေးသားပဲ။ ကမ်းနားဘက်က လှည့်သွားပါလား အစ်ကိုကြီး"

ကားကလေးသည် ဆူးလေဘုရားလမ်းတစ်လျှောက်မှ ကမ်းနားဘက်သို့လှည့်ကာ အနောက်ဘက်သို့ ခပ်ဖြည်းဖြည်းမောင်းနှင်သွားလေ၏။ မြစ်အတွင်း၌ သင်္ဘောကြီးငယ်များနှင့်တကွ လှေသမ္ဗာန်များမှ မီးရောင်ကလေးများသည် ကောင်းကင်တွင် ကြယ်ကလေး





များကဲ့သို့ ရှိနေကြ၏။ သန့်ရှင်းသောလေပြည်သည် ကားစီးသူတို့အား မျက်နှာကိုပက်ဖျန်းကာ အင်အားဖြည့်တင်း၍ ပေး၏။ မခင်ဆွေသည် စကား အသွန်များလျက် ရှိလေသည်။

"အစ်ကိုကြီးနဲ့ ဒီလို ကားစီးရတာ သိပ်ပျော်တာပဲ"

"ဒီလိုဆိုရင် အစ်ကိုကြီး မကြာမကြာ လာခေါ်မှာပေါ့"

"ကျွန်မ မန္တလေး နေတုန်းကတည်းက အစ်ကိုကြီး နာမည်ကို ကြားဖူးနေတယ်။ အစ်ကိုကြီးနာမည်ဟာ သိပ်ကြီးတာပဲ။ အစ်ကိုကြီး လိုက်တဲ့အမှုဆိုရင် မိတာချည့်ပဲနော်"

"ဒီလိုလဲ မဟုတ်ပါဘူး။ မိသင့် ..ယဲ မိတာပေါ့။ ဒီ စုံထောက်မှုတွေ လျှောက်မေးမနေစမ်းနဲ့၊ တစ်ခြားစကား မရှိတော့ဘူးလား"

အမှုအရာဖြင့်

"ဘာစကား မေးရမလဲ။ ပြောလေ၊ ပြော"

"ဆွေဆွေ ကတော့ နှစ်ခါ သုံးခါ အစ်ကိုကြီး မြင်ဖူးတယ်။ မန္တလေးမှာ ဆွေဆွေလည်း သိပ် နာမည်ကြီးတာပဲ"

"အဲဒါ အစ်ကိုကြီးကို ဒီကပြောလို့ အစ်ကိုကြီး ပြန်ပြီး ဂလဲ့စား ချေတာပေါ့လေ"

"မဟုတ်ရပါဘူးဗျာ"

"နို့၊ အစ်ကိုကြီးကော ကြိုက်ရဲ့လား"

"ဘာကိုလဲ ဆွေရဲ့"

"ကတော့ ပြောတာပေါ့။ အစ်ကိုကြီးနော်။ ဟင်း"

ကားကလေးသည် ဂေါ်ဒွင်လမ်းမှ မြောက်ဘက်သို့ကွေ့ခဲ့ပြီးနောက်၊ ဆေးရုံကြီးအနီးသို့ ရောက်လာခဲ့လေပြီ။ မခင်ဆွေသည် ဦးထင်ကျော်အား မျက်စောင်းထိုး၍ ကြည့်၏။ သို့သော် မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုရသော်လည်း ဒေါသ၏အရိပ်အရောင် မပါ။ မျက်လုံးအိမ်မှာ နူးညံ့သိမ်မွေ့သောအချစ်ရည်ဖြင့် ပြည့်လျှမ်းလျက် ရှိလေသည်။ ကားက ဆောင့်လိုက်သည်ကို ရမယ်ရှာပြီးလျှင် ဦးထင်ကျော်သည် လက်ဝဲဘက်ပခုံးကို သူ၏ကိုယ်လုံးကလေးဖြင့် မတော်တဆဖြစ်လေဟန် ပွတ်တိုက်လေ၏။ မခင်ဆွေ၏ လက်တစ်ဖက်ကား ဦးထင်ကျော်၏ ခါးကို ဖက်တော့မည်ကဲ့သို့ ရှိလေ၏။

"မခင်ဆွေဟာ သိပ် လှတာပဲ"

"ဆွေဟာ အညာသူပါ အစ်ကိုကြီးရယ်။ ဒီလောက် ချီးမွမ်းမနေပါနဲ့။ အစ်ကိုကြီးတို့ ရွှေဂုန်သူတွေ ခြေဖျားတောင် မမီသေးပါဘူး။ အစ်ကိုကြီး ဘယ်နှစ်နာရီ ရှိပြီလဲ"

"ရှစ်နာရီနဲ့ ငါးမိနစ်"

ကားကလေးသည် ထောင်ကြီးနံဘေးမှ ကွေ့ကာ ပြည်လမ်းတစ်လျှောက် မောင်းနှင်သွားပြီးနောက် ဟယ်လပင်လမ်းသို့ ချိုးဝင်လေ၏။

မန္တလာဂေဟာမှာ ခြံတစ်ခု၏ရှေ့မျက်နှာစာတွင် ရှိ၍ ရှေ့ပိုင်းနှင့် နံဘေး တစ်ဘက်တစ်ချက်တွင် ပန်းပင်များ စိုက်ပျိုးထား၏။ ကားကလေးသည် ဆင်ဝင်အောက်သို့ ရောက်သောအခါ လူတစ်ယောက်သည် ကားတံခါးကို ဆီး၍ဖွင့်ပေးသဖြင့် မခင်ဆွေသည် ကားပေါ်မှ ဆင်းလေ၏။ ဒရိုင်ဘာသည် ဦးထင်ကျော်၏ အမိန့်အတိုင်း သူ၏ကားကလေးကို ခြံဝအထိ မောင်းနှင်သွားပြီးလျှင် သစ်ပင်ရိပ်တစ်ခု၌ ရပ်ထားလေသည်။ ကားကလေး မသွားမီ ဦးထင်ကျော်က ဒရိုင်ဘာအား··

"ဟေ့···သူငယ်။ မင်းနာမည် ဘယ်သူကွယ့်"

"ကျွန်တော့်နာမည် မောင်စိန်ပါ"





"ဒီမှာဟေ့ မောင်စိန်။ ငါပြောတဲ့အတိုင်း ဒီကနေ့ည ဆယ့်နှစ်နာရီအထိ မင်းနေရမယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော် နေပါ့မယ်"

"ကားကိုလည်း အခုရပ်ထားတဲ့အတိုင်း ဒီနေရာမှာပဲ ရပ်ထား။ ဘယ်မှ မသွားနဲ့။ ရော့····ငွေ နှစ်ကျပ်။ ကားစောင့်ရင်း မင်း လက်ဖက်ရည် သွားသောက်ချေ"

ထို့နောက် ဦးထင်ကျော်သည် လှေကားထစ်ပေါ်မှစောင့်နေသော မခင်ဆွေရှိရာသို့ လာခဲ့လေ၏။

လသာသော ညဉ့်ဖြစ်သဖြင့် ဘေးတစ်ဘက်တစ်ချက်မှ အိမ်များမှာ မအိပ်သေးဘဲ လက်ဝဲဘက်ခြံရှေ့တွင် အင်္ဂလိပ်မနှစ်ယောက် စကားပြောရင်း လမ်းလျှောက်လျက်ရှိနေ၏။ လမ်းထိပ်တွင် အသက်သုံးဆယ်ခန့်ရှိ စုံတွဲလင်မယားနှစ်ယောက်သည် လမ်းထဲသို့ ချိုးဝင်လာ၏။ လက်ယာဘက်ခြံ၌ မိန်းမကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ခန့်ရှိ မိန်းကလေးတစ်ယောက်တို့သည် လရောင်အောက်တွင် စကားပြောလျက်ရှိနေ၏။

ဦးထင်ကျော်တို့ကား လာ၍ တံခါးဖွင့်ပေးသော အစေခံ ထွက်သွားသဖြင့် ဦးထင်ကျော်နှင့် မခင်ဆွေတို့သည် အလင်းရောင် အနည်းငယ်မျှသာရှိသော အိမ်ပေါ်ထပ်သို့တက်သည့် လှေကားရင်းတွင် ကျန်ရစ်ခဲ့လေသည်။

"တက်လေ အစ်ကိုကြီး။ အို၊ ဘာမှလည်း မမြင်ရဘူး။ မှောင်လိုက်တာ။ ဆွေ့ကို တွဲပါဦး အစ်ကိုကြီးရဲ့"

ဦးထင်ကျော်က လက်ဝဲဘက်လက်ကို ကမ်း၍ပေးလိုက်သဖြင့် မခင်ဆွေသည် ဦးထင်ကျော်၏လက်ကိုဆွဲကိုင်ကာ အပေါ်ထပ်သို့ တစ်လှမ်းချင်းမျှ တက်ခဲ့ကြရ၏။ လှေကား တစ်ထစ်ချိုးကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ အပေါ်မှ မီးရောင် လင်း၍လာလေသည်။

အိမ်ပေါ်သို့ရောက်သောအခါ မခင်ဆွေသည် လက်ဝဲဘက်ခန်းမဆောင်သို့ ဦးထင်ကျော်အား ခေါ်သွားလေသည်။ ဦးဖေခင်ကား ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ဆေးတံသောက်လျက်ရှိရာမှ မန္တလာဆွေနှင့် ဦးထင်ကျော်တို့အား ကြိုဆိုရန် ထလာလေသည်။

"တကတည်း မျှော်လိုက်ရတာ ဆွေဆွေရယ်။ မြို့ထဲသွားတာ တယ်နောက်ကျတာကိုး"

"ဒါတောင် ဟောဒီကအစ်ကိုကြီးက ကားနဲ့ခေါ်လာလို့။ ဘယ်နှစ်နာရီ ထိုးသေးလို့လဲ အန်ကယ်"

"ရှစ်နာရီနဲ့ ဆယ်မိနစ် ရှိနေပြီကွယ့်"

"နောက်မကျသေးပါဘူး အန်ကယ်။ ကျွန်မတို့ စားကြရုံပေါ့။ ဒါနဲ့ တခြား ဧည့်သည်တွေကော"

"တစ်ယောက်မှ ပေါ်မလာကြသေးဘူး"

"သိပ် ခွကျတာပဲ အန်ကယ်။ အချိန်များ မှားနေလို့လား"

"ဟုတ်မယ် မထင်ပါဘူး။ အန်ကယ်ကိုယ်တိုင် စာနဲ့ရေးပြီး ဖိတ်ထားတာပဲ။ ဒါထက် ငါ့တူမကြီးလည်း တစ်ညနေလုံးသွားနေတာ ဆာလှရော့မယ်"

"ဆာတာပေါ့ အန်ကယ်။ ဝမ်းထဲမှာ အူချည်းပဲ ရှိတော့တယ်။ ဘယ့်နှယ်လဲ အစ်ကိုကြီး။ အစ်ကိုကြီးတို့ ရန်ကုန်ကလူတွေဟာ ဖိတ်ရင် ဒီလိုပဲ နောက်ကျတတ်သလား"

"ဒါကတော့ ကိစ္စရှိနေရင် နောက်ကျတတ်တာပေါ့ မခင်ဆွေ။ လူတိုင်း အလုပ်ကိစ္စဆိုတာ အင်မတန် များကြတာကလား"

"ဟုတ်တော့ ဟုတ်ပါရဲ့ အစ်ကိုကြီးရယ်။ နို့ပေမယ့် အခု





ဟာတော့ တစ်ယောက်တလေမှ ပေါ်မလာတာ လွန်ပဲ လွန်ပါတယ်ရှင်"

မခင်ဆွေသည် ဦးထင်ကျော်အား ဦးဖေခင်နှင့် မိတ်ဆက်ပေးရာ ဦးထင်ကျော် ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။

"သူက ကျွန်မတို့အစ်ကိုကြီး စုံထောက်ဦးထင်ကျော်တဲ့ ဖေ။ "တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

ဦးဖေခင်က ဝမ်းမြောက်စကား ပြောကြားပြီးနောက်...

"ကိုင်း...တူမကြီး။ ဘယ်သူ့မှ စောင့်မနေနဲ့တော့ ရှစ်နာရီဆယ့်ငါးမိနစ်တောင်ရှိသွားပြီ"

မခင်ဆွေသည် နံရံတွင်ကပ်ထားသော ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ တံခါးပွင့်သွားပြီးနောက် အဝတ်ဖြူကို ရှေ့မှသိုင်းထားသော စားပွဲထိုးနှင့် တူသူတစ်ယောက်သည် တံခါးဝတွင် ရပ်လျက်ရှိလေ သည်။ ထိုအခါ မခင်ဆွေလည်း ထိုသူအား ညစာ အသင့်ပြင်ရန် အမိန့် ပေးလိုက်လေသည်။

နောက် ဆယ်မိနစ်ခန့်အကြာတွင် ထိုသူ ပေါ်လာပြန်၍ ညစာ အသင့်ရှိနေပြီဖြစ်ကြောင်း ပြောကြားလေသည်။ သို့နှင့် မခင်ဆွေသည် ရှေ့ဆုံးမှ လည်းကောင်း၊ ဦးဖေခင်နှင့် ဦးထင်ကျော်တို့က နောက်မှ လည်းကောင်း မျက်နှာချင်းဆိုင်အခန်းဘက်သို့ ကူးခဲ့ကြ၏။ ထိုအခန်းမှာ ပထမအခန်းလောက်ပင် ရှိ၍ အခန်း၏အလယ်ရှိ ဘဲဥပုံစားပွဲရှည် တစ်လုံးတွင် လူတစ်ဆယ့်နှစ်ယောက်စာအတွက်ပြင်ဆင်ထားသည်ကို ဦးထင်ကျော် တွေ့ရလေသည်။

မခင်ဆွေက လူသုံးယောက်စာ မှတစ်ပါး အခြားပန်းကန်ပြားများကို ရုပ်သိမ်းရန် အမိန့်ပေးလိုက်ရာ စားပွဲထိုးသည် စားပွဲပေါ်တွင် လူသုံးယောက်အတွက်သာ ချန်ထားပြီးနောက် အခြားပန်းကန်များကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းလျက် ရှိလေ၏။

ထင်။ ။ "လူ ဘယ်နှစ်ယောက် ဖိတ်ထားလို့လဲ မခင်ဆွေ"

ဆွေ။ ။ "ဆယ့်နှစ်ယောက် ဖိတ်ထားတယ် အစ်ကိုကြီးရဲ့။ လာလေ အစ်ကိုကြီး။ ဒီကုလားထိုင် လာထိုင်ပါလား"

မခင်ဆွေသည် သူ့နံဘေးတွင် လာ၍ယှဉ်ထိုင်ရန် ဦးထင်ကျော်အား မျက်ရိပ်ပြလိုက်ရာ ဦးထင်ကျော်လည်း မခင်ဆွေထိုင်နေသော ကုလားထိုင်နှင့် ကပ်လျက်ရှိသည့် ကုလားထိုင်ပေါ်တွင် ဝင်၍ထိုင်လေသည်။ သို့ထိုင်ရင်း လက်ဝဲဘက်အင်္ကျီစကို သိမ်းလိုက်ရာ ထိုအခါမှ လက်ဝဲဘက်အိတ်ထဲတွင် ထည့်၍ထားသော ပစ္စတိုကလေးမရှိတော့ကြောင်း သိရတော့၏။ ထိုအခါ ဦးထင်ကျော်သည် ရီရီ သတိပေးလိုက်သော စကားများကို သွား၍အမှတ်ရ၏။

အငြိမ့်သမ၊ ဓာတ်သမတွေကို သတိထားပေါင်းနော် အစ်ကိုကြီး။ ပြီးတော့လည်း အခုတလော ဘယ်သူကဖိတ်ဖိတ် လက်မခံပါနဲ့ အစ်ကိုကြီးရယ်

..ဟူသော ရီရီ၏အသံကလေးကို နားထဲတွင် ပြန်၍ကြားယောင်လျက်ရှိနေ၏။

သို့ရှိစဉ် အောက်ထပ်မှ လူခေါ်ခေါင်းလောင်းကလေး မြည်သံကြားရပြီးနောက် မကြာမီ အစေခံတစ်ယောက်သည်..

"ဟောဒီမှာ ဧည့်သည်တစ်ယောက် ရောက်လာတယ် မမ"

..ဟုပြောကာ လူတစ်ယောက်ကို အခန်းထဲသို့ သွင်းခဲ့လေ၏။ ထိုသူမှာ အရပ်ငါးပေ လေးလက်မခန့် ရှိ၍ တုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည် ရှိပြီးလျှင် ဗန်ကောင်လုံချည်၊ မီးခိုးရောင်သက္ကလပ်ရင်ဖုံး အင်္ကျီအညိုရောင်၊ နောက်ပိတ်ဖိနပ် စသည်တို့ဖြင့် ခံ့ငြားသိုက်မြိုက်စွာ ဝတ်ဆင်ထားလေသည်။ ထိုအခါ မခင်ဆွေသည်





နေရာမှထကာ..

"ဟော။ ဦးလေးဦးလှဝင်း အခုမှ ရောက်လာတယ်"

..ဟုအော်လိုက်၏။ ဦးထင်ကျော်မှာ ဦးလှဝင်း၏အိမ်သို့ တစ်ကြိမ်ရောက်ဖူးသဖြင့် သိပြီးဖြစ်သော်လည်း မသိသကဲ့သို့ နှုတ်မဆက်ဘဲ ဆိတ်ဆိတ်ပင်ရှိနေလေသည်။ ဦးဖေခင်က ဦးလှဝင်းအား နှုတ်ဆက်လိုက်သောအခါမှ ဦးထင်ကျော်က ပြုံးလိုက်လေသည်။

"ဒါထက် ဒီကမိတ်ဆွေက ပုလိပ်ဘက်က မဟုတ်လား"

ဆွေ။ ။ "ပုလိပ်ဘက်က မဟုတ်ဘူးလေဦးလေး။ သူက အလွတ်စုံထောက်၊ ကျွန်မနဲ့ လက်ဖက်ရည်ပွဲတုန်းက မိတ်ဆွေဖြစ်ပြီး အခုထမင်းစားပွဲ ဖိတ်လာတာပဲ"

ဝင်း။ ။ "ဦးလေး နည်းနည်းနောက်ကျသွားတယ် မခင်ဆွေရေ။ စာဖတ်အသင်း အစည်းအဝေးမှာ စကားရှည်နေကြတာနဲ့ မနည်းထပြီး လာခဲ့ရတယ်"

ထိုအချိန်၌ စားပွဲထိုးသည် စားပွဲပေါ်တွင် လေးယောက်စာအတွက် ညစာပြင်ဆင်လျက် ရှိလေ၏။ ဖြူဖွေးသောစားပွဲခင်းတွင် တောက်ပြောင်သော ဖွန်း ခက်ရင်းများ၊ ပန်းကန်များနှင့် အလယ်မှ နှင်းဆီပွင့်များထိုးထားသော ပန်းတကောင်းများသည် ဓာတ်မီးရောင်တွင် များစွာပန်ရလျက် လေးဦးသားတို့၏ အာရုံကို ဖိတ်ခေါ်သကဲ့သို့ ရှိလေသည်။

ဟင်းများမှာ ကဏန်းနှင့်ဝမ်းဘဲပေါင်း၊ ငမန်းတောင်၊ ကရကမာဟင်း၊ခိုကြော်နှင့် အခြား တရုတ်အကြော်များ ဖြစ်၍ လေးယောက်သားတို့သည် မြိန်ယှက်စွာ သုံးဆောင်လျက်ရှိကြ၏။

မကြာမီ ညစာစားပွဲ ပြီးဆုံးသွားရာ ကော်ဖီကို နောက်ဆုံးသောက်ပြီးနောက် စီးကရက်များကို မြိန်ယှက်စွာ ဖွာလျက်ရှိကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မခင်ဆွေသည် နေရာမှ ပျင်းရိစွာထလိုက်ပြီးလျှင် ပြုံးရွှင်သောမျက်နှာဖြင့် ဦးထင်ကျော်အား ကြည့်လျက် ...

"အစ်ကိုကြီး ဆွေ ခဏ သွားလိုက်ဦးမယ်နော်။ ဦးလေးဦးလှဝင်းနဲ့ ခဏ စကားပြောရစ်ဦး။ ပြီးတော့ ညည့်ခန်း လိုက်ခဲ့။ ဆွေ စောင့်နေမယ်။ ကိုင်း၊ ဦးလေးဦးဖေခင် ကျွန်မတို့ စာရင်းတွက်စရာ ရှိတာကလေး အပြင်ထွက်ပြီး ခဏ တွက်လိုက်ကြရအောင်"

သို့နှင့် ဦးဖေခင်သည် အခန်းအပြင်သို့ ထွက်သွားလေရာ မခင်ဆွေလည်း ဦးဖေခင်နောက်မှ လိုက်ပါသွားလေသည်။ ထို့နောက် တံခါးပိတ်သွားပြီးလျှင် စားပွဲထိုးမှာ ယခင်က စီစဉ်ထားပြီးဖြစ်သကဲ့သို့ အခန်းအပြင်သို့ ထွက်သွားလေသည်။ အခန်းထဲတွင် ဦးထင်ကျော်သည် ဦးလှဝင်းနှင့် နှစ်ယောက်တည်းကျန်ရစ်ခဲ့ရာ ဦးလှဝင်းသည် တစ်ထွာခန့်ရှိသော ဆေးပြင်းလိပ်ကို အိတ်ထဲမှထုတ်ကာ မီးညှိလိုက်ပြီးနောက်...

ဝင်း။ ။ "ခင်ဗျား ကျုပ်ကို မမှတ်မိဘူးထင်တယ် ဦးထင်ကျော်"

ထင်။ ။ "ဟုတ်ကဲ့၊ အခု မှတ်မိပါပြီ။ ဓာတ်တွေ၊ အငြိမ့်တွေပေါ် လက်ဝါးကြီးအုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ တစ်ခါ တွေ့ဖူးပြီးရင် မမှတ်မိဘဲ နေပါ့မလားခင်ဗျာ။ ကျွန်တော့်ကိုလည်း မှတ်မိသကိုး"

"ဟာ၊ မှတ်မိတာပေါ့။ အငြိမ့်ငှားချင်ယောင်ဆောင်ပြီး ကျုပ်ကို လာစုံစမ်းတဲ့လူတစ်ယောက်ကို မမှတ်မိဘဲ နေပါ့မလား"

ဦးထင်ကျော်သည် သက်ပြင်းချလိုက်၏။ ထို့နောက် ဦးလှဝင်းက ဆက်လက်၍...

"ဒါကြောင့် ခင်ဗျားနဲ့ တွေ့ချင်လွန်းလို့ အခုလို စီမံရတာပဲ"

"ဒါဖြင့် အခု ဒီကို ထမင်းစားဖိတ်တာ ခင်ဗျားညာဏ်





ဆိုပါတော့"

"ဆိုပါတော့ မလုပ်ပါနဲ့။ တကယ် အစစ်ပဲ"

"ဒါဖြင့် တခြား ဖိတ်ထားတဲ့လူတွေကော"

"တခြားလူတွေကို သက်သမကင်းလည်း မဖြစ်ရအောင် ညနေခြောက်နာရီကတည်းက ဖိတ်ပြီးကျွေးလိုက်ပြီ"

"ဒါဖြင့် ကျုပ်တစ်ယောက်တည်းကိုပဲ ထောင်ပြီး ဖမ်းတာပေါ့"

"မှန်ပါတယ် စုံထောက်မင်း"

"ဒါကြောင့် ကျုပ်အိတ်ထဲက သေနတ်ကလေးတောင် ပျောက်သွားတာကိုး"

ဦးလှဝင်းသည် ပခုံးကလေး လှုပ်၍သွားသည့်တိုင်အောင် ရယ်မောလိုက်လေသည်။ ထို့နောက် ဆေးပြင်းလိပ်ကို ပါးစောင်၌ခဲကာ ဦးထင်ကျော်၏မျက်နှာကို ကြည့်၍ မချိုမချဉ်ပြုံးလျက်...

"ဒီလို ဦးထင်ကျော်ရယ်။ ခင်ဗျားလည်း အနှောင့်အယှက်မတွေ့ရအောင် ကျုပ်တို့ရဲ့ ကြိုးပမ်းမှုလည်း အချည်းအနှီး မဖြစ်ရအောင် ခင်ဗျားနဲ့ ကျုပ်နဲ့ သဘောတူညီချက်တွေ အပေးအယူ လုပ်ကြပါစို့လား။ ခင်ဗျား အခုရောက်တဲ့နေရာကတော့ ရန်ကုန် ဟယ်လပင်လမ်းကအိမ်လို့ စိတ်ထဲမှာ မထင်လိုက်နဲ့။ နိုင်ငံခြားက အင်မတန်လုံခြုံတဲ့ အကျဉ်းထောင်တစ်ခုထဲ ရောက်နေတယ်လို့သာ အောက်မေ့လိုက်"

ဦးထင်ကျော်သည် ဦးခေါင်းကို ညိတ်လိုက်၏။ ထို့နောက် အေးဆေးသော အမူအရာဖြင့် ....

"ကောင်းပါဗျာ။ ခင်ဗျားတို့က လက်ဦးပေတာကိုး။ နေပါဦး။ ဒါထက် ခင်ဗျားတို့လိုချင်တာကို အမိန့်ရှိပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမှပေါ့ ဦးထင်ကျော်ရဲ့။ မြွေနဲ့မြွေချင်း ခြေကိုမြင်မှပေါ့။ အလုပ်ဆိုတာ အလုပ်နဲ့တူအောင် လုပ်ကြရင် ကိစ္စပြီးတာပဲ။ ဒီလိုဆိုရင် ကျုပ်တို့ချင်း ဈေးတည့်ကြဖို့ပေါ့။ ခင်ဗျား အခုရောက်နေတဲ့ မန္တလာဆွေရဲ့အိမ်ဟာ လူတစ်ယောက်ကို သတ်ဖြတ်ဖို့ အကြမ်းပတမ်းလုပ်ဖို့နေရာ မဟုတ်ဘူးဗျ။ လက်နက်ကို ကျုပ်တို့ နောက်ဆုံး မတတ်သာတဲ့အဆုံးကျမှ သုံးကြပါတယ်။ ကျုပ်အခုပြောတာ နည်းလမ်းမကျဘူးလားဗျာ ဦးထင်ကျော်။ ကျုပ် ဆိုလိုတာက ကျုပ်တို့ အခု ဆောင်ရွက်နေတဲ့ နိုင်ငံခြားအမှုထမ်းကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားနဲ့ ကျုပ်တို့နဲ့ 'ကိုင်'ကြတာ သုံးခါရှိပြီ။ သုံးခါစလုံး ခင်ဗျားချည်းပဲ အနိုင်ရခဲ့တယ်။ အခုအကြိမ်တော့ ကျုပ်တို့က နိုင်ပြီ။ ဒီအလုပ်ကို ခင်ဗျား စွန့်ပစ်ဖို့ တော်ပြီလို့ ကျုပ်တို့ ယူဆတယ်"

"အလိုလေးဗျာ"

ဦးလူဝင်းသည် သူ၏ ဆေးပြင်းလိပ်က ပြာကို စားပွဲပေါ်ရှိ ပန်းကန်ပြားပေါ်သို့ ခါချလိုက်ပြီးနောက်…

"ကျုပ်တို့လိုချင်တာက ဒီလိုဗျ။ ခင်ဗျားကော နိုင်ငံခြားရေးရာနဲ့ ပတ်သက်တဲ့ကိစ္စတွေကို အစိုးရက ဖြစ်စေ၊ အစိုးရလက်အောက်ခံ အရာရှိတစ်ယောက်က ဖြစ်စေ ခိုင်းစေသမျှကို ခင်ဗျား မလုပ်ရဘူး။ တတ်နိုင်သမျှ ဥပါယ်တံမျဉ်နဲ့ ရှောင်ရမယ်။ ခင်ဗျား အရင်က လုပ်ရိုးလုပ်စဉ်အတိုင်း ပြည်တွင်းရေး ရာဇဝတ်မှုတွေကိုတော့ ကျုပ်တို့ မတားဆီးလိုပါဘူး။ လုပ်မြဲတိုင်းသာ လုပ်ပါ။ ခင်ဗျားဟာ လူကြီးလူကောင်း တစ်ယောက်အနေနဲ့ ဒီကတိကို ပေးရင် ကိစ္စပြီးတာပဲ။ ဒီလိုဆိုရင် အခန်းထဲက ခင်ဗျားနဲ့ ကျုပ် အခုထွက်သွားပြီးတာနဲ့ မခင်ဆွေနဲ့ ခင်ဗျား သဘောရှိ စကားပြောပေတော့"





ဦးထင်ကျော်သည် တစ်ခဏမျှ တွန့်ဆုတ်လျက်ရှိ၏။ ဦးလူဝင်း ဈေးဆစ်ခြင်းမှာ သူထင်သည်ထက် ပို၍လွယ်ကူနေ၏။

"ကျုပ် နားလည်အောင် သေသေချာချာပြောပါဦးဗျ။ ဒီအတိုင်း ကျုပ်ကတိပေးရင် ကျုပ် ဒီအိမ်က အခုသွားနိုင်ပြီပေါ့"

"ဒီ ကတိသာပေးရင် ဘေးမသီရန်မခ ဒီအိမ်က ဦးထင်ကျော် ကြွနိုင်ပါပြီ"

"ဒီအပြင်တစ်ခုလည်း ကျုပ် အကြံပေးစမ်းပါရစေ"

"ဒီလို ဦးထင်ကျော်။ ခင်ဗျား ပထမကတိကို မလိုက်နာနိုင်ဘူးဆိုမှ ဒုတိယအချက်ကို ကျုပ်တို့ စဉ်းစားရပါလိမ့်မယ်"

"ဒီလိုလေ။ ခင်ဗျား ပထမပြောတဲ့အချက်ကို ကျုပ် လုံးလုံးလျားလျား ငြင်းတယ်ဗျ"

ဦးထင်ကျော်သည် ရွှေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လေရာ၊ ဦးလူဝင်းသည် သိန်းငှက်၏မျက်လုံးမျိုးဖြင့် ဦးထင်ကျော်ကိုကြည့်ကာ ဆေးပြင်းလိပ်ဖင်ကို ခပ်နာနာကိုက်လိုက်ပြီးနောက် မီးညှိလိုက်လေသည်။ ထို့နောက် ပြာကို လက်သူကြွယ်ဖြင့် ခါချရင်း ….

"ဒီလိုဗျ ဦးထင်ကျော်။ ကျုပ်တို့အလုပ်က တစ်ဝက်တစ်ပျက် သဘောတူတာတွေ၊ လျှော့ပေါ့တာတွေရယ်လို့ မရှိဘူး။ ချစ်လုံးလုံး မုန်းလားလားပဲ။ ကျုပ် ပြောတာတွေ ရှင်းရဲ့ မဟုတ်လား။ ကျုပ်ပြောတဲ့ကတိကို ခင်ဗျား ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်အနေနဲ့ ခင်ဗျားယူပြီး ဒီအိမ်က ဘေးမသီရန်မခဘဲ အေးအေးချမ်းချမ်း ထွက်သွားချင် သွား။ ဒါမှမဟုတ်ရင် မောင်ဂိုမာရီလမ်းက ကျုပ်တို့ မှာပြီးယူထားတဲ့ လူသေခေါင်းတစ်လုံး ရှိတယ်။ အဲဒီခေါင်းနဲ့ ခင်ဗျား သွားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလို၊ ဘုရားရေ။ ဘယ်လိုနည်းနဲ့ ဒီခေါင်းကို ခင်ဗျားတို့ ရပြီးထားတာလဲ"

"မခင်ဆွေအိမ်မှာ အဆုတ်နာဖြစ်နေလို့ ဆရာဝန်နဲ့ကုနေရတဲ့ အစေခံတစ်ယောက် ရှိတယ်လေ။ ဒီလူ သေသွားပြီလို့ ကျုပ်တို့က စာရင်းပေးလိုက်ရုံပဲ။ ခေါင်းထဲမှာတော့ ခင်ဗျားအလောင်း ထည့်ပြီး ထုတ်သွားမှာပေါ့။ ပြီးတော့ ဘာခက်သလဲ။ နောက် သုံးလေးရက်ကြာတဲ့အခါ အဲဒီ အဆုတ်နာသမားဟာ ရုပ်ဖျောက်ပြီး အညာပြန်ရုံပဲ"

"ဟုတ်တာပေါ့။ နို့ ကျုပ် ပျောက်သွားတဲ့အကြောင်းကကော ဗျာ။ ဒီအိမ်ကို ညစာစားဖို့ လာတဲ့အကြောင်း လူအတော်များများ သိနေကြတာပဲ။ ဒီဟာတွင် မကသေးဘူး။ ကျုပ်ရဲ့လူတွေကကော၊ ကျုပ်ကိုမရှာဘဲ နေမတဲ့လား"

"မှန်ပါတယ် ဦးထင်ကျော်။ နို့ပေမယ့် ဒီအိမ်က ထမင်းစားပြီးတဲ့အချိန် ခင်ဗျားထွက်သွားတာ မြင်တဲ့သက်သေ ရှိရမယ်။ ဟိုဘက်အိမ်က မိန်းမကြီးတွေလည်း မြင်ရမယ်။ လမ်းပေါ်မှာ ရပ်နေတဲ့ တက္ကစီမောင်းသမားကလည်း ခင်ဗျား ထွက်သွားတာ မြင်လိုက်ရမယ်။ ဒီဟာတွင် မကသေးဘူး။ ခင်ဗျားအိပ်ခန်းကို ခင်ဗျား ပြန်ဝင်သွားပြီး စာတစ်စောင်ရေးထားခဲ့တာ မြင်တဲ့သက်သေတွေတောင် ရှိရမယ်"

"စီမံပုံကဖြင့် နေရာကျလိုက်တာဗျာ။ ကျုပ်ကို ခင်ဗျားတို့ ဘယ်လို လုပ်မှာလဲ။ စိတ်ကို ညှို့ပြီး လွှတ်မှာလား"

ဦးလူဝင်းသည် ဆေးပြင်းလိပ်ကို ပါးစောင်တစ်ဘက်သို့ ပြောင်းပြီးလျှင် ပြုံးလိုက်၏။

"နောက်တော့ ဦးထင်ကျော် သိလိမ့်မယ်လေ။ ဩော်...ဒါထက် ခဏလေးဗျာ"





ဦးလူဝင်းသည် လူခေါ်ခေါင်းလောင်းကလေး ရှိရာသို့ သွားပြီးလျှင် ခလုတ်ကို နှိပ်လိုက်ရာ စားပွဲထိုးသည် ချက်ချင်းလိုပင်ရောက် လာလေသည်။ ထိုအခါ ဦးလူဝင်းက အမိန့်ပေးသံဖြင့်....

"ဟေ့၊ အပြင်မှာစောင့်နေတဲ့ မိတ်ဆွေကို လွှတ်လိုက်စမ်းကွယ်။ တခြားအစေခံတွေ မမြင်စေနဲ့"

...ဟု ပြောလိုက်သဖြင့် စားပွဲထိုးလည်း အရိုအသေပေး၍ ထွက်သွားလေ၏။

တစ်မိနစ်မျှ မကြာမီ အခန်းတွင်းကို ကာကီရုပ်အင်္ကျီ၊ ဘောင်းဘီရှည်ကို ဝတ်ထားသော မျက်မှန်အနက် တပ်ထားသည့်လူတစ်ယောက်သည် တစ်လှမ်းချင်းမျှ လှမ်း၍ဝင်လာရာ ထိုသူသည် ဦးထင်ကျော် ထိုင်နေသော ကုလားထိုင်ရှေ့သို့ ရောက်သောအခါ ရုတ်တရက်ရပ်လိုက်ကာ ဦးထင်ကျော်အား ဦးညွှတ်လိုက်လေသည်။

"အလို။ ဘုရား၊ ဘုရား"

ဦးလူဝင်းသည် ကာကီဘောင်းဘီနှင့်လူအား ခြေဆုံးခေါင်းဆုံးကြည့်ရှုပြီးနောက်....

"ဘယ့်နှယ်လဲ ဦးထင်ကျော်။ ဒီဟာ ကျုပ်တို့ရဲ့ အောင်မြင်မှုပဲ မဟုတ်လား"

နောက်ဝင်လာသူသည် အရပ်မြင့်ပုံ၊ အသားဖြူပုံ၊ နှာခေါင်းချွန်ပုံတို့အပြင် ကိုယ်လုံးကိုယ်ပေါက်မှစ၍ ဦးထင်ကျော်နှင့် ချွတ်စွပ်ထားသကဲ့သို့ တူလေသည်။ ဦးထင်ကျော်သည် ထိုသူ၏မျက်နှာကို အံ့အားသင့်သကဲ့သို့ ကြည့်နေပြီးနောက်....

"ခင်ဗျား ဘယ်သူလဲ"

ထိုသူ ။ ။ "ကျွန်တော့်နာမည် စံထောက်ဦးထင်ကျော်ပါတဲ့ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ကျော်သည် ပါးစပ်အဟောင်းသား ရှိနေ၏။

ထင်။ ။ "လမ်းပေါ်မှာ ခင်ဗျားနဲ့ ကျုပ် မတွေ့တာ ခပ်ကောင်း ကောင်းပဲ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်တော့်ကို အလုပ်ပေး နိုင်ရင် ပေးပါဆိုပြီး ကျုပ်ဆီကို အလုပ်လျှောက်ရအောင် လာတဲ့လူ မဟုတ်လား"

ထိုအခါ ဦးလူဝင်းက ကြားဖြတ်၍

"ဒီလိုပါဗျာ၊ ဦးထင်ကျော်၊ အခု ကျုပ်တို့ မိတ်ဆွေဟာ ခင်ဗျားနဲ့ မျက်နှာရော ကိုယ်လုံး ကိုယ်ပေါက်ရော တူတယ်မဟုတ် လား။ သူက ပန်းချီဆရာလည်း ပန်းချီဆရာ။ သူ့ရုပ်ကို ခင်ဗျားနဲ့ တူနိုင်သမျှတူအောင် ပြင်ဆင်တတ်တယ်။ နို့ပေမယ့် ခင်ဗျားရဲ့ ပြောပုံဆိုပုံနဲ့ အမူအရာကို နီးနီးကပ်ကပ် အကဲခတ်နိုင်ဖို့ ဒီကိုခေါ် ခဲ့ရတယ်။ ဘယ့်နှယ်လဲ ကျုပ် အခုပြောတာ သဘောပေါက်ပြီ မဟုတ်လား"

"ပေါက်ပါပြီဗျာ။ တကယ်စေ့တဲ့ အကြံကလေးပါပဲ။ ကျုပ် ကိုကျုပ် ငါမှဟုတ်ရဲ့လားလို့တောင် အောက်မေ့မိတယ်"

"ဟား ... ဟား .. ဟား။ ဒါကြောင့် ဒီတစ်ခါ ကျုပ်တို့ က ကိန်းသေ အနိုင်ယူရမယ်လို့ ကျုပ်ပြောတာ မဟုတ်လား။ ဒါ နဲ့ တစ်ဆိတ် ဆက်ပြီး အသေးစိတ်ကလေးတွေ ရှင်းလင်းပြော စမ်းပါရစေဦး။ ခင်ဗျားလက်ဝဲဘက် အိတ်ထဲမှာ ထည့်ပြီးယူလာခဲ့ တယ်ဆိုတဲ့ ပစ္စတိုသေနတ်ကလေးဟာ ဒီလူရဲ့ ဘောင်းဘီအိတ်ထဲ ရောက်နေကိုးဗျ။ ခင်ဗျား အိပ်ခန်းဖွင့်ဝင်တဲ့သော့တောင် သူ့လက်ထဲ ရောက်နေပြီ"

ဤနေရာသို့ရောက်သောအခါ ဦးထင်ကျော်သည် သူ၏အိတ် များကို စမ်းသပ်ရှာဖွေမိ၏။ အိပ်ခန်းသော့ကား မရှိတော့ချေ။





ဦးလူဝင်းက ဆက်လက်၍

"ခင်ဗျားအိမ်က အစေခံနာမည်ကိုတောင် သူ သိနေပြီ။ ခင်ဗျားပစ္စည်းတွေ ဘယ်နေရာမှာ ဘာထားတယ်ဆိုတာ သူ သိနေပြီ။ ခင်ဗျားလက်ရေးကို သူ ကောင်းကောင်းအတုခိုး ရေးနိုင်တယ်၊ ခင်ဗျားလက်မှတ်ကို ကောင်းကောင်း ထိုးနိုင်တယ်။ ကိုင်းဗျာ၊ ဘာ လိုသေးသလဲ။ ဒီတော့ စုံထောက်ဦးထင်ကျော်အစစ်ဟာ ပျောက် ကွယ်သွားပြီး သူ့နေရာမှာ ဦးထင်ကျော်အတုဟာ ဒီအိမ်က အခု ည ထွက်သွားတော့မယ်။ ခင်ဗျား ဒီအိမ်က ထွက်သွားတာကို အားလုံး က မြင်ရမယ်။ ခင်ဗျားကို ပျောက်သွားတယ်ဆိုပြီး တကယ်လို့လိုက် ရှာကြစေကာမူ ဒီအိမ်ထဲမှာ ပျောက်သွားတာ မဟုတ်ဘူး။ ဒီအိမ် က ထွက်သွားပြီး တစ်ခြားတစ်နေရာမှာ ပျောက်သွားတယ်လို့ ဖြစ်စေ ရမယ်။ ကျုပ် ပြောတာ ရှင်းရဲ့မဟုတ်လား"

"တကယ်ကောင်းတဲ့ အကြံပါပဲဗျာ။ အံ့ရော"

ထိုခဏ၌ စားပွဲထိုး ပြန်ဝင်လာပြီးလျှင် ဦးလူဝင်းအား အရှိ အသေပြု၍ စာတစ်စောင်ကို ပေးလေသည်။ ဦးလူဝင်းသည် စာကို အစအဆုံး ဖတ်ပြီးနောက် ...

"ကိုင်း။ ခင်ဗျားတို့နှစ်ယောက်စလုံး နေရစ်ခဲ့ကြပေဦးတော့ ဗျာ"

နောက်ဝင်လာသူ၏ မျက်နှာကို ကြည့်လိုက်ပြီးလျှင်

"ဟော့လူ။ ခင်ဗျားကလည်း စုံထောက်ကြီးကို အကျိုးအ ကြောင်း ပြောပြပေတော့။ ခင်ဗျားလက်ထဲမှာ သူ့ဆီကသေနတ် ရှိနေ မှပဲ။ ကြောက်စရာ မရှိပါဘူး။ တကယ်လို့ သူ ယီးတီးယားတား လုပ်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ခင်ဗျား အထူးသင်နေစရာ မလို ပါဘူး။ အကယ်၍ ကျုပ်ပြောတဲ့ကတိကို သူ လိုက်နာမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို အသံပြုလိုက်။ ငါးမိနစ်အတွင်း ကျုပ်ပြန်လာခဲ့မယ်။ ကိုင်း.. ဦးထင်ကျော်ကလည်း ကျုပ်ကို ခွင့်ပြုပါဦးဗျာ။ အရေးကြီးတဲ့ ကိစ္စကလေးတစ်ခုနဲ့ ပတ်သက်ပြီး တယ်လီဖုန်း လာလို့ သွားပြော လိုက်ဦးမယ်။ ဟောဒီက မိတ်ဆွေက ကျုပ် မရှိတုန်း ညှော်ဝတ် ကျေအောင် ပြုစုပါလိမ့်မယ်''

ဦးလှုံဝင်းသည် ဦးထင်ကျော်အား ဦးညွှတ်နှုတ်ဆက်ခဲ့ပြီး နောက် အခန်းထဲမှ ထွက်သွားလေ၏။ ဦးထင်ကျော်သည် ဦးလှုဝင်း ထွက်သွားသည့်ဘက်သို့ အတန်ငယ် စောင်း၍ကြည့်လိုက်ပြီးနောက် လက်ယာဘက်ပေါင်ပေါ်သို့ လက်ဝဲဘက်ခြေကို တင်လိုက်ပြီးလျှင် သူ၏ ခြေအိတ်ကို အထက်သို့ဆွဲကာ ပြင်လိုက်လေ၏။

'ထင်။ ။ ''ဟော့လူ၊ ခင်ဗျား ဘယ်သူလဲ''

ထိုသူ။ ။ ''ဟား..ဟား..ဟား။ အေးလေ။ ခုမှဖြင့် မထူး တော့ပါဘူး။ ကျုပ်က အရင် ရုပ်ရှင်ထဲမှာ အလုပ်လုပ်တယ်။ ပန်းချီ ဆရာ အနုပညာသမားတစ်ယောက်ဆိုတော့ ဇာတ်သမားတွေကို သူ တို့လိုချင်တဲ့ ရုပ်အမျိုးမျိုးဖြစ်အောင် ခြယ်လှယ်ပေးရတယ်။ နို့ပေမယ့် လခကောင်းကောင်း မရပါဘူးဗျာ။ ဒါကြောင့် သူတို့ဆီရောက်လာ ပြီး ပိုက်ဆံကောင်းကောင်းပေးလေတော့ အလုပ် လုပ်နေတယ်။ ဒီမှာ ဗျ ဦးထင်ကျော်။ ခင်ဗျားဟာ အသက်လည်း ငယ်သေးတယ်။ ရှေ့ ကိုလည်း တကယ်တက်လမ်းရှိတဲ့ လူတစ်ယောက်ဗျ။ ဒီတော့ ကျုပ် ပြောတဲ့စကား နားထောင်ဗျာ။ ဒီလူတွေဟာ လူတစ်ယောက်အသက် ကို အသက်မှတ်တာ မဟုတ်ဘူးဗျ။ ပြီးတော့ သူတို့အသင်းထဲမှာ အစိုးရအရာရှိကြီးတွေ တစ်ချို့ပါနေတယ်။ ကုန်ကုန်ပြောလိုက်မယ်။ အထက်လွှတ်တော်အမတ် တစ်ယောက်နှစ်ယောက်တောင် ပါတယ် ဗျာ။ ဒီတော့ သူတို့စကားကို လိုက်နာလိုက်တာ အကောင်းဆုံးပဲ''





ထိုခဏ၌ ဦးထင်ကျော်သည် လက်ဝဲဘက် ခြေအိတ်ကြား တွင် ညှပ်ထားသော ပစ္စတိုအငယ်စားကလေးကို ဖျတ်ခနဲ ဆွဲထုတ် လိုက်ပြီးလျှင် ထိုသူ၏ဦးခေါင်းကို တည့်တည့်ကြီး ချိန်ထားလိုက် လေ၏။

''ဟော့လူ။ ငြိမ်ငြိမ်နေ။ တစ်ခွန်းမှ နောက်ထပ် မပြောနဲ့။ ခလုတ်ဆွဲလိုက်ရင် ခေါင်းထဲက ဦးနှောက်တွေ ဖွာထွက်သွားမယ်။ နားလည်လား။ မင့်အင်္ကျီတွေ မြန်မြန်ချွတ်။ ရော့…ငါ့ရုပ်အင်္ကျီ ဝတ်…''

ဦးထင်ကျော်၏နှစ်ကိုယ်ခွဲသည် ဦးထင်ကျော်၏စကားကို ချက်ချင်းနားထောင်က တုန်တုန်ရီရီ ရှိနေလေသည်။ ဦးထင်ကျော် သည် အိတ်ထဲမှ လက်ကိုင်ပုဝါကို ယူပြီးလျှင် ထိုသူ၏ပါးစပ်ထဲ သို့ အကုန်ထိုးထည့်လိုက်လေသည်။

''မင့် ဘောင်းဘီ ချွတ်ချလိုက်။ ရော့ ငါ့ဗန်ကောက်လုံချည် နဲ့ အပေါ်အင်္ကျီ ဝတ်''

နှစ်မိနစ်အတွင်း ဦးထင်ကျော်သည် ကာကီအင်္ကျီနှင့် ဘောင်း ဘီကို ဝတ်ပြီးဖြစ်လေပြီ။

''ဟော့ကောင်။ လက်မြှောက်ထား။ ယီးတီးယားတားမလုပ် နဲ့။ ခေါင်းပြုတ်ထွက်သွားမယ်။ ငါ့နေရာမှာ ထိုင်။ အဲ..ဟုတ်ပြီ။ ငါပြောတဲ့စကား နားထောင်။ မင်းဟာ စကားတစ်ခွန်းမှ မပြောရဘူး။ နားလည်ပြီလား''

ထိုသူသည် ဦးခေါင်းကို အကြိမ်ကြိမ်ညိတ်လေသည်။ ဦးထင်ကျော်သည် ပို၍စိတ်ချရစေရန် ထိုသူ၏ပါးစပ်ကို အခြား လက်ကိုင်ပုဝါတစ်ထည်ဖြင့် တင်းကြပ်စွာ ချည်ပြန်လေသည်။ ထို့နောက် ထိုသူ၏လက်နှစ်ဖက်ကို စားပွဲခင်းဖြင့် တုပ်နှောင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ဦးထင်ကျော်သည် ထိုသူ၏မျက်မှန်အမည်းကြီးကို ဖယ်လိုက်လေသည်။

"ဟော့ကောင်။ ငါပြောတာ သေသေချာချာ နားထောင်စမ်း။ မင်း ငြိမ်ငြိမ်နေပြီး စကားတစ်ခွန်းမှမပြောရင် မင်း ဘာမှ မဖြစ်ဘူး။ ရှန်းလားကန်လားလုပ်ရင်တော့ မင့်ဆရာ ဦးလူဝင်းကို မပစ်ခင် မင့်ခေါင်းကို အရင် ခွဲပစ်ခဲ့မယ်။ စုံထောက်ဦးထင်ကျော်ဟာ ယီးတီးယားတားလုပ်လို့ သေနတ်ဒင်နဲ့ ခေါင်းကို တစ်ချက် ချလိုက်ရတယ်။ ဒါကြောင့် သတိမေ့သွားတယ်ဆိုတဲ့သဘော လုပ်ရမယ်။ နားလည်လား။ ငါ့မှာ လွတ်ဖို့ ဒီ နည်းလမ်းတစ်ခုပဲ ရှိတယ်။ ဒီအခွင့်အရေးကို ငါယူမယ်။ ငါပြောတာတွေ အားလုံး မင်း နားလည်တယ်နော်"

စကားမပြောနိုင်သဖြင့် ထိုသူသည် ဦးခေါင်းကိုသာ ညိတ်လိုက်လေသည်။

ဦးထင်ကျော်သည် ထိုသူ၏ဦးခေါင်းကို ကုလားထိုင်နောက်မှီပေါ်၌ ခပ်လန်လန်နေစေပြီးလျှင် နားသယ်ကို သေနတ်ဒင်ဖြင့် ခပ်ဆတ်ဆတ် တစ်ချက်ချလိုက်လေ၏။ ထို့နောက် ခြေကို ခပ်ပြင်းပြင်းနင်းကာ တံခါးဆီသို့ လျှောက်သွားလေသည်။

တံခါးဝ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အပြင်မှ တံခါးပွင့်လာပြီးလျှင် ဦးလူဝင်းနှင့် မျက်နှာချင်းဆိုင် တွေ့လေ၏။

ဦးထင်ကျော်သည် သူ၏မျက်နှာကို မှောင်ရိပ်ဘက်သို့ ခပ်စောင်းစောင်းထားပြီးလျှင် ထိုသူ၏လေသံကို အတုခိုးလျက် အသံခပ်အုပ်အုပ်ဖြင့်...

"တော်တော် ခေါင်းမာတဲ့လူ ဆရာ။ ဒါနဲ့ သေနတ်ဒင်နဲ့ ခေါင်းကို တစ်ချက်ချလိုက်ရတယ်။ ပြီးတော့ အော်လား ဟစ်လားလုပ်မယ် ကြံတာနဲ့ ပါးစပ်ကိုလည်း စည်းထားခဲ့တယ်"





ဦးလူဝင်းသည် ကုလားထိုင်ရှိရာသို့ လှမ်း၍ကြည့်လိုက်ပြီးနောက်...

"အေး။ ကောင်းတယ်။ သူငှားလာတဲ့ကား ခြံပြင်မှာ ရှိတယ်။ အဲဒီကားစီးသွားပြီး ငါမှာတဲ့အတိုင်း လုပ်ပေတော့။ ကိုင်း... သွား။ သွား"

ဦးထင်ကျော်သည် နောက်ထပ်စကားပြောလျှင် ရိပ်မိမည်စိုးသဖြင့် နှုတ်က တစ်စုံတစ်ရာမပြောဘဲ ဦးခေါင်းကို ညိတ်သည်ဆိုရုံမျှ ညိတ်လိုက်ပြီးလျှင် အခန်းထဲမှ လျင်မြန်စွာထွက်သွားလေသည်။ ထို့နောက် သူ၏အငှားကားပေါ်သို့ ခုန်တက်ပြီးလျှင် ကားမောင်းသမားမောင်စိန်၏ပခုံးကို ပုတ်လိုက်ပြီးနောက်....

"ဟေ့ မောင်စိန်။ မြို့ထဲ ပြန်မောင်း။ ပန်းပဲတန်းဂိတ်တဲကို တန်းသွား။ စက်နှိုးကွာ။ မြန်မြန်"

ဆယ်မိနစ်ခန့်ကြာသောအခါ ဦးထင်ကျော်သည် ပန်းပဲတန်းဂိတ်သို့ဝင်ကာ အကြောင်းစုံ သတင်းပို့ပြောပြလျက် ရှိလေသည်။ ငါးမိနစ်ခန့်အကြာတွင် မန္တလာဂေဟာကြီးကို ပုလိပ်နှင့် စစ်တပ်ခွဲကလေးတစ်ခု ဝိုင်းရံကာ အိမ်အတွင်းရှိ လူများအား ဖမ်းဆီးလေသည်။ ဦးဖေခင်၊ မန္တလာဆွေနှင့် ဦးလူဝင်းတို့အား ဖမ်းဆီးရမိသော်လည်း ဦးထင်ကျော်နှင့်တူသူကိုကား မတွေ့ရတော့ချေ။

ဂျပန်အစိုးရထံမှ ငွေကြေးအမြောက်အမြားရရှိသဖြင့် ဂျပန်တို့ဘက်သို့ လျှို့ဝှက်သောသတင်းများကို ပေးပို့နေသည့်အသင်းကြီးမှ အသင်းသားတစ်ချို့ကိုသာ ဖမ်းဆီးရမိခြင်းဖြစ်ရကား ဦးထင်ကျော်မှာ ယခုအကြိမ်တွင် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသော်လည်း တစ်နေ့နေ့တွင် ကျန်အသင်းသားများနှင့် ရင်ဆိုင်ရဦးမည်မှာ မလွဲတည်း။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအမှုတွင် ဦးဖေခင်နှင့် ဦးလှဝင်းတို့မှာ ဦးထင်ကျော်အား မတရားချုပ်နှောင်ဖမ်းဆီးမှုဖြင့် ထောင်ဒဏ်သုံးနှစ်စီ အပြစ်ရရှိကြ၏။ မန္တလာဆွေမှာမူ မိန်းမသားတစ်ယောက် ဖြစ်သည့်အပြင် ယခင်အထက်ကလည်း ပြစ်မှုကျူးလွန်မှုမရှိသဖြင့် အားပေးကူညီမှုအဖြစ်ဖြင့်သာ ထောင်ဒဏ် ခြောက်လ ကျခံရလေသည်။

ဦးထင်ကျော်သည် မိမိအခန်းသို့ ပြန်ရောက်သောအခါ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ကိုယ်ကို ခြေပစ်လက်ပစ်ဆန့်တန်းကာ ဆေးတံကို အားပါးတရဖွာလိုက်ပြီးနောက် 'ဩော်...ရီရီ..ရီရီ' ဟု အသံများထွက်အောင် ညည်းညူလိုက်လေသည်။



## သွန်မဆင်လမ်း ထူးဆန်းသောအမှု

လူသတ်မှုတစ်ခု၌ ဖြစ်စေ၊ လူသေမှုတစ်ခု၌ ဖြစ်စေ လက်သည်မပေါ်ပေါက်သောအမှု မှန်သမျှသည် အကျိုးအကြောင်း ဆက်စပ်၍မရသောကြောင့်သော် လည်းကောင်း၊ သက်သေခံ တစ်ခုနှင့်တစ်ခု အဆက်အသွယ်ချိတ်ဆက်များကို ရဲအရာရှိနှင့် စုံထောက်များက သူ့နေရာနှင့်သူ တိကျစွာ ဆက်စပ်မပေးနိုင်၍ သော်လည်းကောင်း၊ မစုံစမ်းဘဲနှင့် ကံအားလျော်စွာပေါ်ပေါက်လာသော အချက်များမရှိ၍ သော်လည်းကောင်း လက်သည်(တရားခံ) ရှာမတွေ့ခြင်းသာ ဖြစ်လေသည်။

စုံထောက်များသည် လူသတ်မှုများ၌ သေသူ၏ရာဇဝင်ကိုယူခြင်း၊ တရားခံ၏အဆက်အသွယ်နေရာများကိုလိုက်လံစုံစမ်းခြင်းတို့မှာ အထက်ပါ သက်သေခံ 'ကွင်းဆက်' ကလေးများကို တစ်ခုနှင့်တစ်ခု သူ့နေရာနှင့်သူ နေသားတကျဆက်မိအောင် စူးစမ်းရှာဖွေခြင်းပင် ဖြစ်လေသည်။

သို့သော် တစ်ခါတစ်ရံ စုံထောက်များ လိုက်လံဆက်စပ်၍ မရသော်လည်း သူ့အလိုအလျောက် ကံအားလျော်စွာ အံကိုက်အောင် ဖြစ်ပေါ်လာသော အမှုများလည်း ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ရေးသားဖော်ပြအံ့သောအမှုမှာ ဒုတိယအမျိုးအစား၌ ပါဝင်၍ ၁၉၃၆ခုနှစ်၊ ဧပြီလက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

ရန်ကုန်မြို့ သွန်မဆင်လမ်း၌ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသော မုဆိုးမ မင်းကုတော်ကြီးဒေါ်မြမေဆိုသူ နေထိုင်သော သုံးထပ်တိုက်တစ်လုံးရှိရာ၊ ဒေါ်မြမေမှာ အထက်ဆုံးထပ်တွင် နေထိုင်၍၊ အလယ်ထပ်ကို ဧည့်သည်များလာလျှင် တည်းခိုနိုင်ရန်ဟု ငှားရမ်းခြင်းမပြုဘဲ၊ အောက်ဆုံးထပ်ကိုသာ ငှားရမ်းထားလေသည်။

တစ်နေ့သ၌ ထိုရပ်ကွက်တွင် ပတ္တရောင်ကျသောရဲသားတစ်ယောက်အား အရပ်ထဲတွင် အိမ်ငှားနေသော ဘိုကပြားတစ်ယောက်က အိမ်ရှင်ဒေါ်မြမေသည် အိမ်ကို သော့ခတ်ပိတ်ခဲ့၍ ခရီးထွက်သွားသော်လည်း အပေါ်ဆုံးထပ်တွင် မီးလင်းလျက်ရှိသည်ကို မြင်ရကြောင်း သတင်းပေးသည်နှင့် ဤတိုင်ချက်ကို အင်စပိတ်တော်ကိုအုန်းမောင်အား တစ်ဆင့်တိုင်ကြားပြီးနောက် အပေါ်ထပ်သို့ တက်ရောက်ကြည့်ရှုကြ၏။

ထံခါးသော့မှာ မူလအတိုင်း ကောင်းမွန်စွာရှိနေသည်ကို တွေ့ရသည့်အပြင် မှန်ပြတင်းပေါက်တစ်ခုမှ ချောင်းမြောင်းကြည့်ရှုသောအခါမှာလည်း စားပွဲ၊ ကုလားထိုင်၊ အဝတ်ဘီရိုမှစ၍ နေသားတကျရှိနေသည်ကို တွေ့မြင်ရသဖြင့် ကောင်းစွာကျေနပ်လျက် မောင်အုန်းမောင်သည် သူ၏ဒိုင်ယာရီတွင် ထိုအကြောင်းကို ရေးမှတ်ထားလိုက်၏။

သို့သော် နောက်တစ်နေ့၌ ထိုအိမ်နှင့်ပတ်သက်၍ ထူးဆန်းသောအကြောင်းအရာများ ပေါ်ပေါက်လာလေသည်။

ဒေါ်မြမေသည် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ကြိမ်မျှ ခရီးရက်





ရှည်ထွက်တတ်ကြောင်း၊ ဤသို့ ခရီးရက်ရှည် ထွက်သည့်အခါများ၌ ဘူတာရုံနှင့်နီးသည်ဆို၍ ကန်တော်ကလေးရပ်ကွက် မန္တလေးလမ်းရှိ မောင်တစ်ဝမ်းကွဲတော်သူ စာရေးကြီးဦးဘမောင်အိမ်တွင် နှစ်ညသုံးညနေပြီးမှ ဘူတာရုံသို့ ဆင်းလေ့ရှိ၏။

မင်းကတော်ကြီးတွင် မောင်မြဟန်ဆိုသူ သားတစ်ယောက်ရှိရာ၊ မောင်မြဟန်မှာ ဖခင် ရာဇဝတ်ဝန်ကြီးရှိစဉ်က သားတစ်ယောက်ကို ဖူးဖူးမှုတ်ထားခဲ့သည့်အတိုင်း အင်္ဂလိပ်စာ ရှစ်တန်းကိုပင် အနိုင်နိုင်အောင်ခဲ့၍ ဖခင်ကြီးဆုံးသွားသောအခါ၌မူ ယခင်ကထက် အပေါင်းအသင်းစုံကာ ပျက်စီးခဲ့၏။ မိခင်ကြီးထံ ပူဆာ၍ သော်လည်းကောင်း၊ ခိုး၍ သော်လည်းကောင်း လည်ပတ်နေထိုင်သူတစ်ယောက် ဖြစ်၏။ သို့သော် မိခင်ကြီးကမူ တစ်ဦးတည်းသောသားကို မပစ်နိုင်ခဲ့ချေ။

ဒေါ်မြမေသည် ဆွေမျိုးများရှိရာ ပြည်မြို့သို့ အလည်အပတ်သွားရန် အိမ်မှထွက်ခဲ့ခြင်းဖြစ်၍၊ အိမ်မှထွက်ခဲ့သောနေ့မှာ ဧပြီလ ၂၀ရက်နေ့ ဖြစ်၏။ အခန်းအတွင်း၌ မီးရောင်မြင်ရသောနေ့ ညမှာ ၂၁ရက်နေ့ည ဖြစ်လေသည်။

မင်းကတော်ကြီး၏ ဝန်စည်စလယ်များကို မန္တလေးလမ်းသို့ ယူသွားသောနေ့က မောင်မြဟန်မှာ ပဲခူးသို့ အလည်အပတ်သွားနေခိုက်ဖြစ်၍ အိမ်၌ မရှိချေ။ သို့သော် ထိုနေ့၌ပင် ညနေရထားနှင့် ပြန်လာမည်ဖြစ်ကြောင်း မောင်မြဟန်ထံမှ ကြေးနန်းတစ်စောင် ရရှိပြီး ဖြစ်လေသည်။

ညနေရထား ဆိုက်ပြီးနောက် မိုးချုပ်သည့်တိုင်အောင် အိမ်သို့ရောက်မလာသဖြင့် မင်းကတော်ကြီးမှာ မောင်မြဟန်အတွက် စိတ်မချနိုင်ဘဲ၊ အလွန်စိတ်မြန်သူတစ်ယောက်ဖြစ်သည့်အတိုင်း ပဲခူးသို့ ညတွင်းချင်း ကြေးနန်းရိုက်၍မေးရာ နောက်တစ်နေ့ (၂၁)ရက် နံနက်



www.burmeseclassic.com

www.burmeseclassic.com



စောစောတွင် ပဲခူးမှ လူတစ်ယောက်ရောက်လာ၍ မောင်မြဟန်မှာ ၂၀ရက် နေ့လယ်ရထားနှင့်ပင် ရန်ကုန်သို့လိုက်သွားပြီဖြစ်ကြောင်း၊ ၄င်းအား မိမိကိုယ်တိုင် မီးရထားဘူတာရုံသို့ လိုက်၍ပို့ရကြောင်း ဖြင့် ပြောကြားလာ၏။

ထိုအခါ မင်းကတော်ကြီးသည် ကားတစ်စီးငှား၍ မောင်မြဟန်သွားတတ်သော နေရာများသို့ လိုက်လံရှာဖွေစေသော်လည်း မောင်မြဟန်အား မတွေ့ရချေ။ သို့ဖြစ်၍ ဆိုင်ရာရဲဌာနသို့ မောင်မြဟန် ပျောက်သွားကြောင်း လူပျောက်တိုင်ချက် ဖွင့်လေသည်။

မောင်မြဟန် လူပျောက်မှုမှာ အင်စပိတ်တော်(ဒုလုံခြုံရေးမှူး)ကိုအုန်းမောင်လက်သို့ပင် ရောက်ရှိလာ၏။ ထိုအခါ ကိုအုန်းမောင်သည် မင်းကတော်ကြီး၏မောင် စာရေးကြီးဦးဘမောင်နှင့်တကွ အခြားအရပ်လူကြီးနှစ်ယောက်ကိုပါ ခေါ်ပြီးလျှင် မင်းကတော်ကြီး၏အိမ်ခန်းကို ခွင့်တောင်း၍ရှာဖွေတော့၏။

မင်းကတော်ကြီးနေသော အခန်းမှာ အိမ်ရှေ့ဧည့်ခန်းတွင် ဓာတ်မီးတစ်လုံးကို မပိတ်ဘဲထားသည်မှတစ်ပါး ထူးခြားသောအချက်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။ သို့သော် ဧည့်သည်များ တည်းခိုရန်နှင့် အိမ်က တိုလီမိုလီပစ္စည်းဟောင်းများထားသော အလယ်ထပ်အခန်းတွင် အပြင်မှပိတ်ထားသော်လည်း တစ်စုံတစ်ယောက်သောသူသည် အခန်းဖွင့်ရန် အားထုတ်သည့် ခြေရာလက်ရာများကို တွေ့ရ၏။

သော့ပေါက်နံဘေးပတ်လည်၌ ခြစ်ရာများ၊ မည်းကွက်နေသည့်အစွန်းအထင်းများကို တွေ့ရသည့်အပြင် ကြေးသော့တစ်ချောင်း၏အရင်းပိုင်းကလေးကို တံခါးအနီးကြမ်းပြင်ပေါ်တွင် တွေ့ရ၏။ သော့ပေါက်မှ အနံ့ခံ၍ ကြည့်သောအခါ အလွန်စူးရှ၍ မွှန်သောအနံ့





တစ်မျိုးထွက်နေသည်ကို တွေ့ရ၏။ သော့ပေါက်ကို စမ်းသပ်ကြည့်ရှုသောအခါ အတွင်း၌ သော့ကျိုး၍ ကျန်ရစ်ခဲ့သည့်ဟန် လက္ခဏာရှိ၏။

သို့နှင့် အင်စပိတ်တော်ကိုအုန်းမောင်သည် သာ၍ သင်္ကာမကင်းဖြစ်ကာ၊ အခန်းတံခါးကို သံတူရွင်းများဖြင့် ကော်၍ အတင်းဖွင့်လေ၏။ အခန်းပွင့်သွားသည်နှင့် တစ်ပြိုင်နက် ဝင်မည့်လူများအား ရင်ဘတ်ကို အတွင်းမှဆီး၍ တွန်းလိုက်သကဲ့သို့ ပက်လက်လန်၍ မသွားရန်ပင် အတော်ကြိုးစားကြရ၏။ အခန်းမှာ အလွန်လုံသော အခန်းဖြစ်သည့်အပြင် အတွင်း၌ အလွန်မွှန်သည့်အနံ့များ ပြည့်နှက်စွာ ပိတ်လှောင်နေသဖြင့် ဤသို့ဖြစ်ရခြင်း ဖြစ်လေသည်။

ကိုအုန်းမောင်သည် လက်ကိုင်ပုဝါဖြင့် နှာခေါင်းကိုပိတ်ပြီးနောက် အခန်းအတွင်းသို့ ဝင်သွားလေရာ ပုလိပ်သားတစ်ယောက်နှင့် လူကြီးများလည်း ၄င်းတို့နောက်မှ လိုက်ပါသွားကြလေ၏။ အခန်းမှာ အလွန်ပင်မှောင်သဖြင့် ကိုအုန်းမောင်သည် လက်နှိပ်ဓာတ်မီးဖြင့် ရှေ့ဆုံးမှ ဝင်သွား၏။ မွှန်သောအနံ့များ အတော်သက်သာရာ ရသွားသောအခါ ပုပ်ဟောင်သောအနံ့တစ်မျိုး ခံစားမိကြ၏။

ထိုခဏ၌ ကိုအုန်းမောင်၏ဓာတ်မီးရောင်သည် လဲနေသော လူတစ်ယောက်၏ မျက်နှာပေါ်သို့ ကျရောက်သွားရာ 'လူတစ်ယောက် သေနေတယ်'ဟု တစ်စုံတစ်ယောက်က အော်လိုက်လေသည်။ စာရေးကြီးဦးဘမောင်ကမူ ရှေ့သို့ အတန်ငယ် တိုးလာပြီးနောက် 'အလို၊ မြဟန်ပါလား။ မြဟန် မင်း ဘယ်လိုဖြစ်ရတာလဲကွယ်'ဟုညည်းညူကာ တောက်တစ်ချက် ခေါက်လိုက်၏။

အခန်းမှ မှိုအိတ်ကြီးများ မွေ့ယာနှင့်ခေါင်းအုံးဟောင်းများ၊ အခြားတိုလီမိုလီပစ္စည်းများထားသော အခန်းဖြစ်၍ မောင်မြဟန်၏



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ အဝတ်ဟောင်းများနှင့်မွေ့ယာလိပ်တစ်ခုပေါ်တွင် တစ်ပိုင်းစီ ကန့်လန့်ဖြတ် တင်လျက်ရှိလေသည်။ မျက်နှာမှာ အနည်းငယ်ဖူးရောင်လျက် နှာခေါင်းနှင့် ပါးစပ် ပတ်ဝန်းကျင်၌လည်းကောင်း၊ လည်မျို၌လည်းကောင်း အမည်းကွက်များကို တွေ့မြင်ရ၏။

ကိုအုန်းမောင်သည် ဌာနသို့ တယ်လီဖုန်းဆက်ကာ ပုလိပ်ဘက်မှ ဆရာဝန်တစ်ဦးကို ခေါ်စေ၍ အကြမ်းဖျင်းကြည့်ရှုစစ်ဆေးရာ အလောင်း၌ ဒဏ်ရာဒဏ်ချက်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။

အခန်းမှာ ရှေးဟောင်းတိုက်ကြီးဖြစ်သဖြင့် ထုထည်ကြီးမားပြီးလျှင် အုတ်နံရံကြီးများမှတစ်ပါး အဆိုပါ တံခါးပေါက်နှင့် အရှေ့ဘက်တွင် ပြတင်းတစ်ပေါက်တည်းသာ ရှိ၏။ ထို တံခါးသော့ပေါက်မှာလည်း ဆေးမှုန့်များ ပိတ်နေသဖြင့် လေကြပ်၍ နစ်မွန်းသေဆုံးသွားသည်ဟု ယူဆရ၏။

အလောင်းကို နောက်ဆုံး၌ ဆေးရုံသို့ပို့လိုက်ရာ ဆရာဝန်၏ဆေးလက်မှတ်၌လည်း အခန်းမှာ အလုံခန်းဖြစ်သည့်အပြင် ဒီဒီတီနံ့ပြင်းထန်လွန်းသဖြင့် အသက်ရှူကြပ်ကာ လေပိတ်၍ သေဆုံးသွားဟန်လက္ခဏာရှိကြောင်း ရေးသားထားလေသည်။

* * *

မင်းကတော်ကြီးမှာ နဂိုကပင် နှလုံးရောဂါရှိသဖြင့် ထိတ်လန့်စရာသတင်းများကို မပြောရဟု ဆရာဝန်က သတိပေး မှာကြားထားသည်ကို သတိမရဘဲ မင်းကတော်ကြီး၏မောင်သည် မင်းကတော်ကြီးအား မောင်မြဟန်၏အလောင်းကို တွေ့မြင်ရပုံကို ရုတ်တရက်ပြောပြလိုက်ရာ·····

"ဟောတော့။ ဒီလိုဆိုရင် ငါ့သား ငါ သတ်တာပါကလား"

·····ဟု တစ်ခွန်းသာပြောနိုင်ပြီးလျှင် သတိလစ်၍ သွား





ပြီးနောက်၊ ပြန်၍သတိမရတော့ဘဲ ထိုနေ့ညနေ၌ပင် သေဆုံးသွားရှာတော့၏။

အိမ်ရှင်ဖြစ်သူ စာရေးကြီးဦးဘမောင်မှာ မောင်မြဟန်၏အလောင်း ရင်ခွဲရုံ၌ရှိစဉ် မင်းကတော်ကြီးကတစ်ဖန် ထပ်မံသေဆုံးသွားပြန်သဖြင့် အသုဘကိစ္စများကို လောလောဆယ် ပြင်ဆင်ရခြင်းကြောင့် လွန်စွာပင် အလုပ်ရှုပ်လျက်ရှိနေတော့၏။

ဒေါ်မြမေ၏ကိစ္စကား ဤမျှနှင့် မပြီးသေးချေ။ ရှေ့သို့ဆက်ရန် ရှိနေသေး၏။ အကြောင်းကား ဒေါ်မြမေ၌ မိမိနှင့်အတူနေသော အသက် နှစ်ဆယ့်ငါးနှစ်ခန့်ရှိ မစောရင်ဆိုသူ တူမချောတစ်ယောက် ရှိ၏။ မစောရင်မှာ မင်းကတော်ကြီးဒေါ်မြမေ၏ အစ်ကိုတစ်ဝမ်းကွဲမှမွေးသောသမီးဖြစ်၍၊ အိမ်တွင် မိန်းကလေးအဖော်ရစေရန် ဒေါ်မြမေ ခေတ္တခေါ်ယူ ကျွေးမွေးထားသူတစ်ယောက် ဖြစ်လေသည်။

အိမ်မှ မင်းကတော်ကြီးထွက်လာခဲ့သော ဧပြီလ ၂၀ရက်နေ့က မစောရင်သည် စားအိုးစားခွက် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းခြင်းကိစ္စများအတွက် အိမ်၌ နောက်ချန်နေရစ်ခဲ့ရ၏။ ကိစ္စများပြီးစီးသွားသောအခါမှ မင်းကတော်ကြီးထံ ခွင့်တောင်းထားပြီးဖြစ်သည့်အတိုင်း ၉၄လမ်းရှိ သူငယ်ချင်းအိမ်တွင် တစ်ညအိပ်ပြီးနောက် ပြည်မြို့သို့ ၂၂ရက်နေ့နံနက် ထွက်မည့်ရထားကို မင်းကတော်ကြီးနှင့်အတူ လိုက်ပါရန်ဖြစ်လေသည်။

မင်းကတော်ကြီး ဆုံးသောအခါမှ မစောရင်အကြောင်းကို အိမ်သားများ သတိရကြ၏။

သို့ဖြစ်၍ မစောရင် ခေတ္တ သွားရောက်အိပ်သည်ဆိုသော သူ၏သူငယ်ချင်းအိမ်သို့ သွားရောက်စုံစမ်းရာ မစောရင်မှာ ဧပြီ ၂၀ ရက်နေ့ကပင် လာရောက်ခြင်း မရှိသေးကြောင်း၊ သူ့ သူငယ်ချင်းမ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ထိုနေ့ည လာရောက်၍အတူအိပ်မည်ဟု ကြိုတင်မှာထားဖူးကြောင်း၊ သို့သော် ထိုည နေဝင်ချိန်အထိ မလာရောက်ကြောင်းများပြောပြသဖြင့် သိရလေသည်။

မင်းကတော်ကြီးနှင့် မောင်မြဟန်တို့ အသုဘကိစ္စများ ပြီးစီးသွားသောအခါ စာရေးကြီးဦးဘမောင်မှာ မင်းကတော်ကြီး၏တူမ ပျောက်ဆုံးနေသည်ကို သက်ဆိုင်ရာဌာနသို့ တိုင်ကြားရပြန်၏။

သက်ဆိုင်ရာဌာနမှလည်း မောင်မြဟန် ပျောက်စဉ်ကကဲ့သို့ မစောရင်နှင့် သိကျွမ်းသူများထံ လိုက်လံရှာဖွေကြသော်လည်း မည်သည့်နေရာတွင်မှ မတွေ့ရဘဲ ဧပြီလ ၂၅ရက်နေ့တိုင် မစောရင်၏အကြောင်းကို မကြားရသေးချေ။

ဤသို့ဖြင့် မင်းကတော်ကြီးဒေါ်မြမေ၏အိမ်တွင် အိမ်သားသုံးယောက်သာ ရှိသည့်အနက် နှစ်ယောက်မှာ သေဆုံးသွားပြီးလျှင် ကျန်တစ်ယောက်မှာလည်း ထူးဆန်းစွာ ပျောက်ကွယ်လျက်ရှိနေ၏။

အထက်ပါ ရှုပ်ထွေးလျက်ရှိသော ပြဿနာနှင့်ပတ်သက်၍ မောင်မြဟန်သည် ပဲခူးမှ မိမိ ပြန်လာသည်ကို မည်သူ့ကိုမျှ အသိမပေးဘဲ မင်းကတော်ကြီး၏ပစ္စည်းဟောင်းများ ထားသိုရာအလုံခန်းထဲသို့ ဝင်ပြီးလျှင် အဘယ်ကြောင့် သေနေသနည်း။ ထိုတံခါးကို အပြင်မှ မည်သူ သော့ခတ်ခဲ့သနည်း။ သော့ခတ်ရာတွင် မည်သည့်အတွက်ကြောင့် သော့ကျိုး၍ ကျန်နေခဲ့သနည်း။ အခန်းတွင်းသို့ ဤမျှပြင်းထန်သော ဒီဒီတီဆေးမှုန့်များကို မည်သူ ထိုးသွင်းသနည်း။ အိမ်၌ နောက်ဆုံးကျန်ရစ်ခဲ့သော မစောရင်မှာလည်း ယခုအခါ မည်သည့်နေရာသို့ ရောက်နေလေသနည်း။ မင်းကတော်ကြီးအား မောင်မြဟန်အလောင်းတွေ့ရပုံကို ပြောပြလိုက်သောအခါ....

"ဟောတော့။ ဒီလိုဆိုရင် ငါ့သား ငါ သတ်တာပါကလား"





ဟု တစ်ခွန်းမျှသာ ပြောနိုင်ပြီးလျှင် ရုတ်တရက် သေဆုံးသွားရာ ယင်းစကားမှာ မည်သည့်အဓိပ္ပါယ် ရှိလေသနည်း စသောအချက်များ ဖြစ်လေသည်။ အင်စပိတ်တော်ကိုအုန်းမောင်သည် အထက်ပါပြဿနာများကို ဖြေရှင်းရန် ကြိုးစားလျက်ရှိ၏။

သို့သော် ဖြေရှင်းရန်ကား ခဲယဉ်းလှတော့၏။ သံကြိုးတစ်ချောင်းဖြစ်စေရန် ကွင်းကလေးပေါင်းများစွာတို့သည် တစ်ခုနှင့်တစ်ခု အစဉ်အတိုင်း ချိတ်ဆက်၍နေရ၏။ ကွင်းများစွာပင် ရှိသော်လည်း သူ့နေရာနှင့်သူ အစဉ်လိုက်၍ ချိတ်ဆက်ခြင်းမရှိပါက သံကြိုးဟူ၍ မခေါ်နိုင်ချေ။ ထို့အတူ ရာဇဝတ်မှုများ(အထူးသဖြင့် လူသတ်မှုများ)မှာလည်း တစ်နေရာစီ၌ သက်သေခံလျက် များစွာပင်ရှိစေကာမူ ယင်းတို့ကို အစီအစဉ်အတိုင်း မှန်ကန်စွာ 'ချိတ်ဆက်'ခြင်း မပြုနိုင်ပါက လုံလောက်သောသက်သေခံချက် မရှိဟု ဆိုရ၏။

အထက်ပါ မောင်မြဟန် သေဆုံးမှု၌လည်း ပလိပ်အဖွဲ့သည် မည်မျှလောက်ပင် ကြိုးပမ်းစေကာမူ ဤထက်ပို၍ သက်သေခံချက်များ မရရှိချေ။

သို့သော် ဧပြီလ ၂၆ရက်နေ့တွင် အောက်ပါအတိုင်း ထူးဆန်းသောအကြောင်းအရာများ ပေါ်ပေါက်လာလေသည်။

သွန်မဆင်လမ်းထောင့်၌ အစောင့်ကျသော ပုလိပ်သား ဘဟာဒူးသည် ထိုနေ့နံနက် ခုနစ်နာရီ အချိန်လောက်တွင် ဒေါ်မြမေတိုက်ရှေ့သို့ တက္ကစီကားတစ်စီး ဆိုက်ရောက်လာပြီးနောက် ကားပေါ်မှ မိန်းမတစ်ယောက်နှင့် ကုလားတစ်ယောက် တိုက်ပေါ်သို့ တက်မည်ပြုနေသည်ကို မြင်ရသဖြင့် သင်္ကာမကင်းဖြစ်ကာ ၎င်းတို့အား ပုဇွန်တောင်ရဲဌာနသို့ ခေါ်လာခဲ့လေသည်။

မိန်းကလေးမှာ အသက် နှစ်ဆယ့်ငါးနှစ်ခန့် ရှိ၍ ရုပ်ရေပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ချောမောပြီးလျှင် ကိုယ်လုံးကိုယ်ပေါက်မှစ၍ အင်္ဂါရုပ်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သို့သော် အဝတ်အစားများမှာ စုတ်ပြတ်ပေကျံလျက် ဆံပင်တို့မှာလည်း ရက်ပေါင်းအတော်ကြာ ပြုပြင်ခြင်းမရှိသကဲ့သို့ ကျီးကန်းသိုက်တမျှ ဖွာကျဲလျက်ရှိနေ၏။ မိန်းမပျိုသည် ဂနာမငြိမ်သောမျက်လုံးများဖြင့် မိမိအား စစ်ဆေးမည့် အင်စပိတ်တော်ကိုအုန်းမောင်အား ကြည့်ရှုလျက်ရှိလေသည်။

၎င်းနှင့်အတူပါလာသော ကုလားမှာ ဖရေဇာလမ်းဘေးမှ သော့ပြင်ကုလားတစ်ယောက်ဖြစ်၍ လက်တွင်လည်း သံကွင်းကျယ်ကြီးဖြင့် တပ်ထားသော သော့များနှင့် သော့ပြင်ကိရိယာများ ပါလာလေသည်။

"မင့်နာမည် ဘယ်သူလဲ"

"မစောရင်ပါတဲ့ ရှင်"

"ဟိုကုလားက မင်း ခေါ်လာတာလား"

"ဟုတ်ပါတယ်။ သူက သော့ပြင်တဲ့ကုလားပါ။ ကျွန်မတို့နေတဲ့ တိုက်ခန်းတစ်ခန်းမှာ သော့ပျက်နေလို့ ကျွန်မ ခေါ်လာပါတယ်"

"အခန်းမှာ သော့ပျက်နေတယ်။ ဟုတ်လား။ နေပါဦး။ မင်း နေတဲ့တိုက်ဆိုတာ ဘယ်တိုက်လဲ"

"မင်းကတော်ကြီး ဒေါ်မြမေတိုက်ပါ"

"ဩော်။ မင်းကတော်ကြီး ဒေါ်မြမေတူမဆိုတာ ထင်တယ်"

"ဟုတ်ပါတယ် ရှင်"

"တိုက်က အခန်းတစ်ခန်းမှာ သော့ပျက်နေတယ်ဆိုတဲ့ အကြောင်းက ဘယ်လိုလဲ။ ဘာကြောင့်ပျက်ရတာလဲ။ ပြောစမ်းပါဦး"





"ပြောပါ့မယ်ရှင်။ နို့ပေမယ့် ဒီအကြောင်းတွေ ကျွန်မ မေမေကြီးများ သိမှဖြင့် ကျွန်မကို အိမ်ပေါ်က ကန်ချတော့မှာပါပဲရှင်"

"ဘာဖြစ်လို့လဲ ကလေးမရဲ့။ ဒီအတွက် စိတ်ချပါလေ။ မင့်မေမေကြီး မသိစေရပါဘူးဆိုတာ ကျုပ် တာဝန်ယူပါတယ်။ ပြောသာ ပြောပါ"

"ဒီလိုပါ ရှင်။ ကျွန်မက မင်းကတော်ကြီး ဒေါ်မြမေရဲ့ အစ်ကိုတစ်ဝမ်းကွဲက မွေးတဲ့သမီးပါ။ ကျွန်မက မေမေကြီးမှာလည်း အဖော်ရအောင် ရန်ကုန်မှာနေရတာ ပညာဗဟုသုတလည်း တိုးအောင်ဆိုပြီး အတူလာနေတာပါ။ မေမေကြီးမှာ မောင်မြဟန်ဆိုတဲ့ သားတစ်ယောက် ရှိပါတယ်။ သူငယ်က ပညာလည်း မရှိ။ အပေါင်းအသင်းကလည်း မကောင်းတော့ သွားချင်တဲ့နေရာ သွား၊ လာချင်တဲ့နေရာ လာ၊ ပိုက်ဆံရသလောက် သုံးဖြုန်းပြီး အမေကြီးကို အမျိုးမျိုးဒုက္ခပေးနေတဲ့ သူငယ်ပေါ့။ ဒါနဲ့ ကျွန်မ သူတို့အိမ်ရောက်လို့ တစ်လတောင် မပြည့်သေးဘူး။ လား..လား၊ သူက ကျွန်မကို ပြိတ်ီတိလုပ်ချင်တယ်။ မေမေကြီး လစ်တိုင်း ကျွန်မကို စကားလာပြောတယ်။ အိမ်မှာ သူ ရှိတယ်ဆိုရင် ကျွန်မကို အမြဲပဲ ချောင်းနေတာ"

"...ဒါနဲ့ တစ်နေ့တော့ 'မောင်လေး မင်းနဲ့ ငါနဲ့ဟာ မောင်နှမဝမ်းကွဲ တော်တယ်။ ပြီးတော့ မင့်မှာ မိန်းမတစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးနိုင်ဖို့ ဘာပညာအရည်အချင်းမှလည်း မရှိဘူး။ မောင်နှမချင်း တစ်အိမ်တည်းနေလို့ ချစ်ကြိုက်ရတယ်။ ကလေးကို မုန့်ဖိုးပေးပြီး ဒီကောင်မက ကြိုက်တယ်ဆိုတဲ့ စကားတွေကို ပြောမှာလည်း မမ မခံနိုင်ဘူး။ ဒီတော့ မင်းဟာ ဒီကနေ့ကစပြီး ရပ်တန်းက ရပ်။ မရပ်ရင်တော့ မေမေကြီးကို တိုင်ပြောမယ်။ ပြီးတော့ မင်းဟာ မမထက် လေးနှစ်ငယ်တယ်' လို့ ကျွန်မက စကားကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ခါတည်း အပြတ်ပြောလိုက်တာကိုးရှင့်။ ဒီကတည်းကစပြီး ကျွန်မကို သူ ကောင်းကောင်း မကြည့်ဝံ့တော့ဘူး''

''အဲဒီတော့ ဆက်ပြောပါဦး''

''ဒါနဲ့ မေမေကြီး ခရီးထွက်မယ့်နေ့က ကျွန်မလည်း မေမေကြီးအတွက် သားရေသေတ္တာ နှစ်လုံး၊ အိပ်ရာလိပ်တစ်ခု ပြင်ပေးလိုက်ပြီး တက္ကစီတစ်စီးနဲ့ မန္တလေးလမ်းကို အရင်လွှတ်လိုက်ရတယ်။ ကျွန်မကတော့ အိမ်မှာ သိမ်းဆည်းစရာရှိတာတွေ သိမ်းဆည်းပြီး ကျန်ရစ်ခဲ့ပါတယ်။ အဲဒီအချိန်က အိမ်မှာ သူ မရှိဘူးရှင့်။ ပဲခူးကို သွားနေပြီး ညနေရထားနဲ့ ပြန်ရောက်မယ်ဆိုတဲ့အကြောင်း သူ့ဆီက ကြေးနန်း ရထားပါတယ်။ ဒါနဲ့ ကားနဲ့ မေမေကြီး ထွက်သွားပြီးတဲ့နောက် တစ်နာရီလောက်ကြာတော့ ကျွန်မလည်း အောက်ထပ်က အဝတ်ဟောင်းတွေထည့်တဲ့အခန်းမှာ ကျွန်မအင်္ကျီ အဟောင်းသုံးထည် ရောက်နေတာ သတိရတာနဲ့ ဒီအင်္ကျီတွေ ယူခဲ့ဦးမှဆိုပြီး တိုက်နံရံမှာချိတ်ထားတဲ့ အဲဒီအခန်းကသော့ ယူ၊ အောက်ထပ် ဆင်း၊ အဲဒီအခန်းကလေး ဖွင့်ပြီး ဗိုဘီခြင်းထဲက ကျွန်မအင်္ကျီတွေ ရွေးနေတုန်း ဖြုန်းဆို ခြေသံကြားတာနဲ့ နောက်လှည့် ကြည့်လိုက်တော့၊ လား... လား။ ဘသားချောက အခန်းဝမှာ ပြောင်ဖြီးဖြီးလုပ်ပြီး ကြည့်နေတာ တွေ့ရတော့ ကျွန်မလည်း တစ်ခါတည်းလန့်သွားပြီး၊ တစ်ချက်ယောင်ပြီးတောင် အော်လိုက်မိသေးတယ်။ နို့ပေမယ့် ကျွန်မတို့ တိုက်ရှိတဲ့နေရာက အင်မတန်လူပြတ်တာပဲ။ ဘယ်သူမှ ကြားမယ် မဟုတ်ပါဘူး...

''ကျွန်မကသာ အမှတ်တမဲ့နေတာ သူကတော့ ဆင်ကြံကြံနေတာကိုးရှင့်။ 'မောင်လေး မလုပ်ကောင်းဘူး။ မမပြောတာ နားထောင်စမ်းပါ'လို့ တောင်းပန်လို့မဆုံးသေးဘူး။ ကျွန်မကို ဗလက္ကာရ





လုပ်ဖို့ အတင်းဝင် ဖက်လုံးတာပါပဲရှင်။ ဒီတော့ ကျွန်မလည်း သူ့အားလွန်ပြီး ယိုင်အသွားမှာ ရင်ပတ်ကိုအတင်းတွန်းပစ်ခဲ့ပြီး တံခါးပေါက်လည်းရောက်ရော တံခါးကို အပြင်က သော့ခတ်လိုက်ပါတယ်''

''ဟင်။ ဒါဖြင့် မင်း ပိတ်ခဲ့တာပေါ့''

''ကျွန်မ ပြောတာ ဆုံးအောင် နားထောင်ပါဦးရှင်။ ဒါနဲ့ ကျွန်မလည်း အရိပ်အကဲကြည့်နေတုန်း အိမ်ရှေ့ကို ကားတစ်စင်း ဆိုက်လာပြီး မေမေကြီးကိုယ်တိုင် အိမ်ပေါ် တက်လာပါလေရော။ ဒီတော့ ကျွန်မလည်း အိမ်ပေါ် ပြေးတက်၊ သော့ကလေးကို ခါးကြားထဲဝှက်ပြီး ဣန္ဒြေမပျက် နေခဲ့ပါတယ်။ မေမေကြီးက...

'နင် ခုထက်ထိ မပြီးသေးဘူးလား။ ခရီးထွက်မယ့်အခိုက် အိမ်မှာ ပိုးမွှားတွေ မလာနိုင်အောင် လုပ်ခဲ့ဖို့ သတိမေ့နေတာနဲ့ ငါ ပြန်လာတယ်'

...ဆိုပြီး မြူနီစီပယ်ရုံးမှာလုပ်နေတဲ့ သူ့တူတစ်ယောက်ပေးထားတဲ့ ကြွက်တို့ ခြင်တို့နိုင်တဲ့ ဒီဒီတီဆေးမှုန့်တွေ ယူလာပြီး ဆေးရေနဲ့စပ် အခန်းတွေ လိုက်ဖျန်း၊ ဆေးရေနဲ့ ထိုး၊ တစ်အိမ်လုံး လျှောက်လုပ်နေတာပါပဲရှင်။ ဒါနဲ့ အပေါ်ထပ်ပြီးတော့ အောက်ထပ်ကို လုပ်မယ်ဆိုပြီး ဆင်းလာကြတယ်။ အဝတ်ဟောင်းထားတဲ့အခန်းကို ဖွင့်ရအောင် သော့ယူခိုင်းတော့ ကျွန်မလည်း ဟန်ဆောင်ပြီး အပေါ်ထပ်တက် သော့ကို ရှာမတွေ့ချင်ယောင်ဆောင်ပြီး ပြန်ဆင်းခဲ့ပါတယ်။

''ကျွန်မက သော့ရှာမတွေ့တဲ့အကြောင်းပြောတော့ မေမေကြီးက ဒီသော့ဟာ ညည်းကလွဲလို့ ဘယ်သူမှကိုင်တာ မဟုတ်ဘူး။ တိုက်နံရံက သံချောင်းမှာမတွေ့ရင် ညည်း အထားမှားလို့ဖြစ်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး၊ ကျွန်မကို မြည်တွန်တောက်တီးတာပေါ့ရှင်။ သူကိုယ်တိုင် တစ်ခေါက် တက်ရှာသေးတယ်။ ဘယ် တွေ့မလဲရှင်။ သော့က ကျွန်မခါးကြားထဲမှာ ရောက်နေတာကိုး။ ဒါနဲ့ မတွေ့ရင် နေပေစေ။ အပြင်သော့ပေါက်က အမှုန့်တွေထိုးသွင်းပြီး ဆေးရည်ကို အခန်းထဲ ရောက်အောင် သော့ပေါက်ကနေ ပြွန်နဲ့ထိုးသွင်းတာပေါ့ရှင်။ သွင်းတဲ့ ဆေးမှုန့်ကလည်း မနည်းပါဘူး။ အနံ့က အင်မတန်ပြင်းလေတော့ ကျွန်မဖြင့် အသက်တောင် မရှုနိုင်ဘူး"

"အဲဒီအချိန်က မစောရင် အမှန်အတိုင်းဖွင့်ပြောပြီး အခန်းကို ဖွင့်ပေးလိုက်ဖို့ ကောင်းတာပေါ့"

"ဒီလို ဘယ်ဖြစ်မလဲရှင်။ အခန်းထဲမှာ မောင်မြဟန်ရှိနေတဲ့အကြောင်း ပြောလိုက်ရင် ဘယ်လိုပဲ မှန်တာပြောဦး။ ဘယ်နည်းနဲ့မှ ကျွန်မကို ယုံမှာ မဟုတ်ဘူး။ မေမေကြီးက သူ့သားကို အင်မတန် ချစ်တာ။ သူ့သားပြောရင် ပြီးတာပဲ။ ဒီတော့ သူ့သားက လိမ်ပြောရင် ကျွန်မအဆိုး ဖြစ်မယ်။ မုချလည်း လိမ်ပြောပြီးသားပဲ။ ဒါကြောင့် ငါက ဦးအောင်လိမ်မယ်ဆိုပြီး ကျွန်မလည်း မျက်စိမှိတ်နေလိုက်တာပါပဲရှင်"

"ဩော်...လက်စသတ်တော့ ခမျာ ဒါကြောင့် သေရရှာတာပဲ"

"အလို။ မောင်မြဟန် သေသွားပြီလားရှင်"

"သေသွားရှာပြီ မစောရင်"

သို့နှင့် အင်စပိတ်တော်ကိုအုန်းမောင်က အလောင်းတွေ့ပုံကို ရှင်းလင်းပြောပြ၏။

"ဒီလိုဆိုရင် ကျွန်မပယောဂ မကင်းပါလားရှင်"

သို့ပြောဆိုပြီးနောက် မစောရင်သည် မောင်မြဟန်အား မုန်း





တီးသူတစ်ယောက်ပင် ဖြစ်သော်လည်း၊ ဤကဲ့သို့ သေဆုံးသွားသည်ကို ကြားရသောအခါ ချုံးပွဲချငိုကြွေးရှာလေတော့၏။

သို့နှင့် ကိုအုန်းမောင်သည် ဒေါ်မြမေ သေဆုံးသွားသည်ကို မပြောဘဲ ဆိုင်းထားလိုက်လေသည်။

မစောရင်က ဆက်လက်၍....

"ဒီအခန်းကို ဆေးမှုန့်မထိုးဖို့ မေမေကြီးကို ကျွန်မ အတန်တန် တားပါသေးတယ်။ နို့ပေမယ့် မရဘူး။ ကြမ္မာငင်လာတော့ ကျွန်မ ဘယ်လိုတားတား မရဘူး။ အတင်း ထိုးသွင်းတာပဲ။ အခန်းကလည်း အင်မတန်လုံခြုံတဲ့ အခန်းရှင့်။ ခဏဝင်သွားတာတောင် သိပ်မွန်တာပဲ။ ဩော် မောင်မြဟန်...မောင်မြဟန်။ ကောင်ကလေး ကံဆိုးလိုက်တာ"

"ဆက်ပြောပါဦး"

"မေမေကြီး အခန်းထဲက ထွက်သွားတော့၊ ကိုင်း...မေမေကြီးသာ ကားနဲ့ သွားနှင့်ပေတော့။ ကျွန်မ ငါးပိကလေးကြော်ပြီး ချက်ချင်းလိုက်ခဲ့မယ်လို့ ပြောလိုက်တော့ မေမေကြီးလည်း ပြန်သွားတယ်။ ဒါနဲ့ သူလည်း ထွက်သွားရော ကျွန်မလည်း ခါးကြားထဲ ဝှက်ထားတဲ့ သော့နဲ့ ချက်ချင်းပဲ အခန်းတံခါးကို ဖွင့်ပါတယ်ရှင့်။ နို့ပေမယ့် သော့ပေါက်မှာ ဆေးမှုန့်တွေက ပိတ်နေတော့ သော့တံကို လည်း အထဲသွင်း မရနိုင်ဘူး။ ဒါနဲ့ ကျွန်မလဲ သော့တံကို ဝင်သလောက် အတင်းသွင်း အရင်းကို လက်ကိုင်ပုဝါပတ်ပြီး အတင်းလှည့်တော့ သော့အဖျားပိုင်းဟာ အထဲမှာ ကျိုးကျန်ရစ်ခဲ့တယ်။ ဒီတော့ ကျွန်မလည်း တံခါးကို လက်သီးနဲ့ထု အတင်းဆောင့်ဆွဲ။ ဒါပေမယ့် အုတ်နံရံတွေကလည်း လုံ၊ သစ်သားတံခါးကြီးတွေကလည်း ထူ၊ အပေါက်ဆိုလို့လည်း တစ်ပေါက်မှမရှိလေတော့ အထဲကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာသံမှ မကြားရပါဘူးရှင်။

"...ဒီတော့ ကျွန်မလည်း မွန်ထူပြီး ဘာလုပ်ရမှန်းမသိ ဘာကိုင်ရမှန်းမသိဖြစ်ပြီး ကပျာကယာ အိမ်ပေါ်ကအခန်းကို သော့ခတ်အောက်ထပ်ဆင်း အငှားကားတစ်စီးငှားပြီး သော့ပြင်ကုလားတစ်ယောက် မရရအောင်ခေါ်မယ်လို့ ဖရေဇာလမ်းကို လာခဲ့တာပါပဲ။ ဒါနဲ့ အနောက်ဘက်ကို ကားနဲ့အလာ ဆူးလေဘုရားလမ်းကျော်မိတော့ ကျွန်မစီးလာတဲ့ကားကို နောက်က ကားတစ်စီးက ဒိုင်းခနဲဝင်တိုက်တာ ဘာမှ သတိမရလိုက်တော့ပါဘူးရှင်။ ဒီနောက် သတိရလို့ ကြည့်လိုက်တော့ ကျွန်မဟာ စိတ်ရောဂါကုဆေးရုံကို ရောက်နေသတဲ့ရှင်။ အစောင့်မိန်းမကြီး တစ်ယောက်ပြောလို့ ကျွန်မ သိရတာပါ။ ကျွန်မကိုယ်တိုင်တော့ ဘာမှ သတိမရတော့ပါဘူး။ ဆေးရုံကြီးကနေတစ်ဆင့် ကျွန်မကို ဒီ ပို့လိုက်ကြတယ် ပြောတာပဲ။

"..ဒါနဲ့ အဲဒီ အစောင့်မိန်းမကြီး မေးကြည့်တော့ ကျွန်မသတိရတာတော့ ကြာပြီတဲ့။ နို့ပေမယ့် ကျွန်မကို ဘာမှ မေးလို့မရဘူးတဲ့ရှင်။ နာမည်လည်း မေးမရဘူး။ ဘယ်ကဆိုတာလည်း မေးမရဘူး။ 'သော့ပြင်တဲ့ကုလား ခေါ်ပေးပါ။ သော့ပြင်တဲ့ကုလား ခေါ်ပေးပါ'လို့ အော်နေတာပဲတဲ့။ ဟုတ်ချင်လည်း ဟုတ်လိမ့်မယ်။ ကျွန်မစဉ်းစားကြည့်တယ်။ ကျွန်မဟာ လူတစ်ယောက်မှမရှိတဲ့ မြို့ကြီးတစ်မြို့လိုနေရာမျိုး ရောက်သွားသလိုပဲ။ အဲဒီနေရာမှာ အလင်းရောင်လည်း သိပ်မရှိဘူး။ ဒါကြောင့် ကျွန်မဟာ ခေါင်းကို ထိခိုက်လို့ သွေးပျက်သွားတယ်ဆိုပြီး ဆေးကုနေရတယ် ဆိုပဲ။

"...မနေ့ညနေကမှ ကောင်းကောင်း သတိရလာတာကိုးရှင့်။ ဒါနဲ့ ဒီအကျိုးအကြောင်းတွေ ဆရာဝန်ကြီးကို သွားပြော။ နောက်ဆုံး ကျွန်မပြောတာ ယုံကြည်ပြီး ဆေးရုံအစောင့် မိန်းမတစ်ယောက်





နဲ့ မြို့ထဲအထိ ကျွန်မကို လိုက်ပို့ပါတယ်။ မြို့ထဲလည်းရောက်ရော ဖရေဇာလမ်းက သော့ပြင်ကုလားခေါ်ပြီး လာခဲ့တာ။ အဖမ်းခံရလို့ အခု ဒီရောက်လာတာပါပဲရှင်"

* ❦ *

ဤသို့ဖြင့် မင်းကတော်ကြီး၏တူမ မစောရင်သည် မောင်မြဟန်ရှိနေသော အခန်းတံခါးကို ပြန်ဖွင့်ရန်ကြံစည်ရာ သော့ကျိုး၍ကျန်ရစ်ခဲ့သဖြင့် သော့ပြင်ကုလားကို ခေါ်ရန်အလာတွင် မော်တော်ကား အတိုက်ခံရ၏။ ဒဏ်ရာမှာ ဦးနှောက်ကို ထိခိုက်သဖြင့် မိမိ၏အဖြစ်အပျက်ကို ရုတ်တရက်သတိမရဘဲ ကယောင်ချောက်ချားပြောဆိုလျက်ရှိရာ ဆေးရုံကြီးမှတစ်ဆင့် စိတ္တဇဆေးရုံသို့ ပို့လိုက်ရ၏။

စိတ္တဇဆေးရုံတွင် သုံး-လေးရက်ခန့်နေပြီးမှသာ မိမိ၏အဖြစ်အပျက်မှန်ကို ပြန်လည်သတိရလာ၏။ ဤကဲ့သို့ သတိ ကောင်းစွာရလာသည်နှင့် တစ်ပြိုင်နက် မိမိပယောဂကြောင့် အခန်းထဲတွင် ပိတ်နေသောမောင်မြဟန်အား သွားရောက်ကယ်ဆယ်ရန် ကြံစည်ခဲ့၏။ သို့ ကြံစည်ရာ၌ အဖမ်းခံရခြင်း ဖြစ်လေသည်။

အကယ်၍ မစောရင်သာ ကားတိုက်သည့်နေရာ၌ တစ်ခါတည်းသေဆုံးသွားသည်ဖြစ်စေ၊ သို့မဟုတ် စိတ္တဇဆေးရုံတွင် လုံးဝသတိ ပြန်၍လည်မလာဘဲ ရူးသွပ်သွားသည်ဖြစ်စေ ဤအမှုမှာ အဖြစ်အပျက်မှန် ပေါ်ကောင်းမှ ပေါ်ပေတော့မည်။ အရေးအကြီးဆုံးသက်သေဖြစ်သော မင်းကတော်ကြီးမှာလည်း ရုတ်တရက် သေဆုံးသွားသဖြင့် ဤအမှုမှာ သက်သေခံများကို တစ်စစီ ဖော်ထုတ်ပေးနိုင်ရန် ပုလိပ်များသည် တတ်နိုင်တော့မည် မဟုတ်ချေ။

သို့ဖြစ်၍ ယခုကဲ့သို့ ကျွန်ုပ်တို့ သိရှိနိုင်ရန် မောင်မြဟန်သေဆုံးပုံ ပြဿနာဖြေရှင်းသွားခြင်းမှာ မည်သူ၏ကြိုးပမ်းချက်မျှ မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘဲ ကံအားလျော်စွာ အလိုအလျောက်ပေါ်ပေါက်လာခြင်းမျှသာ ဖြစ်လေသည်။

**မှတ်ချက်။** ။ တစ်နေ့သော နံနက် ဇနာရီလောက်တွင် ကျွန်တော်တို့ တိုက်ခန်းသို့ အင်စပိတ်တော်ကိုအုန်းမောင်ရောက်လာ၍ မင်းကတော်ကြီး ဒေါ်မြမေအကြောင်းကို ကျွန်တော်တို့အား ပြောပြလျက်ရှိရာ ကျွန်တော်မှာ ဦးခေါင်းတညိတ်ညိတ်နှင့် ရှိသော်လည်း ဦးထင်ကျော်မှာ ဆေးတံမှထွက်လျက်ရှိသော မီးခိုးကွင်းကလေးများကို ကြည့်လျက် နားထောင်နေလေသည်။ သူပြောသည့် စကားများအတိုင်းရေးလျှင် ရှည်လျားမည်စိုးသဖြင့် အထက်တွင် ဖော်ပြသည့်အတိုင်း ဝတ္ထုတစ်ပုဒ် အနေဖြင့် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

စာရေးသူ





# ထူးဆန်းသော ဖော်မြူလာ

တစ်နေ့သော နံနက်တွင် ကျွန်တော်နှင့် ဦးထင်ကျော်တို့သည် လက်ဖက်ရည်အတူသောက်လျက်ရှိစဉ် ဦးထင်ကျော်က ကျွန်တော့်အား ခပ်ပြုံးပြုံးကြည့်လျက်..

"အခုတလော ကျုပ်စုံထောက်ပုံအကြောင်းတွေ ခင်ဗျား မရေးပြန်ဘဲကိုးဗျ"

"ဟုတ်တယ်။ ကျွန်တော် ပြောခဲ့တဲ့အတိုင်းပေါ့ဗျာ။ ခင်ဗျားရဲ့ တစ်ချို့စုံထောက်ပုံတွေဟာ အတော် ခဲခဲယဉ်းယဉ်း အသက်ဆံဖျား လုပ်ကိုင်ရတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါတွေထဲက စိတ်ဝင်စားဖို့ ကောင်းတဲ့ဟာတွေကိုမှ ကျွန်တော်က ရွေးပြီး ရေးတာကိုးဗျ။ ပြီးတော့ အခုတလော ရုံးအလုပ်တွေကလည်း များနေလို့ မရေးဖြစ်သေးတာပါဗျာ။ ခင်ဗျားပြောသမျှ ကျွန်တော့်ဒိုင်ယာရီထဲမှာ မှတ်ထားပါတယ်"

"ဟုတ်တာပေါ့လေ။ ခင်ဗျားကိုယ်တိုင် ရာခိုင်နှုန်းပြည့် ကြိုက်မှ စာဖတ်တဲ့သူက ရာခိုင်နှုန်းငါးဆယ်လောက် ကြိုက်မယ်။ ဒါဟာ စာရေးဆရာတို့ရဲ့ ဓမ္မတာပေါ့ဗျာ။ စာရေးရာမှာ ခင်ဗျားက ကျုပ်ထက် သာပါတယ်။ ကျုပ်ဟာ အလုပ်လုပ်တတ်ပေမယ့် ခင်ဗျားလောက် စာရေးမကောင်းဘူးဆိုတာ ကျုပ် ဝန်ခံပါတယ်။ ကဲ..ကိုတင်မောင်။ ကိစ္စကလေး တစ်ခုရှိလို့ ကျုပ် အပြင်ခဏ သွားလိုက်ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီတောင် ထိုးပြီ။ ခင်ဗျားလည်း အလုပ်ချိန် နီးပြီမဟုတ်လား"

"ဟုတ်ကဲ့။ အခု ထမင်းစားပြီးရင် ကျွန်တော်လည်း အလုပ်သွားတော့မလို့ပါပဲ"

ကျွန်တော်သည် ဦးထင်ကျော်ပြောပြသည်များအား ဒိုင်ယာရီထဲတွင် အမြဲမှတ်သားလာခဲ့သည်များကို ညနေ အလုပ်မှပြန်ရောက်သောအခါ အေးအေးလူလူ ဖတ်နေမိလေသည်။

ဒိုင်ယာရီထဲမှ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တစ်ခုကို ယခု ဝတ္ထုသွားအနေဖြင့် ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

* * *

၁၉၃၆ခုနှစ်၊ ဇွန်လ၏ တစ်နေ့သော ညနေစောင်းအချိန်၌ ပန်းဆိုးတန်းလမ်းရှိ 'နယူးအင်ပီးရီရယ်' ပျော်ပွဲစားရုံ၏ ချောင်ကျသော စားပွဲတစ်လုံးတွင် လူရွယ်နှစ်ယောက်တို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ လက်ဖက်ရည်များကို သောက်သုံးလျက် ရှိကြ၏။

တစ်ယောက်မှာ သုံးဆယ့်ငါးနှစ်ခန့် ရှိ၍ လူလတ်ပိုင်းသို့ ရောက်နေပြီဖြစ်သော်လည်း ပန်းနုရောင် ဘန်ကောက်လုံချည်၊ တာဖက်တာ တိုက်ပုံအင်္ကျီအနက်ကို ဝတ်ဆင်လျက် အတွင်းမှ ကြွေရောင်တိုက်ကော်လာအင်္ကျီအဖြူကို ဝတ်ထားပြီးလျှင် သားရေပြောင်ရှူးဖိနပ်အနက်နှင့် ခြေအိတ်အနက်တို့ဖြင့် သိုက်မြိုက်စွာ ဝတ်စားထားလေသည်။ ရုပ်ရည်အားဖြင့် အသားဖြူဖြူ မျက်နှာသွယ်သွယ်ရှိပြီးလျှင် လက်ဝဲဘက်ပါးတွင် အနာရွတ်တစ်ခု ရှိ၏။ နှုတ်ခမ်းမွေးရေးရေးရှိ၍ မည်းနက်သောပါးသိုင်းမွေးများမှာ အရွယ်နှင့်မလိုက်အောင် ပေါက်နေသကဲ့သို့ ရှိနေ၏။ နေကာမျက်မှန်အနက်ကြီးကိုလည်း တပ်ဆင်ထား၍ သူ၏မျက်လုံးကြည့်ပုံနှင့် ဟန်ပန်အမူအရာတို့ကို ရုတ်တရက် အကဲမခတ်နိုင်အောင် ရှိတော့၏။





ထိုသူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသူမှာ လေး-ငါး-ခြောက်နှစ်ခန့် ငယ်ပုံရ၍ ခပ်မှိုင်းမှိုင်းအဝတ်အစားများကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။ အသား မဖြူမညိုရှိပြီးလျှင် အားကစားသမားတစ်ယောက်၏ ကျစ်လစ်သိပ်သည်းသော အသွင်အပြင်ရှိသူတစ်ယောက်ဖြစ်၏။ ထိုလူရွယ်မှာ နက်မှောင်သောဆံပင်ကို အပေါ်သို့လှန်၍ သပ်ရပ်စွာဖီးထားပြီးလျှင် ၎င်း၏မျက်လုံးများမှာလည်း နက်ရှိုင်းတောက်ပလျက် ရှိနေ၏။

၎င်းတို့နှစ်ယောက်မှာ နေ့စဉ်လိုပင် ထိုပျော်ပွဲစားရုံ၌ တွေ့ဆုံခဲ့ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အတော်အတန်မျက်မှန်းတန်းမိကြသော်လည်း ထိုအချိန်အထိ တစ်ယောက်အကြောင်းကို တစ်ယောက် မသိကြသေးချေ။ မျက်မှန်အနက်နှင့် လူသည် အိတ်ထဲက ငွေစီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက်··

"မိတ်ဆွေနဲ့ နေတိုင်းလိုလိုပဲ ဒီမှာ တွေ့ရတယ်။ ဘယ်မှာ အလုပ် လုပ်ပါသလဲ။ စီးကရက် သောက်ဦးပါဗျာ"

သူသည် စီးကရက်ဘူးကို ရှေ့သို့တိုးပေးပြီးနောက် ညှို့ဝတ်ပြုလိုက်၏။ လူရွယ်သည် အတန်ငယ် အံ့အားသင့်သကဲ့သို့ ဖြစ်သွားပြီးနောက်··

"ကျွန်တော် ဆေးလိပ်မသောက်တတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က ယစ်မျိုးမင်းကြီးရုံးမှာ လုပ်ပါတယ်"

"ကျော်တင့်လို့ ခေါ်ပါတယ်။ နောင်ကြီးနာမည်ကကော"

"သန်းဆွေလို့ ခေါ်ပါတယ်။ အလုပ်ကတော့···"

စကားမဆုံးမီ ထိုသူသည် အိတ်ထဲမှ ကတ်ပြားကလေးတစ်ချပ်ကို ထုတ်ပြီးနောက် မောင်ကျော်တင့်အား ပေးလိုက်၏။ ကတ်ပြားပေါ်၌ကား···



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဆွေ (အလွတ်စုံထောက်)

(-----) ဘားလမ်း၊ ရန်ကုန်မြို့ ‥ဟု ပါရှိလေသည်။

"နောင်ကြီးအလုပ်က ကောင်းပါတယ်။ အင်မတန်လွတ်လပ်တဲ့ အလုပ်ပဲ"

ထိုသူသည် စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီးနောက်‥

"အင်း။ လွတ်လပ်တာတော့ ဟုတ်ပါရဲ့။ နို့ပေမယ့် အတော် ဘေးအန္တရာယ်များပြီး စွန့်စားရတဲ့အလုပ်မျိုးပါ မိတ်ဆွေ"

မောင်ကျော်တင့်သည် ဆေးတံကိုက်ရင်း ထိုသူ မမြင်အောင် မသိမသာပြုံးလိုက်၏။

"နည်းနည်းတော့ ဒုက္ခ ခံရပေမပေါ့ဗျာ။ ရတဲ့အခါလည်း တော်တော်ကလေး ဆို့ဆို့ပို့ပို့ရယ် မဟုတ်လား"

"ရပါရဲ့။ ဒါကြောင့်မို့လည်း ဒီလို ပြောင်ပြောင်ရောင်ရောင်ဝတ်စားပြီး သုံးလားစွဲလား နေနိုင်တာပေါ့ ကိုကျော်တင့်ရယ်"

ကိုသန်းဆွေသည် စီးကရက်တိုကို အောက်သို့ပစ်ချလိုက်ပြီးနောက် မိမိ၏ သားရေပြောင်ဖိနပ်ဦးဖြင့် နင်းချေလိုက်၏။

"အင်း။ ရတဲ့အခါလည်း ခင်ဗျားပြောသလို တစ်ရာကျပ်မျိုး၊ တစ်ထောင်ကျပ်မျိုး ပက်ခနဲရပါရဲ့။ မရတဲ့အခါလည်း မရဘူးပေါ့ဗျာ။ နို့ပေမယ့် ပျမ်းမျှခြင်းတော့ လေးငါးရာလောက်တော့ ကိုက်ပါတယ်။ ခင်ဗျားကော လစဉ် ဘယ်လောက်ရသလဲ"

မောင်ကျော်တင့်မျက်နှာမှာ အတန်ငယ် တင်းမာသွားသကဲ့သို့ ထင်လိုက်ရ၏။

"စားနိုင်သောက်နိုင်ပေါ့ဗျာ"

"အင်း။ စိတ်မရှိပါနဲ့ မိတ်ဆွေ။ လခမေးလို့ ကျွန်တော်





မေးမိတာ လွန်သွားရင်လည်း တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး။ စိတ်မဆိုးတတ်ပါဘူး။ ဒါနဲ့ ဘာအမှုများ စုံထောက်နေသလဲ"

မပြောချင့်ပြောချင် ပြောရသည့် ဟန်မျိုးဖြင့်‥‥

"ကြို့ကုန်းက အမှုကလေးတစ်ခုပါဗျာ။ ဒီအမှု လက်ထဲလာတာ မကြာသေးပါဘူး"

မောင်ကျော်တင့်သည် မျက်မှောင်ကုတ်ကာ အတန်ငယ် စဉ်းစားလျက်ရှိနေ၏။

"ဘာဗျ။ ကြို့ကုန်းက၊ ဟုတ်လား။ နေပါဦး။ ဘယ်သူ့အမှုလဲ"

ကိုသန်းဆွေသည် မျက်ခုံးတစ်ဖက်ကို အတန်ငယ်ပင့်လိုက်ပြီးနောက်‥

"စုံထောက်အလုပ်ဆိုတာ ခက်သားလား မိတ်ဆွေ။ အားလည်း နာပါရဲ့"

မောင်ကျော်တင့်မှာ မိမိမေးလိုက်မိသည့်အတွက် အားနာသည့်ဟန်ဖြင့်‥

"သြော်၊ ဟုတ်ပါရဲ့ခင်ဗျာ။ ကျွန်တော်မေးမိတာ တစ်ဆိတ်သည်းခံပါ"

ကိုသန်းဆွေသည် လက်ပတ်နာရီကို တစ်ချက် လှမ်း၍ကြည့်လိုက်မိသည့်အတွက် အားနာသည့်ဟန်ဖြင့်‥‥

"ကိစ္စမရှိပါဘူး ကိုကျော်တင့်။ ဟင်၊ ခြောက်နာရီတောင်ထိုးတော့မယ်။ ကုန်သည်လမ်းက နိုင်ငံခြားသားတစ်ယောက်နဲ့ ချိန်းထားတဲ့ကိစ္စကလေး ရှိသေးတယ်။ သွားလိုက်ဦးမှဗျို့။ နောက်တော့ တွေ့ကြသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ.."

စုံထောက်ကိုသန်းဆွေသည် မောင်ကျော်တင့်မပေးမီ နှစ်ယောက်စလုံးအတွက် ကျသင့်သော လက်ဖက်ရည်ဖိုးများကို ကောင်တာတွင် ပေးလိုက်ပြီးနောက် မောင်ကျော်တင့်အား နှုတ်ဆက်၍ လံခြားတစ်စီးဖြင့် ထွက်သွားလေရာ မောင်ကျော်တင့်သည် ဆေးတံကို မီးညှိ၍ဖွာရှိုက်ကာ တစ်စုံတစ်ရာကို နက်နဲစွာစဉ်းစားရင်း ကျန်ရစ်ခဲ့၏။ ထို့နောက် မိုးလည်း အတန်ငယ်စဲသွားပြီဖြစ်၍ နေအိမ်သို့ မပြန်သေးဘဲ ကွမ်းခြံဘူတာကြီးဘက်သို့ လျင်မြန်စွာ လျှောက်ခဲ့လေသည်။

*    *    *

ဘူတာရုံသို့ ရောက်သောအခါ မောင်ကျော်တင့်သည် လော်ကယ်လက်မှတ်ရုံမှ ကြို့ကုန်းလက်မှတ်တစ်စောင်ကို ဝယ်ယူပြီးလျှင် ခြောက်နာရီ ဆယ့်ငါးမိနစ်ရထားဖြင့် ကြို့ကုန်းသို့ လိုက်ခဲ့လေ၏။ ကြို့ကုန်းသို့ရောက်၍ နာရီဝက်နီးပါးမျှလျှောက်ခဲ့ရာ အလွန်ချောင်ကျသောရပ်ကွက်တစ်ခုသို့ ရောက်၏။ ရပ်ကွက်မှာ အများအားဖြင့် နိုင်ငံခြားအိမ်များသာ ရှိပြီးလျှင် ခြံကြီးများမှာလည်း အလွန်ကျယ်ဝန်းလှ၏။ မောင်ကျော်တင့်သည် ခြံကြီးတစ်ခြံကို နောက်ဖေးဘက်မှ ကျော်ဖြတ်ဝင်သွားလေသည်။

ခြံအတွင်း၌ကား နှစ်ထပ်အိမ်ကြီးတစ်လုံးရှိ၍ ထိုအိမ်၏ နောက်တည့်တည့် တစ်ခုသောပန်းရုံကို ကွယ်ကာစောင့်ဆိုင်းလျက်ရှိရာ တခဏမျှကြာလတ်သော် အဝတ်တစ်ထည်ကို ခေါင်းမြီးခြုံလျက် အိမ်ဆီမှလာသော မိန်းမတစ်ယောက်၏ပုံသဏ္ဌာန်ကို တွေ့မြင်ရ၏။ ထိုသဏ္ဌာန်သည် အိမ်အပေါ်ထပ်မှ အလင်းရောင်ထိုးထွက်လျက်ရှိသော အခန်းတစ်ခန်းကို မကြာခဏလှမ်းကြည့်ပြီးနောက်





အတန်ငယ် စိတ်လက် အေးချမ်းသွားသည့်ဟန်ဖြင့် မောင်ကျော်တင့်ရှိရာသို့ ခပ်သွက်သွက် လျှောက်လာလေသည်။ ၎င်း ကို့နှစ်ဦးမှာ ယခင်ကပင် ရင်းနှီးစွာတွေ့ဆုံဖူးသည့်ဟန်ဖြင့် တီးတိုးပြောဆိုလျက် ရှိကြလေသည်။

မောင်ကျော်တင့်သည် သစ်ငုတ်တစ်ခုပေါ်တွင် ထိုင်နေရာမှ မတ်တတ်ရပ်ပြီးနောက်..

"ရောက်နေတာ အတော်ကလေးကြာသွားပြီ မနှင်းရီ"

"ကျွန်မ သိပါတယ် ကိုကျော်တင့်ရယ်။ ဒါပေမယ့် အဖေကြီး အခန်းထဲဝင်သွားမှ ကျွန်မ ရဲရဲကြီး ဆင်းလာဝံ့တာ"

"အိပ်ခန်းလား"

"ဘယ်က အိပ်ခန်းရမှာလဲ။ ကျွန်မပြောတဲ့ ဓာတ်ခွဲခန်းပေါ့"

"ဒီအကြံ့က ကြံတုန်းပဲ ရှိသေးသလား။ အသက်က ကြီးလှပြီ"

"အသက်ကြီးတာနဲ့ မဆိုင်ဘူးတဲ့ရှင်။ ဒီအကြံသာ အထမြောက်ရင် ကမ္ဘာပေါ်မှာ နှစ်ယောက်မရှိအောင် နာမည်ကြီးသွားမယ်တဲ့။ ငွေကြေးဆိုတာတဲ့ မလိုချင်လောက်အောင် ရနိုင်မယ်တဲ့။ ပြီးတော့ ကမ္ဘာသူကမ္ဘာသားတွေမှာလည်း အင်မတန်ထူးတဲ့ အကျိုးထူးတစ်ခုကို ခံစားရဖို့ ရှိတယ်တဲ့ရှင့်"

"အင်း။ ဒီဟာကလည်း အရူးတစ်မျိုးပေါ့လေ။ ဒီလိုကိုကျော်တင့်ပြောတာ စိတ်မရှိနဲ့နော်။ မနှင်းရီအဖေကြီးက ရှေးခေတ်ကိုမီတဲ့ ပါမောက္ခကြီးတစ်ယောက်ဖြစ်ပြီး နိုင်ငံခြားဗဟုသုတတွေလည်း အတော်စုံလာတော့ ထင်မိထင်ရာ လုပ်ချင်ရာ လုပ်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နို့ပေမယ့် ပြောသာ ပြောရတယ်။ လူသားတွေကို အကျိုးပြုတဲ့ ဆန်းသစ်တီထွင်မှုတွေကို ကြံစည်ခဲ့တာဟာ သူတို့လိုပုဂ္ဂိုလ်ကြီးတွေပေါ့။ ဒီလိုပုဂ္ဂိုလ်ကြီးတွေဟာ သူတို့အလုပ်က လွဲပြီး ဘယ်ဟာမှ ဂရုမစိုက်ဘူး။ စားရမှန်း မသိ၊ သောက်ရမှန်း မသိ၊ နေ့မှန်း မသိ၊ ညမှန်း မသိ လုပ်နေကြတာပဲ"

"ဟုတ်ပါတယ် ကိုကျော်တင့်ရယ်။ ဖေဖေလည်း ဒီအတိုင်းပါပဲ"

"ဩော်..ဒါထက် ရီ အရင်တစ်ခါ ပြောဖူးပါတယ်။ သူ့မှာ ရန်သူတွေ ရှိတယ်ဆိုတာက ဘယ်လို ရန်သူမျိုးလဲ"

"လားရှိုးမှာ ကျွန်မတို့နေတုန်းက သူ့အကြံကို လူတစ်ယောက်ကသိလို့ လူဆိုးတွေပါ ငှားပြီး သူ့'ဖော်မြူလာ'ရေးထားတဲ့စာအုပ်ကလေးကို ခိုးဖို့ ကြံကြသေးတယ်ရှင့်။ ဒါပေမယ့် ဖေဖေက အင်မတန် လုံ့လဝီရိယကောင်းတာပဲ။ ညမှာ ချွတ်ခနဲ အသံကြားရင် သူ အရင်နိုးပြီး သေနတ်နဲ့ထွက်လာတာပဲ"

"နေပါဦး။ သူ့စာအုပ်ကလေးကို ခိုးဖို့ ကြံတယ်ဆိုတဲ့လူက ဘယ်သူလဲ"

"ပင်စင်စားကြီး ဆိုလား၊ ဘာဆိုလား မပြောတတ်ပါဘူး ကိုကျော်တင့်ရယ်။ အထက်တန်းစား အရာရှိကြီးတစ်ယောက်လို့ ပြောတာပဲ"

"ဒါဖြင့် အဲဒီလူကို အရေးမယူဘူးလား"

"ဖေဖေဟာ အင်မတန်အေးတာပဲ ကိုကျော်တင့်ရယ်။ ပြီးတော့ ဒီလူကြီးက သူနဲ့ အတော်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပဲ။ ဖေဖေ့ကိုအပေါ်ယံက အင်မတန်ခင်ခင်မင်မင်ပေါင်းပြီး ဝမ်းထဲက အကောက်ကြံနေတဲ့သူဆိုတော့ ဒီလူကို ပွင့်ပွင့်လင်းလင်းအရေးယူ





ဖို့ ခက်နေတယ် ထင်ပါရဲ့"

"ဒီလူကြီးနာမည်က ဘယ်သူတဲ့လဲ"

"ကျွန်မလည်း မသိပါဘူး ကိုကျော်တင့်ရယ်။ ဖေဖေကလည်း မိတ်ဆွေတွေ များတော့ သူ့မိတ်ဆွေတွေထဲက ဘယ်သူလဲဆိုတာ ကျွန်မ မပြောတတ်ဘူး"

"အင်း။ ဒီလိုဆိုရင် အခု ရန်ကုန်လိုက်ပြီး ကြံစည်နေတယ်ဆိုတာ ဒီအဆက်ထဲက ဖြစ်ရမယ်။ ဒါပေမယ့် ဒီလိုအလုပ်မျိုးဆိုတာ အိမ်ထဲကို ဖြန့်းခနဲ သူစိမ်းတစ်ယောက်က ဝင်ပြီး ခိုးဖို့ခက်တယ် ရီရဲ့။ အနည်းဆုံး ဓာတ်သိ လက်ထောက်ချတဲ့ လူတစ်ယောက် ရှိမှ"

"ဟုတ်ပါတယ်"

"အိမ်မှာလည်း တူသားနောင်မယ် ယောကျ်ားကလေး မရှိတော့ အခက်သား"

"ဒါတော့ ဟုတ်ပါတယ်။ နို့ပေမယ့် အိမ်ကလည်း လုံတယ်။ ကျွန်မတို့ကလည်း သတိဝီရိယနဲ့ အိပ်ပါတယ်။ ဒေါ်နန်းစိန်ဆိုတာလည်း အင်မတန် အအိပ်ပါးတယ်။ ချွတ်ခနဲဆို ဘယ်အချိန်ဖြစ်ဖြစ် နိုးတာပဲ။ ပြီးတော့ ဟိုဘက်ခြံက မစ္စတာဘုကလည်း ကျွန်မတို့ကို အင်မတန်စောင့်ရှောက်ပါတယ်"

"အင်းလေ။ သတိဝီရိယနဲ့ နေပေါ့။ သတိဆိုတာ ဘယ်တော့မှ ပိုတယ် မရှိဘူး။ ဒါထက် အိမ်မှာ အခု ဘာများ ထူးထူးခြားခြားဖြစ်သေးသလဲ"

"ထူးထူးခြားခြားရယ်လို့တော့ ဘာမှ မဖြစ်ပါဘူး ကိုကျော်တင့်ရယ်။ အခုတလော ဖေဖေဟာ အင်မတန်ကြောက်ပြီး ခြံဝင်းတံခါးတွေကို စောစောစီးစီး အပိတ်ခိုင်း၊ အိမ်တံခါးကိုလည်း စော



www.burmeseclassic.com

www.burmeseclassic.com



စောစီးစီးပိတ်ပြီး 'ချွတ်'ခနဲအသံကြားရင် 'ဟဲ့..ဘာဖြစ်တာလဲ' ဆိုပြီး သေနတ်နဲ့ တစ်အိမ်လုံး လိုက်ရှာတော့တာပဲ"

"အရင်ကကော"

"အရင်ကတော့ ဒီလို မဟုတ်ပါဘူးရှင်။ သူ့ဓာတ်ခွဲခန်းထဲ သူလုပ်ချင်ရာ နေ့ရောညရော အေးအေးဆေးဆေး လုပ်နေတာပါပဲ။ ဒါလောက် အထိတ်တလန့်မဖြစ်ပါဘူး။ ဒါနဲ့ ပြောရဦးမယ်။ လွန်ခဲ့တဲ့ တစ်လလောက်က သူ့ဆီကို လူတစ်ယောက် မကြာခဏလာပြီး စကားပြောတာ တွေ့ရတယ်။ ဖေဖေ့ကို မေးကြည့်တော့ ဒီလူဟာ ဆေးဆရာကြီးတစ်ယောက်ရဲ့သားတဲ့။ လားရှိုးမှာ သူနေတုန်းက ဖေဖေလိုချင်တဲ့ သစ်ပင်ပန်းပင်တွေကို သူ့အဖေက မရရအောင် ရှာပေးဖူးတယ်ဆို ထင်ပါရဲ့"

"ဒီလူက အသက် ဘယ်လောက်ရှိပြီ ထင်လဲ"

"သိပ် မကြီးသေးဘူး ကိုကျော်တင့်ရဲ့။ သုံးဆယ့်ငါး-လေးဆယ်လောက်ပဲ ရှိလိမ့်ဦးမယ်"

"လူပုံလူပန်းကကော"

"အသားက ဖြူဖြူ အရပ် ခပ်မြင့်မြင့်"

"သူတို့ချင်း ဘာတွေပြောတယ်ဆိုတာကော မသိဘူးလား"

"မသိဘူး ကိုကျော်တင့်။ ကျွန်မလည်း ကျွန်မအလုပ် မဟုတ်လို့ သိပ်ပြီး သတိမပြုမိဘူး။ သူတို့ချင်း တိုးတိုးတိုးတိုး ပြောနေတာသာ ခပ်လှမ်းလှမ်းက မြင်ရတာပဲ"

"ဒါပဲလား"

"ဩော်..တစ်ခါကတော့ ပြောဖူးတယ်။ ဒီလူဟာ လားရှိုးမှာ သူနေတုန်းက သူ့အပေါ်မှာ အင်မတန်စောင့်ရှောက်ခဲ့တဲ့ သူငယ်





တဲ့။ သူ့အကြံကို လိုက်ပြီးနှောင့်ယှက်နေတဲ့ ရန်သူတွေကိုလည်း ဒီလူက သိလို့ သူ့အပေါ်မှာ စောင့်ရှောက်ခဲ့သတဲ့"

"ငွေတွေဘာတွေ ပေးတာကော ရီ တစ်ခါမှ မမြင်ဘူးလား"

"တစ်ခါ နှစ်ခါ ပေးတာ ကျွန်မ မြင်ဖူးတယ်။ ဘယ်လောက်ရယ်လို့တော့ ကျွန်မ မသိဘူး။ ဖေဖေ့ကိုလည်း ကျွန်မ တစ်ခါမှ မေးမကြည့်ဖူးဘူး"

"အင်းလေ။ သတိဝီရိယနဲ့ နေပေါ့ ရီရယ်။ ကိုကျော်တင့်လည်း မကြာမကြာလာပြီး စောင့်ရှောက်ပါမယ်။ ရီတို့အိမ်မှာ ဦးကလွဲပြီး ယောကျာ်းကြီးကြီးမားမားဆိုလို့ တစ်ယောက်မှ မရှိတာ"

"ကျွန်မ ပြောပါတယ် ကိုကျော်တင့်ရယ်။ နို့ပေမယ့် ဖေဖေက လူစိမ်းတစ်ယောက်ကို အိမ်ခေါ်ထားလို့ ဒီလူက သစ္စာဖောက်ရင် အကြီးဆုံးရန်သူတဲ့"

"အင်း။ သူပြောတာလည်း ဟုတ်တာပဲ"

မောင်ကျော်တင့်သည် တခဏမျှ ဆိတ်ငြိမ်စွာ ရှိနေပြီးနောက်..

"ဒါနဲ့ မပြောမပြီးတဲ့ ကိစ္စကလေး ဆက်ရဦးမယ်။ ရီကို အရင်တစ်ခေါက်က ကိုကျော်တင့် မေးခဲ့တာကလေး"

မနှင်းရီ၏မျက်နှာကလေးမှာ သွေးရောင်လွှမ်းသွားသည်ကို မောင်ကျော်တင့် သတိပြုမိလိုက်၏။

"မဖြစ်နိုင်ဘူး ထင်ပါရဲ့ ကိုကျော်တင့်ရယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ရီ။ ကိုကျော်တင့်ကို မချစ်လို့လား။ ကိုကျော်တင့်ပေါ် ဘာများ သဘောမကျစရာ ရှိလို့လဲ"

"ဘာမှ သဘောမကျစရာ မရှိပါဘူး ကိုကျော်တင့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



နို့ပေမယ့်''

''ဘာ နို့ပေမယ့်လဲ''

မနှင်းရီသည် မိမိပြောရမည့်စကားကို စဉ်းစားနေသကဲ့သို့ တခဏမျှ တွေဝေငေးမောလျက် ရှိနေ၏။

''ကျွန်မအကြောင်းကို ကိုကျော်တင့် မသိဘူးနော်။ သိရင် ဘယ်နည်းနဲ့မှ ကျွန်မကို လက်ထပ်ဖို့ ပြောမှာ မဟုတ်ဘူး''

မောင်ကျော်တင့်သည် အတန်ငယ် ခက်ထန်သောလေသံဖြင့်..

''ဘာအကြောင်းလဲ။ ဘာ သိရမှာလဲ။ မနှင်းရီဟာ ကျုပ်မျက်စိထဲမှာ လှတယ်။ စကားပြောတဲ့နေရာမှာလည်း သိမ်သိမ်မွေ့မွေ့ ရှိတယ်။ စိတ်သဘောထားလည်း ဖြူစင်တယ်။ ဘာလိုသေးလဲ။ ဒီလို ဂုဏ်အင်္ဂါနဲ့ပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ကို မချစ်ဘဲ နေနိုင်ပါ့မလား''

''ကိုကျော်တင့် မသိဘူးနော်။ ကျွန်မမှာ အပြစ်တစ်ခု ရှိတယ် ကိုကျော်တင့်။ ဒီအပြစ်ကို ကိုကျော်တင့်များသိရင် ဘယ်နည်းနဲ့မှ ရီ့အပေါ် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး''

''တစ်ခု မဟုတ်ဘူး။ ဆယ်ခု ရှိပါစေ''

''မဟုတ်ဘူး ကိုကျော်တင့်။ မဟုတ်ဘူး။ ရီ့အပြစ်က ခွင့်လွှတ်နိုင်တဲ့ အပြစ်မျိုး မဟုတ်ဘူး''

''ဘယ်လိုအပြစ်မျိုးပဲ ဖြစ်ဖြစ် ကိုကျော်တင့် ခွင့်လွှတ်တယ်။ ကိုကျော်တင့်က တခြားသူနဲ့ မတူဘူး။ သူများ မလုပ်နိုင်တဲ့ ကိစ္စကို လုပ်နိုင်တယ်''

''ကိုင်းလေ။ ဒါတွေ ထားပါဦး။ ဟိုလူ့အကြောင်း ပြောရဦးမယ်''





''ဘယ်သူလဲ။ အဖိုးကြီးဆီ မကြာမကြာလာတဲ့ လူဆိုတာလား''

''ဟုတ်ပါတယ်။ ဖေဖေကသာ ဒီလူကို အားကိုးရတယ် ပြောနေတယ်။ ရီတော့ ဒီလူကို တယ်ပြီး မသင်္ကာဘူး''

''ဘာဖြစ်လို့''

''သူ့ ကြည့်ပုံ ရှုပုံ၊ ပြောပုံ ဆိုပုံကို နည်းနည်းပါးပါး ရီ အကဲခတ်မိလို့ပေါ့။ ပြီးတော့ အိမ်ကိုရောက်တဲ့အခါ သူ့မျက်စိက ကျီးကန်းတောင်းမှောက်သလိုပဲ။ ရီ့ကိုလည်း သိပ်ကြည့်တယ်။ ဒါပေမယ့် ရီကတော့ သူနဲ့ ဘယ်တော့မှ မျက်နှာချင်းဆိုင်မိအောင် မနေဘူး''

''ဒါနဲ့ လားရှိုးမှာ ရီ နေတုန်းက ဒီလူကို မသိဘူးလား။ မမြင်ဘူးလား''

''ဒီတုန်းက ရီက ငယ်သေးတာပဲ။ ဆယ့်တစ်နှစ်-ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမယ်။ မြင်ဖူးတောင် မှတ်မိမှာ မဟုတ်ဘူး''

''အေးလေ။ သတိဝီရိယနဲ့ နေတာပေါ့။ ကိုကျော်တင့်လည်း မကြာမကြာ လာခဲ့ပါ့မယ်။ အနည်းဆုံး တစ်ပတ် နှစ်ခါက်လောက်တော့ လာခဲ့ပါမယ်''

တစ်ခဏမျှ ဆက်လက်ပြောဆိုကြပြီးနောက်၊ ချစ်ခင်သော သမီးရည်းစားနှစ်ယောက်တို့မှာ ထိုနေရာမှ ခွဲခွာခဲ့ကြလေသည်။

*  *  *

ဤနေရာတွင် မနှင်းရီ၏ဖခင် ဓာတုဗေဒဆရာကြီး ပါမောက္ခ ဦးထွန်းလူ၏အကြောင်းကို အကျဉ်းချုပ်မျှ ရေးသားဖော်ပြရပေဦးမည်။

ဦးထွန်းလူမှာ ရန်ကုန်တက္ကသိုလ်တွင် သုံးနှစ်မျှ အမှုထမ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဂျာမနီနိုင်ငံ လိုက်ပဇစ်မြို့မှ မြန်မာပြည်ရှိ သစ်ပင်ပန်းမန်နှင့် ပိုးမွှားများကို လေ့လာရန် ရောက်လာသူ ဂျာမန်လူမျိုး ဇွန်ဖစ်စကာစ်မစ်ဒိုး ဆိုသူနှင့် သိကျွမ်းခဲ့ပြီးနောက်၊ ဆရာကြီးအပြန်တွင် လိုက်ပါသွားခဲ့လေသည်။ ဦးထွန်းလှူမှာ သူ ဝါသနာပါသည့်အလုပ်ကို လုပ်ရမည်ဆိုက သားမေ့ မယားမေ့ဖြစ်ကာ စူးစူးစိုက်စိုက် လုပ်တတ်သူတစ်ယောက်လည်း ဖြစ်လေသည်။

ဩစတြီးယား၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံများကို လှည့်လည်ကာ ငါးနှစ်နီးပါးမျှ နေထိုင်ခဲ့ပြီးနောက်၊ မြန်မာပြည်ကို ပြန်လာခဲ့ရာ ဦးထွန်းလှူမှာ ရုက္ခဗေဒ၊ ရူပဗေဒ၊ အင်တိုမိုလော်ဂျီခေါ် ကိမိလဗေဒ (ပိုးမွှားဗေဒ)ပညာရပ်များကို တစ်ဘက်ကမ်းခတ် တတ်မြောက်သည့် ပရော်ဖက်ဆာကြီးများထံမှ နည်းနာနိဿယများ အတော်ပင် ရရှိခဲ့လေသည်။

နိုင်ငံခြားသို့ လိုက်သွားစဉ်က ဦးထွန်းလှူသည် ဇနီးဖြစ်သူအား မော်လမြိုင်မြို့ရှိ ဆွေမျိုးများထံတွင် ထားခဲ့၍၊ မနှင်းရီမှာ ထိုအချိန်က နှစ်ခါလည်ကျော်ကျော် အရွယ်မျှသာ ရှိသေး၏။

နိုင်ငံခြားမှ ပြန်ရောက်ပြီးနောက် ဦးထွန်းလှူသည် မြန်မာပြည်ရှိ သစ်ပင် တောတောင်များ ထူထပ်ရာ အထက်မြန်မာပြည်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် စသည်၌ လှည့်လည်ပြီးနောက် လားရှိုးမြို့၏ချောင်ကျသောရပ်ကွက်တစ်ခုတွင် အိမ်တစ်လုံးကိုဝယ်ယူကာ မော်လမြိုင်မြို့မှ ဇနီးနှင့် သမီးကလေးကို ပါ ခေါ်ယူ၍ အတည်တကျနေထိုင်ခဲ့လေသည်။

နိုင်ငံခြားတွင် ရှိစဉ်က ဦးထွန်းလှူမှာ ပရော်ဖက်ဆာကြီးများ၏ သုတေသနလုပ်ငန်းများတွင် ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်ခဲ့သဖြင့် အခကြေးငွေလည်း ထိုက်သင့်သလောက် ရရှိခဲ့





ရာ မြန်မာပြည်သို့ပြန်ရောက်သောအခါ ငွေကြေးလည်း အတော်အတန်စုဆောင်းမိပြီဖြစ်၍ လားရှိုးမြို့တွင် နေထိုင်သောအခါ သူ၏ ရှာဖွေတီထွင်မှုလုပ်ငန်းကို ကောင်းစွာ ဆက်လက်လုပ်ကိုင်နိုင်ရုံမျှမက ငွေပိုငွေလျှံများကိုပင် ရန်ကုန်ရှိ ဘဏ်တိုက်တစ်တိုက်၌ အပ်နှံထားနိုင်ခဲ့လေသည်။

ဦးထွန်းလှူသည် လိုအပ်သောအခါများ၌ ရန်ကုန်သို့ဆင်းပြီးလျှင် စက်ကိရိယာများနှင့် ဓာတုဗေဒပစ္စည်းများကို ဝယ်ယူလေ့ရှိ၏။ ဤကဲ့သို့ သွားရဖန်များ၍ ခရီးပန်းသောအခါများ၌ မိမိမှာ အသက်ကြီးပြီ ဖြစ်၍ မွေးရပ်ဇာတိမြေဖြစ်သော ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်တော့မည်ဟု တစ်ခါတစ်ရံ စိတ်ကူးမိ၏။

ဤသို့ရှိစဉ် လားရှိုးမြို့သို့ ဦးဖိုးမင်းဆိုသူ ပင်စင်စား အရေးပိုင်ဟောင်းတစ်ဦး ပြောင်းရွှေ့လာပြီးလျှင် ဦးထွန်းလှူ၏အိမ်နှင့် ခြံတစ်ခြံခြား အိမ်တစ်လုံးကို ဝယ်ယူနေထိုင်ခဲ့လေသည်။ တစ်နှစ်ခန့်မျှကြာသောအခါ ဦးဖိုးမင်းမှာ အင်္ဂရိတ် ဝါသနာပါသူတစ်ယောက်ဖြစ်သည့်အပြင် သက်တူရွယ်တူ လူကြီးချင်းဖြစ်သည့်အတိုင်း ခင်မင်ရင်းနှီးသောမိတ်ဆွေအဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။

အချိန်အတန်ငယ်ကြာ၍ ဦးထွန်းလှူသည် ရှာဖွေစမ်းသပ်မှုများကို လျှို့ဝှက်စွာ ပြုလုပ်နေကြောင်း တစ်စတစ်စ သိရှိလာသောအခါ ဦးဖိုးမင်းမှာ နှုတ်ချိုသလောက် အကောက်ဉာဏ် ရှိသူတစ်ယောက်ဖြစ်သည့်အတိုင်း ဦးထွန်းလှူတွင်ရှိသော ဓာတုဗေဒနှင့်ရုက္ခဗေဒပညာရပ် တီထွင်မှု 'ဖော်မြူလာ' များကို တစ်နည်းနည်းဖြင့် ရအောင်ယူမည်ဟု စိတ်ကူးခဲ့၏။

ဦးထွန်းလှူသည် ယင်းဖော်မြူလာတို့ကို သူ၏ မှတ်တမ်းစာအုပ်ကလေးထဲ၌သာ ရေးမှတ်ထားသဖြင့် ယင်းစာအုပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရမှသာ ထိုဖော်မြူလာများကို ရနိုင်မည်ဖြစ်ကြောင်း သိရ၏။ ဦးဖိုးမင်းက ပထမ ငွေနှင့်ဝယ်ရန် ကြံစည်ခဲ့၏။ သို့သော် ဦးထွန်းလူမှာ ဥစ္စာပစ္စည်းပြည့်စုံသူဖြစ်သဖြင့် သောင်းချီ၍ ပေးသော်လည်း ရောင်းမည် မဟုတ်ပေ။

သို့နှင့် ဦးဖိုးမင်းသည် လူဆိုးများကို တိတ်တဆိတ်ငှားရမ်းကာ ဦးထွန်းလူ၏မှတ်စုစာအုပ်ကလေးကို ခိုးယူရန် တစ်ကြိမ်နှစ်ကြိမ်မျှ ကြံစည်ခဲ့ဖူး၏။ သို့သော် အထမမြောက်ခဲ့ချေ။ ဦးထွန်းလူမှာ ပညာတတ်သလောက် ရိုးသားသူဖြစ်၍ ဦးဖိုးမင်း၏အကောက်ကြံခြင်းကို ပထမ မရိပ်မိသော်လည်း တတိယအကြိမ် ကြံစည်ခြင်းခံရသောအခါ တဖြည်းဖြည်း ရိပ်မိသိရှိလာရာ ထိုအချိန်မှစ၍ ဦးဖိုးမင်းအား 'ကိုယ်ပေါင်း စိတ်ခွာ' သဘောဖြင့် ခပ်တန်းတန်းမျှ ပေါင်းသင်းနေထိုင်ခဲ့လေသည်။

ဤသို့ဖြင့် လားရှိုးမြို့တွင် ဆက်လက်နေထိုင်ရန် စိတ်ပျက်နေသည့်အတွင်း အခြားအကြောင်းရပ်တစ်ခု ပေါ်လာပြန်၏။ ယင်းမှာ အရေးပိုင်ဟောင်းဦးဖိုးမင်း၏မိတ်ဆွေ စော်ဘွားတစ်ဦး၏သားတစ်ယောက်သည် မနှင်းရီအား ပိုးပန်းကြံစည်နေသော ကိစ္စတစ်ခုပင် ဖြစ်၏။

ထိုသတင်း ဖြစ်ပွားပြီးနောက် မကြာမီပင် မနှင်းရီမှာ မိန်းမတို့ဓမ္မတာ မိန်းမရောဂါဖြင့် တစ်လကျော်ကျော်မျှ ဆေးရုံသို့တက်၍ကုသခဲ့ရ၏။ ထိုအချိန်များအတွင်း ဦးထွန်းလူမှာ မိမိအား ဝတ်ကြီး ဝတ်ငယ်ပြုမည့်သူ မရှိသည့်အပြင် စိတ်ကိုလည်း ထိခိုက်လာသဖြင့် မိမိ၏စမ်းသပ်ရှာဖွေမှုကိုပင် ခေတ္တမျှ ရပ်ဆိုင်းထားရ၏။ ဤအကြောင်းများသည်ကား လားရှိုးမြို့မှ စွန့်ခွာထွက်သွားရန် ဦးထွန်းလူအား လှုံ့ဆော်တိုက်တွန်းသည့် အကြောင်းများပေတည်း။





မိမိအား မကောင်းကြံစည်သော အရပ်ကိုစွန့်၍ ရှောင်ဖယ်ရမည်ဟူသော စကားအတိုင်း ဦးထွန်းလူသည် လားရှိုးမြို့မှ အိမ်နှင့် ခြံကို ရောင်းချခဲ့ပြီးလျှင် ရန်ကုန်သို့ တစ်ခါတည်း ပြောင်းရွှေ့လာခဲ့၏။ ထို့နောက် မိတ်ဆွေဝတ်လုံတော်ရတစ်ဦး၏ အကူအညီဖြင့် ယခုလက်ရှိ နေထိုင်လျက်ရှိသော ကြို့ကုန်းက အိမ်နှင့်ခြံကို ဝယ်ယူ၍ ထိုအချိန်အထိ နေထိုင်ခဲ့လေသည်။

ဤသို့ ရန်ကုန်တွင် နေသားတကျ နေထိုင်ခဲ့သော်လည်း ဦးထွန်းလူမှာ မိမိသုတေသနလုပ်ငန်းအတွက် မြစ်ကြီးနားခရိုင်နှင့် ကချင်ပြည်နယ်မှ ယခင်က သိကျွမ်းခဲ့ဖူးသော မိတ်ဆွေများနှင့် အဆက်မပြတ်သေးဘဲ ရှိနေ၏။

ဤအကြောင်းများကို ကျွန်ုပ်တို့ ရေးသားစဉ်အချိန်၌ ဓာတုဗေဒဆရာကြီး ဦးထွန်းလူသည် မိမိနေထိုင်သောအိမ်ကြီးကို လျှပ်စစ်အင်ဂျင်နီယာများ၊ တရုတ်လက်သမားများဖြင့် မိမိသဘောကျ အခန်းများဖွဲ့ကာ ပြင်ဆင်ဆောက်လုပ်၍ လိုအပ်သော စက်ကိရိယာများ၊ ဓာတ်ကြိုး၊ ဓာတ်ခွက်များကို တပ်ဆင်ပြီးနောက် လားရှိုးမြို့တွင် စမ်းသပ်ကြံစည်ခဲ့သည့် တီထွင်မှုတစ်ခုကို ဆက်လက်လုပ်ကိုင်လျက် ရှိလေသည်။

ရန်ကုန်သို့ပြောင်းရွှေ့လာသောအခါ လားရှိုးမြို့တွင်ရှိစဉ်က သမီးကလေးမနှင်းရီအား ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ရှမ်းအဖွားကြီး ဒေါ်နန်းစိန်ဆိုသူ ပါလာ၏။ သို့နှင့် အိမ်မှုကိစ္စများကို ဒေါ်နန်းစိန်က ဆောင်ရွက်ရပြီးလျှင် မနှင်းရီမှာ ဖခင်ကြီး၏ ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်ရလေသည်။

ဦးထွန်းလူမှလွဲ၍ ယောက်ျားကြီးကြီးမားမားဟူ၍ မရှိသဖြင့် အိမ်ဖော်ယောက်ျားတစ်ယောက် ထားသင့်ကြောင်း အချို့က



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းအကြံပေးသော်လည်း ဦးထွန်းလူမှာ သမီးမနှင်းရီမှတစ်ပါး မည်သူ့ကိုမျှ မယုံကြည်ကြောင်း၊ အိမ်၌ အိမ်ဖော်အစေခံထားခြင်းသည် အတွင်းရန်သူ မွေးခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောဆိုလေ့ရှိ၏။

* * *

တစ်နေ့သော ညနေစောင်း၌ ဦးထွန်းလူ၏ခြံရှေ့သို့ တက္ကစီကားတစ်စီး ဆိုက်ရောက်လာပြီးလျှင် ကားပေါ်မှ သပ်ရပ်ခန့်ငြားစွာဝတ်ဆင်ထားသည့်လူတစ်ယောက် ဆင်းလာ၏။ ထိုသူမှာ အခြားမဟုတ်။ မကြာသေးမီက အင်ပီးရီးယယ်ပျော်ပွဲစားရုံတွင် မောင်ကျော်တင့်နှင့်မိတ်ဆွေဖြစ်ခဲ့သော စုံထောက်မောင်သန်းဆွေပင် ဖြစ်တော့၏။ ဦးထွန်းလူသည် ကိုသန်းဆွေဆိုသူအား အိမ်ရှေ့ဧည့်ခန်းတွင် လက်ခံ စကားပြောဆိုလေသည်။

"ဘယ့်နှယ်လဲ မောင်။ ခြေရာခံမိပြီလား"

"ခြေရာတော့ ခံမိပါပြီခင်ဗျာ။ နို့ပေမယ့် အချိန် နည်းနည်း ပေးဦးမှပဲ ခင်ဗျာ"

"ယူပါမောင်၊ ယူပါ။ မောင့်သဘော အတိုင်းပါပဲ"

"ဒီလူတွေက အခုသာ မဟုတ်ဘူး။ ဦး ရှမ်းပြည်နယ်မှာ နေတုန်းကပဲ ကြံစည်နေတာဗျ"

"ဟုတ်ပါတယ်မောင်။ ကျုပ် သိပါတယ်။ လားရှိုးမှာ နေတုန်းက သူတို့ နှစ်ခါသုံးခါ ကြံစည်တယ်မောင်။ နို့ပေမယ့် ဘာရမလဲ မောင်။ ဦးကိုယ်တိုင်လည်း အထမမြောက်သေးပါဘူး၊ တကယ်လို့ အထမြောက်ရင်လည်း ဒီပညာကို ဦးကလွဲပြီး ဘယ်သူမှ လုပ်နိုင်မှာ မဟုတ်ပါဘူး"

"ဦးရဲ့လျှို့ဝှက်ချက်ကို ရေးမှတ်ထားတာများ ရှိသလား ခင်ဗျာ"





"ရှိတာပေါ့မောင်။ ဖော်မြူလာကိုတော့ မမေ့အောင် မှတ်သားထားရတာပေါ့။ နို့ပေမယ့် ပြောသာပြောရတယ်။ ဒီဖော်မြူလာကို သူတို့ရတောင် ဘယ်နည်းနဲ့မှ သိမှာ မဟုတ်ဘူး။ လုပ်နိုင်မှာလည်း မဟုတ်ဘူး။ သူတို့ကြံစည်တာက ဒီဖော်မြူလာကို လိုချင်တာတစ်ခုပဲ ရှိတယ်"

"တတ်နိုင်သမျှ လုံခြုံအောင်ထားပါခင်ဗျာ"

"လုံခြုံအောင်ထားဆို မီးခံသေတ္တာတောင် စိတ်မချရဘူး။ ဒီစာအုပ်ကလေးကို ကျုပ်ခေါင်းအုံးအောက်မှာ ထားပါတယ်။ ဒါနဲ့ ဒီသတင်းကြားပြန်တော့ အိပ်ရာခေါင်းအုံးအောက်မှာတောင် မထားတော့ဘဲ ကျုပ်ကိုယ်နဲ့ အတူပါအောင် ထားရတော့တာပဲ မောင်ရေ့။ ဒီတော့ သူတို့ရရင် ကျုပ်သေမှ ရမှာပဲ"

"ကောင်းပါတယ်ခင်ဗျာ။ ဒီလိုမှ စိတ်ချရမှာ။ လားရှိုးမှာ နေတုန်းက တစ်ခါနှစ်ခါ ကြံဖူးတယ်ဆိုတဲ့အကြောင်း ဦး ပြောဖူးသားပဲ"

"ဒါနဲ့ ဦးအခန်းကို ညတိုင်း သော့ခတ်ပြီးထားတယ်နော်"

"ဟုတ်ပါတယ်မောင်။ ခေါင်းရင်းဘက်က ကျုပ်အိပ်တဲ့အခန်း၊ အလယ်မှာ စင်္ကြံကလေး ခြားပြီးခြေရင်းဘက်က မှန်တွေကာထားတဲ့အခန်းက ကျုပ်ရဲ့ဓာတ်ခွဲခန်းပေါ့။ ဒီအခန်းတွေထဲ ရောက်အောင် သူတို့လာနိုင်ပေမယ့် ဘာတစ်ခုမှ သူတို့ ခိုးစရာ မရှိပါဘူး။ ဘာကိုမှလည်း သူတို့ နားလည်မှာ မဟုတ်ဘူး။ ကျုပ်ကိုမိလို့ ကျုပ်ကို သတ်လည်း ကျုပ်ဖော်မြူလာကို ရမှာမဟုတ်ဘူး"

"နို့ပေမယ့် ဘာပဲပြောပြော သတိဝိရိယနဲ့ နေပေါ့ခင်ဗျ။ လူမိုက်ဆိုတာ သိပ်ပြီး စိတ်ချရတာ မဟုတ်ဘူး"

"ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..ဒါထက် ဒီအိမ်မှာ ယောကျ်ားဆိုလို့ ဦးတစ်ယောက်တည်း ရှိတယ်နော်။ အဖော်အလျော်ကလေးများ..."

"ကျုပ်မှာ သေနတ် ရှိတယ်မောင်။ သေနတ်ထက်ကောင်းတဲ့အဖော်တော့ မရှိဘူး"

"ဦးပြောတာ သဘောကျလိုက်လေ ခင်ဗျာ"

"ကျုပ်အသက်ကိုတော့ သူတို့ ရန်ရှာမယ် မထင်ပါဘူး။ ဒီဟာ ကျုပ်သေလည်း မရဘူး။ ကျုပ်မသေလည်း မရဘူး။ ဒါနဲ့ မောင် ခြေရာခံမိပုံ နည်းနည်း ပြောပြစမ်းပါဦး"

"သူတို့ထဲမှာ ခေါင်းဆောင်ကတော့ ရှမ်းလူမျိုးတစ်ယောက်ပဲ ခင်ဗျ။ ဒါပေမယ့် သူက တစ်နေရာရာမှာ နေပြီး ကိုယ်တိုင်လုပ်မယ့်သူတွေကတော့ ရန်ကုန်က လူဆိုးထဲကပဲ။ ဒီအထဲက တစ်ယောက်ကိုတော့ ခြေရာခံမိပါပြီ။ နောက်တစ်ယောက်ကိုတော့ ကျွန်တော် လိုက်တုန်းပဲ။ ဒီလူနှစ်ယောက်စလုံး သမိုင်းမှာ နေကြတယ်ဆိုတာတော့ သိပါပြီ။ နို့ပေမယ့် ဦးအမှုမှာ ခက်တာက ဒီလူနှစ်ယောက်ကို ဘာမှမဖြစ်ဘဲနဲ့ ဖမ်းလိုက်လို့လည်း မဖြစ်သေးဘူးခင်ဗျ။ ဘာဖြစ်လို့လည်းဆိုတော့ ဦးသိတဲ့အတိုင်း ခိုးမှုတို့ ကြံစည်မှုတို့ဆိုတာက ပစ္စည်းနဲ့တကွ လက်ဆုပ်လက်ကိုင် မိမှကိုးခင်ဗျ။ ထင်ကြေးလောက်နဲ့ မရဘူး။ တကယ် ပိုင်လောက်တဲ့အခါကျမှ ရဲဖက်က ကျွန်တော့်မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး ဖမ်းမှဖြစ်မယ်"

"ဟုတ်တာပေါ့မောင်"

"ဒီတော့ အခု ကျွန်တော်လိုက်နေတာက သူတို့ ဘယ်အချိန်လောက် ကြံစည်မယ်။ ဦးရဲ့ဝင်းခြံထဲကို ဝင်တဲ့အခါ ဘယ်ပုံဘယ်နည်း သူတို့ဝင်လိမ့်မယ်။ ဒီတစ်ခါ သူတို့ကို ဘယ်လို မိအောင်လုပ်ရမယ်ဆိုတာပါပဲ ခင်ဗျ"





"ဟုတ်ပါတယ်မောင်။ ဟုတ်ပါတယ်"

"ကျွန်တော့်စိတ်အထင်တော့ ဒီကနေ့ တန်ဆောင်မုန်းလပြည့်ကျော်လေးရက်ဆိုတော့ သူတို့ နောက်တစ်ပတ်လောက်အတွင်းမှာ မုချကြံစည်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ သူခိုးဆိုတာ လသာရက်ကို ရှောင်ပြီး လမိုက်ရက်အခါမျိုးမှ ဝင်တတ်တာကိုးခင်ဗျ"

"ဦးဖြင့် ဒါလောက်တောင် မစဉ်းစားမိဘူး"

"ဟုတ်တာပေါ့ခင်ဗျာ။ ဒီလိုစဉ်းစားဖို့အလုပ်က ကျွန်တော်တို့အလုပ်ပဲ။ ဦးတို့လို ပညာရှင်တွေက ပညာနဲ့ပတ်သက်တဲ့ဟာတွေသာ ခေါင်းထဲ ထားကြတာပဲ။ ဒါနဲ့ ကျွန်တော် အိမ်နောက်ဖေးဘက်နဲ့ ဝင်းခြံအနေအထားကို တစ်ဆိတ်လိုက်ပြီး ကြည့်ပါရစေဦး ခင်ဗျာ"

"ကြည့်ရပါတယ်မောင်။ ဒေါ်နန်းစိန်က လိုက်ပြပါလိမ့်မယ်"

သို့ဖြင့် ကိုသန်းဆွေနှင့် ဦးထွန်းလူ ညွှန်ပြသည့်အတိုင်း နောက်ဖေးဘက်လှေကားမှ ဆင်းခဲ့ပြီးလျှင် ဒေါ်နန်းစိန်က လိုက်လံပြသသဖြင့် အိမ်နောက်ဖေးဝင်းခြံများကို လှည့်လည်ကြည့်ရှုလျက် ရှိလေ၏။

မောင်သန်းဆွေသည် တခဏမျှ ခြံကိုကြည့်ရှုပြီးလျှင် အိမ်ပေါ်သို့ပြန်တက်ခဲ့ပြီးနောက် ဦးထွန်းလူနှင့် ဆက်လက်ပြောဆိုလျက် ရှိလေသည်။

"နောက်ဖေးဘက်ကတော့ ခြံက သိပ်မလုံဘူး ဦးရဲ့"

"ဟုတ်တယ် မောင်ရေ။ ဦးလည်း သိတယ်။ နို့ပေမယ့် လုပ်မယ့်ကိုင်မယ့်လူ ယောကျ်ားကြီးကြီးမားမားဆိုလို့လည်း ဦးတစ်ယောက်တည်းရှိတော့ လုပ်ပဲ မလုပ်ဖြစ်နိုင်ဘူး မောင်ရယ်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲသာ ကိုယ် စိတ်ဝင်စားနေမိတာပဲ"

"ဟုတ်တာပေါ့ခင်ဗျာ။ သိပ္ပံပညာရှင်တွေဟာ ဒီအတိုင်းကြီးပါပဲ"

ကိုသန်းဆွေသည် သွားမည့်ဟန်ပြုကာ နေရာမှ ထလိုက်ရင်း....

"ဒါနဲ့ ကျွန်တော်.."

"သြော်..ဟုတ်ပါရဲ့။ စရိတ်အတွက် မောင့်ကို ပေးရဦးမှာပဲ။ မေ့နေလိုက်တာ။ အခုတလော သိပ်ပြီး သတိမေ့တတ်နေတယ်"

"ကိစ္စမရှိပါဘူးခင်ဗျာ"

ဦးထွန်းလူသည် မီးခံသေတ္တာထဲမှ ချက်စာအုပ်ကိုယူ၍ ငွေသုံးရာကျပ် ချက်လက်မှတ်ကို ကိုသန်းဆွေလက်ထဲသို့ ပေးလိုက်ရာ ကိုသန်းဆွေက ရိုသေစွာ လှမ်းယူပြီးနောက်..

"နေတောင် အတော်စောင်းသွားပြီ။ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ မောင်။ ကောင်းပါပြီ"

* * *

နောက်တစ်နေ့ ညနေစောင်း၌ မောင်ကျော်တင့်သည် ကြို့ကုန်းဘူတာတွင် လော်ကယ်ရထားပေါ်မှ ဆင်းခဲ့ပြီးနောက်၊ အချိန်အတန်ငယ် စောသေးသည်နှင့် မနှင်းရီဆီသို့ မသွားသေးဘဲ၊ ဘူတာရုံအနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ လက်ဖက်ရည်တစ်ခွက်ကို သောက်လျက်ရှိနေ၏။ မိမိစားပွဲနှင့် ကျောချင်းကပ်လျက်ရှိသော စားပွဲတစ်လုံးတွင် အသက်ခပ်ရွယ်ရွယ် လူငယ်နှစ်ယောက်သည် တစ်စုံတစ်ရာကို စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိသဖြင့် မောင်ကျော်တင့်လည်း နားစွင့်၍ထောင်မိ၏။





တစ်ယောက် ။ ။ "ဟုတ်တယ် သန်းမောင်။ ငါ တကယ်ပြောနေတာကွယ့်။ ညဥ့်နက်သန်းခေါင် မင်း လည်ရာက ပြန်လာရင် ဦးထွန်းလူတို့ ခြံကြီးနောက်ဖေးလမ်းကြားထဲက ဖြတ်မလာနဲ့နော်"

အခြားတစ်ယောက် ။ ။ "ဘာဖြစ်လို့လဲကွ။ ငါ မကြောက်ပါဘူး။ နေပါဦး။ မင်းက ဘာမြင်လို့လဲကွ"

"ငါမြင်ရတာတော့ မပြောနဲ့ကွာ။ တွေးလိုက်ရင် အခုထက်ထိ ကြက်သည်းမွေးညှင်း ထတုန်းပဲ"

"ပြောစမ်းပါဦး။ ဘာမြင်ရလို့လဲ။ အပြန် ငါ လိုက်ပို့ပါ့မယ်"

"ဒီလိုကွ။ တစ်နေ့က ညနာရီပြန်နှစ်ချက်လောက် ဘူတာရုံဘက်က ငါပြန်လာတော့ ဒီအိမ်ကြီး နောက်ဖေးလမ်းကြားထဲက ဖြတ်လာတာကိုးကွ။ အိမ်ကြီးနောက်ဖေးတည့်တည့်ရောက်တော့ အပေါ်ထပ်က မှန်ပြတင်းပေါက်မှာ အရိပ်ကြီးတွေ မြင်ရတယ်မောင်"

"မှောင်နေတာပဲကွ"

"အေးလေ။ ပထမတော့ မှောင်နေတာပေါ့။ နို့ပေမယ့် အထဲက မီးရောင်ထိုးလာလို့ မြင်ရတာပေါ့ကွ။ မီးရောင်ကလည်း ရိုးရိုးအဖြူတော့ မဟုတ်ဘူး။ ပြာတာတာ ခရမ်းရောင်လိုပေါ့ကွာ"

"ဟော့..ပြောစမ်းပါဦး။ ဘယ်လို အရိပ်ကြီးတွေလဲ"

"တစ်ခုက လူရိပ်ကွ။ တစ်ခုက ကမ္ဘာ့ဌာန်းကောင်ကြီး။ အဲဒီကမ္ဘာ့ဌာန်းကောင်ကြီးပေါ်မှာ မျောက်လိုလို အကောင်ကလေးတစ်ကောင်က ရင်ဘတ်ပေါ် ကပ်နေတယ်။ အဲဒီလူရိပ်ကြီးက မျောက်လိုလို အကောင်ကလေးကို တုတ်တံကလေးတစ်ခုနဲ့ ထိုးနေတယ်"

"မျောက်..ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မျောက်လို့ ထင်တာပဲ။ အဲဒီ တုတ်နဲ့ထိုးတဲ့လူကြီးကတော့ ဒီအိမ်က လူကြီးပဲကွ"

"ရုပ်ရှင် ပြတာများလားကွာ"

"ဘယ်ကလာ ရုပ်ရှင်ပြရမှာလဲကွာ"

"အေး။ ဒီအိမ်ကလူကြီးဟာ ဆရာဝန်ရူးကြီးလို့ တစ်ချို့ပြောတာ ကြားဖူးတယ်"

"အင်း။ ဟုတ်ချင် ဟုတ်မှာပဲ။ ဒီလူကြီး အပြင်လည်း မထွက်ဘူး။ အရပ်ထဲကလူတွေနဲ့လည်း ဘယ်တော့မှ မပေါင်းဘူးကွ"

ထိုနောက် လူရွယ်နှစ်ယောက်တို့သည် ဆိုင်ရှင်အား လက်ဖက်ရည်ဖိုးပေး၍ ထွက်သွားလေရာ၊ မောင်ကျော်တင့်လည်း ဆေးတံထဲသို့ ဆေးတစ်ဆုံထည့်၍ မီးညှိပြီးနောက် တခဏမျှ စဉ်းစားလျက်ရှိနေ၏။

* ❁ *

ထိုညသို့ သမီးရည်းစားနှစ်ယောက်တို့သည် ယခင်က ချိန်းချက်တွေ့ဆုံပြီးလျှင် လွတ်လပ်စွာ စကားပြောဆိုလျက် ရှိကြ၏။

"ကျွန်မဖြင့် ဒီအဖေကြီးကြောင့် စိတ်ညစ်တယ် ကိုကျော်တင့်ရယ်။ တစ်နေ့လုံး တစ်ခါတလေ တစ်ညလုံးလိုလိုပဲ အခန်းထဲမှာ တကုပ်ကုပ်နဲ့ လုပ်နေတာပဲ။ တစ်ခါတလေ တဂျုံးဂျုံးတဂျိန်းဂျိန်းနဲ့ စက်သံလည်း ကြားရတယ်။ တစ်ခါတလေ အခန်းထဲ မှောင်ချထားတယ်။ တစ်ခါတလေလည်း သိပ်လင်းနေတာပဲ။ ထမင်းစားချိန်ရောက်လို့ ဒေါ်ဒေါ် သွားခေါ်ရင်လည်း မကြိုက်ဘူး။ တစ်ခါတလေ အော်လွှတ်သေးတယ်။ ထင်မိထင်ရာကြီးပါပဲရှင်"

"သိပ္ပံပညာရှင်ကြီးတွေဟာ ဒီအတိုင်းပဲ မနှင်းရီ။ သူတို့အလုပ်က လွဲရင် ဘာမှ မသိဘူး"





"ကျွန်မဖြင့် ဒီအိမ်ကြီးမှာပဲ မနေချင်တော့ဘူးရှင်။ တဖြည်းဖြည်း စိမ့်ကြောက်လာပြီ။ ဒီ့အပေါ် အိမ်မှာ လူနည်းရတဲ့အထဲ တစ်ညလုံးလိုလို သူ့ဓာတ်ခွဲခန်းထဲဝင်ပြီး တဂျုံးဂျုံးတဂျိမ်းဂျိမ်းနဲ့ လုပ်နေတော့ ကျွန်မဖြင့် ကောင်းကောင်းအိပ်ရတယ် မရှိဘူး။ အခုတလော သာပြီး ဆိုးနေသေးတယ်"

တခဏမျှ စဉ်းစားပြီးနောက်...

"ဒီလိုဆို တယ်ခက်နေပါလား။ နို့ပေမယ့် ကိုယ့်မွေးသဖခင်ပဲ ရှိရယ်။ တတ်နိုင်သမျှ သည်းခံပေါ့။ ဪ ဒါထက် အခုတလော ဟိုလူ လာသေးသလား"

"မလာတာ တော်တော်ကြာသွားပြီ။ အရင်တစ်ခါ ဖေဖေ ငွေပေးလိုက်တဲ့နောက် မလာတော့ဘူး။ အဲဒီလူက ဖေဖေကြောက်နေတဲ့ ရန်သူတွေနောက် ခြေရာခံလိုက်နေတယ်လို့ တစ်ခါက ဖေဖေ ပြောဖူးတာပဲ"

"ဟုတ်မှာပေါ့လေ။ သူကလည်း တောင်ပေါ်သားဆိုတော့ ရုံတို့ လားရှိုးမှာနေခဲ့တဲ့အကြောင်းတွေ သူ သိမှာပေါ့"

ထိုနောက် တခဏမျှ တိတ်ဆိတ်လျက်ရှိနေ၏။

"ကိုင်းပါလေ။ မကြောက်ပါနဲ့။ ကိုကျော်တင့်လည်း အနည်းဆုံး တစ်ပတ် တစ်ခါနှစ်ခါ လာပြီး စောင့်ရှောက်မယ်လို့ ပြောပြီးမှပဲ"

"ကျေးဇူးတင်ပါတယ် ကိုကျော်တင့်ရယ်။ ဒါနဲ့ တစ်ခု မေးရဦးမယ်။ ကျွန်မအပေါ်မှာ အပြစ်တစ်ခုခု တွေ့ပြီဆိုပါတော့၊ ကျွန်မကို ကိုကျော်တင့် လက်ထပ်နိုင်ပါ့မလား"

"တစ်ခု မဟုတ်ဘူး။ ဆယ်ခု တွေ့ပေစေ ရီရေ့။ ကိုယ်က ချစ်တယ်ဆိုရင် ချစ်တာပဲ။ စိတ်ပြောင်းမယ်လို့များ မထင်လိုက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မပြောင်းဘူး"

တခဏမျှ ဆက်လက်ပြောနေကြပြီးနောက် ချစ်သူနှစ်ဦးတို့သည် ထိုင်ရာမှ ခွဲခွာကြလေသည်။

* * *

နောက် သုံးရက်ကြာလတ်သော် ဦးထွန်းလူသည် နံနက်နှစ်နာရီကျော်ကျော် အချိန်လောက်တွင် သူ၏ဓာတ်ခွဲခန်းထဲမှ ထွက်ခဲ့၏။ မှန်ခန်းကို ပထမပိတ်ပြီးနောက် အပြင်မှအခန်းတံခါးကို သော့ခတ်ပြန်၏။ ထို့နောက် သော့တွဲကို အိပ်ရာခေါင်းအုံးအောက်သို့ ပစ်သွင်းလိုက်ပြီးလျှင် လက်နှစ်ဖက်ကိုပွတ်သပ်လျက် မိမိကိုယ်ကိုမိမိ အလွန်ကြေနပ်နေသည့်ဟန်ဖြင့်....

"ဖြစ်ရမယ်၊ ဖြစ်ရမယ်။ ဧကန်ဖြစ်ရမယ်။ လိုတာက ဒီတစ်ခုပဲ လိုနေတယ်။ ဒီတော့ ငွေကုန်ရင် ကုန်ပေစေ။ မြန်မြန်လုပ်ပြီး ရအောင်ရှာမှ ဖြစ်မှာပဲ။ ပြီးတော့ ဟိုအကောင်တွေရန်ကလည်း ရှိသေးတယ်။ ဟိုအကောင်တွေ နှောင့်ယှက်ရင် ငါ့အကြံအစည် ပျက်မယ်။ အကြံအစည်ပျက်ရင် ငါ ဘာဖြစ်မလဲ။ ဧကန္တ သေမှာပဲ။ သေရင် သေ၊ မသေရင် ရူးမှာပဲ"

...ဟု တစ်ကိုယ်တည်း ညည်းညူပြောဆိုပြီးနောက် အိပ်ရာသို့ ဝင်လေသည်။

တစ်စုံတစ်ရာကို နက်နဲစွာကြံစည်စိတ်ကူးသူများသည် မျက်စိကိုမှိတ်၍ အိပ်ရန်ကြိုးစားသော်လည်း ရုတ်တရက်အိပ်မပျော်တတ်ဘဲ ရှိရာ ဦးထွန်းလူမှာ ချက်ချင်း အိပ်မပျော်သေးဘဲ ရှိနေ၏။

တစ်နာရီခန့်မျှ ကြာသောအခါ ဓာတ်ခွဲခန်းဆီမှ ချောက်ခနဲ အသံတစ်သံကြားရသည်နှင့် ခေါင်းအုံးအောက်က သော့တွဲနှင့် သေနတ်ကလေးကိုယူပြီးလျှင် အသံကြားရာသို့ လာခဲ့၏။





ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ပြီးနောက် ဓာတ်ခွဲခန်း၏နောက်ဘက် ဝရံတာသို့ထွက်သော တံခါးအနီးသို့ ရောက်သောအခါ မှန်ပေါ်တွင် လူတစ်ယောက်၏အရိပ်ကဲ့သို့ အရိပ်တစ်ခု ဖြတ်သွားသည်ကို မြင်လိုက်ရ၏။

ဦးထွန်းလူသည် သတ္တိကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း နောက်ဘက်ဝရံတာသို့ထွက်သော တံခါးကို ဖွင့်လိုက်ရာ ဓာတ်ခွဲခန်းဆီမှ မိမိရှိရာသို့လာနေသည့် သဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် သေနတ်ဖြင့် ချိန်လိုက်၏။

"ဟေ့၊ ဘယ်သူလဲ။ ရပ်လိုက်။ ငါပစ်လိုက်မယ်"

"ကျွန်တော်ပါ ဦးရဲ့။ မောင်သန်းဆွေပါ"

"ဩော်..မောင်သန်းဆွေပါလား"

"ဟုတ်ပါတယ်ဦး။ ကျွန်တော်ပါ။ ဒီအခန်းကို လူချောင်းနေတာမြင်လို့ ကျွန်တော်လည်း နောက်ဖေးလှေခါးက တက်လာတာ ပါ"

ဦးထွန်းလူသည် အတန်ငယ်အံ့အားသင့်လျက်...

"မောင်သန်းဆွေလည်း ရောက်နေသလား"

"ဦး ဓာတ်မီးမငြိမ်းခင်ကတည်းက ကျွန်တော် စောင့်ပြီး ချောင်းနေတယ်ခင်ဗျ။ ဒီကနေ့ည ဒီအကောင်တွေ လာလိမ့်မယ် ထင်လို့ ကျွန်တော်လည်း"

"နေရာကျလိုက်လေ မောင်ရယ်။ ဒါနဲ့ လူကောင် မြင်လိုက်သေးလား"

"ရိပ်ခနဲပဲ မြင်လိုက်တယ်ခင်ဗျ။ ဘောင်းဘီနဲ့လူနှစ်ယောက် ဒီမှန်ပြူတင်းပေါက်နားက ဖြတ်ပြီးဆင်းပြေးသွားတယ်။ နည်းနည်းကလေး ကျွန်တော် နောက်ကျသွားတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတည်းပဲ ပစ်လိုက်ရောပေါ့ မောင်ရယ်"

"ဟုတ်တော့ ဟုတ်တာပေါ့ခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တို့က အရပ်သားစုံထောက်ဆိုတော့ ဒီလိုလည်း လက်လွတ်စပယ် မလုပ်ဝံ့သေးဘူးခင်ဗျ။ ပြီးတော့ အခုဆောင်ရွက်နေတဲ့ကိစ္စကလည်း လူမသိအောင် လျှို့ဝှက်ပြီးဆောင်ရွက်နေတယ်ဆိုတော့ လူသိနတ်ကြားဖြစ်အောင် လုပ်လို့မတော်သေးဘူး"

"ဒါလည်း ဟုတ်တာပဲမောင်"

"ကျွန်တော် လက်ဆုပ်လက်ကိုင်မိမှ လုပ်ချင်တာဦးရဲ့။ ဒီအခါကျတော့ လူသိချင် သိပါစေ။ ညနေက သမိုင်းကို ကိစ္စကလေးတစ်ခုရှိလို့အလာမှာ၊အရင်တစ်ခါ ကျွန်တော်ပြောတဲ့ ရှမ်းလိုလို ဘာလိုလို လူသုံးယောက်ဟာ မော်တော်ကားလမ်းအတိုင်း ကြို့ကုန်းဘက်ကို ခြေလျင်လျှောက်သွားတာ မြင်လိုက်ရတော့ ကျွန်တော်လည်း စိတ်ထဲမှာ နည်းနည်း မသင်္ကာတာနဲ့ ဒီည ကြံစည်ချင် ကြံစည်လိမ့်မယ်ထင်လို့ ချောင်းနေတာ ကျွန်တော် ထင်တဲ့အတိုင်း သူတို့ကြံစည်တာ အခုတော့ ပက်ပင်းပါတွေ့ရပြီ မဟုတ်လား ဦးရဲ့"

"အင်း။ မောင်သာ မလာလို့ရှိရင် သူတို့ ဘယ်လိုကြံကြဦးမယ် မသိဘူး။ ကျေးဇူးတင်ပါတယ်မောင်"

"ဝတ္တရားအတိုင်း လုပ်ရတာကို ကျေးဇူးတင်စရာ မဟုတ်ပါဘူး ဦးရယ်"

ထိုနောက် ဦးထွန်းလူသည် မောင်သန်းဆွေအား အိမ်ပေါ်ထပ်ညှိခန်းသို့ ခေါ်ခဲ့ပြီးလျှင် ဝီစကီတစ်ခွက်သောက်လျက် ရှိကြ၏။ တစ်နာရီခန့်ကြာလတ်သော် မောင်သန်းဆွေလည်း ဦးထွန်းလူအား ဤကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိစေရန်နှင့် မိမိကိုယ်တိုင် အစဉ်မပြတ် ဦးထွန်းလူ၏ လျှို့ဝှက်သောအကြံအစည်ကို လည်း





ကောင်း၊ အသက်ကို လည်းကောင်း ကာကွယ်စောင့်ရှောက်ပါမည့်အကြောင်းနှင့် ပြောဆိုပြီးလျှင် ဦးထွန်းလူအိမ်မှ ထွက်ခဲ့၏။ ထိုအချိန်၌ မိုးစင်စင်လင်းလျက် ရှိနေလေပြီ။

အချိန်မှာ ဆယ့်ငါးရက်မျှ ကြာသွားပြီ ဖြစ်သော်လည်း မောင်ကျော်တင့် ပေါ်မလာသဖြင့် မနှင်းရီမှာ အတော်ပင် စိုးရိမ်ပူပန်နေမိ၏။ မိမိအပြစ်ကို တစ်နေ့ မောင်ကျော်တင့် သိသွားလျှင် ခွင့်လွှတ်နိုင်မည် မဟုတ်ဟုယူဆကာ ၎င်းကို ယိုးမယ်ဖွဲ့၍ မောင်ကျော်တင့်၏အလို ကို ရုတ်တရက်မလိုက်လျောသေးပဲ မိန်းမတို့မာယာဖြင့် ဣန္ဒြေဆောင်၍နေရသော်လည်း မောင်ကျော်တင့်အား နေ့စဉ်နေ့တိုင်း တွေ့လိုလှ၏။

တစ်နေ့သော နံနက်ခင်း၌ မနှင်းရီသည် တစ်စုံတစ်ရာ ဖီးလိမ်းပြုပြင်ခြင်းမရှိဘဲ အိပ်ရာမှထခါ ပကတိနဂိုရုပ်ဖြင့် အိမ်နောက်ဖေးဘက်ရှိ စံပယ်ရုံတစ်ရုံမှ စံပယ်ပွင့်များကို မခူးချင်ခူးချင် ခူးလျက်ရှိနေ၏။ သို့ရှိစဉ် နောက်နားမှခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မီးဖိုခန်းမှထွက်လာသော ဒေါ်နန်းစိန်အား ရုတ်တရက်တွေ့လိုက်ရ၏။ ဒေါ်နန်းစိန်သည် မနှင်းရီ၏ပခုံးနှစ်ဖက်ကို ယုယစွာဆုပ်လျက်··

"မှိုင်လှချေလား သမီးရယ်။ ရေမိုးချိုး သနပ်ခါးလည်း လိမ်းပါဦး။ ဟုတ်ပါရဲ့။ ဒီသူငယ် မလာတာလည်း နှစ်ပတ်လောက်ရှိသွားပြီလား မပြောတတ်ဘူး"

"ဒီအကြောင်းတွေများ ဘယ်သူမှ မသိပါစေနဲ့ ဒေါ်ဒေါ်"

"နေပါဦး။ သူ စိတ်များဆိုးသွားလား"

"သူ ဘယ်တော့မှ စိတ်မဆိုးတတ်ပါဘူး ဒေါ်ဒေါ်"

"တူမကြီးက ဘာများ စိတ်ပျက်စရာ ပြောလိုက်မိလဲ"

"ဒီလိုလည်း မပြောမိပါဘူးဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ကာလက အခက်သားကလား တူမကြီး။ မောင်ကျော်တင့်က ရုပ်ရည်ကလေးကလည်း သနားကမား ပညာအရည်အချင်းကလေးကလည်း ရှိတော့ "

စကားမဆုံးမီ မနှင်းရီသည် အတန်ငယ် စိတ်ဆိုးသည့် အမူအရာဖြင့်...

"အို။ ဒီဟာအတွက်တော့ နည်းနည်းကလေးမှ တွေးမပူမိပါဘူး။ ကိုကျော်တင့်အကြောင်း ကျွန်မ ကောင်းကောင်းကြီး သိတယ်။ သူဟာ ဒီလိုလူစားမျိုး မဟုတ်ပါဘူး"

"အလကားပြောတာပါ တူမကြီးရယ်။ စိတ်မဆိုးပါနဲ့။ တူမကြီးကို လှည့်စားတာပါ။ ကဲလာ၊ လာ။ အထဲကို မိုးဖွားတွေကလည်း တဖွဲဖွဲကျလာပြီ"

အိမ်ထဲသို့ရောက်၍ မကြာမီပင် စာပို့လုလင်တစ်ယောက်သည် မနှင်းရီနာမည်နှင့် စာနှစ်စောင် ပေးသွား၏။ တစ်စောင်မှာ မောင်ကျော်တင့်ထံမှ စာဖြစ်၍ စာနှစ်ကြောင်းသုံးကြောင်းမျှသာ ပါရှိပြီးလျှင် အောက်ပါအတိုင်း ဖြစ်၏။

*အချစ်ဆုံး မနှင်းရီ*

*အကျိုးအကြောင်းမပြောဘဲ ရုတ်တရက် သွားရန်ကိစ္စ ပေါ်လာသဖြင့် ရီထံ မလာနိုင်ခြင်း ဖြစ်ပါသည်။ မကြာမီ လာခဲ့ပါမည်။*

*ကျော်တင့်*

ဒုတိယစာမှာ စာပို့တံဆိပ်ခေါင်းပေါ်တွင် စာတိုက်တံဆိပ်အတော်များများ ရိုက်နှိပ်ထားပြီး လက်ရေးကိုမူ မိမိ မမြင်ဘူးသည့် လက်ရေးဖြစ်သဖြင့် စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ သို့နှင့် စာ





အိတ်ကို တုန်တုန်ရီရီ ဖောက်လိုက်လေသည်။

*အချစ်ဦး..မနှင်းရီ*

*နှစ်လရှည်ကြာစွာ ရှိနေခဲ့သော်လည်း အချစ်တို့မည်သည် မေ့လျော့ပျောက်ပျက်နိုင်သည် မဟုတ်ပေ။ ကိုယ့်မှာ ယခု ခိုကိုးရာမဲ့ဖြစ်နေသဖြင့် မနှင်းရီနှင့် များစွာတွေ့လိုပါသည်။ သို့သော် ကိုယ် ငွေကို အလိုမရှိပါ။ လူချင်းတွေ့သောအခါ အကြောင်းစုံပြောပြပါမည်။ မနှင်းရီအသက်ကို လည်းကောင်း၊ မောင်ကျော်တင့်အပေါ်တွင် ချစ်သောအချစ်ကို လည်းကောင်း ထောက်ထားခြင်းအားဖြင့် ကိုယ့်ကို ဆက်ဆက်အတွေ့ခံပါ။ ကိုယ်ကျိုးကိုသာ မဟုတ်ဘဲ မနှင်းရီ၏အကျိုးလည်း ပါပါသည်။ နက်ဖြန်ည ဆယ့်နှစ်နာရီတိတိ ခြံနောက်ဖေး စိန်ပန်းပင်ကြီးအောက်သို့ လာခဲ့ပါ။ အကယ်၍ အတွေ့မခံလျှင် မနှင်းရီ၏အကြောင်းကို မောင်ကျော်တင့်အား ဝမ်းနည်းစွာဖြင့် အလုံးစုံ ဖွင့်ဟပြောဆိုရပါလိမ့်မည်။*

*စောထွန်းမောင်*

မနှင်းရီသည် နှုတ်ခမ်းများကို ပြတ်လုမတတ်ကိုက်ကာ စာရွက်ကလေးကို လက်ထဲတွင် ဆုပ်နယ်လျက်...

"ခွေးကြံကြံတဲ့ ခွေးတိရစ္ဆာန်။ ငါ့ကို တစ်ခါ စော်ကားရုံနဲ့ အားမရသေးဘူး။ ဟင်..နင် ငါ့အရှက်ကို အခု ခွဲဦးမလို့လား"

ဟု တီးတိုးရေရွတ်ကာ မိမိအခန်းရှိရာ အိမ်အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။ ထိုနောက် ခေါင်းအုံးကို မျက်နှာနှင့်အပ်ကာ တရှိုက်ရှိုက်ငိုကြွေးလျက် ရှိလေသည်။

*　　*　　*



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညကား မိုးသားများကင်းစင်သော ညတစ်ည ဖြစ်၍ လဆန်းရှစ်ရက် လကလေးသည် စိန်ပန်းပင်အကိုင်းများကြား မှ မှုန်ဝါးသောအလင်းရောင်ဖြင့် သာလျက် ရှိနေ၏။

အချိန်မှာ ဆယ့်နှစ်နာရီထိုးရန် ဆယ်မိနစ်မျှသာ လိုတော့၏။ ဘောင်းဘီအနက်ရောင် နောက်ပိတ်ဖိနပ်နှင့် အညိုရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသောလူတစ်ယောက်သည် ဦးထုပ်ပျော့တစ်လုံးကို နဖူး အလယ်အထိရောက်အောင် ဆောင်းလျက် ဦးတွန်းလူ၏ခြံ နောက် ဖေးစည်းရိုးကိုကျော်ကာ စိန်ပန်းပင်အောက်မှ တစ်စုံတရာကို စောင့် ဆိုင်းလျက်ရှိနေ၏။ မကြာမီပင် အဝတ်နက်ကိုတစ်ထည်ကို ခြုံထား သည့် မိန်းမတစ်ယောက်၏သဏ္ဌာန်သည် အိမ်နောက်ဖေးဘက် မီးဖို အရိပ်အောက်မှ ထွက်လာပြီးနောက် ထိုလူရှိရာသို့ ချဉ်းကပ်သွားလေ သည်။

"နေကောင်းရဲ့နော် ရီ။ ဒီလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ။ ရန်ကုန်ရောက်မှ မြို့ကြီးသူဖြစ်ပြီး ရီက သိပ်လှနေတာပဲ။ အရင်က ထက်တောင် ပိုလှနေသေးတယ်"

"ဒီဟာတွေ ပြောမနေစမ်းပါနဲ့။ ရှင် အခု ကျွန်မကို နှောင့် ယှက်ရအောင် လာပြန်ပြီ မဟုတ်လား။ ကျွန်မတို့သားအဖ ဒီမှာလာ ပြီး အေးအေးချမ်းချမ်းနေနေတာကို တမင်နှောင့်ယှက်ရအောင် လာခဲ့ တာပေါ့လေ"

"အခုတော့ ဒီလိုဖြစ်နေတာပဲ။ နှောင့်ယှက်တယ်လို့တော့ မဟုတ်ပါဘူး"

"ရှင် တယ်တော်တဲ့လူ။ သူများသားသမီးကို စော်ကားရုံ မကသေးဘူး။ ထောင်ကလွတ်လာတာတောင် လိုက်ပြီး ငွေညှစ်ချင် သေးတယ်။ ဟုတ်စ"





"ကျုပ် ငွေမလိုချင်ဘူး မနှင်းရီ"

"ဒါဖြင့် ဘာလိုချင်တာလဲ"

"အဘိုးကြီးခေါင်းအုံးအောက်မှာထားတဲ့ သူ့မှတ်စုစာ အုပ်ကလေး"

"ဘာလုပ်ဖို့"

"အသိသားနဲ့ မနှင်းရီရယ်။ မေးနေရသေးသလား။ ကျုပ် က ကူးရုံ ကူးယူမှာပါ။ ပြီးတော့ ချက်ချင်းပြန်ပေးမယ်လို့ ကျုပ် ကတိပြုပါတယ်"

"ရှင် ကတိပြုတာ ယုံရမှာလား"

"ကျုပ်ကို လူဆိုးတစ်ယောက်လို့ ရီက ထင်ပေမယ့် ကျုပ် ဟာ ကတိတည်ပါတယ်"

"အို..မပေးဘူး။ ကျွန်မ မပေးနိုင်ဘူး။ ဒီပစ္စည်းက ဖေဖေ ပစ္စည်းရှင့်။ သူ့အသက်ကိုသာ ပေးချင်ပေးမယ်။ ဒီစာအုပ်ကလေး ကို မပေးဘူး"

"ဒါကြောင့် ခိုးပေးဖို့ ရီ့ကို ပြောတာပေါ့"

"ခိုးပေးလို့ ရတော့ကော ရှင့်မှာ ဘာအသုံးကျဦးမှာလဲ။ ရှင်ကော ဘာနားလည်လို့လဲ"

"ကျုပ်က နားမလည်ပေမယ့် နားလည်တဲ့လူ ရှိတာပေါ့"

မနှင်းရီသည် မျက်ရည်များလည်လျက် စောထွန်းမောင်ဆို သူ၏မျက်နှာကို မသိမသာ မော်ကြည့်လိုက်၏။ ထို့နောက် တောင်း ပန်အောက်ကျို့သည့် အမူအရာဖြင့်....

"မတော်တာ ရှင် မလုပ်ပါနဲ့ ကိုစောထွန်းမောင်"

"တော်တယ်၊ မတော်တယ်ဆိုတာ ကျုပ် နားမလည်ဘူး မနှင်းရီ။ ကျုပ်တောင်းတာသာ ပေးပေတော့"



www.burmeseclassic.com

www.burmeseclassic.com



မနှင်းရီသည် ချွေးခံအိတ်ထဲတွင် လိပ်၍ထားသော တစ်ရာကျပ်တန် ငွေစက္ကူငါးချပ်ကို အိတ်ထဲမှ ထုတ်ယူလိုက်၏။

"ဒီဟာ ယူသွားပါ ကိုစောထွန်းမောင်။ ဒီအကြောင်းကိုလည်း ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူးရှင်။ ကျွန်မ တောင်းပန်ပါတယ်"

စောထွန်းမောင်ဆိုသူသည် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးနောက်

"ဟား...ဟား...ဟား။ ဒါက ကလေးကစားသလောက်ရှိတာပဲ။ သူ့သိပ္ပံနည်းကလေးတစ်ခု ကူးပြီးပေးရုံနဲ့ ငွေတစ်သောင်းအေးအေးကလေးရမယ် မနှင်းရီ။ ဒီတော့ ကျုပ်ဘက်ကလည်း ကြည့်ဦးမှပေါ့"

မနှင်းရီသည် လက်နှစ်ဖက်ကိုယှက်ကာ ရှိခိုးလျက်...

"ရှိကြီးခိုးပါတယ် ကိုစောထွန်းမောင်။ တစ်ဆိတ် ဒီဟာတော့ ချမ်းသာပေးပါရှင်"

စောထွန်းမောင်သည် ငွေစက္ကူများကို လွှင့်ပစ်ပြီးနောက်

"ဒါက ဘာလုပ်ဖို့လဲ"

"နောက်ထပ်လည်း ကျွန်မ တတ်နိုင်သလောက် ပေးပါ့ဦးမယ် ကိုစောထွန်းမောင်။ ဒါဟာ ကျွန်မမုန့်ဖိုးထဲက စုထားတဲ့ငွေပါ။ ကိုစောထွန်းမောင် ယူပါတော့"

"ရှို့ပိုက်ဆံလည်း ကျုပ် မလိုချင်ပါဘူး။ ကျုပ် တစ်ခုပြောမယ် နားထောင်။ နက်ဖြန်ည ဒီအချိန်မှာ သူ့မှတ်စုစာအုပ်ကလေးယူလာပြီး ဒီသစ်ငုတ်ပေါ်မှာ တင်ထားရမယ်။ ဒါနဲ့ ပြောရဦးမယ်။ ကျုပ်ကို တစ်ပတ်ရိုက်မယ်များ မကြံနဲ့နော်။ ကျုပ်အကြောင်း ရီအသိသားနဲ့"





မနှင်းရီသည် မျက်နှာကို တစ်မျိုးပြင်လျက်....

"ကိုင်း၊ မထားဘူးတဲ့ရှင်။ ရှင် ဘာတတ်နိုင်သေးလဲ"

"ဟား..ဟား။ ဒီတော့ မနှင်းရီရဲ့ အတိတ်ရာဇဝင် အတိုချုပ်ကလေးရေးပြီး ရီချစ်တဲ့ ကိုကျော်တင့်ဆီ ပို့လိုက်ရုံပေါ့။ ဒါကမခက်ပါဘူး"

"ရှင် အဟုတ် ပြောတာလား"

စောထွန်းမောင်သည် မထီမဲ့မြင်အမူအရာဖြင့် ဓာတ်မီးခြစ်ကလေးကို လက်ဝါးဖြင့်အုပ်၍ စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက်...

"ကြည့်ကြသေးတာပေါ့လေ"

"ကိုထွန်းမောင်"

"ဘာလဲ။ ဆိုစမ်းပါဦး"

"ရှင့်မှာ ဓားမြှောင်ပါတယ် မဟုတ်လား"

"အသင့်ပဲ"

မနှင်းရီသည် ရင်ကိုကော့လျက်...

"ကိုင်း..ဒါဖြင့် ကျွန်မ ရင်ညွန့်ကို တစ်ချက်တည်း စိုက်လိုက်ပေတော့ ကိုစောထွန်းမောင်"

ကိုစောထွန်းမောင်က ခါးထောက်၍ ပြုံးလိုက်ပြီးနောက်..

"ဒါပေမယ့် ကျုပ်ဓားက ချစ်တဲ့သူသွေးကို မသောက်ချင်ဘူးတဲ့။ မနှင်းရီလိုလူကို သတ်တာ ဘာအကျိုးရှိသလဲ။ လူဆိုတာ တစ်သက်တစ်ခါတော့ သေကြရတာချည်းပဲ မဟုတ်လား။ ဒီတော့ မသေခင် ရီချစ်တဲ့သူနဲ့ ကွဲရရင် ကျုပ် ကျေနပ်ပြီ။ ကျော်တင့်အကြောင်း ကျုပ် ကောင်းကောင်းသိတယ်။ ဟိုအရင်က ရီနဲ့ ကျုပ်ဖြစ်ခဲ့တဲ့အကြောင်းတွေ သူ သိသွားရင်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်လျှင် မနှင်းရီမှာ ဆက်လက်သည်းမခံနိုင်တော့ဘဲ…

"ဟဲ့ ခွေး။ ဟဲ့ ထောင်ထွက်။ နင့်ကိုလား ငါက ချစ်ခဲ့တာ။ နင် မဟုတ်တရားကြံလို့ ငါ ဒီလိုဖြစ်ရတယ်ဆိုတာ ကိုကျော်တင့်ကို ငါ ဖွင့်ပြောလိုက်မှာပေါ့။ သူ မယုံရင် ငါ့ကိုယ်ငါ သတ်သေမယ် ဟဲ့။ သေတော့ ဒုက္ခငြိမ်းရော မဟုတ်လား။ တစ်ဆောင် မဟုတ်ဘူး။ ဆယ်ဆောင် ရေးလိုက်။ သွား‥သွား။ နင့်မျက်နှာ ငါ မကြည့်ချင်ဘူး"

မနှင်းရီသည် စောထွန်းမောင်၏မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့လျက်ရှိလေသည်။

စောထွန်းမောင်သည် မနှင်းရီရန်တွေ့သည်ကို အနည်းငယ်မျှ စိတ်ဆိုးသည့်အမူအရာ မပြဘဲ…

"ကဲလေ၊ ရန်တွေ့နေလို့ ကိစ္စမပြီးသေးပါဘူး။ ဒီတော့ နက်ဖြန် ည ဆယ့်နှစ်နာရီအထိ စဉ်းစားသေးတာပေါ့။ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်ပါပေရဲ့။ ကျုပ် အခုပြောတဲ့စကားတွေဟာ သာမန်ကာလျှံကာ ပြောတာများလို့တော့ မမှတ်လိုက်နဲ့။ ကဲ၊ ကျုပ်သွားမယ်။ အချိန်ယူပြီးသာ စဉ်းစားပေတော့"

စောထွန်းမောင် ထွက်သွားပြီးနောက် မနှင်းရီမှာ မိမိ၏ရှေးဟောင်းနှောင်းဖြစ်များကို မောင်ကျော်တင့်မသိစေရန် ကာကွယ်ရေးအတွက် ကျေးဇူးရှင်ဖခင်ကြီး၏ အဖိုးထိုက်တန်သော ဖော်မြူလာကို လူဆိုးတစ်ယောက်၏လက်သို့ အပ်ရမည်ကို မည်သည့်နည်းနှင့်မျှ မပြုလုပ်နိုင်ကြောင်း ကျေးဇူးရှင်ဖခင်ကြီး၏ လျှို့ဝှက်သောပညာရပ်များပါသည့်စာအုပ်ကို ရန်သူ့လက်သို့အပ်မည့်အစား မိမိ၏ရာဇဝင်ကို မောင်ကျော်တင့်အား တစ်ခါတည်း ဖွင့်၍ပြောလိုက်ခြင်းက ပို၍ကောင်းမည်ဟု စဉ်းစားမိ၏။





သို့သော် တစ်ဘက်မှ စဉ်းစားကြည့်ပြန်လျှင်လည်း မိမိအကြောင်းကို ကိုကျော်တင့်အား ဟုတ်တိုင်းမှန်ရာ ဖွင့်လှစ်ပြောလိုက်က မောင်ကျော်တင့်သည် မိမိအပေါ်တွင် မည်သည့်နည်းနှင့်မျှ ချစ်တော့မည်မဟုတ်ကြောင်း စဉ်းစားလိုက်ပြန်သောအခါ မိမိ၏လက်နှစ်ဖက်ကို ဆန့်ကျင်ဘက်အရပ်သို့ တစ်ဘက်စီ အတင်းဆွဲငင်နေဘိသကဲ့သို့ စိတ်ထဲတွင် မဝေခွဲနိုင်အောင် ဖြစ်နေရှာ၏။

"အို‥မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဖေဖေကိုလည်း သစ္စာမဖောက်နိုင်ဘူး။ ကိုကျော်တင့်ကိုလည်း မပြောရက်နိုင်ဘူး။ ဒီတော့ ငါ သေတာပဲ ကောင်းတယ်"

‥ဟု စဉ်းစားကာ မျက်ရည်များ လည်၍လာရှာ၏။ ပလွေကို သာယာစွာတီးမှုတ်ကာ ရည်းစားကို မျှော်မှန်းတမ်းတနေသည့် နွားကျောင်းသားသည် လည်းကောင်း၊ ကလောင်ကိုကိုင်ကာ ကြိုးမိန့်ပေးနေသည့် တရားသူကြီးသည် လည်းကောင်း၊ ရင်ကို မြေကတုတ်လုပ်ကာ သေနတ်ကိုထမ်းလျက် ရန်သူအား တိုက်ခိုက်နေသည့် စစ်သားသည် လည်းကောင်း၊ 'အချစ်'၏သွေးဆောင်ရာသို့ လိုက်ပါကြမည့် အချစ်၏ကျေးကျွန်များသာ ဖြစ်တော့၏။

နောက်တစ်နေ့ ညနေစောင်း၌ မနှင်းရီသည် မိမိစိတ်ကို ရုတ်တရက် မဝေခွဲနိုင်ဘဲရှိနေရာမှ….

"တစ်ညလောက် ပေးလိုက်ရုံနဲ့ ကိစ္စရှိမယ် မထင်ပါဘူးလေ။ ဖေဖေပြောသလို ဒီစာအုပ်ကို သူတို့ရတောင် စာအုပ်ထဲမှာပါတာတွေ သူတို့ သိမယ်မဟုတ်ပါဘူး။ ပြီးတော့ သူ့ဖော်မြူလာကို တစ်ခြား ဘယ်သူမှမသိအောင် သူ့သင်္ကေတနဲ့သူ ရေးထားတယ်လို့ တစ်ခါက ဖေဖေ ပြောဖူးတယ်။ ပေးလိုက်မယ်။ ပေးလိုက်မယ်။ ဒီကောင်က မိုက်ကန်းကန်းလုပ်တတ်ပေမယ့် ဒီလိုနေရာမျိုးမှာ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်”

..ဟု တစ်ကိုယ်တည်းရေရွတ်ကာ ဖခင်ကြီး၏အလစ်ကို စောင့်ဆိုင်းလျက်ရှိနေ၏။ တစ်ခါတစ်ရံလည်း...

“မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီခွေးလက်ကို အပ်မယ့်အတူတူ ငါ့ကိုယ်ငါ သတ်သေလိုက်မယ်”

..ဟု ရေရွတ်မိပြန်၏။

ဤသို့ဖြင့် မနှင်းရီမှာ မိမိ၏စိတ်ကို မိမိမစေခွဲနိုင်ဘဲ အိပ်ရာပေါ်တွင် မျက်နှာကိုခေါင်းအုံးဖြင့် ကပ်ထားပြီး ရှုံ့သွပ်သောသူ တစ်ယောက်ပမာ တရှုံ့ရှုံ့ငိုကြွေးလျက် ရှိရှာ၏။ နောက်ဆုံး၌ကား တစ်စုံတစ်ရာကို ပြုလုပ်ရန် စိတ်ကို တစ်ခါတည်း ဆုံးဖြတ်လိုက်လေသည်။

ညဉ့်ခုနစ်နာရီအချိန်လောက်၌ ဦးထွန်းလူသည် အောက်ထပ်သို့ဆင်းပြီးလျှင် ညစာစားလျက်ရှိရာ မနှင်းရီသည် ဦးထွန်းလူ ချိတ်ထားသောအင်္ကျီအိတ်မှ အိပ်ခန်းသော့ကို တိတ်တဆိတ်နှိုက်ယူခဲ့ပြီးလျှင် ဦးထွန်းလူ၏အိပ်ခန်းတံခါးကို ဖွင့်ပြီးနောက်၊ ခေါင်းအုံးအောက်တွင် စာအုပ်ကလေးကို ရှာဖွေလျက်ရှိလေ၏။ သို့သော် မတွေ့ရချေ။ လွန်ခဲ့သောတစ်ပတ်ခန့်က မိမိသည် ဖခင်ကြီး၏အိပ်ရာမှ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်များကို လဲလှယ်ခဲ့ရာ ထိုအချိန်က ခေါင်းအုံးအောက်တွင် စာအုပ်ကလေးကို တွေ့ခဲ့သေး၏။ သို့သော် ယခု မတွေ့ရသဖြင့် အံ့အားသင့်လျက် ရှိနေ၏။

“ငါ မှားပြီ၊ မှားပြီ။ ဖေဖေကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဒီလို လုပ်မယ့်အစား....”

မနှင်းရီသည် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွား၏။ သို့သော် စိတ်ထဲတွင် တစ်စုံတစ်ရာပြုလုပ်ရန် စိတ်ကို ဆုံးဖြတ်ထားပြီး ဖြစ်





သဖြင့် အိပ်ခန်းတံခါးကို ပြန်၍ပိတ်ခဲ့ပြီးနောက် အောက်ထပ်သို့ အိန္ဒြေရစွာ ဆင်းလာခဲ့လေသည်။

ထိုညဉ့်၌ ဦးထွန်းလူသည် ဓာတ်ခွဲခန်းတွင် ဆေးဝါးနှင့် ဓာတ်သတ္တုများကို စမ်းသပ်လျက်ရှိရာ မနှင်းရီမှာ သူ၏အခန်းတွင် အကြံထုတ်လျက်ရှိနေ၏။ မှတ်စုစာအုပ်ကလေးကို စောထွန်းမောင်အား ထိုည မပေးနိုင်က စောထွန်းမောင်သည် မည်သည့်နည်းနှင့်မျှ မိမိအား ယုံကြည်မည် မဟုတ်ပေ။

ထိုရက်များအတွင်း မောင်ကျော်တင့်သာ ရောက်ရှိလာက စောထွန်းမောင်၏အကြောင်းကို ထုတ်ဖော်ပြောဆို၍သော် လည်းကောင်း မောင်ကျော်တင့်ထံမှ အကူအညီတောင်းတော့မည်ဟု စိတ်ကူးထား၏။ သို့သော် မောင်ကျော်တင့်မှာ ထိုအချိန်အထိ လုံးဝ ပေါ်မလာသဖြင့် မည်သို့မျှ မကြံတတ်အောင်ရှိနေရှာ၏။

အချိန်သည် ဆယ့်နှစ်နာရီသို့ နီးကပ်လာရာ ပတ်ဝန်းကျင်သည်လည်း တဖြည်းဖြည်း တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာတော့၏။ ဆယ့်နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်မျှသာ လိုတော့သဖြင့် မနှင်းရီသည် တစ်စုံတစ်ရာကို သံန္နိဋ္ဌာန်ချပြီးနောက် အောက်ထပ်သို့ ခြေသံမကြားအောင် ဆင်းလာခဲ့၏။

နောက်ဖေးတံခါးအနီးသို့ ရောက်သောအခါ အပြင်မှ ခြေသံလိုလိုကြားရသဖြင့် ခြေလှမ်းများ တုန့်ခနဲဖြစ်သွားသေး၏။ သို့သော် သတ္တိကောင်းသော မိန်းကလေးဖြစ်သည့်အတိုင်း တံခါးကို ညင်သာစွာ ဖွင့်လိုက်လေသည်။

ဦးထွန်းလူသည် ဓာတ်ခွဲခန်းနှင့်တည့်တည့်တွင် စိန်ပန်းပင်ကြီးတစ်ပင်ရှိရာ မှုန်ရီမှုန်မွှား သာလျက်ရှိသောလရောင်သည် သစ်ပင်၏ကိုင်းဖျားကိုင်းနားကြားမှ မြေပေါ်သို့ ထိုးကျလျက် ရှိ၏။ သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ရင်းမှာ အတော်ပင် မှောင်၍နေသော်လည်း ခပ်လှမ်းလှမ်းမှ ကြည့်လျှင် ဝိုးတဝါး မြင်နိုင်၏။ မနှင်းရီသည် ဤသို့စဉ်းစားလျက်ရှိစဉ် မနီးမဝေးရှိ ချုံများကြားမှ ချိုးချိုးချွတ်ချွတ်အသံများကို ကြားလိုက်ရသဖြင့် ချိန်းဆိုထားသောနေရာသို့ ရုတ်တရက်မသွားသေးဘဲ ခေတ္တရပ်ဆိုင်းလျက်ရှိနေ၏။

ပတ်ဝန်းကျင်မှာ အလွန်တိတ်ဆိတ်လျက် ရှိနေသောကြောင့် ခြံအတွင်းသို့ရောက်သောသူတစ်ယောက်သည် အသေအချာ နားစွင့်၍ထောင်က အိမ်အပေါ်ထပ်ရှိ ဦးထွန်းလူ၏ ဓာတ်ခွဲခန်းဆီမှ တရှဲရှဲမြည်နေသော အသံကလေးတစ်သံကို ကြားနိုင်၏။

မနှင်းရီသည် လက်ထဲတွင်ကိုင်ထားသော ဓားမြှောင်ကလေးကို ခါးကြားတွင် အပေါ်အင်္ကျီဖြင့် ဖုံး၍ ဝှက်ထားလိုက်သည်။ ထို့နောက် အသင့်ယူလာသော စောင်အနက်တစ်ထည်ကို ခေါင်းမြီးခြုံကာ အရိပ်အောက်မှထွက်မည်ပြုစဉ် လှုပ်ရှားလျက်ရှိသော သဏ္ဌာန်နှစ်ခုကို စိန်ပန်းပင်ကြီးအောက်တွင် ရုတ်တရက်မြင်လိုက်ရသဖြင့် ကြက်သေသေ၍ ငေးမောကြည့်နေမိ၏။

စိန်ပန်းပင်ကြီးအောက်တွင် ခပ်ရေးရေးမြင်ရသော သဏ္ဌာန်နှစ်ခုသည် တဖြည်းဖြည်းနီးကပ်သွားလျက် ၎င်းတို့စကားပြောသံများကို အနီးကပ်၍ နားထောင်လျှင် အောက်ပါအတိုင်း ကြားရပေမည်။

ဘောင်းဘီဝတ်ထားသော သဏ္ဌာန်မှာ ယောကျ်ားနှင့် တူ၍ စောင်ကို ခေါင်းမြီးခြုံထားသူမှာ နွဲ့နှောင်းသောအမူအရာရှိသဖြင့် မိန်းကလေးတစ်ယောက် ဖြစ်ဟန်တူလေသည်။

တစ်ယောက် ။ ။ "ဒီလိုမှပေါ့ မနှင်းရီ။ လောကမှာ ကိုယ့်အရှက်ထက် ပိုပြီး ငဲ့ကွက်ဖို့ ဘာများရှိသေးသလဲ။ နက်ဖြန်ညကို ကျုပ် ဆက်ဆက်ကြီး ဒီနေရာလာပြီး ထားပါ့မယ်။ လူဆိုးတစ်ယောက်





ဖြစ်ပေမယ့် ကျုပ်ဟာ စကားတည်ပါတယ်။ ကိုင်း၊ ပေးပေတော့"

မိန်းကလေးသည် တစ်စုံတစ်ရာပြန်၍ မပြောဘဲ မျက်နှာကို အောက်သို့ချကာ စာအုပ်ကလေးတစ်အုပ်ကို တုန်တုန်ရီရီဖြစ်နေသောလက်များဖြင့်ပေးလိုက်ရာ ယောကျ်ားက လှမ်း၍ယူလိုက်သည်။ ထိုအခါ စာအုပ်ကလေး၏အောက်၌ လက်နှစ်ဖက်များ ထိတွေ့လေရာ ပထမစကားပြောသောသူသည် ခြေကို ဖျတ်ခနဲ ခြေတစ်လှမ်းနောက်သို့ဆုတ်လိုက်ပြီးနောက်...

"မနှင်းရီ"

"ဟီး....ဟီး.....ဟီး"

"ဟော့။ မင်းဘယ်သူလဲ"

"ကျော်တင့်လေ"

ထိုခဏ၌ အခြားမိန်းမတစ်ယောက်၏သဏ္ဌာန်တစ်ခုသည် ၎င်းတို့အနီးသို့ ချဉ်းကပ်လာ၏။

မောင်ကျော်တင့်သည် ခေါင်းမြီးခြုံကို ဖွင့်ချလိုက်ပြီးနောက် စောထွန်းမောင်အား မျက်နှာချင်းအပ်ကာ ရင်ဆိုင်လိုက်၏။

"ဒီမှာလေ။ ကျော်တင့်ကွယ့်။ လားရှိုးကို လေး-ငါးရက်သွားပြီး မင့်အကြောင်း စုံစမ်းခဲ့တာ ကောင်းကောင်းကြီးသိရပြီ။ ဒီတစ်ခါတော့ အဘိုးကြီးဆီက ဖော်မြူလာပဲ ရမလား။ ထောင်ထဲပဲ ရောက်မလား ကြည့်ကြသေးတာပေါ့"

၎င်းတို့အနီးသို့ ချဉ်းကပ်လာသောမိန်းကလေးသည်

"အမယ်လေး.. ကိုကျော်တင့်။ ရှင် ရှင်"

မောင်ကျော်တင့်၏ စကားမဆုံးမီပင် စောထွန်းမောင်သည် ခါးကြားထဲမှ ဓားမြှောင်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီးနောက် မောင်ကျော်တင့်၏ ရင်ဝဆီသို့ ထိုးစိုက်လိုက်၏။ သို့သော် လက်ကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းထက်လျင်မြန်သော လက်တစ်ဖက်သည် စိန်ပန်းပင်နောက်မှထွက်လာပြီးနောက် စောထွန်းမောင်၏ ဓားမြှောင်ကိုင်ထားသောလက်ကို ပြောင်းတိုသေနတ်ကလေးဖြင့် ရိုက်ချလိုက်လေသည်။ ထိုသူမှာ ဦးထင်ကျော်ဖြစ်၍ ၎င်း၏နောက်မှ ရဲမှူးဦးအုန်းဘူးနှင့် ပုလိပ်သားနှစ်ယောက်လည်း ပါလာရာ ၎င်းတို့သည် စောထွန်းမောင်အား မလှုပ်နိုင်အောင် ချုပ်ကိုင်ထားလိုက်ကြ၏။

ထိုအချိန်၌ ဦးထွန်းလှူသည် ခြံထဲမှ လှသံကြားသဖြင့် လက်နှိပ်ဓာတ်မီးနှင့် ခြောက်လုံးပြူးသေနတ်ကို တစ်ဖက်စီကိုင်ပြီးလျှင် အိမ်ပေါ်မှ ဆင်းလာခဲ့၏။

"သမီး..သမီး..သမီး"

"ဖေဖေ..ဖေဖေ"

မနှင်းရီသည် ဦးထွန်းလှူထံ ပြေးသွားပြီးလျှင် လည်ပင်းကိုဖက်ကာ ငိုကြွေးလျက်ရှိ၏။

"ဘယ်လို ဖြစ်ကြတာလဲကွယ့်။ ဟာ ရဲမှူးပါလား။ နေပါဦး။ ဟိုအကောင်က"

ဦးထွန်းလှူသည် စောထွန်းမောင်၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လျက်...

"ငါ့သမီးကိုစော်ကားတဲ့ ခွေးကောင်ပါလား"

ထိုအခါ ဦးထင်ကျော်က

"ဟုတ်ပါတယ်ဦး။ ဦးရဲ့ဖော်မြူလာစာအုပ်ကို ခိုးဖို့ကြံနေတာ သူပါပဲခင်ဗျာ။ ဦးရဲ့လုံခြုံမှုအတွက် ကာကွယ်ပေးမယ်ဆိုတဲ့ စုံထောက်သန်းဆွေဆိုတာလည်း သူတို့အဖွဲ့ထဲကပါပဲ။ ဒီကောင်ဟာ ဦးကို မျက်နှာမပြဝံ့တော့ ဦးရဲ့သိပေါင်းကျွမ်းပေါင်းဖြစ်တဲ့ သန်းဆွေကိုလွှတ်ပြီး ကြံစည်တာပါပဲ။ ဦးရဲ့ဖော်မြူလာရရင် ငွေတစ်သောင်း





နဲ့ ဝယ်မယ့်သူရှိတယ်။ အဲဒါက သူတို့ဆရာကြီးပေါ့ခင်ဗျ။ ဒါကြောင့် သူတို့ ရန်ကုန်ဆင်းလာပြီး ဦးရဲ့မှတ်စုစာအုပ်ကလေးကို ခိုးဖို့ကြံတာကိုး။ ပထမ သန်းဆွေဆိုတဲ့အကောင်ကို တစ်ဘက်လှည့်နဲ့ ဦးကို အယုံသွင်းပြီး စာအုပ်ကလေးကို ခိုးခိုင်းတာ မရလို့၊ နောက်ဆုံး သူကိုယ်တိုင် မနှင်းရီကို အကြပ်ကိုင်တော့တာပါပဲ။ အရင်က မနှင်းရီကို သူစော်ကားလို့ ဆေးရုံမှာ တိတ်တဆိတ် ကိုယ်ဝန်ဖျက်ချရတဲ့အကြောင်း၊ သူက မောင်ကျော်တင့်ကို ဖွင့်မပြောစေချင်ရင် စာအုပ်ကလေးကို ခိုးပေးရမယ်ဆိုပြီး အကြပ်ကိုင်တာကိုးခင်ဗျ။ ဒီအကြောင်းတွေ အခုလို ဖွင့်ပြောရတာ ဦးကို အင်မတန်အားနာပါတယ်ခင်ဗျာ။ နို့ပေမယ့် မပြောမပြီးဆိုသလိုဖြစ်နေလို့ ကျွန်တော် ဖွင့်ပြောရတာပါ။ မနှင်းရီကိုလည်း တောင်းပန်ပါတယ်ဗျာ"

ထိုစကားများကို ကြားရသော ဦးထွန်းလှူက ဦးထင်ကျော်ဘက်သို့လှည့်၍

"နေပါဦး။ မောင်က ဘယ်သူလဲ"

"ကျွန်တော်က စုံထောက်မောင်ထင်ကျော်လို့ ခေါ်ပါတယ်။ ဟောဒီ မနှင်းရီနဲ့ရည်ငံနေတဲ့ မောင်ကျော်တင့်က လျှို့ဝှက်အကူအညီတောင်းလို့ ကူညီရတာပါ။ ဦးမှာ ရန်သူတွေရှိနေတဲ့အကြောင်း၊ အခုတလော ဦးရဲ့ပစ္စည်းတစ်ခုကို သူတို့က ခိုးဖို့ကြံစည်နေတဲ့အကြောင်း စုံစမ်းသိရှိရလို့ ကျွန်တော့်မိတ်ဆွေ အင်စပိတ်တော်ဦးအုန်းဘူးနဲ့အတူ ဦးတို့ကို အန္တရာယ်မပြုရအောင် ကျွန်တော်က ကူညီနေတာပါ"

"ဪ၊ ဟုတ်လား။ ကျေးဇူးတင်ပါတယ်မောင်"

ဦးအုန်းဘူးသည် စောထွန်းမောင်အား လက်ထိပ်ခတ်ရန် ရဲသားများအား အမိန့်ပေးလိုက်လေသည်။

"ကဲ၊ ကဲ။ ဒီမှာ ပြောနေကြတာ မကောင်းပါဘူးခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဦး ခွင့်ပြုမယ်ဆိုရင် အိမ်ပေါ်..''

''လာကြပါ မောင်၊ လာကြပါ။ အိမ်ပေါ်မှာ ပြောကြဆိုကြတာ ပိုကောင်းပါတယ်''

မောင်ကျော်တင့်မှာ ဆရာကြီးဦးထွန်းလူကို လည်းကောင်း၊ မိမိ၏ရည်းစားဖြစ်သူ မနှင်းရီကို လည်းကောင်း၊ အလွန်အားနာသည့် အမူအယာဖြင့် ဦးခေါင်းကိုငုံ့လျက် ရှိနေ၏။ မနှင်းရီမှာ အလွန်ရှက်ကြောက်အားနာသည့်မျက်နှာဖြင့် ဦးခေါင်းကိုငုံ့လျက် ရှိလေသည်။

စောထွန်းမောင်အား အိမ်ပေါ်သို့ခေါ်သွားရာ မောင်ကျော်တင့်၊ မနှင်းရီနှင့် ဦးထင်ကျော်တို့အဖွဲ့လည်း ၎င်းတို့နောက်မှ လိုက်ပါသွားကြလေသည်။

* * *

အိမ်ရှေ့ခန်း၌ ထိုင်မိကြသောအခါ ဦးထွန်းလူက လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်လောက်မှစ၍ မိမိသည် ရက္ခဗေဒပါရဂူတစ်ဦး၏ အကြံပေးချက်အရ အရောင်ပြောင်းလွဲမှုအကြောင်းကို သုတေသနပြုခဲ့ကြောင်း၊ လားရှိုးမြို့တွင် နေစဉ်က ထိုအကြံကို ပုဂ္ဂိုလ်ကြီးတစ်ဦးက သိသွားသဖြင့် မိမိထံ ငွေအမြောက်အမြားပေး၍ ဝယ်ရာ မိမိက မရောင်းခဲ့ကြောင်း၊ သို့နှင့် ထိုပုဂ္ဂိုလ်ကြီးသည် လူဆိုးများ ငှားရမ်းကာ မိမိ၏သုတေသနပြုချက်အရ အမြင့်ဆုံးအဆင့်သို့ ရောက်လာသည့်မှု(FORMULA)ကို နှစ်ကြိမ်သုံးကြိမ်မျှ ခိုးယူရန် ကြံစည်ခဲ့သော်လည်း အထမမြောက်ခဲ့ကြောင်း၊ ယခု လာရောက်ကြံစည်သူများလည်း ထိုအဆက်အနွယ်ထဲကပင် ဖြစ်ဟန်တူကြောင်းဖြင့် ယင်းပုဂ္ဂိုလ်ကြီး၏နာမည်နှင့် မိမိတီထွင်မှု သုတေသနပြုချက်များကို အလုံးစုံဖွင့်မပြောဘဲ တစ်စိတ်တစ်ဒေသမျှ ရှင်းလင်းပြောပြလျက်ရှိ၏။

ထိုအခါ ဦးအုန်းဘူးက..





''အခုတော့ ကျွန်တော်တို့ဖမ်းရတာက ခြံထဲကို ဦးရဲ့အခွင့်တစ်စုံတစ်ရာမရဘဲ ကျူးကျော်ဝင်ရောက်မှု၊ ဦးရဲ့ဖော်မြူလာကို ခိုးရန် ကြံစည်မှု၊ ကျွန်တော်တို့ကို ကူညီနေတဲ့ ဟောဒီက မောင်ကျော်တင့်ကို ဓားမြှောင်နဲ့ထိုးရန် ကြံစည်မှုနဲ့ ဖမ်းတာပါပဲခင်ဗျာ။ တခြားပြဿနာတွေကတော့ ခုလောလောဆယ် ကျွန်တော်တို့နဲ့ ဆိုင်မယ် မထင်ပါဘူး၊ ကဲ၊ ကျွန်တော်တို့ ...''

ဦးအုန်းဘူး စကားမဆုံးမီ ဤနေရာသို့အရောက်တွင် စောထွန်းမောင်သည် ကုလားထိုင်တစ်လုံးတွင် ထိုင်နေရာမှ အိမ်ဦးခန်းနှင့် ဓာတ်ခွဲခန်းအကြားရှိ စင်္ကြံလမ်းကြားကလေးအတိုင်း စွတ်၍ ပြေး၏။

''ဟဲ့.....ဟဲ့.....ဟဲ့''

''အလို...''

''အမယ်လေး။ ကိုကျော်တင့် လုပ်ပါဦး''

စောထွန်းမောင် ထိုင်နေသောကုလားထိုင်မှာ ဓာတ်ခွဲခန်းသို့သွားရာလမ်းကလေးနှင့် အနီးဆုံးဖြစ်သဖြင့် သူသည် ရဲသားများ၏အလစ်၌ လက်ထိပ်တန်းလန်းနှင့် ပြေးသွားခြင်း ဖြစ်လေသည်။

ဦးထွန်းလူသည် အောက်ထပ်သို့ လက်နှိပ်ဓာတ်မီးနှင့်ဆင်းလာခဲ့စဉ်က ဓာတ်ခွဲခန်းတံခါးကို သော့မခတ်ဘဲ အပြင်မှဖွင့်နိုင်သည့် ဂျက်ကိုသာ ချ၍ထားခဲ့၏။

စောထွန်းမောင်သည် မှန်ချပ်များ ကာထားသည့် ဓာတ်ခွဲခန်းရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက်....

''ကိုင်း...ဒါလောက်တောင် ကြံလို့မရတဲ့ပစ္စည်း၊ ဖြစ်ချင်ရာ ဖြစ်ပစေ။ ကိုင်း...ကိုင်း''

ဟု ပါးစပ်မှ ဟစ်အော်ရေရွတ်ကာ လက်ထိပ်ခတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့် နှစ်ချက် သုံးချက် တအားထုနှက်လေရာ····

ပွှမ်း···ဂျလွှမ်း···ချွမ်း···ဝုန်း····ဝုန်း

ဟူသော ပေါက်ကွဲသံတစ်သံ နောက်ဆုံးထွက်လာပြီးလျှင် အခန်းထဲမှ မီးခိုးလုံးကြီးများ ထွက်လာသည်ကို တွေ့မြင်ကြရ၏။ ၄င်းကိုယ်တိုင်မှာလည်း တံခါးအတွင်းမှ ဂျက်ပြုတ်ကာ အခန်းတွင်းသို့ အားလွန်၍ လဲကျသွားပြီးနောက် မီးတောက်များအကြား၌ လူးလိမ့်လျက် ရှိလေသည်။

"ကိုယ်ကျိုးနည်းပြီ··ကိုယ်ကျိုးနည်းပြီ။ လုပ်ကြပါဦး··မောင်တို့။ လုပ်ကြပါဦး"

ဦးထွန်းလူမှာ မိမိ၏ဓာတ်ခွဲခန်းပေါက်ကွဲသွားသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် သွေးရူးသွေးတန်းဖြစ်ကာ အခန်းထဲသို့ တိုးဝင်လျက်ရှိသဖြင့်၊ ဦးထင်ကျော်နှင့် ဦးအုန်းဘူးက အတော်ပင် ကြိုးစား၍ ဆွဲထားရ၏။

ဦးအုန်းဘူးမှာ လုပ်သက်ရင့်သော ရဲအရာရှိတစ်ယောက်ပင်ဖြစ်သော်လည်း အံ့အားသင့်ကာ ကြက်သေသေလျက် ရှိနေ၏။ ထိုအခါ ဦးထင်ကျော်သည် ဦးထွန်းလူ၏ဓာတ်ခွဲခန်း နောက်ဘက်ဝရံတာမှ တိုင်တစ်တိုင်တွင် မီးသတ်ဗူးတစ်ဗူး ဆွဲချိတ်ထားသည်ကို သတိရသည့်ဟန်ဖြင့် ပြေး၍ ဖြုတ်ယူကာ မြေကြီးပေါ်တွင် ဗူးကို ရိုက်ဖွင့်လိုက်ပြီးနောက် မီးတောက်များကို ပက်ဖျန်းလျက်ရှိလေ၏။

စောထွန်းမောင် လူးလိမ့်လျက်ရှိစဉ်က မီးတောက်များမှာ လူတစ်ရပ်နီးပါးမျှ ရှိပြီဖြစ်သော်လည်း မီးသတ်ဓာတ်ရေများအောက်တွင် တဖြည်းဖြည်း မီးရှိန်ကျသွားပြီးနောက်၊ နောက်ဆုံး မီးခိုးများသာ အခန်းထဲတွင် အူ၍ ကျန်ရစ်ခဲ့တော့၏။

မီးသတ်ဓာတ်ရေဖြင့် ပက်ဖျန်းခြင်းမပြုမီ ရဲသားနှစ်ယောက်





တို့က စောထွန်းမောင်အား ဝင်၍ ဆွဲကြသေး၏။ ၄င်းအား လက်ထိပ်ခတ်၍မထားပါက စောထွန်းမောင်မှာ အခန်းအပြင်သို့ ထွက်နိုင်မည် ဖြစ်၏။ သို့သော် တစ်စုံတစ်ရာပေါက်ကွဲပြီးလျှင် တစ်ခန်းလုံး ဓာတ်ဆီများပြန့်၍ မီးလောင်လျက်ရှိသောကြောင့်၊ စောထွန်းမောင်မှာ အခန်းအပြင်သို့ မထွက်နိုင်တော့ဘဲ လူးလိမ့်လျက်ရှိရာ၊ ရဲသားနှစ်ယောက်တို့က ၄င်း၏ခြေနှစ်ဖက်ကိုကိုင်၍ အခန်းအပြင်သို့ ရောက်အောင် အတင်းဆွဲထုတ်ကြရ၏။ အပြင်သို့ရောက်သောအခါ၌ကား စောထွန်းမောင်၏ မျက်နှာနှင့်ခြေလက်တို့မှာ မီးလောင်သောဒဏ်ရာများဖြင့် ရစရာမရှိအောင် အသားနီ လန်လျက်ရှိရလေသည်။ စောထွန်းမောင်သည် ပါးစပ်မှ ရေရွတ်ကျိန်ဆဲကာ အသက်ရှူလည်း မမှန်တော့ဘဲ မောဟိုက်လျက်ရှိလေသည်။ ရဲသားနှစ်ယောက်တို့မှာလည်း လက်တွင် မီးလောင်သည့်ဒဏ်ရာ အနည်းငယ်စီ ရရှိသွားကြ၏။

ဦးအုန်းဘူးမှာလည်း အမှုတစ်ခုပေါ်တွင် တစ်ခု ဆင့်၍လာပြန်ပြီဖြစ်သဖြင့် ခြံနီးချင်း သူဌေးတစ်ဦး၏အိမ်မှ တယ်လီဖုန်းဖြင့် ရဲဌာနနှင့် ဆေးရုံကြီးသို့ အကြောင်းကြားလေရာ မကြာမီ ဆရာဝန်တစ်ဦးနှင့် လူနာတင်ကားတစ်စီး ရောက်လာ၍ စောထွန်းမောင်အား ဆေးရုံကြီးသို့ ရဲသားတစ်ယောက်ဖြင့် ပို့လိုက်ရ၏။ (စောထွန်းမောင်မှာ နောက်တစ်နေ့တွင် ဆေးရုံကြီး၌ သေဆုံးသွားလေသည်။)

ထိုနောက် ဦးထင်ကျော်နှင့် ဦးအုန်းဘူးသည် သားအဖနှစ်ယောက်အား နှုတ်ဆက်ပြန်သွားရာ မောင်ကျော်တင့်လည်း ၄င်းတို့နှင့်အတူ လိုက်ပါသွားလေသည်။ သွားခါနီးတွင် မနှင်းရီက မောင်ကျော်တင့်အနားသို့ ကပ်၍····

"ကျွန်မတို့ချည်း ပစ်မထားပါနဲ့ ကိုကျော်တင့်"

ဟုပြောရာ မောင်ကျော်တင့်က··



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ရီရယ်။ ဘာမှ အားမငယ်ပါနဲ့။ ကိုကျော်တင့် နက်ဖြန်လာခဲ့ဦးမယ်"

ဟု တီးတိုးပြောခဲ့လေသည်။

ဦးထွန်းလူ၏ စက်ကိရိယာများနှင့် ဆေးပုလင်းများ၊ ဖန်ဘူး ဖန်ခွက်များနှင့် အခြားအသေးအဖွဲ့ပစ္စည်းများပါမကျန် မီးထဲတွင် ပါသွားရာ မီးသတ်ဓာတ်ရည်များဖြင့် ပက်ဖျန်းနိုင်၍သာ အိမ်ကြီးတစ်ခုလုံး မလောင်ဘဲ ကျန်ရစ်ခဲ့လေသည်။

ဦးထွန်းလူမှာ မိမိ၏ အဖိုးတန်စက်ကိရိယာများနှင့် ရှားပါးလှသော ဓာတ်ဆေးပစ္စည်းများ ဆုံးရှုံးရသဖြင့် တစ်ခါတစ်ရံ အိမ်အပေါ်ထပ်ဧည့်ခန်းတွင် လက်နှစ်ဖက်ကို နောက်သို့ပစ်ခါ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် လည်းကောင်း၊ တစ်ခါတစ်ရံလည်း ပါးစပ်မှ တတွတ်တွတ်ရေရွတ်ရင်း စားပွဲပေါ်တွင် တတောင်ဆစ်နှစ်ဖက်ကိုထောက်ကာ သူ၏နားထင်ကို လက်ဖြင့် ဖျစ်ညှစ်၍ လည်းကောင်း ဆောက်တည်ရာမရဘဲ အရူးတစ်ယောက်ကဲ့သို့ ရှိနေ၏။

ထိုည၌ မနှင်းရီမှာ အပေါ်ထပ်တွင် မအိပ်ဝံ့သဖြင့် ဒေါ်နန်းစိန်နှင့်အတူ အောက်ထပ်သို့ဆင်း၍ အိပ်ရရှာသည်။ အချိန်မှာ နံနက်သုံးနာရီ ထိုးလုပြီဖြစ်သော်လည်း ရုတ်တရက် အိပ်မပျော်သေးပေ။ အပေါ်ထပ်မှ ဖခင်ကြီးလမ်းလျှောက်နေသော ခြေသံများကို တစ်ခါတစ်ရံ နားစွင့်၍ ထောင်လိုက်မိ၏။ တစ်ကြိမ်တွင် ဦးထွန်းလူက ဒေါ်နန်းစိန်ကို ခေါ်၍ ဘီဒိုထဲမှ ဝီစကီနှင့် ဆော်ဒါပုလင်းကို ယူခိုင်းရာ ဒေါ်နန်းစိန်သည် ပုလင်းများနှင့် ဖန်ခွက်တစ်လုံးကို ယူပေးရ၏။

မနှင်းရီမှာ ထိုညက ကြောက်မက်ဖွယ်ကောင်းသော အဖြစ်





အပျက်များကို တွေး၍ အိပ်မပျော်နိုင်ဘဲရှိရာမှ အတန်ငယ်ကြာသော အခါ မှေးခနဲ အိပ်ပျော်သွားလေသည်။

နံနက် ငါးနာရီလောက်တွင် ဒေါ်နန်းစိန်သည် အိမ်ပေါ်ထပ်မှ ဒုန်းခနဲ လဲကျသံတစ်ခုကို ကြားလိုက်ရသဖြင့် မနှင်းရီအား နှိုးကာ အိမ်အပေါ်ထပ်သို့ အပြေးအလွှားတက်၍သွားကြ၏။ အပေါ်ထပ်သို့ရောက်၍ စာကြည့်စားပွဲကလေး ရှေ့တွင် လဲ၍နေသော ကုလားထိုင်နှင့်အတူ ဦးထွန်းလူမှာ ကြမ်းပြင်ပေါ်၌ တစောင်းလဲကျနေသည်ကို တွေ့ရတော့၏။ မနှင်းရီသည် ဦးထွန်းလူအား ပွေ့ထူလိုက်ရာ ဦးထွန်းလူမှာ အသက် မရှိတော့ချေ။

"ဖေဖေ...ဖေဖေ။ ဘယ်လို ဖြစ်ရတာလဲ ဖေဖေရယ်"

မနှင်းရီသည် ဖခင်ကြီး၏အလောင်းပေါ်တွင် ကိုယ်ကိုပစ်လှဲကာ ဟစ်အော်ငိုကြွေးလျက်ရှိရှာ၏။ ဒေါ်နန်းစိန်သည် အောက်သို့ ပြေးဆင်းသွားပြီးနောက် အိမ်နီးနားချင်းများထံမှ အကူအညီတောင်းကာ မြို့ထဲတွင်နေသော ဆွေမျိုးများနှင့် မိတ်ဆွေများထံသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားလေသည်။ ခြံချင်းကပ်လျက်ရှိသော အငြိမ်းစားရဲဝန်ထောက် မစ္စတာဘုဆိုသူက သက်ဆိုင်ရာရဲဌာနသို့ အကြောင်းကြားပြီးလျှင် အိမ်သို့လည်း ကိုယ်တိုင်လိုက်လာခဲ့ရာ၊ မကြာမီပင် အိမ်နီးပါးချင်းများလည်း ရောက်လာတော့၏။

ဦးထွန်းလူ၏စာရေးစားပွဲပေါ်တွင်ကား မီးထွန်းထားသည့် ဖယောင်းတိုင်တစ်တိုင်နှင့် အရက်ပျံပုလင်းကလေး တစ်လုံးကို တွေ့ရှိရပြီးလျှင် ပန်းကန်ပြားတစ်ချပ်ပေါ်၌ မီးလောင်၍ပြာကျနေသော ၄င်း၏မှတ်စုစာအုပ်ကိုလည်း ထူးဆန်းစွာ တွေ့ရှိရလေသည်။ ဦးထွန်းလူသည် နှစ်ပေါင်းလေးဆယ်ကျော်မျှ အပင်ပန်း အဆင်းရဲခံ၍ အပင်တကုတ်ကြိုးစားကြံစည်ခဲ့သည့် အကြံအစည်တစ်ခုမှာ အောင်မြင်ခါ



www.burmeseclassic.com

www.burmeseclassic.com



နီးသည့်အချိန်မှ လူမိုက်တစ်ယောက်၏ပယောဂကြောင့် ပျက်စီးခဲ့ရသဖြင့် စိတ်ကိုထိခိုက်လွန်းပြီး နှလုံးရောဂါဖြင့် ကွယ်လွန်သွားဟန် တူပေသည်။ ဦးထွန်းလူမှာ ယခင်က သူပြောခဲ့ဖူးသည့်စကားအတိုင်း သူ၏ပညာရပ်များကို မြှုပ်နှံရာသင်္ချိုင်းသို့ သူနှင့်အတူ ယူဆောင်သွားလေပြီ။

ဦးထွန်းလူ၏ကုတ်အင်္ကျီထဲတွင် သူ၏လက်ရေးဖြင့် သူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် စာတစ်စောင်ကို တွေ့ရှိရလေရာ စာတွင် ပါရှိသည်မှာ အောက်ပါအတိုင်းဖြစ်၏။

*အို…လူမိုက်များတို့*

*ကျွန်ုပ်သည် အသက်စည်းစိမ်ကို ပထားနှ မထား၊ ဆင်းရဲချမ်းသာကိုလည်း ဂရုမစိုက်ဘဲ နှစ်ပေါင်း လေးဆယ်ကျော်၊ ငါးဆယ်နီးပါးမျှ ဆင်းရဲပင်ပန်းခံ၍ ဤဆန်းသစ်သော လောကဓာတ်ပညာနည်းကို လိုက်လံရှာဖွေခဲ့ရာ ယခုမှ မပြောပလောက်သော ကိစ္စလေးတစ်ခုနှင့်ပတ်သက်၍ လူမိုက်တစ်ယောက်၏ပယောဂကြောင့် ထိုအကြံအစည် ပျက်ပြားခဲ့လေပြီ။*

*မှန်ခန်းအတွင်းရှိ ဓာတ်ဖန်လုံးနှင့်တကွ စက်ကိရိယာများပါ မီးလောင်ပျက်စီးခဲ့ရလေပြီ။ ဤအကြံပျက်စီးက ကျွန်ုပ်သည် လောကကြီးတွင် အသက်ရှင်၍ နေရန်အကြောင်း မရှိတော့ပေ။ တက္ကသိုလ်မှ ဘွဲ့ယူထွက်ခဲ့ပြီးနောက် ကျွန်ုပ်မှာ အတန်ငယ် အသားမည်းသောသူတစ်ယောက် ဖြစ်သည့်အတိုင်း အသားဖြူသောသူများကို မနာလိုဝန်တိုဖြစ်ကာ မိမိကိုယ်တိုင် အသားဖြူရန် ထူးဆန်း*





*သောဆန္ဒတစ်ခု ဖြစ်ပေါ်လာခဲ့၏။ အသားဖြူခြင်း၊ အသားမည်းခြင်းဆိုသည်မှာ အသားစိုင် အသားတစ်များ၏အသွေးအရောင်မဟုတ်ဘဲ အပေါ်ယံအရေပြား၏အသွေးအရောင်သာဖြစ်၏။ ထို့ကြောင့်လည်း(Beauty is nothing but Skin deep) ဟု အင်္ဂလိပ် စကားပုံတစ်ခု ရှိ၏။ အဓိပ္ပါယ်မှာ လူတို့၏အလှဆိုသည်မှာ အရေပြား တထောက်မျှသာနက်၏ဟု အဓိပ္ပါယ်ရလေသည်။*

*ကျွန်ုပ်သည် တက္ကသိုလ်တွင် သုံးနှစ်နီးပါးမျှ လုပ်ကိုင်နေသည့်အတွင်း မိမိ၏လျှို့ဝှက်စမ်းသပ်မှုများကိုလည်း နိုင်ငံခြားမှ အသေးစိတ်စက်ကိရိယာကလေးများနှင့် ဆေးဝါးဓာတ်သတ္တုပစ္စည်းများကို မှာယူပြီးလျှင် အသားအရောင်ပြောင်းလဲနိုင်သည့် ဆေးကို ကြံစည်ခဲ့လေသည်။*

*ဤသို့ ကြံစည်နေစဉ်အတွင်း ဂျာမနီနိုင်ငံမှ ဓီဝဗေဒ၊ သတ္တဗေဒနှင့် ရုက္ခဗေဒပါရဂူတစ်ဦးဖြစ်သူ ‘ဗွန်ဖစ်စကာစ်မစ်ဒိုး’ဆိုသူ လောကဓာတ်ဆရာကြီးတစ်ဦးနှင့် မိတ်ဆွေဖြစ်၍ သူကလည်း ကျွန်ုပ်၏အကြံအစည်ကို သဘောကျသဖြင့် ဆရာကြီးအပြန်တွင် သူနှင့်အတူ လိုက်ပါသွားခဲ့လေသည်။ သို့သော် ဆရာကြီးမှာ ဂျာမနီသို့ရောက်ပြီးနောက် တစ်နှစ်ခန့်အကြာတွင် လေသင်တုန်းဖြတ်သောရောဂါဖြင့် ကွယ်လွန်သွားရာ ထိုအကြံကို ကျွန်ုပ် ဆက်လက်ကြံစည်ခြင်းမပြုနိုင်တော့ဘဲ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးယားနိုင်ငံများတွင် ငါးနှစ်နီးပါးမျှ လောကဓာတ်ဆရာကြီးများထံတွင် နည်းနာနိသျှများ ခံယူခဲ့ပြီးနောက်၊ မြန်မာပြည်သို့ ပြန်ခဲ့လေသည်။*



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ကျွန်ုပ်အလိုရှိသော ဆေးပင်များနှင့် ပိုးမွှားများကို ရှာဖွေသောအခါ ယင်းတို့သည် အထက်မြန်မာပြည် မြစ်ကြီးနားအနီးရှိ တောတောင်များနှင့် ကချင်ပြည်နယ် မြောက်ဘက်အစွန်ဆုံးကျသော နှင်းခဲများ ဖုံးအုပ်နေသည့် တောင်တန်းများပေါ်တွင် ရှာဖွေတွေ့ရှိနိုင်ကြောင်း သတင်းရသဖြင့် ကျွန်ုပ်လည်း ထိုနေရာများသို့ အလွယ်တကူသွားနိုင်ရန် လားရှိုးမြို့တွင် စခန်းချနေထိုင်ခဲ့၏။

ကျွန်ုပ်သည် ထိုနယ်များသို့ သွားရောက်စုံစမ်းခဲ့ရာ ဗန်းမော်မြို့တွင်နေထိုင်သော မိတ်ဆွေတစ်ယောက်၏ပြောပြချက်အရ နမ္မတီးမြို့၏မြောက်ဘက်ရှိ ချောင်းကလေး(ထိုချောင်းကလေးမှာ မိုးကောင်းချောင်းထဲသို့ စီးဝင်သည်။) မြစ်ဖျားခံရာ 'လွယ်ခမ်းဘွမ်'တောင်ပေါ်ရှိ အလွန် တောနက်သော နေရာတွင် အလွန်ထူးဆန်းသော ပိုးကောင်တစ်မျိုး ရှိသည်ဆိုကြောင်း၊ ထိုပိုးမျိုးမှာ အဖြူနှင့်အမည်း နှစ်မျိုးနှစ်စားရှိ၍ အဖြူမျိုးမှာ နှင်းပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူသောအရောင်ရှိ၍ အမည်းမျိုးမှာ ကျောက်မီးသွေးကဲ့သို့ နက်သောအရောင်ရှိသည်ဆိုကြောင်း၊ ထိုပိုးများရှိသည့် ဒေသတွင်လည်း အလွန်မွှေးကြိုင်သောအနံ့ရှိသည့် ပန်းပင်တစ်မျိုးရှိရာ ထိုပန်းပင်များလည်း အဖြူပွင့် ပွင့်သောအမျိုးနှင့် အနက်ပွင့် ပွင့်သောအမျိုးဟူ၍ နှစ်မျိုးနှစ်စား ရှိသည် ဆို၏။

ထူးဆန်း အံ့ဩဖွယ်ကောင်းသည်မှာ ၎င်းပိုးမျိုးသည် တစ်နှစ်လျှင် တစ်ကြိမ်ကျ ထိုပန်းပွင့်များမှ ပန်းဝတ်ရည်များကို စုပ်ယူကြလေရာ ပိုးဖြူများသည် ပန်းပွင့်အနက်ကို





သာ စုပ်၍၊ ပိုးနက်များသည် ပန်းဖြူများကိုသာ စုပ်ယူကြ၏။ ထိုအခါ ၎င်းတို့၏အရောင်များသည် ထူးဆန်းစွာ ပြောင်းလဲသွားကြတော့၏။ ပန်းနက်ကို စုပ်ယူသော ပိုးဖြူသည် အနက်ရောင်သို့ ပြောင်းသွား၍၊ ပန်းဖြူကို စုပ်ယူသော ပိုးနက်သည် အဖြူရောင်သို့ ပြောင်းသွားလေသည်။

အထက်ပါ ပြောင်းလဲမှုမှာ မယုံကြည်နိုင်လောက်အောင်ထူးဆန်းသော်လည်း၊ ယင်းကို ထောက်ခံသည့် အကိုးအကားတစ်ခုကို ကျွန်ုပ် တွေ့ရ၏။ ယင်းသည်ကား ကျွန်ုပ်တို့ မြန်မာဘုရင် စဉ့်ကူးမင်းလက်ထက်၊ ယခု ဖိုးဝန်တောင်ဟု ခေါ်သောတောင်တွင် သီတင်းသုံးနေထိုင်သော ရသေ့ကြီးတစ်ပါးသည် မင်းသမီးနှစ်ပါးအား ဆေးမြစ်တစ်မျိုး၏ အဆီကို ထိုးနှံပေးခြင်းအားဖြင့် အသားများကို အရောင်ပြောင်းလဲ၍ပေးခဲ့ဖူးကြောင်း ရှေးပေစာဟောင်းတစ်ခုထဲတွင် တွေ့ရှိမှတ်သားခဲ့ဖူးသဖြင့်၊ ၎င်းဂျာမန်ဆရာကြီး၏ အယူအဆအတိုင်း ဟုတ်နိုင်လောက်၏ဟု မှတ်ယူရပေမည်။

နိုင်ငံခြားဆေးဝါးပစ္စည်းမှသာ မဟုတ်။ မြန်မာပြည်တွင် ပေါက်ရောက်သည့် သစ်ပင်ပန်းပင်များ၏ အဆီအနှစ်မှလည်း ကျွန်ုပ်လိုအပ်သော ဆေးဝါးကို ရနိုင်ပေမည်။

ထိုပန်းပင်မျိုးနှင့် ပန်းဝတ်ရည်စုပ် ပိုးကောင်မျိုးသာ ရရှိက၊ ကျွန်ုပ်ဖော်စပ်သော မျောက်သွေးအိမ် ဆေးရည်ဖြင့် ရောစပ်က အသားမည်းသောသူကို အဖြူရောင်ကိုလည်းကောင်း၊ အသားဖြူသူကို အသားညိုစွာသွားအောင် သို့မဟုတ် လုံးလုံးမည်းနက်သွားအောင် ပြုလုပ်နိုင်ပေမည်။

လားရှိုးမြို့တွင်နေခဲ့စဉ်က တစ်နေ့တွင် ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



*ယင်းပန်းဖြူ ပန်းနက် ပွင့်သောအပင်များနှင့် 'ပန်းဝတ်ရည်စုပ်ပိုးကောင်'များကို ရှာဖွေရန် ကချင်ပြည်နယ်သို့ ထွက်ခဲ့၏။ နမ္မားမြို့၏ အရှေ့မြောက်ဘက် ဆယ်မိုင်ခန့်ဝေးသည့်နေရာ နှင်းခဲတောင်တစ်တောင်ပေါ်တွင် ယင်းပန်းပင်မျိုးရှိကြောင်း၊ ကချင်မိတ်ဆွေတစ်ဦးထံမှ သတင်းရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ အဖြူပင်တစ်ပင်ကိုသာ ရှားရှားပါးပါးရရှိခဲ့၏။ သို့သော် ပိုးကောင်များကို အစအနမျှ မတွေ့ရပေ။ အနီးအနားတွင် တွေ့ရတတ်သည်ဆိုသဖြင့် ကျွန်ုပ်သည် တစ်ညအိပ်၍ ပတ်ဝန်းကျင်ရှိ သစ်ခေါင်းများတွင် ရှာဖွေသော်လည်း တစ်ကောင်တလေမျှ မတွေ့ရချေ။ ဒုတိယအကြိမ် ကြိုးစားပြန်ရာ ကျွန်ုပ်မှာ ငှက်ဖျားမိ၍သာ ပြန်ခဲ့ရ၏။*

*အို··အသင်လူသားများ။။ အသင်တို့၏ကမ္ဘာကို ကောင်းစေရန် သိပ္ပံပညာတိုးတက်မှုအတွက် ကျွန်ုပ်သည် နှစ်ပေါင်းလေးဆယ်ကျော်မျှ အပင်ပန်းခံ၍ ရှာဖွေခဲ့ခြင်းကို အသင်တို့ပင်လျှင် ဖျက်ဆီးခဲ့ပြီ။ ကျွန်ုပ်၏အကြံအစည် အောင်မြင်က၊ ဤကမ္ဘာပေါ်တွင် အသားမည်းနက်သောသူ ဟူ၍ ရှိတော့မည် မဟုတ်ပေ။ ထို့အပြင်လည်း ကျွန်ုပ်ကို အမီပြု၍ မြန်မာလူမျိုးများသည် ဓာတုဗေဒပညာရပ်များတွင် နိုင်ငံခြားသားများထက် အထက်တန်းကျသောနေရာများသို့ ရောက်ချေတော့အံ့။ ယခုမှာမူ ကျွန်ုပ်၏အကြံအစည်သည် လည်းကောင်း၊ ကျွန်ုပ်၏ကိုယ်ကာယကြီးသည် လည်းကောင်း ပျက်စီးခဲ့ပြီဖြစ်၍ ဆုံးခန်းတိုင်ရောက်ချေပြီ။ ကျွန်ုပ်သေပြီးသည့်နောက် အနှစ်တစ်ရာအတွင်း မည်သည့်လူ*





*သတ္တဝါမျှ ကျွန်ုပ်ကြံစည်ခဲ့သော အရေပြားပြောင်းလဲမှု သုတေသနလုပ်ငန်းကို တီထွင်နိုင်ကြတော့မည်မဟုတ်ပေ။ ဆင်းရဲခြင်းနှင့်သာထိုက်တန်သော အသင်လူမိုက်များတို့··။*

*ထွန်းလူ*

ဦးထွန်းလူသေဆုံးရသည့်အကြောင်းကို ဓာတုဗေဒဌာနမှ အောက်ပါအတိုင်း စုံစမ်းသိရှိရ၏။

ဦးထွန်းလူသေဆုံးစဉ်က စားပွဲကလေးတွင်တွေ့ရှိရသော ဖန်ခွက်ထဲမှ သောက်လက်စ ဘရန်ဒီလက်ကျန်ကိုစစ်ဆေးရာ အထဲတွင် သစ်ရွက်ကလေးတစ်ရွက်ကို ထူးဆန်းစွာ တွေ့ရှိရ၏။ ယင်းသစ်ရွက်မှာ ရုက္ခဗေဒအခေါ်အဝေါ်အရ 'ဘလက်လူစံ'(BLACK LUCERN) ခေါ် အနက်ပွင့်ကလေးများပွင့်သည့် မည်းညိုပြင် အနက်မျိုး တစ်မျိုးမှ သစ်ရွက်ကလေးဖြစ်ကြောင်း သိရ၏။ ယင်းသစ်ပင်မျိုးမှာ အလွန်ရှားပါး၍ သစ်ရွက်ကလေးကို လျှာပေါ်တွင် တင်ရုံမျှဖြင့် ငါးမိနစ်အတွင်း ရုတ်တရက်နှလုံးသွေးရပ်ကာ သေဆုံးနိုင်သည် ဆို၏။ ထိုအပင်ကလေးတစ်ပင်ကိုလည်း ပန်းအိုးတစ်လုံးတွင် ထည့်၍ စိုက်ထားသည်ကို နောက်ဖေးဝရန်တာပေါ်၌ တွေ့ရှိရလေသည်။

*   *   *

မောင်ကျော်တင့်ကပင် ဦးဆောင်၍ ဦးထွန်းလူ၏ရျာပနကိစ္စ ဆောင်ရွက်ပြီးစီးပြီးနောက်၊ မနှင်းရီမှာ ထိုခြံနှင့် အိမ်ကြီးတွင် နေ၍မဖြစ်တော့သဖြင့် ခြံနှင့် အိမ်ကို ရောင်းပြီး မိခင်၏မောင်ဝမ်းကွဲတော်စပ်သူ ဦးလေးတစ်ယောက်နှင့် အတူနေရန် မြို့ထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

ထို့နောက် တစ်လခန့်မျှအကြာတွင် မောင်ကျော်တင့်နှင့် မနှင်းရီတို့ ထိမ်းမြားလက်ထပ်လိုက်ကြလေသည်။ စုံထောက်ဟာန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ကိုသန်းဆွေ၏အကြောင်းကိုမူ ထိုနေ့မှစ၍ မကြားရတော့ချေ။

*  *  *

ကျွန်တော်သည် ဝတ္ထုကို အဆုံးသတ်လိုက်ချိန်တွင် လှေကားမှတက်လာသော ခြေသံကိုကြားရသဖြင့် ကြည့်လိုက်ရာ ဦးထင်ကျော်၏ ပြုံးရွှင်သောမျက်နှာကို တွေ့မြင်ရလေသည်။

"ဘယ့်နှယ်လဲ ကိုတင်မောင်။ ဝတ္ထုကို အဆုံးသတ်လိုက်ပြီလား"

"ဟုတ်ပါတယ်ဗျာ။ အခုပဲ လက်စသတ်လိုက်ပါတယ်။ နို့ ခင်ဗျားက ဘယ့်နှယ်လုပ် သိသလဲ"

"ကိုတင်မောင်ကလဲဗျာ။ ကျုပ်နဲ့ပေါင်းလာတာ ကြာပြီပဲ။ ခင်ဗျားဟာ ခင်ဗျားရေးတဲ့ဝတ္ထုဆုံးတိုင်း စာရွက်ရဲ့ညာဘက် အပေါ်ထိပ်မှာ ကလစ်နဲ့ တွဲလေ့ရှိတယ် မဟုတ်လား"

"ဟုတ်ပါရဲ့ဗျာ။ မေ့နေလိုက်တာ"

ဦးထင်ကျော်သည် စကားတပြောပြောနှင့် အခန်းထဲဝင်လာပြီး ထီးကို နေသားတကျချိတ်ပြီးနောက်၊ တိုက်ပုံအင်္ကျီကို ချွတ်ရင်း ကျွန်တော်ဘက်သို့ လှည့်လျက်...

"ပြီးတော့ ခင်ဗျားရဲ့ ဝတ္ထုအဆုံးသတ်ကိုသာ ရေးလိုက်ရတယ်။ သိပ်တော့ ကျေနပ်ပုံ မရသေးဘူး။ အထူးသဖြင့် ကျုပ်နဲ့ မောင်ကျော်တင့်နဲ့ ဘယ်လိုဆက်သွယ်မိပြီး စောထွန်းမောင်နဲ့ မနှင်းရီတို့ရဲ့ဇာတ်လမ်းကို ဘယ်လို ရအောင် စုံထောက်ခဲ့တယ်ဆိုတာ ကွင်းဆက်ပြတ်နေလို့ မဟုတ်လား"

ကျွန်တော်သည် ထိုင်နေရာမှ ထခုန်လုမတတ် ဝမ်းမြောက်လှသဖြင့်....

"သိပ် ဟုတ်တာပေါ့ဗျာ။ ခင်ဗျားဝမ်းထဲမှာ ပုဏ္ဏားကလေး





များ ရှိသလား"

"ဒါများ ဘာခက်တာ မှတ်လို့ဗျာ။ မနက်တုန်းက ခင်ဗျားရုံးမသွားခင် ခင်ဗျားဒိုင်ယာရီစာအုပ်ထဲမှာ ဒီအကြောင်းရေးဖို့ တေးမှတ်ထားတာ ကျုပ် တွေ့လိုက်ရတယ်လေ။ ဒီ လူထူးလူဆန်းကြီး ဦးထွန်းလူအကြောင်းရေးရင်တော့ ကွင်းဆက်ပြတ်တစ်ခုတော့ ရှိနေမှာပဲဆိုတာ ကျုပ် သိတော့တာပေါ့ဗျ"

ကျွန်တော်သည် ရေးပြီးသော ဝတ္ထုစာမူများကို မဂ္ဂဇင်းတိုက်သို့ပို့ရန် စာအိတ်ထဲသို့ သွတ်သွင်းပြီး၊ စာအိတ်ပေါ်တွင် မဂ္ဂဇင်းတိုက်အမည်နှင့် အယ်ဒီတာခေါင်းစဉ် စာတန်းများကို ရေးသားပြီးနောက်..

"ကဲ၊ ဒီနေ့တော့ အဖြေညှိစရာ ပဟေဠိအခန်းမှာ ခင်ဗျားပဲ အနိုင်ယူသွားလေတော့ ဒီနေ့ညနေစာကို ကျွန်တော်ကပဲ ကျွေးပါ့မယ်ဗျာ။ လာဗျို့၊ တရုတ်တန်းကို သွားကြစို့"

■



www.burmeseclassic.com

www.burmeseclassic.com

## စုံထောက်အတတ်ပညာဖြင့် စုံထောက်ခြင်း

တစ်နေ့သော နေ့လယ်တစ်နာရီထိုး အချိန်လောက်၌ အဝတ်အစားဟောင်းနွမ်းလျက် မျက်နှာတွင် မျက်ရည်စများဖြင့် ပြည့်ကာ တဘက်တစ်ထည်ကို ခေါင်းတင်ထားသော အသက်လေးဆယ်ကျော် ငါးဆယ်အတွင်းရှိ မိန်းမကြီးတစ်ယောက်သည် ဦးထင်ကျော်နှင့် ခေတ္တတွေ့လိုကြောင်းပြောသဖြင့် ကျွန်တော်လည်း အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်လေသည်။ ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်သဖြင့် အိမ်၌ရှိနေရာ မိုးကလည်း တစိမ့်စိမ့်ရှိနေသဖြင့် ကျွန်တော်တို့လည်း အပြင်သို့မထွက်ဘဲ အိမ်ထဲတွင် ကုပ်လျက်ရှိနေကြ၏။ ဦးထင်ကျော်မှာ ထိုအခါက လိုက်ကာကလေးခြားလျက်ရှိသော သူ၏စားပွဲတွင် စာအုပ်တစ်အုပ်ကို ဖတ်လျက်ရှိလေသည်။

ခြေသံကြားသဖြင့် ဦးထင်ကျော်လည်း ဧည့်ခန်းသို့ထွက်လာပြီးလျှင် ကျွန်ုပ်တို့သည် ဧည့်သည်အား နေရာထိုင်ခင်းပေးပြီးနောက် ဦးထင်ကျော်က အကျိုးအကြောင်းမေးမြန်းလျက်ရှိရာ မိန်းမကြီးက…

“ဒီလိုပါရှင်။ ကျွန်မက ဘောက်ထော် ဝက်ကုန်းကပါ။ ကျွန်မယောကျ်ားက ကိုညိုမောင်တဲ့။ ငယ်လင်ငယ်မယားတော့ မဟုတ်ဘူး။ အကြောင်းပါတာ သုံးနှစ်ပဲ ရှိသေးတယ်။ ကျွန်မဘက်က သမီးတစ်ယောက် ပါပါတယ်။ အခု အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ အင်မတန်လိမ္မာတဲ့ သမီး။ အင်မတန် မိဘကို လုပ်ကျွေးပြုစုတဲ့ သမီး။ အခုတော့ သေရှာပြီပေါ့ရှင်။ သမီးလည်း သေ။ လင်လည်း လူသတ်မှုနဲ့ အချုပ်ခံနေရတော့ ကျွန်မလောက် ကံဆိုးတဲ့ မိန်းမ ရှိပါဦးမလား”

မိန်းမကြီးသည် ရှိုက်၍နေကာ ရှေ့သို့ စကားမဆက်နိုင်သဖြင့် ဦးထင်ကျော်က…

“အကုသိုလ်ကံဆိုတာ ဒီလိုပေါ့ အစ်မကြီးရယ်။ ကိုယ့်ထက်ဆိုးတဲ့လူတွေလည်း အများကြီးရှိတာပေါ့။ ကိုင်း‥ဘယ်လိုဖြစ်သလဲဆိုတာ လည်ပတ်အောင် ပြောစမ်းပါဦး”

ထိုအခါ မိန်းမကြီးက သူ၏အမည်ကို ဒေါ်မင်းစိန် ဟုခေါ်ကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးညိုမောင်မှာ အလွန်သဘောကောင်းသော လူတစ်ယောက်ဖြစ်၍ လက်သမားအလုပ် လုပ်ကိုင်ပြီးလျှင် သားအမိနှစ်ယောက်အား ကျွေးမွေးကြောင်း၊ သမီးဖြစ်သူ မရင်မြမှာ ဈေးထဲတွင် အပ်ချုပ်ဆိုင်တစ်ဆိုင်၌ စက်ကို အငှားချုပ်ရကြောင်း၊ ဆင်းရဲသော်လည်း မိသားစုမှာ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြကြောင်း၊ အခင်းဖြစ်ပွားသည့်နေ့က သမီးကလေးမှာ နေမကောင်းဟုဆိုကာ အလုပ်မသွားဘဲ အိမ်၌နေသဖြင့် မိမိသည် မြို့ထဲသို့ ကိစ္စတစ်ခုနှင့် ရောက်နေကြောင်း၊ ထိုအချိန်၌ ခင်ပွန်းဖြစ်သူ ဦးညိုမောင်မှာ အိမ်နှင့် တခေါ်သာသာလောက်ဝေးသော ဘုန်းကြီးကျောင်းဇရပ်တစ်ဆောင်ကို တပည့်များနှင့်အတူ ဆောက်လုပ်လျက်ရှိကြောင်း၊ ညနေ သုံးနာရီခန့်လောက်တွင် မိမိတို့အိမ်နှင့် တစ်အိမ်ခြားမှ မိန်းမတစ်ယောက်သည် ရေနံဆီချေးရန် အိမ်သို့လာရောက်ရာ သမီးကလေးမရင်မြမှာ နောက်ဖေးမီးဖိုဆောင်တွင် သွေးများဖြင့် လိမ်းကျံသေဆုံးနေသည်ကို တွေ့ရကြောင်း၊ ထိုအခါ မိန်းမကြီးက အလန့်တကြား ဟစ်အော်လိုက်သဖြင့်

www.burmeseclassic.com

အိမ်နီးပါးချင်းများ ရောက်လာပြီးလျှင် အရပ်လူကြီးက ဦးညိုမောင်အား အခေါ်လွှတ်လိုက်ကြောင်း၊ နာရီဝက်ခန့်အကြာတွင် မိမိမြို့ထဲမှပြန်လာ၍ သမီးသေဆုံးပုံနှင့် အထက်ပါအကြောင်းများကို သိရကြောင်း၊ အရပ်လူကြီးများက သက်ဆိုင်ရာရဲဌာနသို့ သွားရောက်တိုင်တန်းရာ ရဲအရာရှိများ ရောက်လာပြီး အလောင်းကို ဆေးရုံကြီးသို့ပို့လိုက်ကြောင်း၊ ယနေ့နံနက် ဆယ့်တစ်နာရီ အသုဘကိစ္စမပြီးမီ မရင်မြအလောင်းကို ခွဲစိတ်ရာ ဗိုက်ထဲတွင် ကိုယ်ဝန်နှစ်လရှိနေကြောင်း တွေ့ရသည်ဟု ဆေးရုံလူကြီးတစ်ဦးထံမှ ကြားသိရကြောင်း ပြောပြ၏။

ဦးညိုမောင် အဖမ်းခံရပုံမှာ အောက်ပါအတိုင်းဖြစ်ကြောင်း၊ မရင်မြသေဆုံးနေသည်ကို တွေ့သဖြင့် ဆယ်အိမ်ခေါင်းက ရှာသားတစ်ယောက်ကို လွှတ်၍ခေါ်သောအခါ ဦးညိုမောင်မှာ အလုပ်ခွင်၌ မရှိဘဲ အိမ်သို့ပြန်သွားသည်ဟု တပည့်များက ပြောလိုက်ကြောင်း၊ မရင်မြအလောင်းကို တွေ့ရပြီးနောက် နာရီဝက်သာသာခန့် ကြာမှ ဒေါ်မင်းစိန်နှင့် မရှေးမနှောင်းရောက်လာကြောင်း၊ ဦးညိုမောင်သည် မရင်မြ၏အနေအထိုင်ကို သဘောမကျသဖြင့် မကြာခဏမြည်တွန်တောက်တီး ဆုံးမတတ်ရာ ယမန်ညဦးကမူ

"ငါ့ကို ယီးတီးယားတားတော့ မလုပ်နဲ့။ သတ်ပစ်မယ်"

..ဟု မယားပါသမီးအား ကြိမ်းမောင်းသည်ကို အိမ်နီးချင်းများပင် ကြားရကြောင်း၊ အိမ်ဘက်သို့ ဦးညိုမောင်ပြန်သွားသည်ကို တပည့်များက မြင်ရကြောင်း၊ သို့သော် ဦးညိုမောင်ကမူ အိမ်တွင် ဆေးလိပ်မေ့ကျန်ရစ်သဖြင့် ခေတ္တပြန်ရောက်ခြင်းဖြစ်ရာ ထိုအခါက သမီးမရင်မြမှာ နောက်ဖေးခန်းတွင် အဝတ်များ ဖွပ်လျှော်နေသည်ကိုတွေ့ရကြောင်းဖြင့် အစစ်ခံလေသည်။





မရင်မြတွင် ကိုယ်ဝန် နှစ်လခန့်ပဋိသန္ဓေရှိနေခြင်းအကြောင်းနှင့် ပတ်သက်၍မူ ဒေါ်မင်းစိန်က မရင်မြမှာ လွန်ခဲ့သော လေးငါးခြောက်လခန့်က စ၍ ကြိုးစက်တွင် အလုပ်လုပ်သော စာရေးမောင်စံအေးဆိုသော သူငယ်နှင့် ဖြစ်နေသည်ကို သိရကြောင်း၊ သူငယ်မှာ သနရုပ်ပရှိ၍ လခစားအလုပ်သမားတစ်ယောက်ပင် ဖြစ်သော်လည်း မိန်းကလေးများကို လိုက်၍ဖျက်ဆီးတတ်သည့် အလေ့အကျင့်ရှိသည်ကို စုံစမ်းသိရှိရသဖြင့် မိမိ သဘောမတူကြောင်း၊ မရင်မြကမူ မဟုတ်ရကြောင်းဖြင့် ငြင်းကွယ်လျက်ရှိကြောင်း၊ ဦးညိုမောင်ကိုယ်တိုင်လည်း ဤအကြောင်းများကို အတော်အသင့် ရိပ်မိပြီးဖြစ်သဖြင့် လွန်ခဲ့သော တစ်လခန့်မှစ၍ သမီးအား မျက်နှာသာမပေးဘဲ ကြိမ်းမောင်းလျက်ရှိကြောင်း၊ ဦးညိုမောင်မှာ စိတ်တိုသူတစ်ယောက် ဖြစ်သော်လည်း ရက်ရက်စက်စက်လုပ်ဝံ့သူတစ်ယောက် မဟုတ်ကြောင်း၊ မရင်မြကိုလည်း သမီးရင်းကဲ့သို့ ချစ်ခင်ကြောင်း၊ သို့သော် ပုလိပ်အရာရှိများကမူ ဦးညိုမောင်သည် အလုပ်မှ အိမ်သို့ ခေတ္တပြန်လာသောအချက်နှင့် ယမန်ညဦးက သတ်ပစ်မည်ဟု ကြိမ်းမောင်းသောအချက်များကို အထောက်အထားပြုပြီးလျှင် ဦးညိုမောင်အား ဖမ်းဆီးထားခြင်းဖြစ်ကြောင်းနှင့် ပြောပြ၏။

ထို့နောက် ဒေါ်မင်းစိန်က...

"ဩော်၊ ဒါထက် တစ်ခုပြောရဦးမယ်။ ကျွန်မတို့နဲ့ ခုနစ်အိမ်၊ ရှစ်အိမ်ကျော်မှာနေတဲ့ မထွန်းဆိုတဲ့ မိန်းမပြောတာကတော့ နေ့လယ် တစ်နာရီကျော်ကျော်လောက် လူပြတ်တဲ့အချိန်မှာ ကျွန်မတို့ အိမ်ရှိတဲ့ အရှေ့ဘက်က လူတစ်ယောက် ခပ်သုတ်သုတ်လာပြီး သူတို့ အိမ်နားရောက်တော့ အပေါ်လမ်းက မလာဘဲ ရေကန်ဘက်ကို ဆင်းသွားတဲ့လမ်းကလေးအတိုင်း လာပြီး အနောက်ဘက်ကိုသွားတာ မြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသတဲ့ရှင့်။ နို့ပေမယ့် သူတို့အိမ်နဲ့ ကန်ပေါင်ရိုးကို ချုံကားလေးတွေ ကွယ်နေလို့ ဘယ်သူဘယ်ဝါဆိုတာတော့ အသေအချာ မသိလိုက်ဘူးတဲ့။ ပြီးတော့ အဲဒီလူဟာ ကန်ပေါင်ရိုးဘေး လမ်းပေါ်က ခြေချော်ပြီး ရေထဲ ခြေထောက်တစ်ဖက် ကျသွားတာတောင် ချုံကြားထဲက ရိပ်ခနဲ မြင်လိုက်ရသေးသတဲ့ရှင့်"

ဦးထင်ကျော်လည်း ငေးမောနားထောင်လျက်ရှိရာမှ ရုတ်တရက် စိတ်ဝင်စားလာသည့် လက္ခဏာဖြင့် .....

"သြော်၊ ဟုတ်လား။ ဒါဖြင့် တကယ်လို့ အလိုရှိရင် ဒီမိန်းမက သက်သေခံနိုင်မယ် ဆိုပါတော့"

"ခံနိုင်ပါတယ်"

"သူ မြင်လိုက်တဲ့လူက ဦးညိုမောင် မဟုတ်နိုင်ဘူးနော်"

"မဟုတ်ပါဘူးရှင်။ ဦးညိုမောင်ဆိုရင် လူပုံလူပန်း သူသိမှာပေါ့။ ပြီးတော့ ဦးညိုမောင်က အဖိုးကြီးပဲ။ သူ မြင်လိုက်တာက လူခပ်ငယ်ငယ်ပဲ ရှိသေးတယ်လို့ ပြောပါတယ်။ အရပ်မြင့်မြင့် လုံချည်အပြာကွက်နဲ့တဲ့"

"တယ် သေချာပါလား။ သူက ဘာဖြစ်လို့ ဂရုစိုက်ပြီး ကြည့်လိုက်ရတာလဲ။ ဘာဖြစ်လို့ မသင်္ကာတာလဲ"

"ကျွန်မတို့နေတဲ့နေရာက တောရွာကလေးလို ဖြစ်နေတော့ လူသူ အလာနည်းတယ်။ မိုးတွင်းလည်း ဖြစ်ပြန်၊ နေ့လယ်နေ့ခင်းလည်း ဖြစ်ပြန်ဆိုတော့ ကိုယ်နဲ့သိတဲ့လူတွေ အိမ်နီးနားချင်းတွေလောက်ပဲ ရှိပါတယ်။ ပြီးတော့ သူမြင်လိုက်ရတဲ့လူက ကျွန်မတို့ခြံစည်းရိုးနားက ထွက်လာတာ မြင်ရသတဲ့ရှင့်"

"ရေကန်နဲ့ မထွန်း အိမ်နဲ့ ဘယ်လောက်ဝေးသလဲ"

"ဝါး လေးငါးရိုက်လောက်တော့ ရှိပါလိမ့်မယ်။ ချုံကလေး





တွေကလည်း ကန်ပေါင်မှာ ကျိုးတိုးကျဲတဲပေါက်နေတော့ အဲဒီချုံတွေကြားက မြင်လိုက်ရတယ်လို့ ပြောတာပဲ"

"ရေကန်မှာ ရေပြည့်နေသလား"

"ဟုတ်ကဲ့။ အခု မိုးတွင်းတော့ ရေပြည့်ပါတယ်"

"ဒါနဲ့ အဲဒီလို မထွန်းက မသင်္ကာစရာလူတစ်ယောက် မြင်လိုက်ရတဲ့အကြောင်း ပုလိပ်အရာရှိတွေ ပြောမပြဘူးလား"

"ပြောပြပါတယ်ရှင့်။ နို့ပေမယ့် သူတို့က မယုံသင်္ကာ မရှိကြဘူး။ အိမ်ကိုဆေးလိပ်ယူရအောင် ဆိုပြီး ကိုညိုမောင် ပြန်တယ်။ အခင်းမဖြစ်ခင် ညကလည်း ရင်မြကို ကိုညိုမောင်က သတ်ပစ်မယ် ကြိမ်းတယ်။ ဒီဟာတွေ ရေးမှတ်ပြီး ဖမ်းတာပါပဲ"

"သေတဲ့လူ ဗိုက်ထဲမှာ ကိုယ်ဝန်တွေ့တဲ့အကြောင်းကော ဘယ်လိုယူဆသလဲ"

"ဒီဟာတော့ ကျွန်မ မပြောတတ်ပါဘူး"

"ဦးညိုမောင်ဆီမှာ တခြား မသင်္ကာစရာ ဘာများ တွေ့သေးသလဲ"

"ဘာမှ မတွေ့ပါဘူးရှင်"

"ဒါထက် သေတဲ့လူအကြောင်း မကောင်းပြောတာတော့ မဟုတ်ဘူးပေါ့လေ။ မရင်မြမှာ အခု စာရေးလုပ်တဲ့ သူငယ်အပြင် အရင်က တခြားလူနဲ့များကော သမီးရည်းစား ဖြစ်ဖူးသလား"

မပြောချင်ပြောချင်ဟန်ဖြင့် ...

"လူငယ်တွေအကြောင်းတော့ သိပ်လည်း မသိပါဘူးရှင်။ အရင်နှစ်က ဘောက်ထော်ထဲက သူငယ်တစ်ယောက်နဲ့ ဖြစ်ဖူးသလိုလို ကြားပါတယ်။ ဒါနဲ့ နှစ်ခါသုံးခါလောက် ရိုက်ဆုံးမလိုက်တော့ မဆက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်ကတော့ ဘယ်သူနဲ့ဖြစ်တဲ့ ကိုယ်ဝန်ဆိုတာ မသိဘူးပေါ့နော်"

"မသိပါဘူးရှင်။ ကိုယ်ဝန်ရှိတာလည်း အခုသေလို့ ရင်ခွဲရုံရောက်မှ သိရတာပါ"

"ကျွန်တော်လည်း ဆေးရုံသွားပြီး ဆရာဝန်နဲ့ တွေ့လိုက်ပါဦးမယ်။ မေးရတာ အားနာပါတယ်နော်။ ဝတ္တရားရှိလို့သာ မေးရတာပါ။ စိတ်မရှိပါနဲ့"

"အို၊ မရှိပါဘူး"

"ဒါထက် မရင်မြနဲ့ဖြစ်နေတယ်ဆိုတဲ့ သူငယ့်အကြောင်းလည်း ပြောပြစမ်းပါဦး"

"ဒီသူငယ်က ကြိုးစက်မှာ စာရေးလုပ်တယ်လို့ ပြောပါတယ်။ သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို တစ်ခါက နည်းနည်းတီးခေါက်ကြည့်တော့ သူငယ်က အင်္ဂလိပ်လို နည်းနည်းပါးပါးတတ်ပြီး အပြောအဆိုကစပြီး အင်မဲ့တန် လည်ပတ်တဲ့သူငယ်ဆိုပဲ။ မနှစ်ကလည်း တာမွေထဲက သူငယ်မကလေးတစ်ယောက်နဲ့ဖြစ်ပြီး ကိုယ်ဝန်ရှိမှ ပစ်ထားခဲ့တယ်လို့ ပြောတာပါပဲ"

"ကိုင်းလေ။ အခုအချိန်မှာ ဒီလောက်သိရရင် တော်လောက်ပါပြီ။ ကျွန်တော် စုံစမ်းပါ့မယ်။ ဒီအတွင်း စိတ်အေးအေးသာ နေပါ။ သေပြီးသားလူကိုတော့ ရှင်အောင် မတတ်နိုင်ကြဘူးပေါ့။ သို့သော် ကျန်ရစ်တဲ့လူတွေအတွက် မမှန်တာ မဖြစ်စေရပါဘူး။ မှန်တဲ့အတိုင်း ဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်။ ဒါထက် အခကြေးငွေက..."

စကားမဆုံးမီ ဦးထင်ကျော်က ...

"အို၊ ဒီအတွက် ကိစ္စမရှိပါဘူး။ စိတ်အေးအေးသာ ပြန်ပါ"





ဦးထင်ကျော်လည်း အခင်းဖြစ်ပွားသော အိမ်နေရာ၊ ရေကန်၊ သက်သေ မထွန်းအိမ်၊ ကြိုးစက်ရှိသော နေရာ၊ ဦးညိုမောင် အလုပ်လုပ်နေသည်ဆိုသော ဘုန်းကြီးကျောင်း စသည်တို့ကို ဒေါ်မင်းစိန် ပြောပြသည့်အတိုင်း စက္ကူလွတ်တစ်ရွက်ပေါ်တွင် မြေပုံအကြမ်းတစ်ခု ရေးဆွဲလျက် ရှိလေသည်။ ထိုနောက် အမှုသည်၏ နေရပ်လိပ်စာ အပြည့်အစုံ ကိုယူပြီးလျှင် မိန်းမကြီးအား တတ်နိုင်သမျှ အားပေးစကားပြော၍ လွှတ်လိုက်လေ၏။

*　　*　　*

မိန်းမကြီး ဆင်းသွားပြီးနောက် ဦးထင်ကျော်သည် ပြာများကို ပြာခွက်အတွင်းသို့ ခါချလိုက်ပြီးနောက်...

"အင်း။ အမှုကတော့ မျက်မြင်သက်သေမရှိတဲ့ အမှုပေါ့ဗျာ။ အဘိုးကြီးပဲ သတ်သလား၊ ကောင်မကလေးရည်းစား စာရေးလုပ်တဲ့သူပဲ သတ်သလား၊ ဒါမှမဟုတ်လို့ ကြားထဲက တစ်ယောက်ယောက်ပဲ သတ်သွားသလား၊ ဗိုက်ထဲက ကိုယ်ဝန်နဲ့ အခုလူသတ်မှုနဲ့အဆက်အသွယ်ရှိသလား၊ ဗိုက်က ဘယ်သူ့ဗိုက်လဲ၊ မထွန်း မြင်လိုက်တယ်ဆိုတာ ဘယ်သူလဲ၊ အဲဒီ အဆက်အသွယ် နည်းနည်းပါးပါးတီးခေါက်ကြည့်ဖို့ လိုတယ်"

ကျွန်တော်။ ။"ဦးညိုမောင် မသတ်ဘူးဆိုရင် တစ်ခြားတစ်ယောက်ယောက် တရားခံဖြစ်တော့မှာပေါ့"

"ဒါပေါ့ ကိုတင်မောင်"

"အင်း။ စုံထောက်အလုပ်ဆိုတာ အပြစ် မကင်းလှဘူးနော်"

"ဘာဖြစ်လို့လဲ ကိုတင်မောင်"

"သတ်တဲ့လူကို မတွေ့တွေ့အောင် ကြိုးကြိုးပမ်းပမ်းရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ထောင်ကျအောင်၊ ကျွန်းရောက်အောင်၊ စက်တိုင်တင်အောင် လုပ်ရတဲ့ အလုပ်မျိုးပဲဗျ"

"အင်း။ ဒီလို ကြည့်ရင်တော့ အဟုတ်သားပေါ့။ နို့ပေမယ့် အပြစ်ကင်းတဲ့လူကို ကြိုးမကျအောင် ကယ်ဆယ်ရတဲ့ ကုသိုလ်ကကော ဗျာ"

"ဒီဟာလည်း တစ်ဘက်က ကုသိုလ်ရတယ်ဆိုတာ မငြင်းပါဘူး"

ထိုအခါ ဦးထင်ကျော်က ရယ်မောလျက်....

"ဒါဖြင့်လည်း ငရဲကြီးတာနဲ့ ကုသိုလ်ရတာနဲ့ ချေထားပြီး တစ်ခုနဲ့ တစ်ခု ထေလိုက်ရုံပေါ့ဗျာ"

ဟု ပြောဆိုရယ်မောလျက် ကျွန်တော်တို့လည်း နေ့လယ် လက်ဖက်ရည်များကို သောက်လျက် ရှိကြလေ၏။

လက်ဖက်ရည်သောက်ပြီးနောက် ဦးထင်ကျော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံကိုခဲရင်း မှိန်းလျက် ရှိလေ၏။

နာရီဝက်ခန့်ကြာလတ်သော် ဦးထင်ကျော်သည် မှိန်းနေရာမှ ဖျတ်ခနဲ ထလိုက်ပြီးလျှင် ကိုယ်လက်များကို ဆန့်တန်းပြီးနောက် အခန်းထဲသို့ ဝင်သွားလေ၏။ ဆယ်မိနစ်ခန့်အကြာတွင် ပြန်၍ထွက်လာရာ ကျွန်တော်ပင် သူ၏ရုပ်ရည်ကိုကြည့်၍ ရယ်မောမိ၏။

အနက်နှင့်အဝါ မန်ကျည်းစေ့ကွက် လုံချည်၊ ပင်နီအင်္ကျီ ခပ်ဟောင်းဟောင်းတစ်ထည်ကို ဝတ်ထား၏။ မျက်နှာတွင် နှုတ်ခမ်းမွေးရေးရေးမျှရှိလျက် အသားမှာလည်း နဂိုသားထက် ညိုလာ၏။ မျက်ခုံးနှင့် ဆံပင်တို့မှာလည်း စုတ်ဖွားဖွား နီကြောင်ကြောင်ရှိနေလေသည်။ နှစ်တောင်ခန့်ရှိ မျက်နှာသုတ်ပဝါ ခပ်ညစ်ညစ်တစ်ထည်ကို ဦးခေါင်း၌ပတ်ထားပြီးလျှင် လွယ်အိတ်တစ်လုံးကိုလည်း လွယ်





ထားလေသည်။

တံခါးပေါက်အနီးရှိ ဖိနပ်တစ်ရံကို ယူပြီးစီးရင်း..

"ကိုင်း။ မိုးမချုပ်ခင် သွားလိုက်ဦးမယ် ကိုတင်မောင်။ ကျုပ် မိုးချုပ်ချင် ချုပ်လိမ့်မယ်။ ကျုပ်ကို စောင့်မနေနဲ့။ စားသာ စားနှင့်"

"နေပါဦး။ အခု ဘယ်ကိုလဲ"

"ဘောက်ထော်ကိုလေ။ နှစ်နာရီ လေးဆယ့်ငါးရထား မီကောင်းပါသေးရဲ့။ ဒါထက် ငါးမျှားချိတ်များ ဘယ်မှာဝယ်ရသလဲဗျ"

"ဖရေဇာလမ်း ကုလားဆိုင်တွေမှာ ရှိတာပေါ့ဗျ။ ဘာလုပ်ဖို့လဲ"

"အသုံးကျလို့ပေါ့ဗျာ။ ကိုင်း သွားဦးမယ်။ ထမင်းစားနှင့်နော်။ ကျုပ်ကို စောင့်မနေနဲ့"

ဦးထင်ကျော် ထွက်သွားသောအခါ ပိုက်ဆံကြေးငွေအတွက် မျှော်လင့်ချက် တစ်စုံတစ်ရာမရှိဘဲ တစ်ခါတစ်ရံ မိမိအိတ်ထဲမှပင် စရိတ်စိုက်ထုတ်ပြီးလျှင် ဤကဲ့သို့ မိုးရေထဲ၌ အဆင်းရဲအပင်ပန်းခံကာ လိုက်လံစုံထောက်နေရခြင်းမှာ လူထူးလူဆန်းတစ်ယောက်ပင် ဖြစ်ပေသည်ဟု ကျွန်တော်လည်း ဦးထင်ကျော်အကြောင်းကို တွေးရင်း ကျန်ရစ်ခဲ့၏။

ခြောက်နာရီတွင် ညစာစားပြီးနောက် ဦးထင်ကျော်အား စောင့်ဆိုင်းရင်း စာအုပ်တစ်အုပ်ကို ဖတ်လျက် ရှိလေသည်။

ရှစ်နာရီကျော်လောက်တွင် ဦးထင်ကျော် ပြန်ရောက်လာရာ၊ ကျွန်တော်လည်း တံခါးဖွင့်ပေးလိုက်၏။ သူ၏အပေါ်အင်္ကျီနှင့် လုံချည်အောက်ပိုင်းမှာ မိုးရေများ စိုလျက်ရှိပြီးလျှင် အသားခပ်မည်းမည်းနှင့် ဦးခေါင်းတွင် တဘက်တစ်ထည် ပေါင်းထားသူမှာ အကယ်၍ သူထွက်သွားစဉ်ကသာ ကျွန်တော် မမြင်လိုက်ခဲ့ပါမူ ဦးထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ကျွန်တော်ပင် သိနိုင်မည် မဟုတ်ပေ။ ဦးထင်ကျော်သည် ထီးကို အခန်းထောင့်၌ ထောင်၍ထားလိုက်ပြီးလျှင် လွယ်အိတ်ကို သူ၏စားပွဲပေါ်၌ တရိုတသေ တင်ထားလိုက်လေသည်။

ထို့နောက် ခါးများကို ဆန့်တန်းကာ…

"ကိုင်း…ကိုတင်မောင်။ ပြီးမှပဲ အေးအေးဆေးဆေး ပြောတော့မယ်ဗျာ။ ကျုပ် ရေချိုးခန်း ဝင်လိုက်ပါရစေဦး"

"ခင်ဗျား ထမင်းစားဦးမယ် မဟုတ်လား"

"မစားတော့ပါဘူးဗျာ။ ပေါင်မုန့်လေးချပ်နဲ့ ကော်ဖီတစ်အိုးလောက်သာ ပြင်ထားဖို့ ကောင်ကလေးကို ပြောလိုက်ပါတော့"

ဦးထင်ကျော်သည် ရေမိုးချိုး၍ အဝတ်အစားလဲပြီးနောက် ထမင်းစားပွဲ၌ ထိုင်ကာ ထောပတ်သုတ်ထားသော ပေါင်မုန့်လေးချပ်နှင့် ကော်ဖီတစ်အိုးကို ကုန်အောင် သောက်လေသည်။ ပြီးသောအခါ ကျွန်တော့်အနီးရှိ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ဆေးတံကို မီးညှိပြီးနောက် အားပါးတရ ရှူရှိုက်လျက်ရှိလေ၏။

ကျွန်တော် ။ ။ "ဘယ်ကို သွားတာလဲဗျ။ ပြောစမ်းပါဦး။ ကိစ္စက ဒီလောက် အရေးကြီးလို့လား"

ကျော် ။ ။ "အရေးကြီးဆို ကျုပ်ကြည့်ချင်တာက မိုးသည်းသည်းရွာပြီးရင် ရှိတော့မှာ မဟုတ်ဘူးဗျ။ ဒါကြောင့် မိုးမရွာခင် ရောက်အောင် ပြေးလိုက်ရတယ်"

"ခင်ဗျားခရီးစဉ် ပြောစမ်းပါဦး"

"ကျုပ်ခရီးစဉ် ပြောရရင် ခင်ဗျား ရယ်တောင်ရယ်လိမ့်မယ်။ ဒီလိုပဲဗျ။ ကြံကြီးစည်ရာ လုပ်ရတာပဲ။ ကျုပ်တို့အလုပ်က တစ်ခါတလေ အရူးနဲ့ တူတယ်။ ဒါထက် ကိုတင်မောင်၊ ငါးမျှားတတ်သလား"





"ကြံကြံစည်စည်ဗျာ"

"ငယ်ငယ်ကတော့ မမျှားဖူးဘူးလား"

"ငယ်ငယ်ကတော့ နည်းနည်းပါးပါး လုပ်ဖူးပါတယ်။ ဘာဖြစ်လို့လဲ"

"ငါးမျှားတာ အတော်သည်းခံရတဲ့ အလုပ်ဘဲဗျ။ ကျုပ်ငါးမျှားတာ တစ်နာရီလောက်ပဲ ကြာတယ်။ တစ်ကောင်တည်း ရတယ်ဗျို့"

"နေပါဦး။ ငါးမျှားတာ အသာထားပြီး ခင်ဗျားခရီးစဉ် ပြောစမ်းပါဦး"

"ခရီးစဉ်ကလား။ အိမ်က ထွက်သွား။ ဖရေဇာလမ်းမှာ ငါးမျှားတံနဲ့ ငါးမျှားချိတ် ဝယ်။ ငါးစာလုပ်ဖို့ ပေါင်မုန့်တစ်လုံး ဝယ်။ ဘူတာရုံ သွား။ ဘောက်ထော်လက်မှတ် ခံ။ ဘောက်ထော်ရောက်။ ဒေါ်မင်းစိန်တို့အိမ်စု သွား။ အဲ သူတို့အိမ်နဲ့ မျက်စောင်းထိုးမှာရှိတဲ့ ရေကန်ကျတော့ ငါးမျှားတာပေါ့ဗျာ"

"ငါးမျှားတယ်။ ဟုတ်လား"

"ဟုတ်တယ်လေ။ ငါးတစ်ကောင်တောင် ရခဲ့သေးတယ်။ နို့မှလည်း ကျုပ်ကြည့်ချင်တာ အေးအေးဆေးဆေး ကြည့်ရမှာကိုး။ အတော်ကြာတော့ ရွာထဲက ဆယ်အိမ်ခေါင်းက လာပြီး ဒီရေကန်မှာ ငါးမမျှားရဘူးဆိုတာနဲ့ ရပ်လိုက်ရတယ်။ ဒီနောက် ဆယ်အိမ်ခေါင်း ပြန်သွားတော့မှ ငါးမျှားတံကို ချုံပုတ်တစ်ခုထဲ ထိုးထားပြီး အသုဘအိမ်က ဖဲဝိုင်းကို ဝင်ကစားတယ်"

"မရင်မြရဲ့ အသုဘအိမ်လား"

"ဟုတ်တယ်။ ဖဲရိုက်ရင်း စကားမျိုးစုံ ကြားရတာပေါ့ဗျာ။ သေတဲ့ မရင်မြအကြောင်းရော၊ ဦးညိုမောင် အဖမ်းခံရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ကြို့စက်က စာရေးကလေးမောင်စံအေးနဲ့ မရင်မြ ကြိုက်နေတဲ့အကြောင်းရော၊ မရင်မြ တိတ်တိတ်ပုန်းကိုယ်ဝန်ရှိနေတဲ့အကြောင်းရော၊ ကာလသားဝိုင်း ဝင်ထိုင်တော့ လက်ဖက်ရည်ကြမ်းသောက်ရင်း ပြောလိုက်ကြတာ စုံပါရော"

"ဒေါ်မင်းစိန်ကတော့ ခင်ဗျားကို မမြင်ဘူးလား"

"မြင်တာပေါ့ဗျ။ နို့ပေမယ့် ကျုပ်မှန်း ဘယ်သိမလဲ။ ဆေးလိပ်မီးတောင် ကျုပ်ဆီ လာညှိလိုက်သေးဗျာ။ ဒါထက် အဲဒီ မထွန်းဆိုတဲ့မိန်းမနဲ့ စကားလက်ဆုံ အတော်ကျခဲ့တယ်ဗျို့။ အဲဒါက နေရာကျတယ်။ လုံချည်အပြာကွက်နဲ့လူတစ်ယောက် ဟိုနေ့က သူမြင်လိုက်တယ်ဆိုတာ အမှန်ဆိုပဲတဲ့ဗျ။ ပြီးတော့ သူ မြင်တယ်ဆိုတဲ့နေရာက ရေကန်ဘက်ကို ကျုပ်သွားကြည့်တော့ အမှန်ပဲမြင်နိုင်တဲ့အကြောင်း ကျုပ် တွေ့ခဲ့ရတယ်။ ဒီတော့မှ ရေကန်ဘက်ကို သွားပြီး သူမြင်လိုက်တဲ့နေရာရှာရတာကိုးဗျ"

"ဪ၊ ဟုတ်လား"

ဦးထင်ကျော်သည် ဆက်လက်မပြောတော့ဘဲ ဤနေရာတွင် စကားလက်စသတ်လိုက်ရာ ဆေးတံကိုသာ တွင်တွင်ကြီးဖွာလျက်ရှိသဖြင့် ကျွန်တော်လည်း အိပ်ရာသို့ ဝင်ခဲ့လေ၏။

* ● *

နောက်တစ်နေ့ နံနက်၌ ဦးထင်ကျော်သည် ယမန်နေ့က အတိုင်း ရုပ်ဖျက်ထွက်သွားရာ ည ရှစ်နာရီခန့်တွင်မှ အိမ်သို့ပြန်ရောက်လာ၏။ ထိုနေ့တွင် ဦးထင်ကျော်လွယ်အိတ်ထဲ၌ စက္ကူဖြင့် အသေအချာထုပ်ထားသော မြေမှုန့်ထုပ်ကလေး သုံးထုပ်၊ သိုးမွေးခြေအိတ် အစိမ်းရောင် တစ်ဖက်၊ နောက်ပိတ်ဖိနပ် တစ်ရံ၊ လုံချည်အပြာကွက် တစ်ထည် ပါလာလေသည်။





ယင်းပစ္စည်းများကို ဦးထင်ကျော်သည် သူ၏ဓာတ်ခွဲခန်းတွင် နှစ်နာရီကြာမျှ ခွဲစိပ်စစ်ဆေးလျက်ရှိလေ၏။ ထို့နောက် အပြင်ခန်းသို့ထွက်လာပြီးလျှင် ခါးများကို ဆန့်တန်းလိုက်၏။ ထို့နောက် စားပွဲပေါ်၌တင်ထားသော ဆေးတံကိုလည်း ဆေးထည့်၍ မီးညှိလိုက်လေသည်။

"ကိုတင်မောင်၊ လာပါဦးဗျ။ နားတောင်စမ်းပါဦး"

"ဆိုစမ်းပါဗျာ။ ကျုပ်က နားထောင်ဖို့ အသင့်ပါပဲ။ ခင်ဗျားမပြောချင်သေးမှန်းသိလို့ ကျုပ်က အေးအေးနေတာပါ"

"ဒီကနေ့ ကျုပ်သွားတာက ကြို့စက်မှာ နေ့စားသွားလုပ်တာကိုးဗျ။ မနက် ရှစ်နာရီက ညနေ ငါးနာရီအထိ လုပ်ခ ငါးကျပ်ရခဲ့တယ်"

"မောင်စံအေးအကြောင်း စုံစမ်းရအောင်လား"

"ဒါပေါ့ဗျ။ ဒီ မောင်စံအေးဆိုတဲ့သူငယ်က တော်တော်ချက်ချက်ချာချာ ရှိတယ်။ အင်္ဂလိပ်စာလည်း တတ်တယ်။ သေသူမရင်မြနဲ့ သမီးရည်းစားဖြစ်နေတာလည်း အမှန်ပဲ။ သူက စက်ထဲက တန်းလျားမှာ နေတယ်။ အခင်းဖြစ်ပွားတဲ့နေ့က နေ့လယ် တစ်နာရီ လက်ဖက်ရည်သောက်ဆင်းတဲ့အချိန်မှာ သူဟာ အိမ်က တစ်နာရီလောက် ပျောက်သွားတယ်။ သူနဲ့ လုပ်ဖော်ကိုင်ဖက် စာရေးနှစ်ယောက် သက်သေရှိတယ်။ အဲဒီတုန်းက ဘာလုံချည် ဝတ်သွားသလဲ။ အပြာနဲ့အဖြူကွက်လုံချည် ဝတ်ပြီး နောက်ပိတ်ဖိနပ် စီးသွားတယ်။ ကိုင်း...ဒီတော့ မထွန်း မြင်လိုက်တယ်ဆိုတဲ့သူကလည်း လုံချည်အပြာကွက်နဲ့ဆို မဟုတ်လား"

"ဟုတ်တယ်။ အရပ်လည်း မြင့်တယ်ဆို"

"မောင်စံအေးက အရပ်မြင့်မြင့် အသားလတ်လတ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခံနေရသူ ကိုညိုမောင်က မည်းမည်းပုပုပဲ။ ဒီတော့ ကိုညိုမောင် ဖြစ်နိုင်ပါ့မလား''

''မဖြစ်နိုင်ဘူးပေါ့''

''ပြီးတော့ မထွန်း မြင်လိုက်တယ်ဆိုတဲ့နေရာ ကျုပ် သွားကြည့်တော့ တစ်ခြားခြေရာတွေ နည်းနည်းပါးပါးတော့ ရှိတယ်။ နို့ပေမယ့် နောက်ပိတ်ဖိနပ်နဲ့ ရေကန်ထဲ ချော်ကျတဲ့ခြေရာတစ်ခု ထင်ထင်ရှားရှားကြီး တွေ့ရတယ် ကိုတင်မောင်ရဲ့။ ဒီတော့ ကျုပ်လည်း ခြေရာကိုတိုင်းပြီး အဲဒီနေရာက သဲမြေရယ်၊ ရွှံ့စေးရယ်၊ ရွှံ့နဲ့ မြေနီစပ်ထားတဲ့မြေရယ် ကျုပ် ယူခဲ့တာပေါ့။ ပြီးတော့..ရေကန်က မထွန်းအိမ်ရဲ့ တောင်ဘက်မှာ ရှိတယ်။ ဒီတော့ ဒီလူဟာ အရှေ့ဘက်က အနောက်ဘက်ကိုသွားတယ်ဆိုတော့ ရေကန်ထဲ သူချော်ကျရင် လက်ဝဲဘက်ခြေထောက် ကျရမယ်''

''ဟုတ်တာပေါ့''

''ရေကန်မှာ တွေ့ရတဲ့ခြေရာကလည်း လက်ဝဲဘက်ခြေရာ၊ ဖိနပ်ကလည်း အသစ်လဲပြီးစ ဖိနပ်ခွာပုံစံ၊ ဒီဖိနပ်ရဲ့လက်ဝဲဘက်မှာလည်း ရေကန်မှာတွေ့ရတဲ့ မြေနီမျိုး တွေ့ရတယ်''

''ဟုတ်လား''

''ပြီးတော့ ရှိသေးတယ်။ ရေကန်ထဲကို နောက်ပိတ်ဖိနပ်စီးပြီး ခြေချော်ကျရင် ခြေအိတ်လည်း စိုရမယ်။ ရွှံ့တွေ သဲတွေလည်း ပေနေရမယ်။ ဟုတ်တယ် မဟုတ်လား''

''ဟုတ်တာပေါ့''

''အိမ်နံရံကြားထဲ ထိုးသွင်းထားတဲ့ ခြေအိတ်မှာလည်း ဒီအတိုင်း တွေ့ရတယ်။ ပြီးတော့ လုံချည်က ရှိသေးတယ်''

''သူ့လုံချည်အပြာကွက်ဟာ လျှော်ပြီး လှမ်းထားတယ်။





နို့ပေမယ့် မစင်တော့ ချုပ်ရိုးနေရာမှာဝင်နေတဲ့ သဲဟာ ရေကန်မှာ တွေ့ရတဲ့သဲနဲ့ အတူတူပဲ''

''တယ်လည်း စေ့စပ်တာပဲဗျာ''

''ဒီအပြင် အချက်အလက်တွေလည်း အများကြီးရှိသေးတယ် ကိုတင်မောင်။ ကိုင်း..ဒီတော့ ကိုတင်မောင်က ကျုပ်ပြောတာလိုက်ပြီး ရေးစမ်းပါ။ ဒီစာကို တရားခံဦးညိုမောင်ဘက်ကလိုက်မယ့် ရှေ့နေကိုပေးလိုက်ရင် ဦးညိုမောင် တစ်ခါတည်းလွတ်ပါလိမ့်မယ်။ စာရွက်မှာ အောက်က ကာဘွန်ခံပြီး ခဲတံနဲ့ ရေးပေတော့''

သို့နှင့် ကျွန်တော်လည်း ဦးထင်ကျော် နှုတ်ကပြောပြသည်များကို စာရွက်ပေါ်တွင် အောက်ပါအတိုင်း လိုက်၍ ရေးရလေသည်။

**မရင်မြ သေဆုံးမှုနှင့် ပတ်သက်၍ အောက်ပါအချက်များကို စုံစမ်းတွေ့ရှိရပါသည်။**

(၁) လူသတ်မှုတရားခံတိုင်း၌ ရည်ရွယ်ချက်ရှိ၏။ (မောင်စံအေး၌ ရည်ရွယ်ချက် ရှိသည်။ မောင်စံအေး၌ မိန်းကလေးများကို ဖျက်ဆီးသောအလေ့ ရှိသည်။ မရင်မြနှင့် သမီးရည်းစား ဖြစ်သည်။ မရင်မြ၏ကိုယ်ဝန်ကို ဖုံးကွယ်လိုဟန် ရှိသည်။)

(၂) လူသတ်မှုသည် တစ်နေ့နေ့၊ တစ်နေရာရာ၊ တစ်ချိန်ချိန်၌ လုပ်ကိုင်နိုင်ရန် အခွင့်အရေးရ၏။ (မောင်စံအေးသည် အခင်းဖြစ်ပွားသောနေ့ မွန်းလွဲတစ်နာရီ လက်ဖက်ရည်သောက်ဆင်းချိန်တွင် နာရီဝက်ခန့် အိမ်မှပျောက်သွား၏။ သို့ဖြစ်၍ ယင်းအခွင့်အရေးကို ရခဲ့၏။)

(၃) သေသူမရင်မြ၏ လက်ဝဲရင်အုံမှဒဏ်ရာသည် ဘယ်သန်သောလက်ဖြင့် ထိုးရမည်ဟု ဆရာဝန်၏ဆေးစာတွင် ပါရှိ၏၊ (မောင်စံအေးသည် ဘယ်သန်တစ်ယောက် ဖြစ်၏။)



www.burmeseclassic.com

www.burmeseclassic.com

(၄) ရေကန်ထဲ၌ ခြေတစ်ဖက်ကျသူသည် နောက်ပိတ်ဖိနပ်ကို ဝတ်ဆင်ထား၍ ထိုဖိနပ်ဖြင့် ရေကန်အနီး၌ ခြေရာများကို ထင်စေခဲ့၏။ (မောင်စံအေးသည်လည်း အခင်းဖြစ်ပွားသောနေ့၊ အခင်းဖြစ်ပွားသောအချိန်လောက်၌ နောက်ပိတ်ဖိနပ်ကိုစီး၍ သွားသည်ဟု ဆို၏။)

(၅) အကယ်၍ မောင်စံအေးသည် သတ်သူဖြစ်၍ ထိုအချိန်က နောက်ပိတ်ဖိနပ်စီးထားလျှင် လက်ဝဲဘက်ဖိနပ်နှင့် ခြေအိတ်ပါ ရေများ စွတ်စို၍နေရမည်။ ရွှံ့နှင့် သဲများလည်း ပေကျံ၍ နေရမည်။ (မောင်စံအေး၏ခြေအိတ်တစ်ဖက် ရေစို၍နေသည်ကို တွေ့ရ၏။ ရေကန်ထဲမှ သဲနှင့်ရွှံ့အမျိုးအစားမျိုး ၄င်းခြေအိတ်ပေါ်၌တွေ့ရသည်။)

(၆) အကယ်၍ မောင်စံအေးသည် သတ်သူဖြစ်လျှင် သူ၏ရေစိုနေသောခြေအိတ်ကို သဘာဝအတိုင်း လုံခြုံသောနေရာတစ်ခုတွင် ဝှက်ထားပေလိမ့်မည်။ (မောင်စံအေး၏အိမ်ထရံကြားတွင် ယင်းခြေအိတ်များ ဝှက်ထားသည်ကို တွေ့ရ၏။)

(၇) ရေကန်ထဲသို့ လက်ဝဲဘက်ခြေတစ်ဖက် ချော်ကျသူသည် မောင်စံအေးဖြစ်လျှင် သူ့၌ လုံချည်အပြာကွက်တစ်ထည် ရှိရမည်။(မောင်စံအေး၏နောက်ဖေးရေချိုးခန်းတွင် ဖွပ်လျှော်၍လှမ်းထားသော လုံချည်အပြာကွက်တစ်ထည်ကို တွေ့ရသည်။ နောင် တရားခံဦးညိုမောင်အိမ်၌ ရှာဖွေသောအခါ လုံချည်အပြာကွက် မရှိ။ မတွေ့ရချေ)

(၈) အကယ်၍ မောင်စံအေးသည် ထိုအချိန်အခါက ထိုလုံချည်ကိုဝတ်ထားလျှင် လုံချည်အဖျား၌ ရွှံ့နှံ့နှင့် သဲများ တွေ့ကောင်းတွေ့ရမည်။(မောင်စံအေး၏ လုံချည်အပြာကွက်ပေါ်တွင် ချုပ်ရိုးများကြားထဲ၌ အလားတူ သဲများကို တွေ့ရ၏။)





(၉) သက်သေ မထွန်းက မြင်လိုက်သောသူမှာ အသားဖြူဖြူ အရပ်မြင့်မြင့် ဟုဆို၏။ (မောင်စံအေးသည် အသားလတ်၍ အရပ် မြင့်သည်။ ယခု ဖမ်းထားသော တရားခံဦးညိုမောင်မှာ အသားမည်း၍ အရပ် ပုသည်။)

(၁၀) သတ်သူသည် မရင်မြ၏ခြံစည်းရိုးနှင့် ကပ်လျက်ရှိသော ခြေသွားလမ်းကလေးမှ အလွယ်တကူ ထွက်နိုင်သည်။ (လုံချည်အပြာကွက်ဝတ်ထားသောသူသည် ထိုနေရာမှ ထွက်လာကြောင်း သက်သေ မထွန်းက ထွက်ဆိုသည်။)

(၁၁) ဖြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လာသူသည် မိမိကိုယ်ကို လူမမြင်အောင် အထူးဂရုစိုက် ကွယ်ဝှက်လေ့ရှိသည်။ (လုံချည်အပြာဝတ်လျက် ခပ်သုတ်သုတ်လျှောက်လာသူသည် လမ်းကောင်းသော အပေါ်လမ်းမှ မသွားဘဲ၊ ကန်ပေါင်နံဘေး မြေနိမ့်လမ်းကလေးမှလာသောကြောင့် ရေကန်ထဲသို့ ခြေတစ်ဖက်ချော်ကျခြင်း ဖြစ်သည်။)

အထက်ပါအချက် ဆယ့်တစ်ချက်တို့ကို ထောက်ချင့်ခြင်းဖြင့် ဦးညိုမောင်မှာ သတ်သူ တရားခံမဟုတ်ကြောင်း ထင်ရှားသည်။)

"ကိုင်း...တော်လောက်ပါပြီ ကိုတင်မောင်။ ဒီစာရွက် နှစ်ရွက်က တစ်ရွက်ကို အမှုစစ်နေတဲ့ အင်စပိတ်တော်ပေးပြီး၊ တစ်ရွက်ကိုတော့ ဦးညိုမောင်ရဲ့ရှေ့နေကို ပေးရမယ်ဗျို့"

"စံအေးကော မဖမ်းသေးဘူးလား"

"အင်စပိတ်တော်ဦးအုန်းမြက ဒီနေရာမျိုး ဘယ် လက်နှေးလိမ့်မလဲ ကိုတင်မောင်။ ညနေက ဖမ်းလိုက်ပြီဗျ။ သက်သေ မထွန်းကို စစ်ပြီးတဲ့နောက် ကျုပ်ဆီက ထောက်ခံချက် သုံး လေးချက်ရတာနဲ့ ဖမ်းတာပဲဗျို့။ သက်သေခံပစ္စည်းတွေလည်း ကျုပ်ထင်တဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

တွေ့တာပဲ"

"ဩော်....ခင်ဗျား လွယ်အိတ်ထဲ ထည့်ယူလာတာ ဒီဟာတွေကိုး"

"ဟုတ်တယ်ဗျ။ ဦးအုန်းမြဆီက နားလည်မှုနဲ့ ယူလာပြီး၊ နက်ဖြန်မနက် ပြန်အပ်ရမယ်။ ဒီသူငယ်က တော်တော်လည်း ဉာဏ်သွားပြီး၊ ကောင်မကလေးက သူ့ကို လင်ကောင်ဖော်မယ်လုပ်တော့ တစ်ခါတည်း အရဲစွန့်ပြီး နှုတ်ပိတ်လိုက်တာနဲ့ တူတယ်"

"တယ်လည်း ရက်စက်ပါကလားဗျာ"

"ဒါနဲ့ အဘိုးကြီးအမှုသာ မြန်မြန်တင်ပါစေ ဆုတောင်းရတာပဲဗျို့။ မထွန်းကို အစိုးရသက်သေအဖြစ်နဲ့ စစ်ပြီးတဲ့နောက်မှ ရတာပဲဗျို့။ လုံချည်အပြာကွက်ဝတ်တဲ့ကိစ္စ ပိုထင်ရှားလာမှာကိုးဗျ"

ဦးထင်ကျော် ထောက်လှမ်းစုံစမ်းသည့် အချက်များနှင့်တကွ တွေးတောယူဆချက်အားလုံးပင် မှန်ကန်ခဲ့ပေသည်။

မောင်စံအေးသည် နောက်တစ်နေ့၌ပင် မရင်မြအား သူသတ်ကြောင်း ဖြောင့်ချက်ပေးလေရာ လက်ဖျားတွင် သွေးကွက်များ စွန်းထင်လျက်ရှိသော ရှပ်အင်္ကျီတစ်ထည်ကိုလည်း ထပ်မံရရှိလေသည်။ ထိုးသောဓားမြှောင်ကိုလည်း ထိုရေကန်ထဲမှပင် သူ၏ ဖြောင့်ချက်အတိုင်း ရဲအဖွဲ့က လူငှား၍ ရေငုပ်ရှာဖွေရာတွင် နောက်တစ်နေ့၌ ရရှိခဲ့၏။

ဦးထင်ကျော် ထောက်လှမ်းချက်အရ ရေကန်နံဘေးရှိ မြေနီရွံ့စေးလမ်းပေါ်တွင် တွေ့ရသောခြေရာကို ပလာစတာဖြင့် ပုံသွန်းထားသောပုံစံမှာလည်း မောင်စံအေး၏နောက်ပိတ်ဖိနပ်ရာနှင့် တစ်ထပ်တည်း တူညီလျက် အခြားပစ္စည်းများနှင့် ပတ်သက်၍ အစိုးရစုံထောက်ဘက်ဓာတုဗေဒစမ်းသပ်ချက်တို့မှာလည်း ဦးထင်ကျော်တွေ့





ရှိချက်များနှင့် ထပ်တူထပ်မျှ ဖြစ်လေသည်။

မရင်မြမှာ မောင်စံအေးနှင့် ကျူးကျူးလွန်လွန် ရှိနေခဲ့ပြီးနောက် ဘောက်ထော်ရွာထဲမှ ကျောင်းသားတစ်ယောက်နှင့် ဖြစ်ပျက်လျက်ရှိပြန်ရာ ကိုယ်ဝန်ရှိလာသည်နှင့် တစ်ပြိုင်နက် မရင်မြသည် မောင်စံအေးအား တပ်အပ် စွပ်စွဲသဖြင့် မောင်စံအေးသည် ဒေါသလည်း ဖြစ်၊ အရှက်လည်း ကွဲမည်စိုးသဖြင့် နှုတ်ပိတ်လိုက်ခြင်းဖြစ်ကြောင်းဖြင့် ဖြောင့်ဆိုဝန်ခံလေသည်။

ဦးညိုမောင်မှာ ဆယ့်နှစ်ရက် အချုပ်ခံရပြီးနောက် လွတ်မြောက်လာ၏။ မောင်စံအေးမှာမူ ရည်းစားဖြစ်သူ သစ္စာဖောက်မှုအတွက် ဒေါသအလျောက် ပြုလုပ်မိခြင်းကို လည်းကောင်း၊ အသက်ငယ်ရွယ်ခြင်းကို လည်းကောင်း ထောက်ထားကာ တစ်သက်တစ်ကျွန်းအပြစ်ဒဏ် ခံရလေသည်။

အမှုပြီးသည့်နောက် နှစ်ရက်မျှအကြာတွင် ဦးညိုမောင်က နံ့သာပုဂ္ဂက်ပျောတစ်ခိုင်ကို ထမ်းလျက် ဒေါ်မင်းစိန်က ဘူးသီးကြီးတစ်လုံးကို ရွက်ကာ ခြံထွက်ပစ္စည်းများနှင့်တကွ ငွေ တစ်ရာကျပ်ပါလာရောက်ကန်တော့ရာ ဦးထင်ကျော်လည်း ငွေတစ်ရာကျပ်ကို ပြန်ပေးလိုက်ပြီးလျှင် ခြံထွက်ပစ္စည်းများကိုသာ လက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဦးထင်ကျော်၏စွန့်စားခန်း

အချိန်သည်ကား မြန်မာပြည်ရှိ ဂျပန်အမျိုးသား အမျိုးသမီးများအား အင်္ဂလိပ်အစိုးရတို့က ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်း မပြုမီ သုံးလခန့် ဖြစ်၏။ အနောက်မှစစ်မီးသည် အရှေ့သို့ ခုန်၍ကူးတော့မည်ကဲ့သို့ ရှိလေရာ၊ လက်နက်တပြင်ပြင်ရှိနေသော ဂျပန်တို့၏ စစ်သွေးစစ်မာန် အတက်ကြွဆုံးအချိန် ဖြစ်၏။ မြန်မာပြည်တွင် လျှို့ဝှက်စွာ အမှုထမ်းနေခဲ့သော ဂျပန်လူမျိုးကုန်သည်အချို့နှင့် ဓာတ်ပုံဆရာ၊ သွားစိုက်ဆရာနှင့် ဆေးဆိုင်ရှင် စသော အရေးပါအရာရောက်သူများမှာ ထိုအချိန်မတိုင်မီ နှစ်လ၊ သုံးလခန့်ကပင် ဂျပန်ပြည်သို့ ပြန်ကြလေကုန်ပြီ။

အင်္ဂလိပ်အစိုးရတို့မှာ အရှေ့၏ဘေးအန္တရာယ်ကို ကာကွယ်နှိမ်နင်းရသည်က တစ်မျိုး၊ ဂျပန်ကိုလိုလားသူ အသင်းအဖွဲ့များနှင့် မိမိတို့ဘက်တွင် အမှုထမ်းနေသော ရန်သူ၏ပဉ္စမတပ်သားတို့ကို ရှာဖွေစုံစမ်းရသည်က တစ်ဖုံဖြင့် ထိပ် မြွေကိုက်ခံရသကဲ့သို့ ရှိနေသောအချိန်ဖြစ်၏။ မိမိတို့ဘက်မှလည်း ပုလိပ်နှင့် စုံထောက်အရာရှိများသာ မဟုတ်။ ယုံကြည်စိတ်ချရသူအချို့ကိုပင် သူလျှိုအဖြစ် အမှုထမ်းစေလျက် ရန်သူ၏ခြေလှမ်းနှင့်တကွ ပြည်တွင်းရန် အဖွဲ့အစည်းများကိုပါ တိတ်တဆိတ် လိုက်လံစုံစမ်းနေသည့်အချိန် ဖြစ်လေသည်။





ဂျပန်သည် အမေရိကန်နှင့် အင်္ဂလိပ်တို့အား စစ်ကြေညာတော့မည့်အကြောင်းကို အထက်အစိုးရကြီးများ သိရှိပြီးဖြစ်၏။ အရှေ့မှ စစ်မီးသည်လည်း အနောက်ကစစ်မီးထက်ပင် ပြင်းထန်ကောင်းပြင်းထန်မည်ဟု ယူဆရ၏။ ဘိလပ်မှညွှန်ကြားချက်သည်လည်း နာရီပိုင်းနှင့်အမျှ ရရှိလျက်ရှိရာ၊ မြန်မာပြည်ဘုရင်ခံနှင့်တကွ ကက်ဘိနက်အဖွဲ့မှ အတွင်းကျသောအမတ်များပါ နေ့စဉ်ရက်ဆက် အစည်းအဝေးပြုလုပ်ကာ ခေါင်းချင်းရိုက်လျက်ရှိနေကြသော်လည်း အောက်အရာရှိများကိုမူ တတ်နိုင်သမျှ ဖုံးဖိနေသောအချိန် ဖြစ်၏။ သတင်းစာတိုက်များသို့လည်း လျှို့ဝှက်သတင်းများ မပေါက်ကြားစေရန် တတ်နိုင်သမျှ ဖိနှိပ်ချုပ်ချယ်နေသောအချိန်လည်း ဖြစ်၏။

တစ်နေ့သော ညနေစောင်း ငါးနာရီအချိန်ခန့်တွင် ဦးထင်ကျော်သည် ဆေးတံကို ဆေးထည့်ကာ ပက်လက်ကုလားထိုင်ပေါ်သို့ လှဲမည်ပြုစဉ် အိမ်ရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်လာပြီးနောက် ကျွန်တော်တို့အခန်းဆီသို့ တက်လာသောခြေသံတစ်သံကို ကြားရ၏။ သို့နှင့် တံခါးဖွင့်ဖြစ်သူအား

"ဟေ့ မောင်ဘိုးလူ။ တံခါးခေါက်သံ မဟုတ်လား ကွ။ သွားဖွင့်လိုက်ကွာ။ အနားယူခါနီး ဘယ်သူများ လာပြန်ပြီလဲ မပြောတတ်ပါဘူး"

သို့နှင့် တံခါးကို ဖွင့်လိုက်ရာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးခန့်ရှိ ရုပ်ရည်သားနား၍ အစိုးရအရာရှိဟန် အသွင်အပြင်ရှိသော လူကြီးတစ်ယောက်သည် ဦးထင်ကျော်အား ခပ်ပြုံးပြုံးပြ၍ ရင်းဝင်လာသဖြင့် လူချင်းပင် ယခင်က မသိဖူးသော်လည်း အတန်ငယ် ပြန်၍ပြုံးလိုက်ပြီးနောက် နေရာထိုင်ခင်းများ ပေးလေသည်။

"ထိုင်ပါခင်ဗျာ၊ ထိုင်ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်နာမည်က ဦးအောင်ညွန့်လို့ ခေါ်ပါတယ်။ ဝန်ကြီး ·······ရဲ့ အတွင်းဝန်ပါပဲ"

"ဩော်···ဟုတ်ကဲ့"

"အပြင်များ သွားစရာရှိသေးသလား"

"မရှိပါဘူး ခင်ဗျာ"

"ကျေးဇူးပါပဲ မောင်"

"ကျွန်တော် ဘယ်လို ကူညီနိုင်မလဲဆိုတာ အမိန့်ရှိပါ ခင်ဗျာ"

"နေရာကျလိုက်လေ မောင်ရယ်။ အခု မောင့်ဆီကို ဦး လာတာ တစ်ခြား မဟုတ်ဘူး။ မောင်က ကူညီဖို့ ကိစ္စတစ်ခုအတွက် ပဲ မောင်ရဲ့"

အတန်ငယ် အံ့အားသင့်ဟန်ဖြင့်

"ဘယ်လိုကိစ္စများပါလိမ့်ခင်ဗျာ"

"ကိစ္စမပြောခင် အခုဖြစ်နေတဲ့ တိုင်းရေးပြည်ရေး အခြေ အနေအကြောင်း မောင်လည်း နည်းနည်းပါးပါးတော့ ရိပ်စားမိမှာ ပေါ့"

"ဘယ်လိုလဲ ခင်ဗျာ။ ကျွန်တော်ကလည်း နိုင်ငံရေးသမား တစ်ယောက် မဟုတ်လေတော့၊ သိပ် မသိလှပါဘူး"

"မဟုတ်ပါဘူးလေ။ အခု တိုင်းပြည်အခြေအနေအရ သူသူ ငါငါပြောနေကြတဲ့ သတင်းတွေအကြောင်း ဦးက ပြောတာပါ"

"တစ်ဆိတ် ရှင်းပါဦး ခင်ဗျာ"

"အနောက်က စစ်မီးဟာ တဖြည်းဖြည်း ကျုပ်တို့အရှေ့ ဘက်ကို လျှောက်လောင်တော့မလောက် ဖြစ်နေတဲ့အကြောင်းပေါ့ မောင်ရယ်။ ဒီလောက်ပြောရင် ရိပ်မိလောက်ရောပေါ့။ ဒီအခြေအနေ





မှာ ကျုပ်တို့ အစိုးရကိုယ်တိုင် ဟိုဘက် ကြည့်ရ၊ ဒီဘက် ကြည့်ရနဲ့ ကျိုးကန်းတောင်းမှောက်ဖြစ်နေတယ်ဆိုတာ မောင် အသိပဲ"

"မှန်ပါတယ် ခင်ဗျာ"

"ကိုင်း···ဒီတော့ အစိုးရဝန်ကြီးအဖွဲ့က အရေးကြီးတဲ့ကိစ္စ တစ်ခုနဲ့ပတ်သက်ပြီး မောင်ကိုယ်တိုင် ဆောင်ရွက်ပေးစေချင်တဲ့ဆန္ဒ ရှိနေတယ်။ သို့သော် ဦးမှာ ဒီလောက်ထက် ပိုပြီးပြောဖို့ တာဝန်မရှိ ဘူးဆိုတာလည်း ပထမ မောင်သိထားစေချင်တယ်။ အမိန့်က နန်းရင်း ဝန်ကြီးရဲ့အမိန့်ပဲ မောင်ရဲ့။ မောင်ကိုယ်တိုင် သူနဲ့ တွေ့ရလိမ့်မယ်။ သူနဲ့တွေ့တဲ့အခါကျတော့ မောင် သိရမှာပေါ့"

"အမိန့်ရှိပါဦး ခင်ဗျာ။ ကျွန်တော် အခု အစီရင်ခံခဲ့တဲ့အတိုင်း ကျွန်တော်က နိုင်ငံရေးသမားတစ်ယောက် မဟုတ်လေတော့"

"ဟိုရောက်တော့ ဒီဟာတွေ မောင်ကိုယ်တိုင် ရှင်းလင်းပြ နိုင်ပါတယ်။ အခုအမိန့်ကတော့ မောင့်ကို ဒီနေ့ည ကိုးနာရီမှာ သူနဲ့ တွေ့ပေးဖို့ ကျုပ်က စီစဉ်ရမယ်။ မတွေ့ချင်ဘူးဆိုလို့လည်း မဖြစ်ဘူး မောင်ရေ့။ ကျုပ် အခုပြောတဲ့စကားဟာ အစိုးရအမိန့်ပဲ"

"အင်း။ ကိစ္စက တော်တော်လည်း ဆန်းတာပဲခင်ဗျာ"

"ဒီလိုကိုး မောင်ရဲ့။ မောင့်အကြောင်းကို အစိုးရကလည်း အတော်အတန်သိနေပြီ မဟုတ်လား။ ဒီတော့ ရှင်းရှင်းပြောရမယ်ဆို ရင် သူတို့ကိုယ်တိုင် မောင့်ကို ယုံကြည်စိတ်ချလို့ မောင့်ကို အသုံးချ ဖို့ ခေါ်တာပဲ"

"ဟုတ်ကဲ့။ အမိန့်ရှိပါဦး ခင်ဗျာ"

"ဒီနေ့ည ရှစ်နာရီခွဲတိတိမှာ မောင့်ဆီကို ကားတစ်စီး လွှတ်လိုက်မယ်။ ဒီအခါ မောင် လိုက်ခဲ့ပေတော့။ မောင်တစ်ယောက် တည်း လိုက်ခဲ့။ ဘယ်သူ့ကိုမှ အဖော်ခေါ်ဖို့ မလိုဘူး။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကိုလည်း မောင်က ဘာစကားမှပြောဖို့ မလိုဘူး။ ဦး တစ်ခု ပြောချင်တာက မောင်ဟာ ဒီကိစ္စအတွက် ဘာမှ သံသယရှိဖို့၊ စိုးရိမ်ဖို့ မလိုဘူး။ မောင့်အသက်နဲ့ လုံခြုံမှုအတွက် အစိုးရက တာဝန်ယူတယ်။ တစ်ခုရှိတာက အခုအချိန်ကစပြီး အလုပ်ကိစ္စ ဆောင်ရွက်ပြီးဆုံးသည်အထိ မောင်ဟာ လျှို့ဝှက်စွာနဲ့ လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်ဖို့ ဦးက အစိုးရအနေနဲ့ သတိပေးချင်တယ်။ ဦး အခုပြောနေတဲ့စကားတွေဟာ အစိုးရအမိန့်ပဲ မောင်။ ကဲ ... ကျုပ် သွားမယ်''

အတွင်းဝန်သည် နေရာမှထ၍ ဦးထင်ကျော်အား လက်ဆွဲနှုတ်ဆက်ပြီးနောက် တည်ကြည်ခံ့ညားသောအမူအရာဖြင့် အောက်ထပ်သို့ ဣန္ဒြေရစွာ ဆင်းသွားလေသည်။

ထိုနေ့ ည ရှစ်နာရီ ဆယ့်ငါးမိနစ်အချိန်တွင် ဦးထင်ကျော်သည် အဝတ်အစားများ လဲကာ အသင့်ရှိနေ၏။ ယခင်က မိမိ ဆောင်ရွက်ခဲ့ဖူးသော ကိစ္စများမှာ သာမန်ဆင်းရဲသားနှင့် သူဌေး သူကြွယ် ကုန်သည်လူလတ်တန်းစားတို့၏ကိစ္စများသာ ဖြစ်၍ အပန်း မကြီးလှသော်လည်း ယခုကိစ္စမှာ အစိုးရကိစ္စဖြစ်သဖြင့် စိတ်ထဲတွင် အတော်အတန် ထူးဆန်းသကဲ့သို့ ဖြစ်နေ၏။ အစိုးရသည် မိမိအပေါ်တွင် ဤမျှလောက် အထင်အမြင့်ကြီးနေသည်ကိုလည်း တစ်နည်းအားဖြင့် ဂုဏ်မြောက်အံ့သြ၍ နေမိ၏။

အချိန်မှာလည်း တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ အလွန် ရှုပ်ထွေးပွေလီလျက်ရှိသောအချိန် ဖြစ်၏။ သို့နှင့် ဦးထင်ကျော်သည် နာရီကိုကြည့်ကာ တိုက်အောက်မှ ကားသံကို နားစွင့်လျက် ရှိလေသည်။ ရှစ်နာရီခွဲပြီးနောက် တစ်မိနစ်ခန့်အကြာ၌ တိုက်အောက်စကြံန် သံမံတလင်းရှေ့တွင် ကားတစ်စီးရပ်သံ ကြားလိုက်ရပြီးနောက် အပေါ်ထပ်သို့တက်လာသော ခြေသံတစ်သံနှင့် တံခါးခေါက်သံကို ကြားရ





သဖြင့် တပည့်မောင်ဘိုးလူက တံခါးကိုဖွင့်ပေးလိုက်ရာ လုံချည်အနီ၊ ခေါင်းပေါင်း အုပ်ပေါင်းအနီနှင့် အပေါ်အင်္ကျီအနက်ကို ငွေကြယ်သီးများတပ်၍ထားသော မော်တော်ကားဒရိုင်ဘာနှင့် တူသူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ဦးထင်ကျော်အား အတန်ငယ် ဦးညွှတ်အရိုအသေပြုလိုက်ပြီးနောက် ......

''ကားရောက်ပါပြီ ဆရာ။ ကြွပါ''

ဟု ပြောလေသည်။

ဦးထင်ကျော်သည် ထိုသူနှင့်အတူ အောက်သို့ ဆင်း၍လိုက်သွားရာ ကားမှာ အနက်ရောင် ဆီဒင်ကားကလေးတစ်စီး ဖြစ်၍ ဒရိုင်ဘာသည် နောက်ပိုင်းမှကားတံခါးကို ရိုသေစွာ ဖွင့်ပေးသဖြင့် ဦးထင်ကျော်သည် ကားပေါ်သို့တက်၍ ထိုင်လိုက်၏။

ထို့နောက် ကားကလေးသည် ကျုံးလမ်းဘက်သို့ ကွေ့၍ ထွက်ခဲ့ပြီးလျှင်၊ အနောက်ဘက်သို့ လျင်မြန်စွာ မောင်းသွားလေ၏။ ကား၏ရှေ့ပိုင်း၌ ဒရိုင်ဘာနှင့်အတူ ကပ်၍ထိုင်နေသော လူတစ်ယောက်လည်း ပါရှိရာ၊ ထိုသူမှာ အသား အလွန်ဖြူ၍ ဥရောပတိုက်သားတစ်ယောက် ဖြစ်ဟန်တူ၏။

ဘောင်းဘီရှည်အနက်နှင့် ကွတ်အင်္ကျီအနက်ကို ဝတ်ထားပြီးလျှင် ကက်ဦးထုပ်တစ်ခုကို ဆောင်းထား၍ ပုခုံးထောက်များ၌ ပြောင်လက်သော တံဆိပ်အမှတ်အသားများကိုလည်း မြင်လိုက်ရလေသည်။ ကားရှေ့ပိုင်းမှာ အတန်ငယ် မှောင်နေသဖြင့် ထိုထက်ပို၍ အကဲမခတ်နိုင်ချေ။

ကားကလေးသည် ဘုရင်ခံအိမ်တော်အနီးသို့ ရောက်သောအခါ လမ်းကျဉ်းကလေး တစ်ခုအတွင်းသို့ ချိုးဝင်သွားပြီးနောက် ဝင်းခြံကြီးများ စီတန်းလျက်ရှိသောနေရာသို့ ရောက်လာ၍၊ အတန်



www.burmeseclassic.com

www.burmeseclassic.com

ငယ် သွားမိသောအခါ ခြံကြီးတစ်ခုအတွင်းသို့ ဝင်သွားလေ၏။

ထိုနောက် ခြံအတွင်းရှိ ခန်းနားသော အဆောက်အဦကြီး တစ်ခုရှေ့ ဆင်ဝင်အောက်တွင် ထိုး၍ ရပ်လိုက်လေသည်။ ခြံကြီးမှာ သံချွန်စိုက်ထားသည့် အုတ်တံတိုင်းကြီးများ ကာရံထားပြီးလျှင် ဂိတ်ဝ၌ ဖန်မီးလုံးကြီး နှစ်လုံး တပ်ဆင်ထားရာ၊ ဝင်းတံခါး ဖွင့်ပေးသူမှာ ဂေါ်ရခါးစစ်သားနှင့် သဏ္ဌာန်တူလေသည်။

ကားရပ်သည်နှင့် တစ်ပြိုင်နက် ဒရိုင်ဘာသည် ကားတံခါးကို ဖွင့်ပေးလေရာ ဘိုကပြားက အနီးသို့လာ၍ ရပ်နေသည်ကို မြင်ရ၏။ ထိုအခါကျမှ ဘိုကပြား၏ခါးတွင် ခြောက်လုံးပြူးသေနတ် နှစ်လက်ထိုးထားသည်ကို မြင်လိုက်ရလေသည်။ ထိုနောက် ဘိုကပြားသည် ဦးထင်ကျော်အား တိုက်ဖရှေ့တံခါးဝသို့ ခေါ်သွားရာ၊ တိုက်အတွင်းမှ သေနတ်ကိုင် ဂေါ်ရခါးစစ်သားတစ်ယောက်က တံခါးကို ဖွင့်ပေးသဖြင့် တိုက်ထဲသို့ ဝင်လိုက်သွားရ၏။

ဘိုကပြားသည် နှုတ်မှ တစ်စုံတစ်ရာမပြောသော်လည်း မျက်ရိပ်မျက်ကဲပြကာ ဦးထင်ကျော်အား ခေါ်ဆောင်သွားသဖြင့် ဦးထင်ကျော်မှာ ၄င်းခေါ်ဆောင်ရာသို့ လိုက်ပါသွားရ၏။ ကြွေအုတ်များ ခင်းထားသည့် လှေကားထစ်များမှတက်၍ အတွင်းသို့ ရောက်လာသောအခါ လက်ယာဘက်သို့ ချိုးသွားရ၏။ ထိုနောက် မှန်ရောင်တောက်၍နေသောကျွန်းပွတ်လုံးတိုင်ကြီးများ တပ်ဆင်ထားသည့် လှေကားကြီးမှ တက်သွားရာ အခန်းကျယ်တစ်ခုသို့ ရောက်လာသည်။

ဘိုကပြားသည် ရှေ့မှနေ၍ ခေါ်သွားသဖြင့် ဦးထင်ကျော်သည် အစိမ်းနုရောင်သုတ်ထားသော အခန်းတစ်ခုကို ကျော်ပြီးနောက်၊ လေးထောင့်စပ်စပ်ရှိသည့် အခန်းတစ်ခုရှေ့သို့ ရောက်လာ၏။ ထိုအခန်းတွင်းမှ ခရမ်းနုရောင်မီးလုံးများကို ပန်းဆိုင်းသဖွယ် ထွန်းညှိထား





သည်ကို အပြင်တရုတ်ကတ်များကြားမှပင် မြင်ရ၏။ ဘိုကပြားသည် အခန်းတံခါး လက်ယာဘက်၌ရှိသော ခလုတ်ကလေးကို နှိပ်လိုက်လေသည်။

တံခါးသည် အတွင်းမှ ဖွင့်သူမရှိဘဲ အလိုအလျောက် ပွင့်သွား၏။ အခန်းတစ်ခုလုံးမှာ အပေါ်ပန်းဆိုင်းတွင် ထွန်းညှိထားသော မီးရောင်မှတစ်ပါး အခြားမီးရောင် မရှိဘဲ ခပ်မှိန်မှိန်ရှိနေ၏။ အတွင်း၌ ခန်းလုံးပြည့် မွေးရှည်ကော်ဇောကြီးများ ခင်းထား၍ အခန်းထိပ်၌ စာရေးစာပွဲကြီးတစ်လုံး ရှိ၏။

ထိုစားပွဲ၌ကား အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ခန့်ဟုခန့်မှန်းရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ထိုင်နေရာ ထိုသူသည် ဘိုကပြားနှင့် ဦးထင်ကျော်တို့အား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက်၊ ပြုံးသည်ဆိုရုံမျှ ပြုံးသောမျက်နှာဖြင့်....

"ထိုင်ပါမောင်....ထိုင်ပါ"

ဟု ပြောကာ ဦးထင်ကျော်အား နေရာထိုင်ခင်း ပေးလေသည်။

ထိုအချိန်၌ ဘိုကပြားသည် ခြေစုံရပ်၍ ထိုပုဂ္ဂိုလ်အား အရိုအသေပြုပြီးနောက် လှည့်၍ ထွက်သွားရာ၊ ဦးထင်ကျော်တစ်ယောက်သာ ထိုပုဂ္ဂိုလ်ကြီးနှင့် ရင်ဆိုင်ကျန်ရစ်ခဲ့လေသည်။ ထိုအချိန်၌ နောက်ဘက်မှတံခါးလည်း အလိုအလျောက်ပိတ်သွားလေသည်။

ပုဂ္ဂိုလ်ကြီးသည် ဦးထင်ကျော်အား မသိမသာ အကဲခတ်ကြည့်နေသကဲ့သို့ ဦးထင်ကျော်ကလည်း အကဲခတ်လျက် ရှိနေ၏။ ပုဂ္ဂိုလ်ကြီးမှာ အသက်အားဖြင့် ငါးဆယ်ကျော်မျှ ရှိပြီဟု ခန့်မှန်းရသော်လည်း ကြည်လင်စူးရှသော မျက်လုံးများနှင့် ဖျတ်လတ်သွက်လက်သည့် ဟန်အမူအရာအသွင်အပြင် ရှိ၏။ အသားဖြူ၍ ထင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သော့နာတဲ့ ရှိပြီးလျှင် ပိရိယါးလျားသောနှုတ်ခမ်းများသည် ကြွံခိုင်သောမေးရိုးနှစ်ဘက်ကြားတွင် တည့်မတ်စွာ တည်ရှိ၏။ ဖြူဆွတ်သော ပိုးရှပ်အင်္ကျီလက်တိုနှင့် အပြာနုရောင် ရှမ်းဘောင်းဘီကို ဝတ်ထားလေသည်။

ဦးထင်ကျော်သည် စားပွဲရှေ့၌ရှိသော ကုလားထိုင်တစ်လုံးပေါ်တွင် ပုဂ္ဂိုလ်ကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်လေသည်။

ကြီး ။ ။ "မောင့်နာမည်က မောင်ထင်ကျော်လို့ ခေါ်တယ်နော်"

ကျော်။ ။ "မှန်ပါတယ်ခင်ဗျာ"

"ကျုပ်ရဲ့အတွင်းဝန် ကိုအောင်ညွန့်နဲ့ တွေ့ပြီးရောပေါ့"

"မှန်ပါတယ်ခင်ဗျာ။ ဦးအောင်ညွန့်နဲ့ တွေ့ပြီးပါပြီ"

"သူက အတော်အသင့်ပြောပြီးပြီ ဟုတ်စ"

"မှန်ပါတယ်။ အရိပ်အမြွက်လောက်တော့ ဦးအောင်ညွန့်ဆီက ကျွန်တော် သိရပါပြီ။ ဒါပေမယ့် ဘယ်လိုကိစ္စမျိုးရယ်လို့တော့ ကွဲကွဲပြားပြား မသိရသေးပါဘူးခင်ဗျာ"

"ဟုတ်တာပေါ့။ သူ့မှာလည်း ကိစ္စကို အစအဆုံးပြောဖို့ တာဝန်မရှိပေဘူး။ မောင့်ကိုသာ ဒီရောက်အောင်ခေါ်လာဖို့ တာဝန်ရှိပေတာကိုး"

"မှန်ပါတယ်ခင်ဗျာ"

"ကဲ ဒီတော့ ဘယ်လိုကိစ္စလဲဆိုတာ အန်ကယ်က ပြောရမှာပေါ့။ ဒါပေမယ့် အန်ကယ်ကိုယ်တိုင် ဖော်ပြီးပြောခွင့် မရှိတဲ့ အချက်ကလေးတွေကိုတော့ မပြောနိုင်ပေဘူး။ အန်ကယ် တစ်ခုပြောချင်တာက ဒီကိုရောက်လာတဲ့အချိန်ကစပြီး နောက်ဆုံး ကိစ္စပြီးသည့်အထိ အဖြစ်အပျက်တွေကို ဘယ်သူ့ကိုမှ မပေါက်ကြားစေရပါဘူးလို့ တာဝန်ခံရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု မောင့်ကို လွှဲအပ်မယ့်





ကိစ္စက သာမန်အစိုးရကိစ္စ မဟုတ်ဘူး။ တိုင်းရေးပြည်ရေးနဲ့လည်း ပတ်သက်တယ်။ အသင်းအဖွဲ့တွေနဲ့လည်း ပတ်သက်တယ်။ လူဆိုးသူခိုးဂိုဏ်းတွေနဲ့လည်း ပတ်သက်တယ်။ နောက်ဆုံး စစ်မက်အင်္ဂါနဲ့လည်း ပတ်သက်တယ် ဆိုကြပါစို့။ ဒါကြောင့် အထူးလျှို့ဝှက်ရမယ့်ကိစ္စဖြစ်လေတော့ ပထမ နှုတ်လုံရမယ်။ ဒုတိယ သစ္စာရှိရမယ်။ တတိယ စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့ ဆောင်ရွက်နိုင်ရမယ်။ စတုတ္ထ ဝေဖန်ပိုင်းခြားတတ်ရမယ်။ ပဉ္စမ ဖျတ်လတ်ရမယ်။ အဲဒီ ငါးခုဟာ အဓိကအချက်ဘဲ"

"ဒီငါးချက်စလုံး ကျွန်တော် သဘောတူပါတယ်ခင်ဗျာ"

ထိုအခါ ပုဂ္ဂိုလ်ကြီးသည် အလွန်တည်ကြည်ခံ့ညားသော ဣန္ဒြေဖြင့် ပြောဆိုလျက်ရှိရာမှ ဦးထင်ကျော်၏မျက်နှာကို တည်တည်ကြီးကြည့်ကာ အတန်ငယ်ပြုံးလိုက်လေသည်။

"အင်း၊ ဒီလိုမှပေါ့ ငါ့တူရယ်။ ကျုပ်ရဲ့အတွင်းဝန် ဦးအောင်ညွန့်က အကြံပေးတဲ့အတွက် အခု မောင့်ကို ခေါ်ရတာပဲ။ မောင်ဟာ အကင်းပါးတယ်၊ ဖျတ်လတ်တယ်၊ ရဲရင့်တယ်၊ သတ္တိရှိတယ် ဆိုတာတွေသိလို့ အခု ခေါ်တာပဲ။ ကိုင်း၊ ကျုပ်ပြောမယ်။ နားထောင်"

"အမိန့်ရှိပါခင်ဗျာ"

"အခု တိုင်းပြည်မှာ လှုပ်လှုပ်ရွရွဖြစ်နေတယ်ဆိုတာ မောင်သိတန်သလောက်တော့ သိမှာပေါ့"

"အနည်းအကျဉ်းတော့ သိပါတယ်ခင်ဗျာ"

"စစ်မီးက တစ်နေ့တစ်ခြား နီးလာပြီမောင်ရဲ့။ အရှေ့ဘက်မီးက ကျုပ်တို့နဲ့ ပိုပြီးကပ်တယ်။ ဂျပန်ကို မြှောက်ထိုးပင့်ကော်လုပ်နေတဲ့လူတွေလည်း ရှိတယ်မဟုတ်လား။ တော်တော်ကြာ ဟိုအစည်းအရုံး၊ ဒီအစည်းအရုံးနဲ့ ဘယ်အသင်းဖွဲ့၊ ညာအသင်းဖွဲ့ပြီး အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတိုက်အခံလုပ်ချင်တဲ့လူတွေက တစ်နေ့တစ်ခြား ပေါလာတော့ အညီရှိရာ ယင်အုံတယ်ဆိုတဲ့ စကားလို သူတို့ဘက်က နိုင်ငံရေးကိုယ်စားလှယ်တွေ ဝင်လာတယ် မောင်ရဲ့။ အိမ်က လက်ခံတော့ ဧည့်သည်ဟာ အခွင့်အရေး ရတာပေါ့။ ဒီအထဲ ကျုပ်တို့ကို အတိုက်အခံလုပ်ပြီး ရန်သူကို အများဆုံးအားပေးနေတဲ့ အဖွဲ့ကြီး တစ်ဖွဲ့ ရှိတယ်။ အဖွဲ့ရဲ့နာမည်ကိုတော့ ကျုပ် မပြောပါရစေနဲ့။ 'တီ'အဖွဲ့လို့ပဲ ခေါ်ကြပါစို့ရဲ့။ အဲဒီအဖွဲ့ကြီးမှာ လူငယ်လူရွယ် ပညာတတ်ကလေးတွေ ပါတယ်။ တကယ် တိုက်ဝံ့ခိုက်ဝံ့တဲ့လူတွေလည်း ပါတယ်။ ကုန်ကုန်ပြောရရင် ကျုပ်တို့ အစိုးရဘက်က အရာရှိကြီး တစ်ချို့၊ အမတ်တစ်ချို့၊ ပုလိပ်ဘက်က အရာရှိတစ်ချို့တောင် ပါတယ်။ ပြီးတော့ သူတို့ကို တိတ်တဆိတ်ထောက်ခံနေတဲ့ ဂဠုန်နက်ဂိုဏ်းတဲ့၊ နဂါးနက်ဂိုဏ်းတဲ့၊ ပြီးတော့ ကျုပ်တောင် နာမည် ကောင်းကောင်းမမှတ်မိပါဘူး။ အဲဒီ လျှို့ဝှက်တဲ့ဂိုဏ်းတွေလည်း အများကြီး ရှိသေးတယ်...

"...အစိုးရကလည်း ဖိနှိပ်တန်သလောက် ဖိနှိပ်ပါရဲ့။ နို့ပေမယ့် ဒီကို ဖိရင် ဟိုက ကြွ၊ ဟိုကို ဖိရင် ဒီက ထနဲ့ မနိုင်နိုင်အောင်ဖြစ်နေတဲ့အခြေအနေမျိုး ရောက်နေတယ်မောင်ရဲ့။ ပြင်ဦးလွင်မြို့က ဂေါ်ရခါးစစ်တပ် တစ်တပ်ကို ဘယ်သူမှ မသိရအောင် အထူးမီးရထားတစ်စင်းနဲ့ ရန်ကုန် ရွှေ့ယူတဲ့အခါ သူတို့ ဘယ်လို သတင်းရသွားတယ် မသိဘူး။ တောင်ငူက ချောင်းတံတားအလွန်မှာ မီးရထားလမ်း ဖျက်ပြီး တိုက်မယ့်ကြံတာ ဒီဂိုဏ်းရဲ့လက်ချက်ပဲ မောင်ရဲ့။ ပြီးတော့လည်း အိပ်ဆဲလ်စီယာရုံရှေ့မှာ ဘုရင်ခံစီးလာတဲ့ ကားကို တိုက်တစ်တိုက် အပေါ်ကနေပြီး လက်ပစ်ဗုံးနဲ့ ပစ်လိုက်တာလည်း သူတို့ညာဏ်ပဲ။ ဒီတော့ ကျုပ်တို့တွေမှာ အခြေအနေအရ အရှုံးမီးဝိုင်း ဖြစ်နေတယ် မောင်ရဲ့"





"နို့ပေမယ့် ကျွန်တော်က နိုင်ငံရေးသမားတစ်ယောက် မဟုတ်လို့၊ ဒီဟာတွေ နားမလည်လှပါဘူးခင်ဗျာ။ သတင်းသန့်သန့်ကြားရသလောက်တော့ မှတ်သားမိပါရဲ့။ ဒီဟာထက် ပိုပြီး ကျွန်တော် မသိပါဘူး ခင်ဗျာ"

"အင်း။ မသိတာဘဲ ကောင်းပါတယ် မောင်ရယ်။ အန်ကယ်တို့ကတော့ တိုင်းပြည်ကြီးတစ်ခုလုံးရဲ့ တာဝန်ထမ်းဆောင်နေရလို့ မသိချင်ပေမယ့် သိနေရတယ်"

"မှန်ပါတယ် အန်ကယ်"

"ကဲ ..ဒီတော့ အလုပ်အကြောင်း စကြစို့ရဲ့။ အဲဒီ တီဆိုတဲ့အဖွဲ့ကြီးဟာ မြန်မာပြည်ထဲမှာ ပိုက်ဆံကြေးငွေ အတောင့်တင်းဆုံး၊ တန်ခိုးအဩဇာ အရှိဆုံး အဖွဲ့ပဲ။ ဒီအဖွဲ့မှာ အင်မတန်ပါးနပ်တဲ့ နိုင်ငံရေးကိုယ်စားလှယ်တွေ၊ အရပ်သားစုံထောက်တွေ၊ သူလျှိုတွေ ရှိနေတယ် မောင်ရဲ့။ ဆိုပါတော့ မောင်။ ကျုပ်တို့က ဘာပဲလုပ်လုပ် သူတို့က ကြိုပြီး သိနေသလိုပဲ"

"ဟုတ်ကဲ့။ အမိန့်ရှိပါ အန်ကယ်"

"ဒါနဲ့ ဟို လွန်ခဲ့တဲ့ လကတည်းက စပြီး ကျုပ်တို့ အုပ်ချုပ်တဲ့ အစိုးရအချင်းချင်းရော၊ အစိုးရနဲ့ စစ်တပ်ကရော စာပေးစာယူ ဆက်သွယ်တဲ့ 'ကိုဒ်'(CODE)ကို ပြောင်းဖို့ စီစဉ်ခဲ့တယ်။ ပြောင်းတယ်ဆိုတာလည်း မလွယ်ဘူး။ ဘိလပ်ပါလီမန်က အခွင့်ရမှ ပြောင်းနိုင်တယ်။ ကျုပ်တို့မြန်မာပြည်အစိုးရမှာ ပြောင်းဖို့အာဏာ မရှိဘူး။ ဘာဖြစ်လို့ ဒီလိုပြောင်းရသလဲဆိုတော့ ကိုဒ်အဟောင်းကို အသုံးပြုရင် သူတို့ဘက်က သိပြီးဖြစ်နေတယ်။ ဒါကြောင့် ကိုဒ်အသစ် လဲရတာပေါ့မောင်ရယ်။ ဒီလောက်ပြောရင် မောင် နားလည်လောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါပြီ အန်ကယ်"

"အဲဒီလို ကိုဒ်ပြောင်းတဲ့အခါ အောဘီစီ စာလုံး နှစ်ဆယ့်ခြောက်လုံးရှိတဲ့အနက် အေက နေပြီး အဲင်န်အထိ ပထမစာလုံး ဆယ့်လေးလုံးကို တစ်မျိုးတစ်မည် အမည်သစ် ပြောင်းပြီးပြီ။ အဲဒီလို ပြောင်းပြီးတဲ့ ကိုဒ်အသစ်ကိုလည်း မန္တလေးသက်ဆိုင်ရာဌာနကို ပို့လိုက်လို့ သူတို့ ရပြီ။ ဒုတိယ အိုက နေပြီး ဇက်အထိ ကျန်တဲ့ဆယ့်နှစ်လုံးကို အသစ်ပြောင်းထားတဲ့ ကိုဒ်က လွန်ခဲ့တဲ့ သုံး-လေးရက်လောက်ကမှ ဘီလပ်အမိန့်နဲ့ ရောက်လာတယ်။ အဲဒီ ဒုတိယဆယ့်နှစ်လုံးကိုပြောင်းထားတဲ့ ကိုဒ်က ပထမ ဆယ့်လေးလုံးရဲ့သော့ချက်ပဲ။ ကျုပ်ဆိုလိုတာက ပထမကိုဒ် ဆယ့်လေးလုံးဟာ ဒုတိယ ဆယ့်နှစ်လုံးရဲ့ ကိုဒ်အသစ်ကို မရမချင်း အလကားပဲ။ ဘာမှ အဓိပ္ပါယ်မရှိဘူး။ ဒုတိယဖြစ်တဲ့ သော့ချက်ဆယ့်နှစ်လုံးကို ရမှသာ ပထမဆယ့်လေးလုံးဟာ အဓိပ္ပါယ်ရှိတယ်။ ကျုပ် ပြောတာ နားလည်ပြီမဟုတ်လား မောင်"

"နားလည်ပါပြီခင်ဗျာ"

"အဲဒီ ကိုဒ်အသစ်ဟာ ကျုပ်မီးခံသေတ္တာထဲမှာ အခု အသင့်ရှိနေပြီ။ ဘုရင်ခံနဲ့ ကျုပ်ကလွဲလို့ ဘယ်သူမှမသိသေးဘူး။ ဒီ ကိုဒ်အသစ်ကို ကျုပ်တို့ ယုံကြည်စိတ်ချရတဲ့ လူတွေနဲ့ မပို့ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့လူတွေကို သူတို့က အားလုံးသိနေပြီ။ ဘယ်လို အရေးကြီးတဲ့စာကို ဘယ်သူ သွားပို့မယ်ဆိုတာ သူတို့က ကြိုပြီး သိနှင့်နေပြီ။ စာတိုက်က ပို့မယ်ဆိုရင်လည်း ပို့နိုင်ပါရဲ့။ နို့ပေမယ့် စာတိုက်မင်းကြီးကအစ ကျုပ် စိတ်မချဘူး။ ပြီးတော့ အစဉ်အလာလည်း မဟုတ်ဘူး။ ဒီတော့ ကျုပ်တို့ အစိုးရဘက်ကလည်း မဟုတ်။ ပုလိပ်ဘက်က စုံထောက်ဘက်ကလည်း မဟုတ်တဲ့





သာမန်အရပ်သားတစ်ယောက်နဲ့ ကျုပ်က ပို့ချင်တယ်၊ ဒါကို ဦးအောင်ညွန့်နဲ့ တိုင်ပင်တဲ့အခါ ဒီကိစ္စကို ဆောင်ရွက်နိုင်မယ့်လူ အရပ်သားထဲက မောင် ပဲရှိတယ် ဆိုတဲ့အကြောင်း သူကပြောလို့ ကျုပ် သိရတယ်။ ဒါကြောင့် အခု မောင့်ကို ကျုပ်ခေါ်လိုက်တာပဲ။ မောင်ဟာ သူတို့ဂိုဏ်းကို ကျုပ်တို့ဘက်က လူတွေထက် ပိုပြီး လှည့်နိုင် ပတ်နိုင်လိမ့်မယ်ဆိုတာ ယုံကြည်လို့ မောင့်ကို အပ်ခြင်းပဲ"

ထို့နောက် ပုဂ္ဂိုလ်ကြီးက အတန်ငယ်ပြုံးပြီးလျှင်

"ဘယ့်နှယ်လဲ မောင်။ တစ်စုံတစ်ရာ ငြင်းဆန်ဖို့များ ရှိသေးသလား"

"မရှိပါဘူးခင်ဗျာ။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ပါ့မယ်"

"ကောင်းပြီ၊ ကောင်းပြီ။ ဒီလောက်ပဲ ကျုပ်က မောင့်ကို ပြောဖို့ ရှိတယ်။ အသေးစိတ် စီစဉ်ဖို့အတွက် ကျုပ်ရဲ့ အတွင်းဝန် ဦးအောင်ညွန့်က စီစဉ်ပေးပါလိမ့်မယ်။ အခုပဲ စီစဉ်ပေးပါလိမ့်မယ်၊ ဦးအောင်ညွန့်ပြောတဲ့စကားဟာ ကျုပ်ပြောတဲ့ စကားပါပဲ။ တစ်ခု ပြောရဦးမယ်။ မောင့်အတွက် ဆုလာဘ်ကတော့ လှလှပပဖြစ်ပါလိမ့်မယ်။ ကဲ၊ ကဲ။ ဟိုဘက်ခန်းမှာ ဦးအောင်ညွန့် ရှိလေ့ရဲ့၊ သွားပေတော့"

ပုဂ္ဂိုလ်ကြီးသည် စားပွဲနံဘေးမှ ခလုတ်ကလေးကို နှိပ်လိုက်ရာ တစ်မိနစ်အတွင်း၌ပင် ယခင်က ဦးထင်ကျော်အား ခေါ်ဆောင်လာသော ဘိုကပြား ရောက်လာ၏။ ပုဂ္ဂိုလ်ကြီးသည် နေရာမှထလျက် ဦးထင်ကျော်အား လက်ဆွဲနှုတ်ဆက်ကာ ,

"ကိုင်း၊ မောင်။ ကျုပ်တို့အလုပ်သာ ကြိုးစားဆောင်ရွက်ပေတော့။ အောင်မြင်ပါစေ။ အစစအရာရာ ချောချောမောမောရှိပါစေ"



www.burmeseclassic.com

www.burmeseclassic.com



…ဟု နှုတ်ဆက်ရင်း ဆုတောင်းလိုက်၏။

ဦးထင်ကျော်သည် ပုဂ္ဂိုလ်ကြီးအား ဦးညွှတ်နှုတ်ဆက်ပြီးနောက် ဘိုကပြားနှင့်အတူ လိုက်ပါသွားရလေရာ ဘိုကပြားသည် အခန်းတစ်ခန်းသို့ ဦးထင်ကျော်အား ခေါ်သွားလေသည်။

ထိုအခန်းရှိ ဆင်နားရွက်တံခါးကလေးကို တွန်း၍ ဝင်သွားမိသောအခါ ကတ္တီပါအုပ်ထားသည့် စားပွဲကြီးတစ်လုံးတွင် ထိုင်နေသော ဦးအောင်ညွန့်ကို တွေ့ရ၏။ ဦးထင်ကျော်ကို မြင်သည်နှင့်တစ်ပြိုင်နက် အတန်ငယ်ပြုံး၍ နှုတ်ဆက်လိုက်ပြီးနောက် နေရာထိုင်ခင်းများ ပေးလေသည်။ အခန်းမှာ များစွာမကျယ်လှဘဲ ပုဂ္ဂိုလ်ကြီးအခန်းကဲ့သို့ပင် မွေးရှည်ကော်ဇောများ ခင်းထား၍ အခန်းနံရံ တစ်ဘက်တစ်ချက်တွင် စာအုပ်များနှင့် စာရွက်စာတမ်းများ၊ ဖိုင်တွဲများ ထည့်ထားသော လူတစ်ရပ်သာသာခန့်ရှိသည့် ဘီဒိုကြီးနှစ်လုံး ရှိ၏။ လက်ယာဘက်တွင် ကတ္တီပါအစိမ်းဖုံးထားသည့် ဆိုဖာကြီးများ ရှိ၍ လက်ဝဲဘက်တွင် စားပွဲတစ်လုံးရှိရာ ထိုစားပွဲပေါ်၌ ရေဒီယိုတစ်လုံး၊ အသံဖမ်းစက်နှင့် အခြားစက်ကိရိယာတစ်ခုကိုလည်း မြင်ရလေသည်။

ကုလားထိုင်၌ ထိုင်မိသောအခါ အတွင်းဝန် ဦးအောင်ညွန့်သည် ရေးလက်စစာရွက်ကို နံဘေးသို့ ဖယ်၍ ဖန်လုံးဖြင့် ဖိထားလိုက်ပြီးနောက်….

“ကဲ၊ မောင်။ ကျုပ်တို့ဝန်ကြီးနဲ့ တွေ့ခဲ့ပြီးပြီ မဟုတ်လား။ ဆောင်ရွက်ရမယ့် အလုပ်ကိစ္စကိုလည်း နားလည်သင့်သလောက် နားလည်ခဲ့ပြီပေါ့။ ဒီတော့ ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာကို အခုကျုပ်က ညွှန်ကြားဖို့ပဲ ကျန်တော့တယ်။ မောင်ကတော့ ဆောင်ရွက်ဖို့ သဘောတူခဲ့ပြီ မဟုတ်လား”

“တူခဲ့ပါပြီခင်ဗျာ”





“ဒီဟာကို ကျုပ်တို့က အမြန်ဆုံးပို့ချင်တယ်။ ပို့ဖို့လည်း တာဝန်ရှိတယ်။ ကို့ဒ်ရဲ့ပထမပိုင်းကို ပို့လိုက်တဲ့အဖြစ်အပျက်ကလေး ရှေးဦးစွာ မောင့်ကို ပြောရဦးမယ်။ ဒီကို့ဒ်ရဲ့ ကော်ပီကို လွှန်ခဲ့တဲ့ အင်္ဂါနေ့က ကျုပ်တို့ရဲ့လူယုံဖြစ်တဲ့ အစိုးရလျှို့ဝှက်စုံထောက်ဌာနက မောင်ခင်မောင်ဆိုတဲ့ အရာရှိတစ်ယောက်ကို အပို့ခိုင်းလိုက်တယ်။ သူဟာ ရန်ကုန်ကနေ ညနေ သုံးနာရီခွဲထွက်တဲ့ အမြန်စာပို့ရထားနဲ့ လိုက်သွားတယ်။ ဒီရထားဟာ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့မနက် ခြောက်နာရီတိတိ မန္တလေးကို ဆိုက်တယ်။ သူဟာ မန္တလေး ကော်မရှင်နာရုံးကြီးကို သွားပြီး မင်းကြီးရဲ့အတွင်းရေးအတွင်းဝန်ဖြစ်တဲ့ ဦးဘဇံလက်ထဲကို အပ်လိုက်တယ်။ နို့ပေမယ့် ဒီလို ပေးအပ်ပြီးတဲ့ အချိန်ကစပြီး ကိုခင်မောင်ဆီက ဘာသံမှလည်း မကြားရတော့ဘူး။ သူ့မျက်နှာလည်း မမြင်ရတော့ဘူး”

“သူက မန္တလေးမှာ ရှိပါသလား။ ဒါမှမဟုတ် ပြန်လာပါသလားခင်ဗျာ”

“သူ ရောက်တဲ့ညမှာတော့ မန္တလေးမှာ အိပ်ပြီး နောက်တစ်နေ့ မနက်ရထားနဲ့ ကျုပ်တို့ရုံးကို အစီရင်ခံဖို့ ချက်ချင်းပြန်လာရမယ်။ ပြန်လာတယ်လို့လည်း ယူဆရတာပဲ”

“ဟုတ်ကဲ့။ အဲဒီစုံထောက်အရာရှိ ကိုခင်မောင်အကြောင်းကို တစ်ဆိတ် အမိန့်ရှိပါခင်ဗျာ”

“ဒီလူက ကျုပ်တို့နဲ့ အလုပ်လုပ်လာတာ ဆယ်နှစ်ကျော်ကျော်ရှိပြီ။ မူလ ပုလိပ်မင်းကြီးရဲ့ လက်သုံး စုံထောက်တစ်ယောက်ပေါ့။ ဒီလူက ပုလိပ်ဘက်မှာတော့ တော်တော်လူသိများတဲ့ လူတစ်ယောက်ပဲ။ မောင်တောင် သိကောင်း သိပါလိမ့်မယ်”

“ဟုတ်ကဲ့။ လူကိုမြင်ရင် မှတ်မိပါလိမ့်မယ် ဝန်မင်း။ သူ



www.burmeseclassic.com

www.burmeseclassic.com



က အခု အစိုးရလျှို့ဝှက်စုံထောက်အဖွဲ့မှာလားခင်ဗျာ''

''ဟုတ်တယ်။ ဒီလူဟာ ကျုပ်တို့အားလုံးက ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ပဲ''

''ဒီလူ့လက်ထဲကို ပေးလိုက်တဲ့ ကို့ဒ်ဟာ အထက်မြန်မာပြည်ကော်မရှင်နာရဲ့အတွင်းဝန်လက်ထဲကို ရောက်တယ်ဆိုတာကော သေချာပါရဲ့လားခင်ဗျာ''

''သေချာပါတယ်မောင်။ ရတဲ့အကြောင်း ကော်မရှင်နာကြီးရဲ့ အတွင်းရေးအတွင်းဝန် ဦးဘဇံရဲ့လက်မှတ်နဲ့ ပြန်စာ ရပြီးပါပြီ''

''မန္တလေးရောက်တဲ့အခါ သူ ဘယ်မှာ တည်းခိုလေ့ရှိပါသလဲ ခင်ဗျာ''

''ရုံတော်ကြီးက လီစွမ်ဟော်တယ်မှာ တည်းတတ်ပါကယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ဟော်တယ်ကို သူ ရောက်မရောက် ကျုပ်တို့ စုံစမ်းပြီးပြီ။ ဘာ သိရသလဲဆိုတော့ သူဟာ သီးသန့်အခန်းတစ်ခန်းရဖို့ ကြိုတင်ပြီး သံကြိုးရိုက်ထားတယ်တဲ့ မောင်ရဲ့။ နို့ပေမယ့် သူ ရောက်မလာဘူးတဲ့''

''နေပါဦးခင်ဗျာ။ သူ ရန်ကုန်ဘူတာကြီး သွားတဲ့အခါ ဝန်မင်းတို့ရုံးက နေပြီး ဘူတာကို တိုက်ရိုက်သွားပါသလား''

''ဟာ…မသွားပါဘူး။ ကျုပ်သိသလောက်တော့ ကျုပ်တို့ရုံးက ဆယ်နာရီခွဲလောက်မှာ သူ ထွက်သွားတယ်။ သူ့အိမ်က ရွှေတောင်တန်းမှာရှိလေတော့ သူ့အိမ်ကို ပြန်၊ အိပ်ရာလိပ်နဲ့ သားရေသေတ္တာယူပြီး ဘူတာရုံကြီးကို သွားတယ်။ သူ့အိမ်ကို ပြန်ပြီး အထုပ်အပိုးယူတာကတော့ အမှန်ပဲ။ သူ့အိမ်မှာ စောင့်တဲ့လူကလည်း ဒီကနေ့အထိ ဘာသတင်းမှ မကြားရတဲ့အကြောင်း ပြောတယ်။ ဒီထက်တော့ ပိုပြီး ကျုပ်တို့ မစုံစမ်းရသေးဘူး။ ပုလိပ်ဘက်ကလည်း သတင်း



စာတိုက်တွေ သိသွားမှာစိုးလို့ ဒီထက်ပိုပြီး မစုံစမ်းသေးဘဲ တတ်နိုင်သမျှ လျှို့ဝှက်ထားတယ်။ ဒီတော့ အခုအခြေအနေက သူဟာ ဦးဘဇံဆီကို ဒီစာအိတ်ကြီး ပေးပြီးတဲ့နောက် တစ်ခါတည်း ခြေရာပျောက်သွားတယ်ဆိုတာ စုံစမ်းဖို့ပဲ။ အဲဒါ ကျုပ်တို့ လက်ရှိအခြေအနေပဲ မောင်''

''အတော် စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စပဲ ဝန်မင်း''

အတွင်းဝန် ဦးအောင်ညွှန့်က ဆက်လက်၍

''ဒီတော့ ကျုပ်တို့အခုဖြစ်နေတဲ့ ကိစ္စက သူပျောက်သွားတာကို လူသိနတ်ကြားလည်း မစုံစမ်းဝံ့သေးဘူး။ အတိအလင်း ထောက်လှမ်း မေးမြန်းခြင်းလည်း မလုပ်ဝံ့ဘူး။ သတင်းစာတိုက်တွေကလည်း သန့်ခနဲ ကြားရင် နန့်ခနဲ ရေးကြမှာ။ ဒါကြောင့် မန္တလေးကို မောင်က အလည်အပတ်သဘောနဲ့ သွားပြီး ဒီလူပျောက်တာကိုလည်း စုံစမ်းရင်း ဒီ ကို့ဒ်အသစ်ကိုလည်း ကော်မရှင်နာရဲ့အတွင်းရေးအတွင်းဝန် ဦးဘဇံလက်ထဲကို ပေးဖို့ပဲ။ မောင်ခင်မောင် ပျောက်တာကို ထောက်လှမ်းစုံစမ်းတဲ့အခါမှာလည်း လူများသိအောင် မလုပ်ဘဲ တတ်နိုင်သမျှ ဖုံးဖုံးဖိဖိနဲ့ သိုသိုသိပ်သိပ် ဆောင်ရွက်စေချင်တယ်။ နောက်ဆုံး သတိပေးလိုတာက ဘယ်အရာမျိုးမဆို ဆောင်ရွက်ရုံသာမကဘူး။ နှုတ်လုံဖို့ကလည်း အရေးကြီးတယ်ဆိုတာ သတိပြုစေချင်တယ်။ အခုလက်ငင်း ကုန်ကျမယ့်စရိတ်စကအတွက်တော့''

ဤနေရာ၌ အတွင်းဝန်ဦးအောင်ညွှန့်သည် အံဆွဲအတွင်းမှ ငွေသေတ္တာကလေးကို ထုတ်ယူလိုက်ပြီးလျှင် ဦးထင်ကျော်၏လက်ထဲသို့ တစ်ရာတန်စက္ကူ ဆယ်ရွက်ကို ပေးလိုက်လေသည်။

''ဘယ်နှစ်ရက်အတွင်းလောက် သွားဖို့စိတ်ကူးသလဲမောင်''

''ငါးရက်လောက်ဆိုရင် တော်လောက်ပါပြီ။ ဦးနဲ့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

မှာ တွေ့နိုင်မယ်ဆိုတာ အမိန့်ရှိထားပါဦးခင်ဗျာ”

“အတွင်းဝန်ရုံးက ဦးရဲ့ရုံးခန်းကို ဘယ်အခါမဆို လာနိုင်ပါတယ်။ ဦးက မနက် ဆယ်နာရီခွဲ ရုံးတက်ပြီး၊ ညနေ လေးနာရီတိတိမှာ ဆင်းတာပဲ။ မောင်လာတဲ့အခါ ဦးရဲ့ရုံးခန်းရှေ့က စာရေးကြီးကို ဂျီဆိုတဲ့ စာလုံးပါတဲ့ စာရွက်ကလေးတစ်ရွက် ရေးပြီး ပေးလိုက်ရင် ဦးဆီကို သူက ဝင်ခွင့်ပြုပါလိမ့်မယ်။ ဒီသုံး-လေးရက်အတွင်း ကျုပ်တို့ ဘယ်လို ဆောင်ရွက်မယ်ဆိုတာ တိုင်ပင်ကြသေးတာပေါ့”

“ကောင်းပါတယ်ခင်ဗျာ။ ဒါနဲ့ ကျွန်တော် ယူသွားရမယ့် ကို့ဒ်အသစ်က ဘယ်လောက် များပါသလဲ”

“စာရွက်ဆယ့်နှစ်ရွက်ပဲ ရှိပါတယ်။ ဆယ့်နှစ်ရွက် ဆိုပေမယ့် စာက တစ်မျက်နှာမှာ သုံးလေးလုံးလောက်ပါပဲ။ အကွရာ အပြောင်းအလဲ အထိမ်းအမှတ်လောက်ပေါ့မောင်”

“ဟုတ်ကဲ့။ ကျွန်တော် နားလည်ပါပြီ။ နက်ဖြန်လောက်ပဲ ကျွန်တော် လာတွေ့ပါဦးမယ်။ တစ်ဆိတ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

ဦးအောင်ညွှန့်သည် စားပွဲနံဘေးမှ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရာ ချက်ချင်းလိုပင် ဘိုကပြားရောက်လာ၍ ဦးထင်ကျော်အား ကားရှိရာသို့ ခေါ်ဆောင်သွားပြီးလျှင် ကားတံခါးကို ရိုသေစွာ ဖွင့်ပေးလေသည်။ ကားမှာ ယခင်လာစဉ်က ကားမဟုတ်ဘဲ အခြားကားတစ်စီးဖြစ်၍ ဦးထင်ကျော်သည် ထိုကားနှင့် အိမ်သို့ ပြန်ခဲ့ရလေသည်။

*   *   *

နောက်တစ်နေ့နံနက် ဆယ့်တစ်နာရီ၌ ဦးထင်ကျော်သည် အတွင်းဝန်များရုံးသို့ သွားရောက်ကာ အတွင်းဝန် ဦးအောင်ညွှန့်နှင့်





ခေတ္တမျှ တွေ့ဆုံပြီးလျှင် ကိုခင်မောင်၏လိပ်စာကို တောင်းယူခဲ့၏။ ထို့အပြင် မူလပို့သော ကို့ဒ်၏ ပထမပိုင်းကော်ပီကိုလည်း ခေတ္တမျှ ကြည့်ရှုခွင့်တောင်းပြီးလျှင် အနည်းငယ်မျှ လေ့လာခဲ့၏။

အတွင်းဝန်များရုံးမှထွက်လာသောအခါ ဦးထင်ကျော်သည် ရုံးအနီးတွင် စီတန်းရပ်ထားသော တက္ကစီကားများထဲမှ တစ်စီးကိုခေါ်လိုက်ပြီးလျှင် စုံထောက်ကိုခင်မောင်၏အိမ်သို့ သွားလေသည်။ ကိုခင်မောင်၏အိမ်မှာ ရွှေတောင်တန်း အထက်လမ်းရှိ သုံးထပ်တိုက်တစ်တိုက်ဖြစ်၍ ဦးထင်ကျော်သည် အလယ်လှေကားမှတက်သွားပြီးနောက် လက်ဝဲဘက်အခန်းနံပါတ်နှစ် တံခါးကိုခေါက်လိုက်ရာ အသက် နှစ်ဆယ့်ငါးနှစ်ခန့် လျှင်မြန်ဖျတ်လတ်ဟန်ရှိသော လူရွယ်တစ်ယောက် တံခါးဖွင့်ပေးလေသည်။

“ဘာကိစ္စပါလဲ ခင်ဗျာ”

“ဦးခင်မောင်နဲ့ တွေ့ချင်လို့ပါ”

“မရှိပါဘူးခင်ဗျာ။ မန္တလေးကို သွားပါတယ်။ လွန်ခဲ့တဲ့ အင်္ဂါနေ့လောက်ကပါပဲ”

တံခါးဖွင့်ပေးသော လူရွယ်သည် ဦးခင်မောင်ပျောက်ဆုံးနေသည်ကို သိဟန်လက္ခဏာ မရှိချေ။ ထိုလူရွယ်သည် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ထား၏။ ယဉ်ကျေးသောအမူအရာဖြင့် ဦးထင်ကျော်အား ကြည့်၍ တံခါးရွက်နောက်တွင် ခပ်ရို့ရို့ရပ်ကာ…

“စာရေးပြီး ထားချင် ထားခဲ့ပါခင်ဗျာ။ ကျွန်တော့်ဆရာ ပြန်လာတဲ့အခါ ချက်ချင်း ပေးလိုက်ပါ့မယ်”

ဦးထင်ကျော်သည် အိမ်အတွင်းသို့ မသိမသာ ကြည့်ပြီးလျှင် ခဏမျှအကဲခတ်လျက်ရှိရာ ဧည့်ခန်းမှာ ပြောင်လက်သော အိမ်ထောင်ပရိဘောဂများဖြင့် သပ်ရပ်စွာ ရှိနေ၏။ ဧည့်ခန်းအလယ်၌



www.burmeseclassic.com

www.burmeseclassic.com



မှန်စားပွဲပေါ်တွင် တရုတ်ပြည်ဖြစ် ကြွေပန်းအိုးတစ်လုံးရှိ၍ ပန်းအိုးထဲတွင် လတ်ဆတ်သောနှင်းဆီပန်းများကို ထိုးစိုက်ထား၏။ ခေါင်းရင်းဘက် အကျီချိတ်တွင် စပို့တင်းကုတ်နှင့် သိုးမွေးလည်ပတ် တစ်ထည် ချိတ်ထား၏။ ဖိနပ်စင်၌ ခြေအိတ် အသင့်ထည့်ထားသောဖိနပ်တစ်ရံ ရှိနေ၏။ ဦးထင်ကျော်သည် စက္ကန့်အနည်းငယ်မျှ အခန်း၏ ပတ်ဝန်းကျင်ကို မျက်လုံးဖြင့် လှည့်ပတ်ကြည့်လိုက်ကာ တခဏမျှ မတုန်မလှုပ် ရပ်နေပြီးနောက်….

"နေပါဦး။ သူ ဘယ်တော့လောက် ပြန်ရောက်မယ် ထင်သလဲ"

လူငယ်သည် ဝမ်းနည်းသောအထိမ်းအမှတ်ဖြင့် ခေါင်းကို မသိမသာ ခါလိုက်၏။

"ကျွန်တော်တို့ဆရာနဲ့ မန္တလေးဟာ အိမ်ဦးနဲ့ ကြမ်းပြင်ပါပဲ ခင်ဗျာ။ သွားလိုက် ပြန်လိုက်၊ သွားချင်လည်း ချက်ချင်းလိုလိုသွား၊ ပြန်ရင်လည်း နေ့မရွေး ညမရွေး ပြန်ရောက်လာတတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်ကွယ်။ စာ မရေးတော့ပါဘူး။ သူ့ကို ဆိုက်ဆိုက်မြိုက်မြိုက်မတွေ့ရတာ စိတ်မကောင်းတာ တစ်ခုပါပဲ"

ဦးထင်ကျော်သည် ပြောပြောဆိုဆိုနှင့် အခန်းအပြင်သို့ လှည့်ထွက်ခဲ့ရာ လူရွယ်လည်း အခန်းတံခါးကို နောက်မှနေ၍ ပိတ်လိုက်လေသည်။

ထိုနေ့တစ်နေ့လုံး ဦးထင်ကျော်သည် အပြင်သို့ နှစ်ခေါက်သုံးခေါက်မျှ ထွက်၍ ညဦးအချိန်မတော်မှ အိမ်သို့ ပြန်ရောက်ခဲ့၏။ နောက်တစ်နေ့ ဦးထင်ကျော်သည် အတွင်းဝန်ဦးအောင်ညွှန့်နှင့် သွားရောက်တွေ့ဆုံလေသည်။

"ဘယ်နှယ့်လဲ ဦးထင်ကျော်။ အဆင်သင့်ဖြစ်ပြီလား"





"ပြီးပါပြီခင်ဗျာ။ နက်ဖြန် မနက် ဆယ်နာရီတိတိမှာ ဝန်မင်းနဲ့ တွေ့ပါရစေ။ ဒီတစ်ခါ ကို့ဒ်ရဲ့ဒုတိယပိုင်းကော်ပီကို ကျွန်တော့်လက်ထဲ အပ်စေလိုပါတယ်။ ညနေသုံးနာရီရထားနဲ့ ကျွန်တော် လိုက်ဖို့ စီစဉ်ပြီးပါပြီ"

"ကောင်းပါပြီ ဦးထင်ကျော်။ အသင့် ရှိနေပါစေ့မယ်။ သည့်အပြင် ဘာများ လိုချင်သေးသလဲ"

"မလိုချင်ပါဘူးခင်ဗျာ။ ကျွန်တော့်မှာ အားလုံး ပြည့်စုံပါတယ်။ ဒီကနေ့အတွက်တော့ ဝန်မင်းကို ဒီလောက်ပဲ အစီရင်ခံပါရစေ"

"ကောင်းပါပြီ ဦးထင်ကျော်"

နောက်တစ်နေ့နံနက် ဆယ်နာရီတိတိတွင် ဦးထင်ကျော်သည် အတွင်းဝန်ရုံးရှိ ဦးအောင်ညွှန့်၏ရုံးခန်းသို့ ရောက်ရှိလာရာ၊ ဦးအောင်ညွှန့်သည် ၄င်းကိုယ်တိုင် ကို့ဒ်အသစ် ဒုတိယပိုင်းကို မီးခံသေတ္တာအတွင်းမှ ထုတ်ယူ၍ ဦးထင်ကျော်လက်ထဲသို့ ပေးအပ်လေ၏။

၄င်းမှာ ခရမ်းရောင်မင်ဖြင့် စက္ကူပါးပေါ်တွင် အလွန်သေသပ်လှပသော လက်ရေးစာလုံးစောင်းဖြင့်ရေးသားသည့် စာရွက်ဆယ့်နှစ်ရွက်ကို ချုပ်ထားသော စာအုပ်ငယ်ကလေး ဖြစ်လေသည်။ စာအုပ်ကလေးမှာ အပေါ်ဖုံးကို အလွန်နူးညံ့ပါးလွှာသော ဆိတ်သားရေဖြင့် ချုပ်ထား၍ ဘိလပ်ကုက်ဘိနက်တံဆိပ် ရိုက်နှိပ်ထား၏။ ဦးထင်ကျော်သည် ဦးအောင်ညွှန့်ထံမှစာအုပ်ကလေးကို ရိုသေစွာယူပြီးလျှင် ရှုပ်အကျီ အတွင်းအိတ်ထဲသို့ ထည့်လိုက်၏။

"ဒီနေ့ညနေသွားဖို့ စီစဉ်ပြီးပြီလား ဦးထင်ကျော်"

"မှန်ပါတယ်ဝန်မင်း။ စီစဉ်ပြီးပါပြီ။ ကို့ဒ်ဒုတိယပိုင်း ရတဲ့အကြောင်း ဦးဘဇံဆီက စာယူခဲ့ဖို့ လိုပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..လိုတာပေါ့မောင်။ ဒီစာရွက် ဆယ့်နှစ်ရွက် ဦးဘဇံ လက်ထဲကိုရောက်ပြီး ဦးဘဇံရဲ့လက်မှတ်နဲ့ စာစောင်ပြန်ယူခဲ့ရင် တာဝန်ကျေတာပါပဲ"

"ကောင်းပါပြီ ခင်ဗျာ။ သြော်..ဒါထက် ကျွန်တော် သွားခါနီး ဝန်မင်းကို သတင်းအဆန်းတစ်ခု ပြောခဲ့ပါရစေ ခင်ဗျာ"

"ဘာ သတင်းများလဲ မောင်ရဲ့"

"နို့ပေမယ့် သတင်းကို ကျွန်တော် ပြန်မရောက်မချင်း ဝန်မင်းက လွဲလို့ ဘယ်သူမှ မသိစေချင်ဘူး"

"စိတ်ချပါမောင်။ ကျုပ် ကတိပေးပါတယ်"

"ကိုခင်မောင်ဟာ အခု ရန်ကုန်မှာရှိနေတယ် ခင်ဗျ။ ကို့ဒ်ကို သွားပို့ပြီး နောက်တစ်နေ့ပဲ မန္တလေးကပြန်ရောက်တဲ့ လက္ခဏာပဲ"

"အလို...ဘယ်လို ပြောလိုက်တာလဲ မောင်"

"ကိုခင်မောင်ဟာ ရန်ကုန်မှာ ရှိတယ်လို့ ပြောတာပါခင်ဗျာ"

"ဟုတ်ပါ့မလားမောင်ရယ်။ အထက်အမိန့်က သူ့ မန္တလေးက ပြန်ရောက်ရောက်ချင်း ကျုပ်ဆီကို ချက်ချင်းအစီရင်ခံဖို့ပဲ"

"ဝန်မင်းရဲ့အမိန့်ကတော့ ဒီအတိုင်းပါပဲ။ နို့ပေမယ့် သူ ပျက်ကွက်တာက အကြောင်းရှိပါလိမ့်မယ်။ သို့သော် ဘာပဲဖြစ်ဖြစ်၊ အခု ကျွန်တော့်ကိုပေးအပ်တဲ့ဝတ္တရားကို ကျွန်တော် ဆောင်ရွက်ဖို့ပါပဲ။ အခုအချိန်မှာတော့ ဒီသတင်းလောက်ပဲ ဝန်မင်းကို ပေးပါရစေဦး ခင်ဗျာ"

"မောင်ပြောတာက တယ်လည်း ဆတ်တင့်တင့် နိုင်တာကို။ ပြောရင်လည်း..."

"တစ်ဆိတ် သည်းခံပါဝန်မင်းခင်ဗျာ။ ဒီထက် ပိုပြီး အခု





မပြောပါရစေနဲ့။ ကျွန်တော်လည်း အဖြစ်အပျက်ကို အကုန်အစင် မသိရသေးပါဘူး။ ကို့ဒ်ကိုပို့ပြီး ပြန်လာတဲ့အခါကျမှ အပြည့်အစုံ ကျွန်တော် အစီရင်ခံပါ့မယ်။ အခုတော့ တစ်ဆိတ် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ဒါဖြင့်လည်း ကောင်းပါပြီမောင်"

ဦးထင်ကျော်သည် နေရာမှထကာ အတွင်းဝန်ဦးအောင်ညွန့်အား နှုတ်ဆက်၍ အရိုအသေပြုပြီးနောက်၊ အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားလေ၏။ အောက်ထပ်သို့ရောက်သောအခါ စပတ်လမ်းရှိ ဂိတ်ပေါက်မှထွက်ခဲ့၍ တက္ကစီတစ်စီးကို ခေါ်ကာ ဒါလ်ဟိုဇီလမ်းအတိုင်း အနောက်ဘက်သို့ မောင်းစေ၏။

သူ ထွက်သွားလျှင်သွားချင်း အဝတ်အစား ကောင်းမွန်စွာ ဝတ်စားထားသော မိန်းမတစ်ယောက်သည် ကိုယ်ပိုင်ကားကလေး တစ်စီးပေါ်သို့တက်ကာ ဦးထင်ကျော်၏ကားနောက် မနီးမဝေးမှ ထပ်ကြပ် လိုက်ပါသွားလေ၏။ သို့သော် ဦးထင်ကျော်က သတိပြုမိဟန် မတူချေ။

တရုတ်တန်း သစ်သီးဈေးသို့ ရောက်သောအခါ ဦးထင်ကျော်သည် ကားကို ခေတ္တရပ်စေ၍ သစ်သီးရောင်းသော ဆိုင်တစ်ဆိုင်သို့ဝင်သွားလေ၏။ ထို့နောက် သူသည် ပန်းသီး ဆယ့်နှစ်လုံးစီထည့်ထားသော ပန်းသီးသေတ္တာ နှစ်လုံးကို ဝယ်ယူလေသည်။ ပန်းသီးများမှာ နိုင်ငံခြားမှလာသောပန်းသီးများဖြစ်၍ ရဲရဲနီလျက် ရှိပြီးလျှင် တစ်လုံးစီ စက္ကူပြါးဖြင့်ရစ်ပတ်လျက် အကန့်ကလေးများ ပြုလုပ်ထားလေသည်။ ထို့နောက် ဦးထင်ကျော်သည် ကားပေါ်သို့တက်ကာ မိမိနေထိုင်သော ကရိုလမ်းသို့ ကားကို မောင်းစေ၏။

ထိုနေ့ နေ့လယ်ခင်း၌ ဦးထင်ကျော်သည် သူ၏အထုပ်အပိုး



www.burmeseclassic.com

www.burmeseclassic.com



များကိုထုပ်ရင်း တပည့်ဖြစ်သူမောင်ဘိုးလူအား မှာကြားတန်သည့်ကိစ္စများကို မှာကြားကာ အသေးစိတ် ပြောဆိုညွှန်ကြားလျက် ရှိလေ၏။ ထို့အပြင် ခရီးသွားရန်အချိန်ကိုလည်း ပြောင်းလိုက်ပြီးလျှင် ညနေသုံးနာရီခွဲ အမြန်စာပို့ရထားဖြင့် မလိုက်တော့ဘဲ ည ကိုးနာရီထွက်လူစီးရထားဖြင့် လိုက်ပါရန် မိမိအတွက် ဒုတိယတန်းလက်မှတ် တစ်စောင်နှင့် တပည့်မောင်ဘိုးလူအတွက် တတိယတန်းလက်မှတ် တစ်စောင်ကို ယူရန်လည်း မှာကြားလိုက်၏။ ထို့နောက် ဦးထင်ကျော်သည် အလုပ်စားပွဲတွင်ထိုင်ကာ တစ်စုံတစ်ရာကို စိတ်အားထက်သန်စွာ ရေးသားလျက် ရှိလေသည်။

ထိုည ရှစ်နာရီခွဲအချိန်၌ ဆရာတပည့် နှစ်ယောက်တို့သည် အခန်းတံခါးကို သော့ခတ်ပိတ်ခဲ့ပြီးလျှင် အောက်ထပ်သို့ ဆင်းလာခဲ့ကြ၏။ အောက်ထပ်သို့ရောက်၍ တိုက်ရှေ့ စင်္ကြံနံသမံတလင်းပေါ်၌ မောင်ဘိုးလူသည် မိမိဆရာ၏ အိပ်ရာလိပ်၊ သားရေသေတ္တာ၊ လက်ဆွဲချိုင့်၊ ရေဗူးစသည်တို့ကို အငှားကားတစ်စီးပေါ်သို့ တင်လျက်ရှိရာ ဦးထင်ကျော်ကမူ မန္တလေးသို့ လက်ဆောင်ပေးရန် ယူသွားမည့် ပန်းသီးများထည့်ထားသော ကတ်ထူသေတ္တာကလေးနှစ်ခုနှင့် လက်ကိုင်တုတ်ကိုသာ ကိုင်ထား၏။

ဘိုး ။ ။ "ကိုင်း ဆရာ။ ကားပေါ် တက်ပါတော့။ ပစ္စည်းတွေအားလုံး တင်ပြီးပါပြီ"

ကျော် ။ ။ "မင်း သွားနှင့်ပေတော့ မောင်ဘိုးလူ။ ငါ အခုပဲ လိုက်လာခဲ့မယ်။ အောက်ထပ်က အိမ့်ရှင်မိန်းမကြီးနဲ့ ခဏ စကားပြောစရာ ရှိသေးလို့။ ဒီမှာဟေ့....ငါ့လက်မှတ်ပါ ယူသွား။ ဟိုကျတော့ တွဲပေါ် ပစ္စည်းတွေတင်ပြီး မင်း စောင့်နေ"

"ဟုတ်ကဲ့ ဆရာ"





"ပစ္စည်းတွေ မကျန်ရစ်ခဲ့စေနဲ့နော်"

"စိတ်ချပါ ဆရာ"

ပစ္စည်းများတင်ထားသော ကားကလေးသည် ဘူတာရုံဘက်သို့ လျှင်မြန်စွာ မောင်းထွက်သွားလေ၏။

ဦးထင်ကျော်သည် အိမ်ရှင်မိန်းမကြီးနှင့် စကားပြောပြီးနောက် တိုက်ရှေ့သို့ ဖြတ်၍လာသော တက္ကစီတစ်စီးကို ခေါ်လိုက်လေ၏။ ထိုနောက် ကားပေါ်သို့ တက်ပြီးလျှင်.....

"ဘူတာကြီးကို မောင်းဟေ့"

ဟု ပြောကာ နောက်ပိုင်းရှိ ထောင့်တစ်ထောင့်၌ ထိုင်လိုက်လေသည်။ ကားကလေးသည် အုတ်ခုံဘေးတွင် ဆိုက်ထားသည့်အတိုင်း တောင်ဘက်သို့ တည့်တည့် ထွက်လာခဲ့ပြီးလျှင် ကုန်သည်လမ်းသို့ရောက်သောအခါမှ အနောက်ဘက်သို့ ချိုးသွားလေ၏။ ကုန်သည်လမ်းရောက်သောအခါ ကားသည် လက်ဝဲဘက် ပလက်ဖောင်းနှင့် အလွန်နီးကပ်စွာ ခပ်ဖြည်းဖြည်းမောင်းလျက်ရှိသဖြင့် ဦးထင်ကျော်က..

"ကိုယ့်လူ မြန်မြန်မောင်းလေဗျာ။ ရထားထွက်ဖို့ အချိန်နီးနေပြီ"

ဟု ပြောလိုက်ရာ ကားသမားက....

"ကား နည်းနည်း စက်ပျက်သလိုဖြစ်သွားတယ် ဆရာ"

"ပျက်ရင်လည်း ပြောဗျာ။ နောက်တစ်စီး ခေါ်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

ထိုနေရာ၌ ပလက်ဖောင်း၏လက်ဝဲဘက်(တောင်ဘက်)တွင် သစ်ပင်ရိပ်များရှိရာ ကားကလေးသည် ခပ်ဖြည်းဖြည်း သွားလျက်ရှိရာမှ ရပ်သွားလေ၏။ ဒရိုင်ဘာသည် ကားအတွင်းသို့ ငုံ့၍ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ နှိုက်ယူလိုက်သကဲ့သို့ ၄င်း၏လက်မှာ လှုပ်ရှားသွားလေသည်။ ထိုနေရာမှာ အတန်ငယ် လှုပြတ်သဖြင့် ဦးထင်ကျော်သည် တစ်စုံတစ်ရာဖြစ်တော့မည်ကို ကြိုတင်သိတတ်သည့် အသိဉာဏ်ပေါက်သူတစ်ယောက် ဖြစ်သည့်အတိုင်း ဒရိုင်ဘာထိုင်သော ခုံနောက်မှီကုရှင်ပေါ်သို့ လက်ထောက်ကာ ငုံ့၍ ကြည့်လိုက်၏။

ထိုခဏ၌ ဒရိုင်ဘာသည် ထိုင်ခုံအောက်ဆီမှ သားရေပိုက်လုံး တစ်ခုကဲ့သို့ ရှည်လျားပျော့ပျောင်းသော အရာဝတ္ထုကလေးတစ်ခုကို ဆွဲထုတ်လိုက်ရာ ဤကဲ့သို့ ဆွဲထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးထင်ကျော်သည် ဒရိုင်ဘာ၏လည်မျိုကို အတင်းဖျစ်ညှစ်လေတော့၏။ သို့သော် နောက်ကျခဲ့လေပြီ။

ဒရိုင်ဘာသည် နောက်သို့ ပြန်မကြည့်ဘဲ ပိုက်ကလေးကို ဦးထင်ကျော် မျက်နှာဆီသို့ထိုး၍ ပိုက်အရင်းရှိ သားရေအိတ်ကလေးကို ခြေဖြင့်နင်းလိုက်သည်နှင့်တပြိုင်နက် ကရိုလိုဖောင်းမေ့ဆေးငွေ့များသည် ဦးထင်ကျော်၏နှာခေါင်းအတွင်းသို့ ဝင်သွားသောကြောင့်ပေတည်း။ သူကိုယ်တိုင်မှာမူ နှာခေါင်းကိုပိတ်ကာ နံဘေးတံခါးကိုဖွင့်၍ မြက်ခင်းပေါ်သို့ ကျင်လည်စွာ ခုန်ချလိုက်လေသည်။ ဒရိုင်ဘာ၏လည်ပင်းကို ဖျစ်ညှစ်ရန် ပြင်လိုက်သော ဦးထင်ကျော်၏လက်များသည် ဖွဲအိတ်ကဲ့သို့ ပျော့၍ကျသွားပြီးလျှင် သူကိုယ်တိုင် ကား၏နောက်ပိုင်း ထိုင်ခုံအောက်သို့ လဲကျသွားလေတော့၏။

* ● *

ဦးထင်ကျော်သည် အိပ်ရာမှနိုးလာသကဲ့သို့ အတန်ငယ် သတိရလာသည်နှင့်တစ်ပြိုင်နက် လေးလံသောမျက်ခွံများကို တဖြည်းဖြည်းဖွင့်လိုက်၏။ သူရောက်နေသောနေရာမှာ အခန်းတစ်ခုအတွင်းရှိ ကြမ်းပြင်တွင်ခင်းထားသော ကော်ဇောပေါ်တွင်ဖြစ်၍၊ လူနှစ်ယောက်သည်





အခန်းအလယ်ရှိ စားပွဲတစ်လုံးတွင် နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ တစ်စုံတစ်ရာကို ကြည့်ရှုလျက် ရှိကြ၏။

အခန်းတစ်ခုလုံးမှာ မှောင်၍နေပြီးလျှင် စားပွဲပေါ်ရှိ ကတ္တီပါအုပ်ဆောင်း အုပ်ထားသော စားပွဲတင်ဓာတ်မီးအောက်မှ အလင်းရောင်ကလေးကြောင့်သာ ထိုအနီး၌ အတန်ငယ် လင်း၍နေလေသည်။ ထိုသူ နှစ်ယောက်အနက် တစ်ယောက်သည် မိမိ၏အိတ်ဆောင်မှတ်တမ်းစာအုပ်ကလေးကို စိတ်အားထက်သန်စွာ ရှာဖွေလျက်ရှိရာ ထိုသူမှာ အခြားမဟုတ်။ စုံထောက် မောင်ခင်မောင်၏တပည့် ဖြစ်နေသည်ကို မီးရောင်တွင် မြင်လိုက်ရသဖြင့် မှတ်မိ၏။

ထိုသူက ၄င်း၏အဖော်အား....

"ကဲ..ဘယ့်နှယ်လဲ။ မနက်ရထားအမီ ကျုပ် သွားမယ်။ မီပါသေးတယ်ဗျာ။ တစ်နာရီလောက် လိုပါသေးတယ်"

"ကျုပ်လည်း လိုက်မှာပေါ့ဗျာ။ ဒီမှာ ကိစ္စပြီးမှပဲ"

ပထမလူသည် ဦးထင်ကျော်အား စိုးရိမ်သောမျက်လုံးများဖြင့် လှမ်း၍ကြည့်လိုက်ပြီးလျှင်....

"ဒီလူ သတိရလာမယ်ဗျ။ ဘယ့်နှယ် လုပ်မလဲ"

ထိုအခါ ဒုတိယလူက တစ်စုံတစ်ရာ ပြန်ပြောလိုက်၏။ သို့သော် အသံမှာ အလွန်နိမ့်သဖြင့် မည်ကဲ့သို့ ပြောဆိုသည်ကို ဦးထင်ကျော် မကြားရချေ။ နောက် တခဏမျှကြာသောအခါ ထိုသူနှစ်ယောက်တို့သည် ဓာတ်မီးကိုပိတ်၍ အပြင်သို့ထွက်သွားပြီးနောက် အခန်းတံခါးပိတ်သံကို ကြားလိုက်ရ၏။ ထို့နောက် အောက်ထပ်မှ ကားစက်နှိုးသံကိုပင် ကြားလိုက်ရလေသည်။

ဦးထင်ကျော်မှာ ဦးခေါင်း အလွန်ကိုက်နေသည့်အပြင် ခြေနှင့် လက်များကို ချည်နှောင်ထားသောကြိုးများကလည်း အလွန်တင်း



www.burmeseclassic.com

www.burmeseclassic.com

ကြပ်လှသဖြင့် ထိုနေရာများမှ အလွန် နာကျင်ကိုက်ခဲလျက် ရှိ၏။

သို့စဉ် သူသည် ပြန်၍ သတိလစ်သွားသကဲ့သို့ လည်းကောင်း၊ မှေးခနဲ အိပ်ပျော်သွားသကဲ့သို့ လည်းကောင်း ဖြစ်သွား၏။ ထို့နောက် မျက်လုံးများကို တစ်ဖန် ဖွင့်ကြည့်လိုက်ပြန်ရာ ထိုအခါ၌မူ ယခင်ကထက် ပို၍ လတ်ဆတ်လန်းဆန်းလာသကဲ့သို့ ရှိနေ၏။ သူသည် ပါးစပ်က တစ်စုံတစ်ရာဟစ်အော်လိုက်၏။ သို့သော် အသံမှာ ကျယ်လောင်စွာ မထွက်ဘဲ၊ ရေငတ်လှသောကြောင့် နှုတ်ခမ်းနှင့် လျှာများမှာလည်း လေးလံခြောက်သွေ့လျက် ရှိ၏။

စိတ်အထင်အားဖြင့် တစ်နာရီခန့်ကြာလတ်သော် လမ်းပေါ်မှ မော်တော်ကားများ သွားသံ၊ ကလေးများ ဟစ်အော်သံများ ကြားရပြီးလျှင် ရှေ့ဘက်ရှိ တရုတ်ကတ်များကြားမှ အလင်းရောင်ကလေးများ တဖြည်းဖြည်းတိုးဝင်လာသည်ကို တွေ့ရသဖြင့် နံနက် မိုးလင်းလုပြီဖြစ်ကြောင်း သိရလေသည်။

ဦးထင်ကျော်မှာ အင်အားချိနဲ့လျက် ရှိသည့်အပြင် ကြိုးများဖြင့်လည်း တုပ်နှောင်ထားသမျှ တစ်စုံတစ်ရာ လွတ်မြောက်ရန် လမ်းမရှိသော်လည်း နံနက်လင်းလာသည်ကိုပင် အားတက်မိတော့၏။ အခန်းမှာ လူမနေသော တိုက်ဟောင်းတိုက်ဆွေး မဟုတ်ချေ။ အလယ်စားပွဲအပြင် အခြားတစ်ဘက်နံရံနှင့်ကပ်လျက် အလုပ်စားပွဲရှိရာ စာရင်းစာအုပ်ကဲ့သို့ စာအုပ်များ၊ ဖိုင်တွဲများတင်ထားသည်ကို တွေ့ရသဖြင့် ထိုအခန်းမှာ အလုပ်တိုက်တစ်ခု ဖြစ်ရမည်ဟု ယူဆရ၏။ အခြားဝမ်းမြောက်ဖွယ်မြင်ရသော အရာတစ်ခုမှာ စားပွဲပေါ်၌တင်ထားသော တယ်လီဖုန်းဖြစ်လေသည်။ သို့သော် ပေ နှစ်ဆယ်ခန့်ဝေးသော ထိုတယ်လီဖုန်းရှိသောစားပွဲသို့ မည်သည့်နည်းဖြင့် သူ ရောက်နိုင်ပါမည်နည်း။ အကယ်၍ ရောက်စေကာမူ မည်ကဲ့သို့ ပြောနိုင်ပါမည်နည်း။





ဦးထင်ကျော်သည် အတန်ငယ် အားတင်းပြီးလျှင် ကိုယ်ကိုနှစ်လိမ့် သုံးလိမ့်မျှ လှိမ့်၍ကြည့်၏။ သို့သော် ကြိုးများတုပ်ထားသည့်နေရာမှ အလွန်နာကျင်လှသဖြင့် ခေတ္တမျှ ရပ်လိုက်ရ၏။ မည်သို့ပင်ဖြစ်စေ အားမလျှော့ဘဲ ခေတ္တမျှ အမောအပန်းဖြေပြီးနောက်၊ ဆက်လက်၍ သုံး-လေးကြိမ်မျှ ကြိုးစားသောအခါ စားပွဲခြေရင်းသို့ ရောက်လာခဲ့လေသည်။

ထိုအခါ ဦးထင်ကျော်မှာ အတော်ပင် အားတက်လာပြီ ဖြစ်၍စိတ်အားတက်ကြွလာသည်နှင့်အမျှ အကြံဉာဏ်များလည်း ဦးခေါင်းတွင် ပွင့်လင်းလာတော့၏။ တယ်လီဖုန်းရှိသော နေရာမှာ စားပွဲ၏လက်ယာဘက်နောက်ပိုင်းတွင် ဖြစ်၍၊ ရှေ့၌တင်ထားသော ဖိုင်တွဲတစ်ပုံကို ရှေ့မှနေ၍ ခြေဖြင့်တွန်းကန်နိုင်ခဲ့လျှင် တယ်လီဖုန်းသည် နောက်ဘက်ရှိ ကြိမ်ကုလားထိုင်ပေါ်သို့ ကျသွားရန် ရှိ၏။ ကြိမ်ကုလားထိုင်ပေါ်သို့ တယ်လီဖုန်းရောက်လျှင် မိမိကိုယ်ကို စားပွဲနောက်သို့ လှိမ့်သွားနိုင်က မိမိလက်နှင့် အနီးဆုံးသောနေရာသို့ ရောက်လာနိုင်ခြင်းပင် ဖြစ်၏။

သို့သော် ကြမ်းကို ပခုံးနှစ်ဖက်ဖြင့် အားပြု၍ထောက်ကာ ခြေနှစ်ဖက်ကို စားပွဲပေါ်သို့ရောက်အောင် ထောင်ရန်ကား အတော်ပင် ကြိုးစားရပေဦးမည်။ မိမိ၏လက်များ လွတ်လပ်စွာရှိနေက ဤအနေအထားမျိုးကိုလုပ်ရန် မခဲယဉ်းသော်လည်း လက်များမှာ ပူး၍တုပ်နှောင်ထားသောကြောင့် ပထမတွင် ရုတ်တရက် အားယူ၍မရချေ။

သို့သော် ဦးထင်ကျော်သည် အလျှော့မပေးဘဲ အခဲယဉ်းဆုံး အလုပ်များကို ကြံကြံဖန်ဖန်ကတ်ကတ်သတ်သတ် လုပ်လာခဲ့သူတစ်ယောက်ဖြစ်သည့်အတိုင်း တတ်နိုင်သမျှ မိမိခြေထောက်ကို မြှောက်ပြီးလျှင် စားပွဲပေါ်တွင် ပုံ၍ထားသောဖိုင်တွဲကို ကန်လိုက်ရာ လေး


www.burmeseclassic.com

www.burmeseclassic.com

ကြိမ်မြောက်တွင် တယ်လီဖုန်းသည် သူထင်သည့်အတိုင်း ကြိမ်ကုလားထိုင်ပေါ်သို့ ကျသွားလေသည်။

ထို့နောက် စားပွဲအောက်သို့ဝင်၍ နောက်သို့ရောက်အောင် လှိမ့်သွားခြင်း၊ တုပ်ထားသောလက်နှစ်ဖက်ဖြင့် နားကြပ်ကိုကပ်၍ နားထောင်ခြင်း၊ လက်ကိုင်ကိုလှည့်ခြင်းတို့ကား ဦးထင်ကျော်အတွက် မခဲယဉ်းတော့ချေ။

ဦးထင်ကျော်သည် အတွင်းဝန်ဦးအောင်ညွန့်အိမ်သို့ ဆက်လေရာ အိမ်စေ မိန်းကလေးမှတစ်ဆင့် နှစ်မိနစ်အတွင်း ဦးအောင်ညွန့်နှင့် စကားပြောလျက် ရှိနေလေသည်။

"ဟုတ်ကဲ့။ အခုပြောနေတာ ကျွန်တော်ပါ"

"ဟုတ်ကဲ့။ မောင်ထင်ကျော်ပါ"

"အခုပြောနေတဲ့ တယ်လီဖုန်းနံပါတ် ၂၀၂ပါ။ ကျွန်တော့် စိတ်အထင် အနောက်ပိုင်း ထင်တယ်။ တံခါးကို အပြင်က သော့ခတ်ထားတယ်။ ချိုးဝင်ရလိမ့်မယ်။ မြန်မြန်လုပ်ပါ။ ဦးအောင်ညွန့် မြန်မြန်"

ဦးထင်ကျော်သည် အထက်ပါစကားများကို ကရားမှ ရေလွှတ်သကဲ့သို့ အမြန်ဆုံးပြောပြီးနောက် တယ်လီဖုန်းကို လွှတ်ချလိုက်လေသည်။

* * *

နောက်ဆယ်မိနစ်ခန့်အကြာ၌ လမ်းပေါ်မှ မော်တော်ကားဆိုက်သံများ ကြားရပြီးလျှင် လှေကားမှပြေးတက်လာသည့် ခြေသံများကိုပါ ကြားရလေသည်။ ထို့နောက် တံခါးကို အပြင်မှနေ၍ ပုဆိန်ဖြင့် ဖောက်ခွဲဖွင့်သော အသံများကြားရပြီးနောက် ပုလိပ်အရာရှိများ၊ ရဲသားများနှင့် စစ်သားနှစ်ယောက်ကိုပါ ခေါင်းဆောင်ပြီးလျှင် လက်ထောက်ပုလိပ်မင်းကြီးနှင့်အတူ ဦးအောင်ညွန့်ကိုယ်တိုင် လိုက်ပါလာ





လေသည်။ ရဲအရာရှိတစ်ယောက်သည် ဦးထင်ကျော်အား တုပ်နှောင်ထားသည့် ကြိုးများကို ကျင်လည်စွာ ဖြတ်တောက်ပစ်လိုက်၏။ အလုပ်စားပွဲပေါ်၌ ဦးထင်ကျော်၏မှတ်တမ်းစာအုပ်ကလေးမှာ အတွင်းမှ စာရွက်များ ထုတ်ယူသွားသည်ကို တွေ့ရ၏။

ကြိုးများ ဖြည်ပြီးနောက် ဦးထင်ကျော်သည် ပုလိပ်အရာရှိတစ်ယောက်၏ပခုံးကို အားပြုကာ မတ်တတ်ရပ်လိုက်၏။

ညွန့်။ ။ "ကဲ၊ မောင်။ ပြောစရာရှိတာ ဂျူပ်အိမ်ရောက်မှ ပြောတာပေါ့။ အခုတစ်ခါတည်း ကျူပ်ကားနဲ့ လိုက်ခဲ့ပေတော့"

"ကောင်းပါပြီ ဦးအောင်ညွန့်"

"ပုလိပ်အရာရှိများက ဒီတိုက်က အခန်းတွေကို ရှာကြလိမ့်ဦးမယ်"

ဦးထင်ကျော်မှာ အတော်ပင် အားအင်ကုန်ခမ်းနေသဖြင့် ပုလိပ်သားနှစ်ယောက်က ဦးအောင်ညွန့်ကားပေါ်သို့ တွဲ၍တင်ရ၏။

အိမ်သို့ ရောက်သောအခါ ဦးအောင်ညွန့်သည် မိမိတို့ မိသားစုလက်သုံးဆရာဝန်တစ်ဦးအား တယ်လီဖုန်းဖြင့် ခေါ်ယူပြီးလျှင် ဦးထင်ကျော်ကိုယ်ပေါ်တွင်ရှိသော ပွန်းပဲ့နေသည့်ဒဏ်ရာများကို ဆေးဝါးများ ထည့်ပေးစေပြီး အင်အားပြည့်တင်းမည့် အစားအစာများကိုလည်း ချက်ချင်းပင် စီမံကျွေးမွေးလေသည်။

ထိုနောက် ဦးအောင်ညွန့်က ထိုနေ့အဖို့ မိမိအိမ်၌ ညနေစောင်းသည်အထိ အပန်းဖြေ၍နေရန် သီးသန့် အခန်းတစ်ခု ပေးထား၍ ညနေ၌လည်း မိမိကိုယ်တိုင် ရုံးက ခပ်စောစောပြန်လာမည့်အကြောင်း မှာကြားခဲ့ပြီးလျှင် ရုံးတက်ချိန်နီးသည်နှင့် ရုံးသို့ ထွက်သွားလေ၏။

နံနက်စာအတွက် နို့ကလေးတစ်ခွက်သာသောက်ရ၍ ဦးထင်


www.burmeseclassic.com

www.burmeseclassic.com

ကျော်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားရာ ညနေ သုံးနာရီထိုးပြီးမှ အိပ်ရာမှ နိုးလေ၏။ ထိုအခါမှ မေ့ဆေးများ ပြေသွားပြီ ဖြစ်၍ ဦးထင်ကျော်မှာ မူလအတိုင်းဖြစ်ကာ လန်းလန်းဆန်းဆန်း ရှိ၍ လာလေသည်။ ထိုအချိန်၌ကား ဦးအောင်ညွန့်မှာ အိမ်သို့ပြန်၍ ရောက်ရှိနေလေပြီ။

ဦးအောင်ညွန့်သည် အခန်းတွင်းသို့ဝင်လာပြီးနောက် ဦးထင်ကျော်အား...

"ဘယ့်နှယ်လဲ မောင်။ တော်တော် နေသာထိုင်သာ ရှိသွားပြီလား"

"ဟုတ်ကဲ့ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ အိမ်ကို ခေါ်လာစက အိပ်မက်မက်သလို ကမူးရှူးထိုးဖြစ်နေပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားလိုက်တာ အခု အိပ်ရာကနိုးမှ ကြည်ကြည်လင်လင် ဖြစ်လာတာယ်ခင်ဗျ"

"ဟုတ်တာပေါ့။ မေ့ဆေးဟာ အင်မတန်ပြင်းတာပဲ။ ကဲ၊ ဖြစ်ပုံ ပြောစမ်းပါဦးမောင်။ ဟိုဟာတွေကော ပါသွားသလား"

ဦးထင်ကျော်သည် ဦးအောင်ညွန့်အား ၎င်း၏ဖြစ်ပျက်ပုံ အတိုချုပ်ကို ပြောပြရလေသည်။ စကားဆုံးသောအခါ ဦးထင်ကျော်က

"သြော်၊ ဒါထက် ဒီကနေ့ ဦးဘစံဆီက ကြေးနန်းတစ်စောင်များ မရဘူးလားခင်ဗျာ"

"သြော်..ရတယ်မောင်။ ကျုပ် အခုမှပဲ သတိရတယ်"

ဦးအောင်ညွန့်သည် သူ၏ရှပ်အင်္ကျီအိတ်ထဲမှ ကြေးနန်းတစ်ရွက်ကို ဦးထင်ကျော်အား ထုတ်ပြလိုက်၏။ ထုတ်ပြရုံမျှမက ထိုကြေးနန်းစာကို အသံထွက်အောင်ပင် ဖတ်ပြလိုက်လေသည်။ သူ ဖတ်ပြသည်မှာ အောက်ပါအတိုင်း ဖြစ်၏။





လက်ဆောင်ပေးလိုက်သော ပန်းသီးဆယ့်နှစ်လုံးကို ကောင်းမွန်စွာ ရရှိပါပြီ။ ကျေးဇူးတင်ပါသည်။

ဘစံ

မန္တလေး

ညွန့်။ ။"ဘယ့်နှယ်လဲ မောင်။ ကျုပ်ကဇာ့ည်း ဘာလက်ဆောင်မှ မပေးဘဲနဲ့ ပန်းသီးဆယ့်နှစ်လုံး ရပါပြီဆိုတာက ဘာအဓိပ္ပါယ်လဲ"

"အဓိပ္ပာယ် ရှိပါတယ်ခင်ဗျာ။ ပန်းသီးဆယ်နှစ်လုံး ရထားတယ်ဆိုတာ အဲဒီပန်းသီးတစ်လုံးစီပေါ်မှာ ပတ်ထားတဲ့ စာရွက်ဆယ့်နှစ်ရွက်ကိုရတဲ့ အဓိပ္ပာယ်ပဲခင်ဗျ။ ဒီ စာရွက်ဆယ့်နှစ်ရွက်ဟာ ကျွန်တော်တို့ပို့လိုက်တဲ့ ကိုဒ်အသစ်ပါပဲ"

"အလို...ဒါဖြင့် မောင့်တပည့်က မောင်ဘစံဆီ သွားပေးတာပေါ့"

"မှန်ပါတင်ခင်ဗျာ။ ဒီလို မထင်မရှား သွားပို့မှလည်း ဒီစာရွက် ဆယ့်နှစ်ရွက်ဟာ ဦးဘစံလက်ထဲ ချောချောမောမောရောက်မှာကိုးခင်ဗျ။ ကျွန်တော်တို့လိုလူမျိုး သွားပို့ရင် ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။ လမ်းကနေပြီး တစ်နည်းနည်းနဲ့ လုယူချင် လုယူမယ်။ လုလို့မှ မရရင် သတ်ပြီးယူချင် ယူမယ်။ ဒါကြောင့် ကျွန်တော်က ကိုဒ်အမှားတွေ ကြံဖန်ရေးပြီး ပန်းသီးဆယ့်နှစ်လုံးထုပ်ကို ကြားထဲကဝင်ပြီး မားစာခံလုပ်လိုက်ရတာကိုးဗျ။ ကျွန်တော့်ဆီက သူတို့ရသွားတာ ကျွန်တော်လုပ်ထားတဲ့ ကိုဒ်အတုပေါ့ခင်ဗျာ။ ဒီရတော့မှလည်း ကျွန်တော့်တပည့်ဟာ ဟိုကို ချောချောမောမောရောက်သွားမှာကို ဦးအောင်ညွန့်ရဲ့"

"ကြံကြီးစည်ရာ လုပ်လည်းလုပ်တတ်ပေတယ်မောင်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မောင် ကြံဖန်ရေးတဲ့ကို့ဒ်အတုက သူတို့လက်ထဲရောက်သွားပြီး အစစ်က ဦးဘဇံဆီကို ချောချောမောမောရောက်သွားပြီ ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ။ ဒီအတိုင်းပါပဲ"

အားရဝမ်းသာစွာဖြင့်····

"တော်တယ်ဟေ့။ ကိုယ့်လူ ဒါကြောင့်လည်း နာမည်ကြီးပေတာကိုးကွယ့်"

အတွင်းဝန်ဦးအောင်ညွန့်သည် ဦးထင်ကျော်အား အားပါးတရ လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

ဦးထင်ကျော်အား ချုပ်နှောင်ထားခဲ့သော အခန်းမှာ ဆယ့်ရှစ်လမ်း တရုတ်ကုန်သည်တစ်ဦး၏တိုက်မှ မြန်မာလူမျိုး ဆန်ပွဲစားတစ်ယောက်က ငှားထားသော အခန်းတစ်ခန်းဖြစ်၍ ထိုအခန်းပိုင်ရှင်ကိုလည်း တစ်ခါတည်း ဖမ်းဆီးလိုက်၏။ အခန်း၏အနောက်ဘက်ကို ရှာဖွေရာ နောက်ဖေးအခန်းကျဉ်းကလေးတစ်ခုအတွင်းမှ ဆေးထိုးခြင်းခံရသဖြင့် သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသော စုံထောက်အရာရှိ ကိုခင်မောင်ကိုလည်း တွေ့ရလေသည်။ ၎င်းတို့၏တပည့်မှာ ထိုနေ့ နံနက်ရထားနှင့်၊ မန္တလေးသို့ လိုက်ပါသွားကြောင်း သိရလေရာ ၎င်းကိုလည်း မန္တလေးဘူတာကြီးတွင် ဖမ်းဆီးရမိလိုက်သည်။

အထက်ပါအစိုးရကိစ္စကြီးအား အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည့်အတွက် စုံထောက်ဦးထင်ကျော်မှာ သူ တစ်ကြိမ်မျှသာ တွေ့ခဲ့ဖူးသော ပုဂ္ဂိုလ်ကြီးထံမှ ဆုလာဘ်အဖြစ် ငွေ သုံးထောင်ကျပ် ရရှိလေသည်။

■





# ထူးဆန်းသောအားကစားသမားအမှု

တစ်နေ့သော စနေနေ့ညနေစောင်း၌ ကျွန်တော်နှင့် ဦးထင်ကျော်တို့သည် ဒလဘက်ကမ်းသို့ ရောက်ရှိနေခဲ့ရာ၊ ရောက်ရှိရခြင်း၏အကြောင်းရင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ဒလဘက်တွင် ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် အတန်ငယ် နာမကျန်းဖြစ်နေသည်ဟု သတင်းရသဖြင့် လာခဲ့ခြင်း ဖြစ်၏။ ကျွန်တော် သွားခါနီး ဦးထင်ကျော်အား နှုတ်ဆက်ရာတွင် ဦးထင်ကျော်က ...

"နေဦးလေဗျာ။ ဒီနေ့ စနေနေ့ မဟုတ်လား။ အင်း.. နက်ဖြန် ကျုပ် ဘယ်သူနဲ့မှချိန်းထားတာ မရှိဘူး။ ဒီလိုဆိုရင် ကျုပ်လည်း လိုက်မယ် ကိုတင်မောင်။ သင်္ဘောပေါ်မှာ လေကောင်းလေသန့်ရလို့ ကျန်းမာရေးအတွက်လည်း ဖြစ်ရော။ အပြောင်းအလဲကလေးတစ်ခုလည်း ဖြစ်တာပေါ့ဗျာ။ ကဲ၊ ကျုပ် ယူစရာရှိတာကလေးတွေ လက်ဆွဲသားရေအိတ်ထဲ ထည့်လိုက်ပါရစေဦး။ ဆယ်မိနစ်ထက် ပိုမကြာပါဘူးဗျ"

"လုပ်ပါဗျာ။ သင်္ဘောထွက်ဖို့ တစ်နာရီလောက် လိုပါသေးတယ်။ ကျွန်တော်တို့ ဒီကနေပြီး ကားတစ်စီး ငှားသွားနိုင်ရင် နာရီဝက်ထက် ပိုမကြာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောထွက်၍ သင်္ဘောပေါ်သို့ရောက်ကြသောအခါ ဦးထင်ကျော်သည် ပင်လယ်ရေပြင်ဘက်မှလာသည့် လေကောင်းလေသန့်များကို အားပါးတရရှူရှိုက်ရင်း .....

"ဘာနဲ့ ရသလဲ ကိုတင်မောင်"

"ညီစိုးစိုးအနံ့ရတယ်ဗျ"

"အဲဒါ အူဖုံစာတ်ပေါ့ဗျ။ ကျန်းမာရေးအတွက် အင်မတန်အဖိုးတန်တဲ့ ဓာတ်ပဲ။ ဒီဓာတ်ရဲ့ အကျိုးကျေးဇူးအကြောင်း အိမ်ပြန်မှ ကျုပ် အင်ဆိုက်ကလိုပီးဒီးယားမှာရှာပြီး ခင်ဗျားကို ပြရဦးမယ်"

"ဒီလိုဆိုရင် အခုပဲ ဗဟုသုတတစ်ခု ရပြီ"

* * *

ဒလဘက်သို့ သင်္ဘောဆိုက်၍ ကုန်းပေါ်သို့ရောက်ကြသောအခါ ကျွန်တော်တို့လည်း ခြေလျင်လျှောက်၍လာခဲ့ကြသည်။ အချိန်မှာ နေဝင်ဖြိုးဖျသို့ မရောက်သေးသဖြင့် လမ်းလျှောက်၍ကောင်းသောအချိန်ဖြစ်၏။

ကျွန်တော်၏သူငယ်ချင်းအိမ်သို့ ရောက်သောအခါ ကျွန်တော်၏သူငယ်ချင်းမှာ အတော်ပင် သက်သာနေပြီဖြစ်၍ ဦးထင်ကျော်လိုက်ပါလာကြောင်း သိသောအခါ ဦးထင်ကျော်အား ယခင်က လူချင်းပင်မတွေ့ဖူးသော်လည်း မဂ္ဂဇင်းများထဲတွင် ကျွန်တော်ရေးသော ဦးထင်ကျော်အကြောင်းများကို ဖတ်ရသဖြင့် ဦးထင်ကျော်အား အလွန်ပင်လေးစားကြည်ညိုမိကြောင်း၊ ထိုညအတွက် မိမိအိမ်တွင် ကောင်းစွာတည်းခိုနိုင်ကြောင်း၊ ထိုနေ့ညစာအတွက် သူ့ဇနီးအား လှမ်း၍ခေါ်မည်ပြုရာ ဦးထင်ကျော်က

"နေပါစေ မိတ်ဆွေ။ ကျွန်တော်တို့ အပြင်မှာ စားပါ့မယ်။ ဒုက္ခမရှာပါနဲ့"





"အို...မဟုတ်တာ ခင်ဗျာ။ ကျွန်တော်တို့အိမ်ကို ရောက်လာတဲ့ဧည့်သည်အတွက် ကျွန်တော်တို့က ပြုစုကျွေးမွေးဖို့ တာဝန်ရှိပါတယ်"

"မဟုတ်ပါဘူး မိတ်ဆွေ။ လမ်းလည်း လျှောက်ရင်း အပြင်တရုတ်ဆိုင်တစ်ဆိုင်မှာ သွားပြီးစားဖို့ စိတ်ကူးထားပါတယ်"

အိမ်ရှင်ဖြစ်သူသည် မျက်နှာမကောင်းဘဲ

"ဒီလိုဆိုရင်လည်း သွားကြပေါ့လေ။ သို့ပေမယ့် ဒီည ကျွန်တော်တို့မကျွေးရတဲ့အတွက် စိတ်မကောင်းပါဘူး"

"စိတ်မကောင်း ဖြစ်မနေပါနဲ့လေ။ ကျေးဇူးတင်ပါတယ်"

ကျွန်တော်တို့သည် ရုတ်တရက် ထမင်းဆိုင်နှင့် ခေါက်ဆွဲဆိုင်များရှိသည့်ဘက်သို့ ထွက်ခဲ့ကြပြီးလျှင် သန့်ပြန့်စွာ ခင်းကျင်းထားသည့် တရုတ်ထမင်းဆိုင်ကြီးတစ်ဆိုင်တွင် ညစာ စားသောက်ကြလေသည်။

* * *

အိမ်သို့ပြန်ရောက်၍ အိမ်ရှင်ဖြစ်သူကိုမြသောင်းနှင့် စကားစမြီပြောဆိုလျက်ရှိကြရာ ဦးထင်ကျော်က...

"ဒါနဲ့ စကားမစပ် ဟိုဘက်က ကပ်နေတဲ့တိုက်ခံအိမ်ကလေးက ဘယ်သူ့အိမ်လဲ ကိုမြသောင်း"

"ဥက္ကဋ္ဌကြီး ဦးစိန်ပွင့် အိမ်ပေါ့ဗျာ"

"သြော်..ဦးစိန်ပွင့်တဲ့လား။ ဦးစိန်ပွင့်၊ ဦးစိန်ပွင့်။ ကျုပ်ဒီနာမည် ကောင်းကောင်းကြားဖူးတယ်။ ဒီလူက ကစားခုန်စား အားကစား အတော်ဝါသနာပါတယ်ဆို ထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျာ။ ဒီလူက စစ်တုရင်လည်း ထိုးတာပဲခင်ဗျ။ ရေကူးလည်း ပြိုင်တာပဲဗျ။ မော်တော်ကား အမြန်မောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာလည်း သူဝါသနာပါတာပဲ။ ဘာမဆို အားကစားဘက်က ဆိုရင် သူ မလုပ်တာ မရှိဘူး''

''ဟုတ်ကဲ့။ ကျုပ်လည်း သူ့အကြောင်း နည်းနည်းပါးပါး တော့ ကြားဖူးပါတယ်''

ထို့နောက် ကျွန်တော်တို့လည်း အိမ်ရှင်ကိုမြသောင်း တည် ခင်းသော လက်ဖက်သုပ်နှင့် လက်ဖက်ရည်ကြမ်းများ သောက်ရင်း၊ ရန်ကုန်တွင် ဖြစ်ပျက်လျက်ရှိသည့် ရပ်ရေးရွာရေးအကြောင်းများကို ကိုမြသောင်းအား ပြောဆိုလျက်ရှိရာ၊ ကိုမြသောင်းကလည်း ဒလဘက် တွင် ဖြစ်ပျက်နေသည့်အကြောင်းများကို အပြန်အလှန်ပြောဆိုလျက် ရှိလေ သည်။

အချိန်မှာ အတန်ငယ် ညဉ့်နက်လာပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခု လုံး တိတ်ဆိတ်လျက်ရှိရာ၊ ဦးစိန်ပွင့်၏ တိုက်နောက်ဖေးဘက်ဆီမှ ခပ်သဲ့သဲ့အသံတစ်သံကို ကြားရသဖြင့် ဦးထင်ကျော်က…

''နားထောင်ကြစမ်းဗျို့။ ကိုင်း၊ ကိုတင်မောင်။ ဦးစိန်ပွင့် တိုက်နောက်ဖေးဆီက အသံတစ်သံလိုလို ကြားရတယ်။ ခင်ဗျားကော မကြားရဘူးလား''

ကျွန်တော်က နားစွင့်လျက်…

''ဟုတ်တယ်ဗျ။ တဘုတ်ဘုတ်ရိုက်နေတဲ့ အသံလိုပဲ။ ကွဲ ကွဲပြားပြားတော့ မဟုတ်ဖူးဗျ''

အိမ်ရှင်ကိုမြသောင်းက

''ကျုပ်လည်း ဒီအတိုင်း ကြားရတယ်''

ကျွန်တော်တို့တည်းခိုသော ကိုမြသောင်း၏အိမ်မှာ ဦးစိန် ပွင့်တိုက်နှင့် ကပ်လျက်ရှိရာ၊ ကျွန်တော်တို့သုံးယောက်စလုံးပင် အသံ ကြားရာ ဦးစိန်ပွင့်တိုက်နောက်ဖေးဘက်ဆီသို့သာ နားစွင့်လျက် ရှိကြ





ကုန်၏။

သို့နှင့် ဦးထင်ကျော်သည် အိမ်နောက်ဖေးဘက်သို့ ခပ်သုတ် သုတ်ထွက်သွားသဖြင့် ကျွန်တော်နှင့် ကိုမြသောင်းတို့လည်း သူ့နောက် မှ လိုက်ပါသွားကြတော့၏။

ဦးစိန်ပွင့်၏ တိုက်နောက်ဖေးဘက်သို့ရောက်၍ ခြံစည်းရိုး အနီးသို့ရောက်သောအခါ တဘုတ်ဘုတ်မြည်လျက်ရှိသော အသံကို ပို၍ကျယ်လောင်စွာ ကြားရတော့၏။

ဦးစိန်ပွင့်၏ တိုက်နောက်ဖေးဘက်မှာ အတော်ပင် ကျယ်ဝန်း သဖြင့် နောက်ဖေးဘက်အစွန်းတွင် သွပ်များမိုးထားသည့် အဆောက် အဦးကလေးတစ်ခုကို မှုန်မွှားသောလရောင်အောက်၌ မြင်ရလေရာ ဦးထင်ကျော်က ကိုမြသောင်းအား….

''ဟို သွပ်မိုးတဲကလေးက ဘာလဲဗျ၊ ကိုမြသောင်း''

''ဒီက ဦးစိန်ပွင့်ရဲ့ ရေကန်ကလေးဗျ''

''ရေကန်၊ ဟုတ်လား။ ဘာလုပ်တဲ့ ရေကန်လဲ''

''ဒီလိုခင်ဗျာ။ နွေအခါ ရေကောင်းရေသန့်သောက်ရအောင် ဆိုပြီး ဦးစိန်ပွင့်ကို ဒီတိုက်ရောင်းသွားတဲ့ အရင်လက်ထက်ကတည်း ကရှိတဲ့ ရေကန်ကလေးခင်ဗျ''

''သြော်..''

အသံမှာ ထိုရေကန်ကလေးဆီမှလာသော အသံဖြစ်သဖြင့် ရေကို လက်ဝါးဖြင့် စည်းချက်မှန်မှန် ပုတ်လိုက်သကဲ့သို့ ရှိပြီးလျှင် တစ်ခါတစ်ရံလည်း ထိုအသံနှင့်အတူ လူတစ်ယောက်၏စကားပြော သံကဲ့သို့ လည်းကောင်း၊ ညည်းညူအော်ဟစ်သံကဲ့သို့ လည်းကောင်း အသံများ ရောနှောလျက်ရှိသည်ကို ကျွန်တော်တို့ ကြားရတော့၏။

ဦးထင်ကျော်သည် အိတ်ထဲတွင် အသင့်ယူလာခဲ့သော ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ခန့်ရှိ စက်ကက်ကြေးကလေးဖြင့် ခြံစည်းရိုး၍ ခြားထားသော သံဆူးကြိုးနှစ်ပင်ကို ကိုက်ဖြတ်လိုက်သဖြင့် အပေါက်တစ်ပေါက် ဖြစ်သွားရာ ဦးထင်ကျော်က ရှေ့ဆုံးမှ ခေါင်းငုံ့ဝင်သွားသဖြင့် ကျွန်တော်နှင့် ကိုမြသောင်းတို့လည်း သူ့နောက်မှ ထပ်ကြပ်လိုက်ပါသွားကြတော့၏။ အသံကား ရေကန်နှင့်နီးလေလေ သဲကွဲစွာ ကြားရလေလေ ဖြစ်လေသည်။

အသံမှာ ဟန်ချက်ညီညီ စည်းချက်ကျကျနှင့် ရေကို တဘုတ်ဘုတ်ပုတ်ခတ်သံမျိုး ဖြစ်၏။

ဦးထင်ကျော်သည် နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးကလေးကို ကျွန်တော့်အား လှမ်းပေးပြီးနောက်...

"ကဲ..ကိုဟင်မောင်။ ကျုပ်က အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် သူ့မျက်နှာဝဲည့်တည့်ကို ဒီလက်နှိပ်ဓာတ်မီးကလေးနဲ့ ခင်ဗျားက ထိုးပေတော့"

သို့နှင့် ဦးထင်ကျော်သည် တံခါးကို ခြေဖြင့် တစ်ချက်မျှ ဆောင့်၍ကန်လိုက်ပြီးနောက်...

ဦးထင်ကျော်က ခက်ထန်မာကျောသော အသံဖြင့်...

"ကိုင်း...ဦးစိန်ပွင့်။ တံခါးဖွင့်စမ်းဗျို့"

တဲကလေးအတွင်း၌ကား အလျား ဆယ့်ငါးပေ အနံ ဆယ်ပေခန့်ရှိသည့် ရေကန်တစ်ခုရှိရာ၊ ရေကန်ထဲတွင် လူတစ်ယောက်သည် အပြင်းအထန်ကူးခတ်လျက် ရှိနေ၏။ ဦးစိန်ပွင့်သည် ထိုသူ၏ခါးတွင်ပတ်ထားသည့် ခါးပတ်ကို ကြာပွတ်နှင့်တူသော ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ထား၏။ ငါးတစ်ကောင်ကို ငါးမျှားတံဖြင့် မျှားနေသကဲ့သို့ ရှိနေ၏။

ရေကန်အတွင်း၌ ကူးခတ်လျက်ရှိသောသူမှာ ကန်ထဲတွင်





မြှုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ရှိလေရာ၊ အခြားဘက်သို့ ကူးသွားရန် ကြိုးစားသည့်အခါများ၌ ဦးစိန်ပွင့်သည် ကြိုးကို တောင့်ထားလိုက်သဖြင့် မကူးနိုင်ရှာဘဲ ပြန်လာရရှာ၏။ ကြည့်ရသည်မှာ ရေကန်ထဲတွင် ငါးတစ်ကောင်ကို လူတစ်ယောက် အပျော်တမ်းမျှားနေသကဲ့သို့ ရှိနေ၏။

ရေကန်ထဲတွင် ပင်ပန်းကြီးစွာကူးခတ်လျက်ရှိသော လူသည် ကန်ပေါင်ဘက်သို့ ရောက်အောင်ကူးခတ်သည့်အခါများ၌ ဦးစိန်ပွင့်သည် ကြာပွတ်မှကြိုးကို တောင့်ထားသဖြင့် ထိုသူမှာ ကန်ပေါင်သို့ ရောက်အောင် မကူးနိုင်ရှာဘဲ ရှိနေ၏။

စိန်။ ။ "ကူးဦးလေ ခွေးမသား။ မင်းက အင်မတန် ရေကူးသန်တယ် ဆို။ ကြိုးကလေးတစ်ချောင်းတောင် ပြတ်အောင် မကူးနိုင်ဘူးလားကွ။ ကူးလေ၊ ကူး...ကူး၊ အင်မတန် ရေကူးသန်တယ်ဆိုတဲ့အကောင်။ ဒီနန်းကြိုးကလေးတောင်မှ ပြတ်အောင် မကူးနိုင်ဘူးလား"

ရေကန်ထဲမှလူ။ ။ "မကျီစားပါနဲ့ဆရာရယ်။ ကျွန်တော် မောလှပါပြီခင်ဗျာ။ ကြာရင် သေရပါတော့မယ်"

"ငါ့ကို နိုင်ချင်တဲ့အကောင် သေရစေ့မယ်။ ငါ့ကို နိုင်တဲ့လူတိုင်းဟာ သေခြင်းဆိုးနဲ့ သေရတယ်ဆိုတာ မင်း မကြားဖူးဘူးလား။ ကူးလေ..ကူးဦး၊ ကူး...ကူး"

ရေကူးသူသည် အပြင်းအထန် ရုန်းကန်လျက်ရှိသော်လည်း နန်းကြိုးမှာ မပြတ်နိုင်ဘဲ ရှိနေ၏။

ဦးစိန်ပွင့်က ဟက်ဟက်ပက်ပက်ရယ်မောလျက်...

"အောင်မယ်လေး။ ကြည့်လို့ ကောင်းလိုက်လေကွာ။ ရုပ်ရှင်ကြည့်ရတာထက်တောင် ကောင်းသေးတယ်။ ကူးဦးလေ၊ ကူး၊ ကူး"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ခြေကုန်လက်ပန်း ကျနေသည့်အချိန်တွင်မှ ရေကူးသူအား ဦးစိန်ပွင့်သည် ရေလယ်သို့တစ်ဖန် ဆွဲယူပြန်၏။

ဦးထင်ကျော်က ဦးစိန်ပွင့်အား သေနတ်ဖြင့်ချိန်လျက်...

"ဟေ့လူ။ နေရာက မရွေ့နဲ့။ ရွေ့တာနဲ့ ပစ်ထည့်လိုက်မယ်။ ကျုပ်က ဒီလိုနေရာမျိုးမှာ ညာမှာ မဟုတ်ဘူးနော်"

ထိုအချိန်၌ ရေကန်ထဲမှသူသည် ကန်ပေါင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ အမောဖြေလျက်ရှိရာမှ ဦးစိန်ပွင့်ရှိရာသို့ လျင်မြန်စွာ ပြေးသွားပြီးနောက် ဦးစိန်ပွင့်၏လည်ပင်းကို ဖျစ်ညှစ်လျက်ရှိရာ ကျွန်တော်နှင့် ဦးထင်ကျော်တို့မှာ လူချင်းကွဲအောင် အတော်ပင် ဆွဲထားကြရတော့၏။

ရေကူးသူ ။ ။ "ကံကောင်းပေလို့ပေါ့ ဆရာတို့ရယ်။ လူ့တစ်ယောက်အသက်ကို ရက်ရက်စက်စက် ကြံကြံဖန်ဖန် ကြံစည်တဲ့ လူတစ်ယောက်ပါပဲ ခင်ဗျာ"

ဦးထင်ကျော်သည် ဦးစိန်ပွင့်အား သေနတ်ဖြင့်ချိန်၍ အိမ်ဘက်သို့ခေါ်ခဲ့ရာ ကျွန်တော်က ဦးစိန်ပွင့်၏လက်တစ်ဘက်ကို ချုပ်ကိုင်ရင်း ကိုမြသောင်းလည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့၏။

ဦးစိန်ပွင့်၏အိမ်အတွင်းသို့ရောက်၍ ကုလားထိုင်များပေါ်၌ ထိုင်ကြသောအခါ ဦးစိန်ပွင့်မှာ ကျောင်းပြေးရာမှ ဖမ်းမိလာ၍ ဆရာ့ရှေ့မှောက် ရောက်လာသော ကျောင်းသားငယ်တစ်ယောက်ကဲ့သို့ ဦးခေါင်းကို မဖော်ဘဲ ခေါင်းငိုက်စိုက်ကျလျက် ရှိနေ၏။

ဦးထင်ကျော်က တည်ငြိမ်အေးဆေးသော အသံဖြင့်...

"ကိုင်း..ဦးစိန်ပွင့်။ အခုအဖြစ်အပျက် အကျိုးအကြောင်းတွေ ဘာမှ ပြောစရာမလိုဘူး။ ဟောဒီက ကိုတင်မောင်တို့၊ ကိုမြသောင်းတို့ အမြင်ပဲ။ ကဲ..ဒီတော့၊ ခင်ဗျားကို ကျုပ် တစ်ခုပြောမယ်။ ခင်ဗျားလို လူကြီးလူကောင်းတစ်ယောက် အရှက်တကွဲ အကျိုးနည်းလည်း မဖြစ်ရအောင် ခင်ဗျားဆီမှာ ကျုပ် ကတိတစ်ခု တောင်းချင်တယ်။ ဘာကတိလဲဆိုတော့ ဒီလို အပြုအမူမျိုး နောက်ဘယ်တော့မှမပြုလုပ်တော့ပါဘူးဆိုတဲ့ ကတိပေါ့။ မြွေမသေ တုတ်မကျိုးပေါ့ဗျာ။ လူတစ်ယောက်ကို သေကြောင်းကြံမှုဟာ ထောင်ဒဏ်ဆယ်နှစ်အထိ အပြစ်ပေးနိုင်တဲ့ဥပဒေ ရှိတယ်ဆိုတာ ခင်ဗျားလည်း အသိပဲ"





"ကျွန်တော် ကတိပေးပါတယ်ခင်ဗျာ။ ဦးထင်ကျော် သဘောအတိုင်းပါပဲ။ ကျွန်တော် နောင်တရပါပြီ"

ထို့နောက် ကျွန်တော်တို့၏ရည်ရွယ်ချက် အောင်မြင်၍ အားလုံးကိစ္စများ ပြီးစီးပြီ ဖြစ်သောကြောင့် ကိုမြသောင်း၏အိမ်ဘက်သို့ ပြန်ခဲ့ကြရာ၊ ထိုအချိန်၌ကား နံနက် နှစ်နာရီကျော်ကျော်ပင် ရှိခဲ့လေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



# ဖြိုလ်မွှေတဲ့ ပတ္တမြား

တစ်နေ့တွင် ကျွန်တော်သည် မနက်လမ်းလျှောက်ရာမှ ပြန်လာသောအခါ ဝရံတာဘက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်လျက် ပါးစောင်တွင်ခဲ၍ထားသော ဆေးတံမှထွက်သော မီးခိုးကွင်းကလေးများကို ကြည့်နေသော ဦးထင်ကျော်အား တွေ့ရလေသည်။

"ဘယ့်နှယ်လဲဗျ ကိုတင်မောင်။ ဒီနေ့ လမ်းလျှောက်တာ အတော် နေမြင့်ပါလားဗျ"

"ဟုတ်တယ်။ လမ်းမှာ..."

စကားမဆုံးမီ...

"လမ်းမှာ မိတ်ဆွေတစ်ယောက်နဲ့ တွေ့နေလို့ အချိန် ကြန့်ကြာသွားတယ် မဟုတ်လား။ ပြီးတော့ သူက ခင်ဗျားကို လက်ဆောင် တစ်ခုတောင် ပေးသွားသေးတယ်"

ကျွန်တော်သည် အပေါ်အင်္ကျီကို ချွတ်၍ တိုင်ချိတ်တွင် ချိတ်ထားလိုက်ပြီးနောက် ဦးထင်ကျော်၏ ကုလားထိုင်ရှေ့တွင် ထိုင်ခုံ တစ်ခုကို ဆွဲ၍ထိုင်လိုက်လေသည်။

"ခင်ဗျားနဲ့ကျုပ် အတူနေလာတာ ကြာပါပြီဗျာ။ ခင်ဗျားရဲ့





အံ့သြလောက်အောင်ကောင်းတဲ့ ပညာရပ်တွေဟာ အံ့သြပြီးရင်း အံ့သြလို့မကုန်နိုင်အောင် ဖြစ်နေပြီ"

"သိပ်လည်း မြှောက်မနေပါနဲ့ဗျာ"

"မြှောက်တာ မဟုတ်ပါဘူး။ ကျုပ် အခု လမ်းမှာ ငယ်သူချင်းတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ်။ ပြန်ခါနီးမှာ ကျုပ်ကို ဖောင်တိန်အကောင်းစားတစ်ချောင်း ပေးသွားသေးတယ်။ ဒါတွေကို ခင်ဗျားက ဘေးက စောင့်ကြည့်နေသလို အကုန်သိနေတော့ မအံ့သြဘဲ နေပါ့မလား"

"သြော်..မိုးကောင်းကင်ပြာကြီးကို ကြည့်လို့ကောင်းလို့ ကြည့်နေတာပါ။ ဒီလို ဖိမ်ရှိရှိကြည့်ရဖို့ အခွင့်အရေး ကြုံရခဲတယ်ဗျ"

"ဘာဖြစ်လို့လဲဗျ"

"အခုလို အေးချမ်းတဲ့ကာလမျိုးမှာတော့ အေးအေးဆေးဆေး ထိုင်ပြီး ကြည့်နိုင်တာပေါ့ဗျာ။ နောင် စစ်တွေ ဘာတွေ ဖြစ်လာလို့"

"ဘယ်လို...ဘယ်လို"

"အခု ၁၉၄၀ခုနှစ် မဟုတ်လား။ အနောက်နိုင်ငံကြီးတွေဟာ တစ်ဦးကိုတစ်ဦး သဲသဲမဲမဲ တိုက်ကုန်ကြပြီဗျ။ ဂျာမနီနဲ့ ဂျပန်ဟာ ဝင်ရိုးတန်းအုပ်စုတွေဖွဲ့ပြီး တစ်နိုင်ငံပြီးတစ်နိုင်ငံ လိုက်သိမ်းနေကြတယ်။ အခုတော့ ဂျပန်ဟာ ဖိလိပိုင်ကျွန်းလောက်ကိုပဲ သိမ်းနိုင်သေးတယ်။ တော်ကြာ ကျုပ်တို့မြန်မာပြည်ကို ရောက်မလာဘူးလို့ ဘယ်သူမှ အတပ် မပြောနိုင်ဘူးဗျ"

"အင်း။ ဟုတ်တာပေါ့လေ"

"တိုင်းပြည်အရေး၊ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရေးကျယ်တဲ့ဗျ။ တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးကို နားလည်ဖို့ ထက် ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ နိုင်ငံရေးပရိယာယ်ကို နားလည်ဖို့က ပိုခက်သေးတယ်''

ဦးထင်ကျော်သည် ဆေးကုန်သွားသော ဆေးဆုံထဲသို့ ဆေး အသစ် ထပ်ထည့်လိုက်သည်။ ဆေးတံကို မီးညှိပြီးနောက် ဆေးသား မညီသေးသော ဆေးတံနှုတ်ခမ်းကို ဓာတ်မီးခြစ်ဖြင့် လိုက်၍ ဖိပေး နေလေသည်။ ထို့နောက် အားပါးတရရှိုက်ဖွာလိုက်ပြီးနောက်…

''ကမ္ဘာ့နိုင်ငံကြီးတွေက နိုင်ငံရေး သိပ်ကစားတယ်ဗျ။ နှစ် ကောင် စားရဖို့မြင်ရင် တစ်ကောင် ကျွေးပစ်ဖို့ ဝန်မလေးဘူး။ အခု ပွဲဦးထွက်မှာတော့ ဟစ်တလာရဲ့ဂျာမန်တပ်တွေဟာ ကမ္ဘာအနှံ့မှာ အောင်လံတလူလူ လွှင့်နေတာပေါ့။ ဒါပေမယ့် ဗြိတိသျှနန်းရင်းဝန် မစ္စတာချာချီရဲ့ လှည့်ကွက်ထဲကို တစ်နေ့နေ့မှာ မရောက်ဘူးလို့ ဘယ် သူ ပြောနိုင်မလဲ''

''ဒါလည်း ဘယ် ပြောနိုင်မလဲဗျ''

''အခုလည်း ကျုပ်တို့မြန်မာပြည်…''

စကားမဆုံးမီ လှေကားမှတက်လာသော ခြေသံကို ကြားရ သဖြင့်…

''ဟော…ခြေသံ ကြားတယ်ဗျို့။ ကျုပ်တို့ဆီလာတဲ့ ဧည့် သည်နဲ့ တူတယ်။ ခြေသံ ပြင်းတယ်။ မြန်လှည်း မြန်တယ်။ တော် တော်အရေးကြီးတဲ့ပုံပဲ''

ထိုခဏ၌ တံခါးခေါက်သံကြားသဖြင့် မောင်ဘိုးလူက ထ၍ ဖွင့်ပေးလိုက်သဖြင့် အသက်နှစ်ဆယ်ရွယ်ရှိသော တုတ်တုတ်ခိုင်ခိုင် လူငယ်တစ်ယောက်သည် တံခါးနှစ်ချပ်ကြားတွင် ခေါင်းပြူကြည့် လိုက်ပြီးနောက် အခန်းထဲသို့ ရုတ်တရက်မဝင်သေးဘဲ ဟိုကြည့် ဒီ





ကြည့် ကြည့်လျက်ရှိသည်။

''ဦးထင်ကျော်ဆိုတာ ရှိပါသလားခင်ဗျာ''

လူငယ်သည် အတန်ငယ်ကြိုးစား၍ တရိုတသေပြောလိုက် ရသော်လည်း ၎င်း၏မျက်နှာနှင့် ကိုယ်အမူအရာက တစ်စုံတစ်ရာ ကို ကြောက်လန့်နေရကြောင်း ဖော်ပြနေလေသည်။

''ဟုတ်ပါတယ်မောင်။ ဦးထင်ကျော်ဆိုတာ ကျုပ်ပဲ''

ဦးထင်ကျော်သည် ထိုလူငယ်ထိုင်ရန် ထိုင်ခုံကို လက်ညှိုး ညွှန်၍ ပြလိုက်လေသည်။ လူငယ်သည် ထိုင်ခုံတွင် ထိုင်ပြီးနောက် ရုတ်တရက်စကားမပြောသေးဘဲ ကျွန်တော့်ဘက်သို့ လှည့်၍ ကြည့် လိုက်၏။

ထိုအခါ ဦးထင်ကျော်က…

''ပြောစရာရှိတာ စိတ်ချလက်ချပြောပါ မောင်။ ဟောဒီ ကိုတင်မောင်ဆိုတာက ဦးနဲ့ အတူနေလာတာ ကြာလှပါပြီ''

လူငယ်သည် နောက်သို့လှည့်ကြည့်လိုက်ပြီးနောက် ဟနေ သော တံခါးတစ်ချပ်ကို ထ၍ပိတ်လိုက်ပြီး နေရာတွင် ပြန်ထိုင်လိုက် လေသည်။

''အဘ မသေမီက ဘယ်လိုအန္တရာယ်နဲ့ကြုံကြုံ ဦးထင်ကျော် ဆီကို အရောက်သွားဖို့ အထပ်ထပ်မှာလို့ အခုလို လာခဲ့တာပါ''

''မောင့် အဘနာမည်က…''

''ဦးမြတ်သာလို့ ခေါ်တယ်''

''ဩော်..ထားဝယ်က ဦးမြတ်သာလား။ ခမျာ သေရှာမှ ကိုး။ အင်း..မောင်ပြောစရာရှိတာ ပြောပါဦး''

''ဒီလိုဗျာ။ အဘဟာ ထားဝယ်မြို့နားက ပင်လယ်ကမ်း ခြေမှာရှိတဲ့ ရွာကလေးတစ်ရွာမှာ ထမင်းဆိုင်ကလေးတစ်ဆိုင် ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားသောက်ပါတယ်။ ရွာအမည်ကို ကမ်းဦးရွာလို့ ခေါ်ကြပါတယ်။

"…ကျွန်တော့်ကို ကျွန်တော့်အဘက မောင်ကံကောင်းလို့ အမည်ပေးထားပါတယ်။ ဘာပြုလို့လဲဆိုတော့ ပင်လယ်ထဲကို နှစ်ကြိမ်သုံးကြိမ်ကျတာ မသေဘဲ ကျန်နေလို့ပါပဲ။ ကျွန်တော် အသက်ဆယ့်ငါးနှစ်သား အရွယ်ရောက်တော့ အဘဟာ နောက်ထပ် မိန်းမတစ်ယောက် ထပ်ယူပါတယ်။ ထမင်းဆိုင်ကလေးနဲ့ တွဲပြီး အရက်ပါ ရောင်းပါတယ်။ သူကြီးက အရက်ပုန်းရောင်းတာကို ရမယ်ရှာပြီး အဘအပေါ်မှာ ခဏ ခဏအနိုင်ကျင့်ပါတယ်။ သူကြီးက အဘကို နိုင်တယ်။ အဘမိန်းမက အဘကိုရော ကျွန်တော့်ကိုပါ သိပ်နိုင်ပါတယ်။ အဘက သဘောကောင်းလွန်းတော့ သည်းခံပါတယ်။ ကျွန်တော့်ကိုတော့ ခိုင်းတာတွေ လုပ်ပေးနေတဲ့ကြားထဲက သူ့စိတ် မတွေ့ရင် မတွေ့သလို ဝါးခြမ်းပြားနဲ့ အလျှိုးရာတွေထင်အောင် ရိုက်တော့တာပါပဲ။

"…ဒါနဲ့ တစ်နေ့မှာတော့ မိထွေးဒဏ် မခံနိုင်တော့ အိမ်က ပြေးတော့တာပါပဲ။ ဝေးဝေးတော့ မပြေးတတ်ပါဘူး။ ပင်လယ်ကမ်းခြေဘက်က သင်္ချိုင်းကုန်းကြီးဆီကို ပြေးတာပါပဲ…

"…ကျွန်တော်က သူကြီးသမီး မနှင်းမှုန်လေးနဲ့ လူငယ်ချင်း မေတ္တာရှိနေကြတာကို ခင်ဗျ။ သူကြီးနဲ့ ကျွန်တော့်အဘ ဆိုတာကလည်း တစောင်းစေးနဲ့ မျက်ချေးဆိုတာလိုပေါ့ ခင်ဗျာ။ တစ်ဦးနဲ့ တစ်ဦး မတည့်ကြတော့ ကျွန်တော်တို့ချင်းလည်း ပြောင်အဆက်အသွယ် မလုပ်ရဲဘူး။ ဒါနဲ့ ညနေစောင်းလို့ မိုးချုပ်တော့ သူကြီးအိမ်ခြံဝင်းထဲ ဝင်၊ အိမ်နောက်ဖေးက လက်ခေါက်မှုတ်ပြီး အသံပြုလိုက်တော့ မနှင်းမှုန်ဟာ အိမ်ပြတင်းပေါက်က ထွက်ကြည့်တယ်။ ကျွန်





တော်က လက်ယပ်ခေါ်တော့ ဟိုကြည့်ဒီကြည့် ကြည့်၊ ပုဝါကလေးခြုံပြီး အိမ်နောက်ဖေး ဆင်းလာခဲ့ပါတယ်။

"…ဒါနဲ့ ကျွန်တော်လည်း ဘာမပြော ညာမပြော မနှင်းမှုန်ကို ကျွန်တော့်ရင်ခွင်ထဲ ဆွဲသွင်းလိုက်တယ်။

(မောင်ကံကောင်း ပြောပြသောအကြောင်းအရာများကို ဤနေရာမှစ၍ ဝတ္ထုသဖွယ် ရေးသား၍ ဖော်ပြလိုက်ပါသည်)

"မနှင်းမှုန်။ နင် ငါ့ကို တကယ်မချစ်ပါဘူးဟယ်"

မနှင်းမှုန်သည် ရင်ခွင်ထဲမှ ရုန်းမထွက်သေးဘဲ…

"ချစ်လိုက်တာမှ ယောဒိရင်ကို ခွဲပြလိုက်ချင်ပါရဲ့"

"တကယ်ချစ်ရင် ငါနဲ့ ခိုးရာလိုက်ခဲ့ပါလား ဟင်"

မနှင်းမှုန်သည် စကားတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ မျက်ရည်တွေ စီးကျလာသည်။

"မဖြစ်နိုင်သေးပါဘူး…ဟယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ဟယ်။ ငါ့ကို နင်ချစ်ရင် ဖြစ်နိုင်ရမှာပေါ့"

"ကဲပါဟယ်။ ဒီစကားတွေ နောက်မှ ပြောပါ။ အခု ဒီကို ဘာကိစ္စလာသလဲ။ မြန်မြန်ပြော။ တော်ကြာ အဖေကြီး သိသွားရင်"

"ငါ အခု အိမ်က ထွက်ပြေးခဲ့ပြီ…"

"ဟယ်…"

"ငါ့မိထွေးက ငါ့ကို သိပ်နှိပ်စက်တာပဲဟယ်။ ကြာရင် ငါ လူသတ်မိလိမ့်မယ်။ အဲဒါနဲ့ စိတ်ကူးပေါက်ရာ ထွက်လာမိတာပဲ"

"ဒါဖြင့် ခု နင် ဘယ်ကိုသွားမယ် စိတ်ကူးသလဲ"

"ငါ သင်္ချိုင်းကုန်းဘက်ကို သွားမလို့…"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"မဟောင်နဲ့။ ငါ့မှာ သွားစရာမှ မရှိတာ"

"တော်ကြာ နာနာဘာဝတွေ"

ကံကောင်းသည် လက်ညှိုးကို နှုတ်ခမ်းတွင် ကန့်လန့်ထောင်ပြလိုက်သည်။ မနှင်းမှုန်သည် ကံကောင်းလက်ညှိုးညွှန်ရာကို ကြည့်လိုက်သောအခါ ပြတင်းပေါက်မှ မီးရောင်တွင် မနှင်းမှုန်၏အဖေကို မြင်လိုက်ရသည်။

"ငါ့ဒီမှာ ကြာကြာနေလို့ မဖြစ်သေးဘူး။ ငါ သွားမယ်။ နောက်တစ်ခါဆို ငါနဲ့ လိုက်နိုင်အောင် စဉ်းစားထားပါဟာ"

ကံကောင်းသည် မနှင်းမှုန်၏ဆံစကလေးများကို နမ်းလိုက်ပြီးနောက် ခြံစည်းရိုးအပြင်ဘက်သို့ ထွက်သွားပြီး မှောင်ထဲတွင် ပျောက်ကွယ်သွားလေသည်။

ကံကောင်းသည် သချိုင်းကုန်းဘက်ဆီသို့ ဦးတည်၍သွားလျက်ရှိသည်။ တပေါင်းလဆုတ် ငါးရက်နေ့ဖြစ်သဖြင့် စန္ဒာလမင်းသည် ညကိုးနာရီလောက်တွင် ထွက်ပေါ်လာသည်။ ကံကောင်းသည် လရောင်ဖိုးတဝါးအောက်တွင် အုတ်ဂူများကို လှမ်းမြင်နေရသည်။ ကံကောင်းသည် အုတ်ဂူစွန်းတစ်ခုတွင် ထိုင်လျက် ပင်လယ်ပြင်ကို ငေးစိုက်ကြည့်နေမိလေသည်။

ဖခင်ဦးမြတ်သာ သဘောကောင်းပုံ၊ မိထွေး၏ ရက်စက်ယုတ်မာပုံများကို တစ်မျှင်တစ်တန်းကြီး တွေး၍နေမိသည်။ ထိုမှတစ်ဖန် ဖခင်ကြီးအပေါ်တွင် နိုင်ချင်တိုင်း အနိုင်ကျင့်၍နေသော သူကြီးကိုလည်း အခဲမကျေ ဖြစ်မိသည်။ သူကြီး၏သမီး နှင်းမှုန်ကလေးမှာမူ အပြစ်ကင်းစင်သူပင် ဖြစ်လင့်ကစား ကျွဲနှစ်ကောင်ခတ်သည့်ကြားက မြေဇာပင်လို ဖြစ်နေရရှာသည်။

ကံကောင်းသည် လက်ထဲတွင်ကိုင်ထားသော နှင်တံကလေး





ဖြင့် မြက်ဖုတ်များနှင့် ကိုင်းပင်ငယ်ကလေးများကို အဓိပ္ပါယ်ကင်းမဲ့စွာ ရိုက်၍နေလေသည်။ ထိုသို့ ရိုက်နေရင်း လက်ထဲမှနှင်တံကလေးသည် လွတ်၍ကျသွားသဖြင့် နှင်တံကောက်ယူရန် အုတ်ဂူပေါ်မှခုန်ချလိုက်လေသည်။

ဒုံ…

"အလို၊ ဘယ့်နှယ် အသံပါလိမ့်။ လိုဏ်ခေါင်းသံနဲ့တူတယ်"

ကံကောင်းသည် နှင်တံကို ကုန်း၍ကောက်ယူလိုက်သောအခါ မျက်စိရှေ့တွင် လူတစ်ရပ်နီးပါး ကျောက်ပြားကြီးတစ်ချပ်သည် ခပ်ဟဟရှိနေသည်နှင့် အနီးသို့ကပ်ကြည့်မိလေသည်။ ရုတ်တရက် မှောင်နှင့်မည်းမည်းသာ တွေ့ရသော်လည်း မျက်စိကျင့်သားရလာသောအခါ အလင်းရောင်တန်းကလေးကို ရေးရေးတွေ့ရလေသည်။

ကံကောင်းသည် ကြောက်စိတ် လုံးဝမရှိ။ ဟနေသောနေရာမှ ကျောက်ဂူကြီးအတွင်းသို့ ကိုယ်ကိုစောင်း၍ တိုးဝင်လိုက်သည်။ မီးရောင်အတိုင်း လျှောက်သွားသောအခါ လိုဏ်ဂူအပေါက်မှာ အတန်ငယ် ကျဉ်း၍ ဦးခေါင်းပင် မလွတ်တော့သဖြင့် ငုံ့၍သွားရ၏။ ခြေလှမ်းငါးဆယ်မျှ သွားမိသောအခါ လမ်းကလေးမှာ ကျဉ်းလွန်းလှသဖြင့် ထိုင်၍ ဖင်ရွှေ့သွားရလေသည်။ တခဏမျှ သွားမိသောအခါ အခန်းကျယ်ကြီးတစ်ခုသို့ ရောက်သွားလေသည်။

အခန်းကျယ်ကြီးထဲသို့ ဝင်သောအခါ စိမ်းရွှေရွှေအနံ့မှာ နှာခေါင်းတွင်းသို့ တိုးဝင်၍လာသဖြင့် အသက်ရှူပင် ရပ်မသွားမိအောင် သတိထားလိုက်ရသည်။ အခန်းကြီး၏အလယ်တွင် စားပွဲတစ်လုံးနှင့် ထိုင်ခုံ သုံး-လေးလုံး ခင်း၍ထားသည်ကို တွေ့ရ၏။ စားပွဲပေါ်တွင် ဖယောင်းတိုင်နှစ်တိုင် ထွန်းညှိထားသဖြင့် တစ်ခန်းလုံး လင်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းကြီးထဲတွင် စည်ပိုင်းကြီးများ၊ သေတ္တာကြီးများ၊ လူ့သေခေါင်းများနှင့် သေနတ်မျိုးစုံကို တွေ့ရသည်။ ကံကောင်းသည် ရှေ့သို့ ခြေတစ်လှမ်း တိုး၍ သွားတော့မည် ပြုသောအခါ နောက်မှ တစ်စုံတစ်ယောက်က အင်္ကျီကော်လာကို လှမ်းဆွဲလိုက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

ကံကောင်းသည် အကြောက်လွန်ပြီး တအားကုန် အော်ပစ်လိုက်သည်။ သို့ရာတွင် အသံကား ထွက်မလာ။ လည်ချောင်းဝတွင် တစ်ဆို့နေသည်။ တွေ့ရသောမြင်ကွင်းကား အံ့သည်းထိတ်စရာကောင်းလှသည်။ လူသေအရိုးကောင်ကြီး၏လက်နှင့် အင်္ကျီကော်လာ ချိတ်မိနေသဖြင့် တုန့်ခနဲဖြစ်သွားမိခြင်း ဖြစ်လေသည်။ ထိုအခါမှ ရင်ထဲတွင် အေးခနဲဖြစ်သွားသည်။

ထိုစဉ် အသံဗလံများ ဆူညံဆူညံကြားရသဖြင့် ကြည့်လိုက်သောအခါ ရှေ့တူရူလမ်းသွယ်တစ်ခုမှ လူတစ်စုသည် ဖယောင်းတိုင်ကိုကိုင်လျက် ကံကောင်းရှိရာသို့ တည့်တည့်ကြီးလာနေကြသည်ကို မြင်ရသည်။ ထိုအခါ ကံကောင်းသည် ဘာလုပ်ရမှန်းမသိဘဲ တွေဝေနေစဉ် အနီးရှိကျွန်းသေတ္တာကြီးကို မြင်သဖြင့် တံခါးဖွင့်၍ အထဲသို့ ဝင်လိုက်၏။ ကျွန်းသေတ္တာကြီးမှာ လူတစ်ရပ်သာသာ မြင့်၍ ဆွေးမြည့်၍ပင် နေလေသည်။

ကံကောင်းသည် ကျွန်းသေတ္တာကြီးထဲတွင် အားပြုရန် ကိုင်မိကိုင်ရာ ကိုင်လိုက်လေသည်။ ကံကောင်းကိုင်မိသောအရာမှာ လူဦးခေါင်းခွံတစ်ခု ဖြစ်နေလေသည်။ ကံကောင်းသည် ထိတ်ခနဲ ဖြစ်သွားမိသည်။ သို့ရာတွင် ကံကောင်းသည် သတ္တိကောင်းသူတစ်ယောက်ဖြစ်သည့်အတိုင်း ထိုဦးခေါင်းခွံကြီးကိုပင် ဆက်၍ကိုင်ထားလိုက်သည်။ ကိုင်သောလက်မှာ ဦးခေါင်းခွံရှေ့ဘက်ဖြစ်သဖြင့် လက်ညှိုး





သည် မျက်လုံးပေါက်တစ်ဖက်ကို နှိုက်မိလျက်သား ဖြစ်သွားသည်။

လက်ကို ရုတ်လိုက်သောအခါ မျက်လုံးကဲ့သို့ ဝိုင်းသောအရာတစ်ခုသည် လက်ထဲသို့ပါလာသဖြင့် အိတ်ထဲသို့ ကပျာကယာ ထည့်လိုက်လေသည်။

ထိုစဉ် ခန်းမကြီးထဲ၌ ခေါင်းဆောင်လုပ်သူသည် စားပွဲ၏ ထိပ်တွင်ထိုင်၍ ငယ်သားဖြစ်ဟန်တူသော လူများက ရှေ့တွင်ရှိသော ထိုင်ခုံများ၌ ဝင်ထိုင်လိုက်ကြသည်။

ခေါင်းဆောင်။ ။ "တို့ရဲ့ရည်မှန်းချက်ကြီး အောင်မြင်တော့မယ်ကွယ့်။ ဒါကြောင့် ငါတို့နဂါးလိန်အဖွဲ့ရဲ့ လုပ်ငန်းရပ်တွေကို ပိုပြီးတော့ ကျစ်လစ်ခိုင်မာအောင် လုပ်ရလိမ့်မယ်။ အဲ…တို့ရဲ့လျှို့ဝှက်ချက်ကို တစ်စွန်းတစ်စ ပေါက်ကြားရင် ဘယ်လိုအသေဆိုးနဲ့ သေရတယ်ဆိုတာ ဟောဒီကျွန်းသေတ္တာကြီးထဲက လူသေအရိုးတွေက သက်သေခံလိမ့်မယ်။ အသင်းစည်းမျဉ်းနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ မညှာဘူးဆိုတာ အားလုံး သဘောပေါက်ကြရဲ့လား"

ငယ်သားတစ်ယောက်။ ။ "သဘောပေါက်ပါတယ်။ ဒီညအတွက် စကားဝှက်ကို ပြောပါ"

ခေါင်းဆောင် ။ ။ "လင်းနို့ပြာ…"

ကံကောင်းသည် ခေါင်းဆောင်၏စကားကို ကြားရသောအခါ ကြက်သီးမွေးညှင်းများပင် ထမိလေသည်။ ဆွေးနွေးပွဲ ပြီးဆုံးသွားသောအခါ ခေါင်းဆောင်က ရှေ့ဆုံးမှ ဖယောင်းတိုင်ကိုကိုင်၍ ထွက်သွားသည်။ နောက်မှ ငယ်သားများက လိုက်ပါသွားကြသည်။

နဂါးလိန်အဖွဲ့သားများ ထွက်သွားသောအခါ တစ်ခန်းလုံး မှောင်ကျသွားတော့သည်။ ထိုအခါမှ ကံကောင်းသည် ကျွန်းသေတ္တာကြီးအပြင်သို့ ထွက်လိုက်သည်။ ကျောက်မီးသွေးကဲ့သို့ မဲမှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဘာကိုမျှ မမြင်ရ။ ထွက်ပေါက်ကိုလည်း မှန်းဆ၍ မရ။ ကံကောင်းသည် ထိုင်၍ငိုချင်မတတ် စိတ်ပျက်သွားမိသည်။

လိုဏ်ဂူအပေါက်ကြီးကို ပိတ်၍ထွက်သွားကြသဖြင့် လိုဏ်ဂူမှာ လေဝင်ပေါက်မရှိတော့ဘဲ ကံကောင်းသည် အသက်ရှူကြပ်၍ လာတော့သည်။

ဒီတစ်ခါတော့ ကံကောင်းတို့ ကံမကောင်းနိုင်ရှာတော့…

ဟု စိတ်ကို တုံးတုံးချ၍ အသက်ထွက်ရန် စောင့်ဆိုင်း၍ နေလေသည်။ တစ်ချက်တစ်ချက်တွင် သတိလစ်သွားသလိုဖြစ်သွားပြီး ရေနစ် သွားလိုက်၊ ရေပေါ် ပေါ်လိုက်နှင့် မြောက်ချည်မြောချည် ဖြစ်နေလေသည်။

မည်မျှ မေ့မြောသွားသည် မသိ။ တဒုန်းဒုန်း ထုနှက်သံကြားလိုက်တော့မှာ ဖြတ်ခနဲသတိရသဖြင့် ကုန်း၍ထလိုက်သည်။

"မင်းတို့ကလည်း သိပ်ပေါ့ကြတာပဲကွာ။ နောက်တစ်ခါ ဒီလိုမေ့ကျန်ခဲ့လို့တော့ မဖြစ်ဘူးဟေ့"

မီးရောင်တန်းကလေးတစ်ခု လက်ခနဲ ဝင်းလက်သွားသည်ကို တွေ့လိုက်ရသောအခါ ကံကောင်းသည် ဘီရိုတစ်ခုတွင် အသာကွယ်နေလိုက်သည်။ ဝင်လာသောလူများ လွန်သွားသောအခါ ကံကောင်းသည် ထိုလူများ ဝင်လာသောလမ်းကို မှန်း၍လျှောက်သွားလေသည်။ ဒယိမ်းဒယိုင်နှင့် အတန်ငယ်လျှောက်မိသောအခါ လိုဏ်ဂူဝသို့ ရောက်သွားလေသည်။

ကံကောင်းသည် ဝမ်းသာလွန်းသဖြင့် ရင်ထဲတွင် ဆို့၍နေသည်။ အတန်ငယ်နားနေပြီးနောက် အားသွန်၍ ပြေးလေသည်။ ကံကောင်းသည် ပြေးရင်း လဲလိုက် ထပြေးလိုက်နှင့် ရွာဆီသို့ အားယူ၍ပြေးခဲ့ရာ ဖခင်ကြီးဦးမြတ်သာထမင်းဆိုင်မှ မီးရောင်ကလေး မှိတ်





တုတ် မှိတ်တုတ်နှင့် လင်းလက်နေသည်ကို တွေ့ရလေသည်။

"အဘာ…အဘာ။ တံခါးဖွင့်ပါဦး"

"ဟဲ့၊ ကံကောင်းလား။ မိုးချုပ်လှချည်လား"

"အဘာ…အဘာ။ သူတို့ လိုက်လာကြပြီနဲ့ တူတယ်"

"ဟဲ့၊ ဘယ်သူတွေတုံး"

"ဘယ်သူတွေလဲတော့ မသိဘူး။ လိုက်တော့ လိုက်လာကြမှာ သေချာတယ် အဘာရဲ့။ ကျွန်တော့်ကို ပုန်းစရာပြပါဦး"

ကံကောင်းသည် သေတ္တာခွံကြီးတစ်ခုထဲတွင် ဝင်၍နေလိုက်သည်။ မကြာမီ အတောအတွင်း၌…

"ဟေ့ မြတ်သာ။ တံခါးဖွင့်စမ်း။ မင့်ဆိုင်ထဲကို လူတစ်ယောက် ဝင်သွားတယ်"

နောက်မှလိုက်လာကြသူများသည် ဦးမြတ်သာ ဆိုင်အတွင်းတွင် နေရာလွတ်မရှိ ရှာဖွေကြသည်။ ခေါင်းဆောင်လုပ်သူသည် ကံကောင်းဝင်ပုန်းနေသော သေတ္တာလွတ်ပေါ်တွင်ထိုင်၍ အမိန့်ပေးနေလေသည်။

"မင်း ဘယ်မှာ ဝှက်ထားသလဲ။ မပြောရင် မင်းကို သတ်ရလိမ့်မယ်"

"မသိပါဘူး ခင်ဗျာ"

"ကျွန်မ သိပါတယ်။ ဒီအိမ်ထဲမှာ ရှိပါတယ်။ ဝင်လာတဲ့ အသံကို ကျွန်မ အိပ်ရာထဲက ကြားလိုက်ရပါတယ်"

"ဝင်လာတာတော့ ငါတို့ သိတာပေါ့ဟ။ နင်တို့ ဘယ်မှာ ဝှက်ထားသလဲဆိုတာ မသိလို့ မေးနေတာ။ ကဲ ဒါလောက် မေးရခက်ဦးဟာ"

ဖခင်ဦးမြတ်သာနှင့် မိထွေးဖြစ်သူ ဒေါ်ဝက်မတို့ လွှေးအိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် လဲနေကြသောအခါ နဂါးလိန်အဖွဲ့သားများ ထွက်သွားကြလေသည်။

ကံကောင်းသည် သေတ္တာခွံထဲမှထွက်၍ ဦးမြတ်သာကို ပြေး၍ ဖက်လိုက်သည်။

"အဘ...အဘ။ သား ကံကောင်းလေ"

ဦးမြတ်သာမှာ ချက်ကောင်းကိုမထိသဖြင့် သွေးထွက်ပြီး သတိမေ့ရုံသာ မေ့သွားခြင်း ဖြစ်သည်။ ဒေါ်ဝက်မကမူ အသက်ပင် မရှူတော့။

ကံကောင်းသည် ဦးမြတ်သာအား နှာနှပ်ပြုစုပြီးနောက် သတိရလာသောအခါ ပခုံးဖြင့်တွဲ၍ အိမ်မှထွက်ခဲ့ကြလေသည်။

တောစပ် တောင်ကမ်းပါးယံသို့ ရောက်သောအခါ ခေတ္တနားလိုက်ကြသည်။

"မောသလား အဘ။ သားပခုံးကိုမှီပြီး ခဏ နားနေလိုက်။ တော်ကြာ သားတို့ ခရီးဆက်ရဦးမယ်။ သူတို့ မီလာရင် သတ်ပစ်ကြလိမ့်မယ် အဘရဲ့"

"အဘကို ရေပေးပါကွယ်"

ကံကောင်းသည် အသင့်ပါလာသော ရေဗူးကိုဖွင့်၍ ဦးမြတ်သာပါးစပ်ထဲသို့ လောင်းထည့်ပေးလိုက်သည်။

"လူကလေး..."

"ဘာလဲ အဘ"

"အဘနဲ့ဆိုရင် လူကလေး လွတ်မှာမဟုတ်ဘူး။ ခရီးဖင့်နေလိမ့်မယ်။ ဒီတော့ အဘစကားကို နားထောင်၊ အဘကို ထားခဲ့ပြီး လူကလေး လွတ်အောင်ပြေးပေတော့"

"အဘကလည်း အားတင်းစမ်းပါ အဘရာ။ အဘကို သား





တွဲခေါ်သွားမှာပေါ့။ အဘကိုတော့ ဘယ်နည်းနဲ့မှ ထားမပစ်ခဲ့နိုင်ဘူး"

ကံကောင်းသည် ဦးမြတ်သာကို ချိုင်းမှလျှို၍ တွဲခေါ်လာခဲ့လေသည်။ တောင်ပေါ်ခရီးလည်း ဖြစ်ပြန်၊ ကျောက်တုံး ကျောက်ခဲတွေကလည်း ပေါပြန်သဖြင့် ခရီးသွားရသည်မှာ မတွင်ကျယ်လှ။

ခရီး နှစ်တိုင်ခန့် ပေါက်ကြသောအခါ နားကြပြန်သည်။ ကံကောင်းသည် ဒူးထောက်၍ထိုင်ချလိုက်သောအခါ အိတ်ထဲမှ ကြက်ဥနှစ်အရွယ် အလုံးကလေးတစ်လုံး ထွက်ကျလာလေသည်။

"လူကလေး..အဲဒါ ဘယ်က ရလာတာလဲ"

"သင်္ချိုင်းကုန်းက နဂါးလိန်ဂူကြီးထဲက ကောက်ထည့်လာခဲ့တာ။ ဘာမှန်းတော့ မသိဘူး အဘ"

"အဲဒါ တစ်သိန်းမက အဖိုးထိုက်တန်တဲ့ နန်းစဥ်ပတ္တမြားတွေထဲကတစ်ခုပေါ့ လူလေးရယ်။ ဩော်...လူလေးကို အဘ တစ်ခုမှာထားချင်တယ်"

"ပြောပါ အဘ"

"တကယ်လို့ အဘ တစ်စုံတစ်ရာဖြစ်သွားခဲ့ရင်လေ ရန်ကုန်မြို့မှာရှိတဲ့ စုံထောက်ကြီးဦးထင်ကျော်ဆိုတာ မေးပြီး သွား။ အဘဦးမြတ်သာက လွှတ်လိုက်တယ် ပြော။ လိုအပ်တဲ့အကူအညီတောင်းနိုင်တယ်ကွယ့်။ ကြားလား လူလေး"

"သား မှတ်ထားပါ့မယ် အဘ"

"ဒီညတော့ အဘတို့ ဟောဟို လင်းနို့ဂူထဲမှာပဲ အိပ်ကြမယ်။ မနက်မိုးလင်းမှ ခရီးဆက်ကြစို့..."

မနက်မိုးလင်းသောအခါ ကံကောင်းသည် ဂူအပြင်သို့ ထွက်၍ကြည့်လိုက်သည်။ တောင်ကမ်းပါးယံတစ်ခုတွင် စွန်းထွက်နေသော



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမူတစ်ခုပေါ် ရောက်နေကြခြင်း ဖြစ်သည်။ တစ်ဘက်တွင် မတ်စောက်သော ချောက်ကမ်းပါးကြီးကို အသည်းယားဖွယ်ရာ တွေ့ရသည်။ အနောက်ဘက်တွင် ပင်လယ်ရေတာဖွေးဖွေးကို ဝမ်းမြောက်ဖွယ် တွေ့ရသည်။

"အဘ…သား ရေသွားခပ်လိုက်ဦးမယ်နော်"

ကံကောင်းသည် တောင်ကမ်းပါးယံမှ ဆင်ခြေလျှောကောင်းသောနေရာကို ရွေး၍ဆင်းလာခဲ့သည်။ ရေတွေ့သောအခါ ကံကောင်းသည် မြူး၍ လာသည်။ ရေကူးချင်စိတ်မှာ တားဆီးမျိုသိပ်၍ မရတော့သဖြင့် အင်္ကျီကိုပင် မချွတ်တော့ဘဲ ရေထဲသို့ ခုန်ချလိုက်လေသည်။ ကံကောင်းသည် ဒိုင်ဗင်ထိုးလိုက် ကူးလိုက်နှင့် ကမ်းသို့ကပ်တော့မည်ပြုသောအခါ ရေထဲတွင် နီရဲနေသော ကျောက်တုံးကလေးတစ်ခုကို ငါးတစ်ကောင်က လိုက်ဟပ်နေသည်ကို တွေ့ရသဖြင့် ကံကောင်းသည် ထိတ်ခနဲဖြစ်သွားပြီး အင်္ကျီအိတ်ကို စမ်းလိုက်မိလေသည်။ ထိုအခါ အိတ်ထဲမှပတ္တမြား ထွက်ကျသွားမှန်းသိတော့သည်။ ကံကောင်းသည် ရေဘုရင်ဝမျှ ကျင်လည်သော်လည်း နောက်ကျသွားလေပြီ။ ပတ္တမြားနှင့် လက်တစ်ကမ်းအကွာတွင် ငါးတစ်ကောင်က ဟပ်မိသွားလေသည်။ ကံကောင်းသည် ငါးကို လိုက်၍ဖမ်းသော်လည်း တခြားငါးများနှင့်ရော၍သွားသဖြင့် လက်လျှော့လိုက်ရတော့သည်။

ကံကောင်းသည် မောဟိုက်လျက် ရေပေါ်သို့တက်လာရာမှ ဦးမြတ်သာကို သတိရသဖြင့် ကမ်းပါးသို့ ပြေးတက်၍ လာလမ်းအတိုင်း ပြန်ခဲ့လေသည်။

"လူကလေး…လူကလေး။ ဝပ်နေလိုက်။ သူတို့ လိုက်လာနေကြပြီ"





ဒိုင်း…ဒိုင်း…ဒိုင်း…

သေနတ်သံများ အဆက်မပြတ်ပေါ်လာသဖြင့် မြေပေါ်တွင် ဝပ်ချလိုက်သည်။ သေနတ်သံလာရာသို့ ကြည့်လိုက်သောအခါ နဂါးလိန်အဖွဲ့သား ခုနစ်ယောက်သည် မြင်းကိုယ်စီနှင့် လာနေသည်ကို တွေ့ရလေသည်။ ကံကောင်းသည် သေနတ်ပစ်ကွင်းတွင် ရောက်နေသဖြင့် ကံကောင်းကိုချည်း မဲ၍ ပစ်နေကြသည်။

"လူကလေး ဒီဘက်ကို လှိမ့်ခဲ့။ ဒီကမူကွယ်ကို ရောက်အောင်လာခဲ့"

ဒိုင်း…ဒိုင်း…ဒိုင်း…

ဝုန်း…ဂျုံး…

ကြောက်မက်ဖွယ်အသံကြီးကို ကြားလိုက်ရသဖြင့် ကံကောင်းသည် ကျောက်ကမူမှ ခေါင်းထောင်၍ကြည့်လိုက်သောအခါ မိမိမျက်စိကိုပင် မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ရာများကို မြင်တွေ့ရလေသည်။

တောင်ကမ်းပါးယံတစ်ခုလုံးသည် မြေကြီးမှကွဲတက်လာပြီး မြင်းခုနစ်ကောင်နှင့် လူခုနစ်ယောက်သည် သစ်ပင်ဝါးပင်များနှင့်အတူ လေထဲလွင့်ပါသွားကြပြီး အရှိန်ရပ်သောအခါ၊ ချောက်ကြီးထဲသို့ ကျသွားသည်ကို တွေ့မြင်ရလေသည်။

"လူယုတ်မာတို့ သွားရာလမ်းအတိုင်းပေါ့ လူကလေးရယ်"

ကံကောင်းသည် ရေဘူးကို ဦးမြတ်သာလက်ထဲသို့ ကမ်းပေးလိုက်၏။

"ငါးကလေး ဘာကလေးများ မရခဲ့ဘူးလား လူလေးရယ်။ အဘ အားပြတ်လွန်းလို့ပါ"

ကံကောင်းသည် ငါးမရဘဲ ပတ္တမြားမျိုသွားသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောမည်ကြံပြီးမှ မပြောဘဲနေလိုက်သည်။ ဖွတ် မရ စားမ ဆုံး ရသည့်အကြောင်းကိုသာ အဘဦးမြတ်သာ သိသွားပါက စိတ်ထိခိုက်ပြီး ချက်ချင်းသေသွားနိုင်လေသည်။

"ငါး မရခဲ့ပါဘူး အဘရယ်။ အဘကိုစိတ်မချတာနဲ့ အမြန်ပြန်ခဲ့ရတယ်"

ထိုစဉ် လင်းနို့တစ်ကောင်သည် ကံကောင်း၏နားရွက်အနီးမှ ဖြတ်၍ပျံသွားသဖြင့် ကံကောင်းသည် ရုတ်တရက် အကြံတစ်ခုရလာပြီး တုတ်ချောင်းကလေးတစ်ခုကို ကောက်၍ လင်းနို့ဂူထဲသို့ဝင်သွားသည်။ ပြန်ထွက်လာသောအခါ လက်ထဲတွင် လင်းနို့ငါးကောင်ပါလာသည်။

ကံကောင်းသည် သစ်သားချောင်းပွတ်၍ မီးမွေးလိုက်သည်။ လင်းနို့ သုံးကောင်ကို ကင်၍ နှစ်ကောင်ကို ရေလုံပြုတ်၍ စွပ်ပြုတ်လုပ်လိုက်သည်။

"အဘ...စွပ်ပြုတ်ကလေး သောက်လိုက်ပါဦး။ အားရှိသွားအောင်"

"သာဓုကွယ်...သာဓု။ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့ကွယ်။ မိဘကိုလုပ်ကျွေးတဲ့ သားသမီးများဟာ သူတော်ကောင်းများနဲ့ တွေ့တတ်ပါတယ်ကွယ်"

"အဘ သောက်ပြီးရင် ခရီးဆက်ကြစို့။ သားတို့နောက်ကို လိုက်လာကြတဲ့ လူတွေဟာ ခုနစ်ယောက်ထက် များနေရင်၊ ကျန်တဲ့ လူတွေ ဆက်လိုက်ရင် လိုက်လာကြဦးမှာ"

ဦးမြတ်သာသည် စွပ်ပြုတ်ရေကလေးကို သောက်လိုက်ရသဖြင့် အတော်အတန် အားရှိ၍လာသည်။ ရှေ့တွင်ရှိသော တောင်တန်းကြီးကို မျှော်ကြည့်လိုက်ပြီး....





"အဘတို့ ဟောဒီတောင်ကို ကျော်ပြီးသွားရမှာ။ တောင်ဟိုဘက်ရောက်ရင်တော့ စိတ်ချရပါပြီ လူကလေးရယ်။ သူတို့ လိုက်နိုင်မှာ မဟုတ်တော့ပါဘူး"

"ဒီတောင်ကို သားတို့ ဘယ်လိုတက်မလဲ အဘ"

"ဟောဟိုမှာ ခပ်ရေးရေးတွေ့မြင်ရတဲ့လမ်းကြောင်းကလေး အတိုင်းလိုက်ပြီး တောင်ခါးပန်းကို ပတ်သွားရမှာကွယ့်"

ကံကောင်းသည် ရှေ့က သွား၏။ ဦးမြတ်သာက နောက်ကလိုက်၏။ တစ်ခါတစ်ရံ ဘေးချင်းယှဉ်သွား၏။ ခရီးအတန် သွားမိသောအခါ လမ်းမှာ ကျဉ်းသည်ထက် ကျဉ်းသည့်အပြင်၊ အလွန်တရာ မတ်စောက်လှသဖြင့် နှစ်ယောက် ဘေးချင်းယှဉ်သွားရန် မဖြစ်တော့ချေ။

တစ်ဘက်တွင် ကျောက်နံရံကြီးမှာ မိုးထိအောင် ထိုးထွက်နေသည်။ အခြားတစ်ဘက်တွင်မူ အသူတရာနက်လှသည့် ချောက်ကမ်းပါးကြီးက ရှိနေသည်။ လမ်းကလေးမှာ ကျဉ်းလွန်းလှသဖြင့် တစ်ချို့နေရာများတွင် လူတစ်ယောက်စာပင် ကောင်းကောင်းမလျှောက်နိုင်သဖြင့် ကျောက်နံရံကိုကျောမှီ၍ ဘေးတစောင်း သွားရသည်။ တစ်ချို့နေရာများတွင် ကျောက်စရစ်ခဲများကို နင်းမိသဖြင့် ချော်လဲမသွားမိစေရန် အထူးသတိထားရလေသည်။ အကယ်၍ ချော်လဲလိုက်ပါမူ အသက်မှာ အောက်ခြေအထိ ပါနိုင်မည်မဟုတ်တော့ဘဲ၊ လမ်းခုလတ်ရှိ သစ်ချွန်ဝါးချွန် ကျောက်တုံးကျောက်ချွန်များနှင့် ထိခိုက်မိပြီး အသက်ပါသွားနိုင်လေသည်။

သတိထားလျက် နေရင်းပင်၊ ကံကောင်းသည် ငုတ်ချွန်ကလေးတစ်ခုကို ခလုတ်တိုက်မိပြီး အားလွန်၍ ချောက်ထဲသို့ ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား…"

လက်မြန်သော အဘဦးမြတ်သာက ကံကောင်း လက်တစ်ဖက်ကို လှမ်းဆွဲလိုက်မိသဖြင့်သာ တောင်အောက်သို့ ကျမသွားခြင်း ဖြစ်လေသည်။

"လူကလေး ဖြည်းဖြည်းလျှောက်မှပေါ့။ ရှေ့မှာ ဆင်ခြေလျှော ရှိနေတယ်။ ဖင်ရွှေ့သွား လူကလေး"

လမ်းကလေးမှာ အတော်အတန် ပြန့်ပြူး၍ ပြေပြစ်လာလေသည်။ အနည်းငယ်ကျယ်ပြန့်သော လွင်ပြင်သို့ ရောက်သောအခါ ဦးမြတ်သာသည် သစ်ငုတ်တစ်ခုကိုမှီ၍ ထိုင်လိုက်သည်။ ကံကောင်းသည် ခြေပစ်လက်ပစ် လှဲအိပ်လိုက်လေသည်။

တစ်မှေးမျှ အိပ်ပျော်သွားပြီးနောက် ရူးရူးဝါးဝါးအော်ဟစ်သံကြောင့် လန့်၍နိုးလာသည်။ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ကျောက်စွန်းတစ်ခုပေါ်တွင် မားမားကြီးရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟား…ဟား…ဟား။ အခုတော့ ပြေးလို့ လွတ်ကြသေးရဲ့လား ဟင်။ ဟား…ဟား…ဟား"

ဒိုင်း…ဒိုင်း…ဒိုင်း…

သေနတ်သံကြောင့် အဘကို လှည့်ကြည့်လိုက်သောအခါ အဘဦးမြတ်သာသည် သွေးအိုင်ထဲတွင် လဲ၍နေသည်ကို တွေ့လိုက်ရသည်။ ကံကောင်းသည် အဘဦးမြတ်သာရှိရာသို့ ကိုယ်ကို လိမ့်၍သွား၏။ ဦးမြတ်သာဆီ မရောက်ခင် တော်လဲသံကဲ့သို့ မြည်ဟီးပြီး မြေပြင်ပါ နိမ့်ဆင်းသွားသည်။

ဦးမြတ်သာရော ကံကောင်းပါ မြေပြိုရာတွင် ရောပါသွားလေသည်။ ကံကောင်းသည် မြေကြီးနှင့်အတူ ရောပါသွားပြီး အိ၍





နိမ့်ဆင်းသွားသည်။ စိမ့်ခနဲ ကျင်ခနဲ အအေးဓာတ်နှင့် ထိတွေ့လိုက်ရပြီးနောက် ရေထဲသို့ စုန်းစုန်းမြုပ်၍သွားလေတော့သည်။

ကံကောင်းသည် ကိုယ်ကိုဖော့၍ ရေစီးအတိုင်း မျှောလိုက်သွားသည်။ စမ်းချောင်းကလေးမှာ တောင်ကိုပတ်၍ စီးဆင်းခဲ့ရသဖြင့် ရေခဲတမျှ စိမ့်၍အေးသည်။ အတန်ကြာ မျောပါသွားသောအခါ စမ်းချောင်းသည် ကျယ်ပြန့်လာသည်။ အပေါ်ကို မော့်ကြည့်လိုက်သောအခါ ကျောက်ချွန်ကျောက်သားများကြားမှ ဖြာထွက်နေသောနေရောင်ကို တွေ့မြင်ရသဖြင့် ကံကောင်းသည် အားတက်၍လာသည်။

စမ်းချောင်းသည် ဆုံးစ,မမြင်နိုင်သော ရေပြင်ကျယ်ကြီးထဲသို့ စီးဝင်ရင်း နိဂုံးချုပ်လိုက်သည်။ ပင်လယ်ရေကို ထိတွေ့လိုက်သည်နှင့် နွေးထွေးသောအရသာကို ခံစားလိုက်ရသည်။

ထိုစဉ် ရှေ့တူရူမှလာနေသော ငါးကြီးတစ်ကောင်နှင့် ပက်ပင်းတိုး၍ ကံကောင်းသည် ကိုယ်ကို အသာစောင်းပေးလိုက်ပြီး ဘေးမှပွတ်သွားသော ငါးကြီးရင်ပတ်ကို မိမိခါးကြားတွင် ပါလာသော ဓားမြှောင်ဖြင့် ခွဲချလိုက်လေသည်။ ငါးကြီး၏ဝမ်းဗိုက်မှ သွေးများ ဖြာထွက်ပြီး ရေပြင်တစ်ခုလုံး နီရဲ၍နေသည်။ ကံကောင်းသည် ငါးကြီးကို ကပျာကယာ ဆွဲယူ၍ ငါးမန်းရန်မှ ကင်းဝေးစေရန် ကမ်းသို့ အမြန်ကပ်လိုက်သည်။

ကုန်းပေါ်သို့ရောက်သောအခါ ကံကောင်းသည် သစ်သားချင်းပွတ်၍ မီးမွှေးပြီး မီးလှုံလိုက်သည်။ အချမ်းပြေသောအခါ ငါးကြီးကို မီးကင်ရန် ဝမ်းဗိုက်ကို ခွဲချလိုက်သည်။ ဝမ်းဗိုက်ထဲတွင် မီးလိုနီရဲနေသော ကျောက်တုံးတစ်တုံးကို နေရောင်တွင် တဖိတ်ဖိတ်တောက်နေသည်ကို တွေ့လိုက်ရလေသည်။

ကံကောင်းသည် ထခုန်လုမတတ် ဝမ်းသာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတို့ ဒီတစ်ခါ ကံကောင်းပြန်ပြီကွ"

...ဟူ၍ အသံထွက်၍အော်လိုက်မိသည်။ သို့ရာတွင် ဝမ်းသာမှုမှာ မကြာလိုက်ချေ။

ဩော်..ဒီပတ္တမြားကြီးရဲ့တန်ဖိုးကိုသိတဲ့ အဘတော့ မရှိရှာတော့ဘူး။

...ဟူ၍ စိတ်ထဲမှ ရေရွတ်လိုက်သည်။

အဘမရှိတဲ့နောက်တော့ ငါလည်း ရွာ မပြန်တော့ပါဘူး။ ခြေဦးတည့်ရာ သွားတော့မယ်။

...ဟု ဆုံးဖြတ်ပြီး ပင်လယ်ကမ်းခြေအတိုင်း လျှောက်၍ သွားနေလေသည်။

နှစ်မိုင် သုံးမိုင်ခန့် လျှောက်မိသောအခါ ခပ်လှမ်းလှမ်းတွင် လူနှစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ အနီးသို့ရောက်သောအခါ အသက်ငါးဆယ်ကျော် ကရင်အဖိုးကြီးတစ်ယောက်နှင့် ဆယ့်ခြောက်နှစ် အရွယ် သမီးကလေးတစ်ယောက်ဖြစ်မှန်း သိရတော့သည်။

"ဝေ့...နင်က ဘယ်သူလဲ ဝေ့။ ဒီမှာ ဘာလာလုပ်နေတာလဲ"

ကံကောင်းသည် သူ၏ အဖြစ်အပျက်အလုံးစုံကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။ ကရင်အဖိုးကြီးကလည်း သူသည် ဆေးဆရာတစ်ယောက် ဖြစ်ကြောင်း၊ ဆေးမြစ်တူးရင်း မျက်စိလည်ပြီး တောထဲမှာ တဝဲလည်လည်ဖြစ်နေတုန်း ကံကောင်းနှင့် တွေ့ဆုံရပုံများကို ပြောပြလေသည်။

ကံကောင်းသည် ကရင်မကလေးကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်နေမိလေသည်။ ကံကောင်း၏မျက်လုံးများသည် ကရင်မကလေးဆီသို့ စိုက်ကြည့်နေသည်။ ကရင်မကလေး၏မျက်နှာတစ်ခု





လုံးသည် နှင်းဆီရောင်ကဲ့သို့ နီမြန်း၍သွားလေသည်။

"ငါ့နာမည် ကံကောင်း၊ နင့်နာမည် ဘယ်လို ခေါ်သလဲ"

"နန်းဥမ္မာတဲ့"

ထိုစဉ် ကရင်အဖိုးကြီးသည် သူ့မှာရှိသောပတ္တမြားနှင့် တူမတူ ကြည့်လိုကြောင်းပြောရာ ကံကောင်းက အိတ်ထဲမှ ထုတ်ပေးလိုက်လေသည်။ ကရင်ကြီးသည် ပတ္တမြားကိုကိုင်ကြည့်ရင်း မျက်လုံးများမှာ အရည်ရွှန်း၍လာသကဲ့သို့ ထင်ရ၏။

"အားလုံး လက်မြှောက်ထားလိုက်။ နင်တို့ပြောတာ ငါ အကုန်ကြားပြီးပြီ။ နင့်လက်ထဲကပစ္စည်းကို ငါ့ပေး။ မပေးရင် နင်တို့ သုံးယောက်စလုံး အကုန်သတ်ပစ်လိုက်မယ်"

ထိုအခါ ကရင်ဆေးဆရာကြီးက...

"နင်လည်း ကရင်၊ ငါလည်း ကရင်ပဲဟယ်။ တို့ အတူတူပဲပေါ့ဟာ"

"မရဘူး။ ငါ့ကိုပေး"

"ကိုင်း။ ဒါလောက် ပြောလို့မှ မရရင်.."

စကားမှမဆုံးသေးမီ ကရင်ဆေးဆရာကြီးသည် ပတ္တမြားလုံးကြီးကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး မျိုချလိုက်လေသည်။

ကရင်မုဆိုးကြီးကလည်း ...

"ဟယ်...ဒါလောက်တောင် ငါ့ကို မပေးချင်ရင် နင့်ကို သေရွာပို့မယ်။ ကဲ...ဟယ်"

ဒိုင်း

နန်းဥမ္မာသည် သူမ၏အဖေအလောင်းကို ပြေးဖက်၍ ချုန်းပွဲချ ငိုလေသည်။

"ဂရား...ယား..."



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်အသံကြီးကို ကြားလိုက်ရသဖြင့် ကြည့်လိုက်သောအခါ ဝက်ဝံကြီးတစ်ကောင်သည် ကရင်မုဆိုးကြီးကို ကိုက်သတ်တော့မည့်ကဲ့သို့ လက်နှစ်ဖက်ကိုမြှောက်၍ မတ်တတ်ရပ်လိုက်လေသည်။

ကရင်မုဆိုးကြီးသည် ဝက်ဝံကြီးဘက်သို့ လှည့်၍ သေနတ်ကို မောင်းတင်လိုက်လေသည်။ သို့ရာတွင် နောက်ကျခဲ့လေပြီ။

ဝက်ဝံကြီးသည် သေနတ်ကို ညာလက်ဖြင့် ပုတ်ချလိုက်ပြီး ဘယ်ဘက်လက်သည်းများဖြင့် မုဆိုးကြီး၏ရင်ဝကို ခွဲချလိုက်လေသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် ကံကောင်းသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ငေးနေမိသည်။ အတန်ကြာမှ သတိပြန်ဝင်လာပြီး မုဆိုးကြီးလက်မှ လွင့်သွားသောသေနတ်ကို ကောက်ယူ၍ ဝက်ဝံကြီး၏ ရင်အုံတည့်တည့်သို့ချိန်ကာ မောင်းဖြုတ်ချလိုက်လေတော့သည်။

နန်းဥမ္မာသည် အကြောက်လွန်၍ ကံကောင်းဆီသို့ ပြေးလာပြီး ကံကောင်းရင်ခွင်ထဲတွင်ပင် မေ့မျောသွားလေသည်။

ကံကောင်းသည် နန်းဥမ္မာ၏ကိုယ်ကလေးကို ပွေ့ချီ၍ သစ်ပင်ကြီးတစ်ပင်ခြေရင်းတွင် အသာမှီ၍ ထားလိုက်သည်။

ထို့နောက် ဆေးဆရာကြီး၏အလောင်းကို ဓားဖြင့် ရင်ဘတ်မှ ခွဲချလိုက်ပြီး အူထဲမှပတ္တမြားကို ထုတ်ယူ၍ အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ကံကောင်းသည် နန်းဥမ္မာ၏မျက်နှာကို ရေဖြင့်တောက်၍ လှုပ်နှိုးလိုက်သောအခါ နန်းဥမ္မာသည် သတိပြန်ရပြီး ကံကောင်းကို တအားဖက်ထားလိုက်ပြန်သည်။





"သေတဲ့လူတွေလည်း သေကုန်ကြမှပဲ ဥမ္မာရယ်။ လာ၊ သွားကြပါစို့ရဲ့"

ကံကောင်းသည် နန်းဥမ္မာ၏ခါးကလေးကိုဖက်၍ ထူလိုက်သည်။

"သွားတာတော့ ဟုတ်ပါတယ်။ ဘယ်ကို သွားမှာလဲ"

"ဥမ္မာတို့ ရွာကိုပေါ့"

"အစ်ကိုကော ဘယ်ကို သွားမှာလဲ"

"ဥမ္မာတို့ အိမ်ကို လိုက်မယ်လေ"

"ဘာလုပ်ဖို့ ...."

"အတူတူနေဖို့ပေါ့"

နန်းဥမ္မာသည် ဦးခေါင်းကလေးကို အသာငုံ့ထားလိုက်သည်။

"အိမ်ရောက်ရင် အမေရိုက်မှာပေါ့"

"အမေရိုက်ရင် ငိုလိုက်မှာပေါ့"

* * *

ဤသို့ဖြင့် ကံကောင်းသည် နန်းဥမ္မာနှင့်အတူ နေထိုင်လာခဲ့ပြီးနောက် သုံးနှစ်ခန့်ပင် ကြာညောင်းခဲ့လေပြီ။

တစ်နေ့တွင် မနက်စောစော ထမင်းကြမ်းစားသောက်ပြီးနောက် ကံကောင်းသည် ထင်းပေါက်လျက် ရှိလေသည်။

"ကမ်းဦးရွာက ကံကောင်းဆိုတာ မင်း မဟုတ်လားကွ"

အသံလာရာသို့လှည့်ကြည့်လိုက်သောအခါ လက်ထဲတွင် ရိုင်ဖယ်သေနတ်ဖြင့် မိမိကိုချိန်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဒီတစ်ခါတော့ နဂါးလိမ်လက်က မလွတ်တော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ ဟား..ဟား..ဟား"

အစတ်နက်ကို တစ်ကိုယ်လုံးဝတ်ထားသောလူသည် သေနတ်ခလုတ်ကို ဖြုတ်ချလိုက်လေသည်။

ဒိုင်း....

"အား..."

နန်းဥမ္မာသည် တစ်ချက်သာ အော်လိုက်နိုင်သည်။ ကံကောင်း၏လက်ထဲတွင် ပျော့ခွေ၍သွားသည်။ နန်းဥမ္မာသည် ရေခပ်ရာမှအပြန်တွင် ကံကောင်းကို သေနတ်ဖြင့် ချိန်ရွယ်ထားသည်ကို တွေ့ရသောအခါ ကံကောင်း၏ရှေ့မှ ဆီး၍ကာလိုက်ချိန်၌ မောင်းဖြုတ်လိုက်မိခြင်း ဖြစ်သဖြင့် နန်းဥမ္မာရင်ဝကို ကျည်ဆံဖောက်ဝင်၍ သွားလေသည်။

ကံကောင်းသည် ဒေါသထွက်ပြီး လက်ထဲတွင်ကိုင်ထားသောပုဆိန်ဖြင့် သေနတ်သမားအား လွှဲပစ်ပေါက်လိုက်လေတော့သည်။

ပုဆိန်သွားသည် သေနတ်သမား၏ နဖူးတည့်တည့်ကို စိုက်ဝင်သွားပြီး ထိုလူမှာလည်း နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးလေတော့သည်။

နန်းဥမ္မာသေဆုံးပြီးနောက် ကံကောင်းသည် ဆက်လက်မနေလိုတော့သဖြင့် ထိုရွာမှ ထွက်လာခဲ့လေသည်။

ကမ်းဦးရွာသို့ ရုပ်ဖျက်၍သွားရောက်ပြီး မနှင်းမှုန်ကို ဆက်လက်စုံစမ်းသောအခါ မနှင်းမှုန်မှာ ဖခင်သူကြီးမင်း ပေးစားသောလူနှင့် ကိုယ်ဝန်ရပြီး ကလေးမီးမဖွားနိုင်ဘဲ သေပွဲဝင်ရရှာကြောင်း စုံစမ်းသိရှိရလေသည်။

* * *





မောင်ကံကောင်းသည် သူ၏ဖြစ်စဉ်များကိုပြောရသဖြင့် အတော်မောသွားပုံရသည်။ ရေတစ်ခွက်ကို တောင်း၍ သောက်ပြီးနောက်

"ကျွန်တော့်အဖြစ်အပျက် ဇာတ်လမ်းအစုံကတော့ ဒါပါပဲဗျာ"

မောင်ကံကောင်းသည် အိတ်ထဲမှ လက်ကိုင်ပုဝါကလေးဖြင့်ထုပ်ထားသော အထုပ်ကလေးကို ဖြည်ချလိုက်ပြီး ဆက်လက်၍..

"အသက်ပေါင်းများစွာ သေကြေပျက်စီးစေတဲ့ ပတ္တမြားဟာ ဟောဒီပတ္တမြားပါပဲခင်ဗျာ။ ဒီလောက်ဖြိုဟ်မွှေတဲ့ပတ္တမြားကို ကျွန်တော်ဖြင့် ဆက်ပြီး ကိုင်ထားဖို့ မဝံ့တော့ပါဘူး"

မောင်ကံကောင်းထုတ်၍ပြသော ပတ္တမြားကို ဦးထင်ကျော်သည် လက်ဖဝါးပေါ်တွင် တင်လိုက်ပြီးနောက်...

"အတော်အရည်ကောင်းတဲ့ ပတ္တမြားဗျို့။ ကိုတင်မောင်ကြည့်စမ်းပါဦး။ ဒါကြောင့်မို့ ဦးမြတ်သာက သိန်းတန်ပတ္တမြားလို့ ခေါ်ခဲ့တာ ဖြစ်မယ်ဗျို့"

"ဟုတ်ပါတယ်ခင်ဗျာ။ အဘဟာ ဒီပတ္တမြားကို အင်မတန်တပ်မက်ပုံရတယ်ခင်ဗျ။ ဒါကြောင့် ဒီပတ္တမြားကို ငါးမျိုသွားတာနဲ့ ပြန်ရတာကိုတောင် အဘကို ပြောမပြလိုက်မိပါဘူး"

"ကိုင်း..ဒါဖြင့် မောင်ကံကောင်းက ဒီပတ္တမြားကို ဘယ်လိုလုပ်ချင်သလဲ"

"ဦးတို့ သဘောအတိုင်းပါပဲခင်ဗျာ။ ကျွန်တော့်ဆန္ဒကတော့ ဒီပတ္တမြားကြီး ကျွန်တော့်လက်ကလွှတ်ရင် ပြီးရောဆိုပြီး လာခဲ့တာပါပဲ။ နောက်ပြီး ဒီပတ္တမြားရတဲ့လူတွေ ဆက်လက်ဒုက္ခပေးနေမှာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စိုးတာနဲ့ အဘမသေခင်က ပြောသွားဖူးတဲ့စကားကို သတိရပြီး ဦးဆီ အရောက်လာခဲ့တာပါ"

"ဒါဖြင့် ဒီလို လုပ်မယ်။ ကျုပ်တို့က ဒီပတ္တမြားကြီးကို လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မောင်ကံကောင်းနာမည်နဲ့ လှူလိုက်မယ်။ မောင်ကံကောင်း အပြန်စရိတ်ကိုတော့ ဦးကပဲ ငွေတစ်ရာကျပ် စိုက်ပေးလိုက်မယ်။ သဘောတူရဲ့လား"

"ကျေးဇူးပါပဲခင်ဗျာ။ ကျွန်တော်လည်း မော်လမြိုင်မှာရှိတဲ့ အဒေါ်ဆီကို စုံစမ်းပြီးသွားမယ်လို့ စိတ်ကူးထားပါတယ်"

မောင်ကံကောင်းသည် ရင်ထဲတွင် ဝန်ထုပ်ကြီးတစ်ခုကို ပစ်ချလိုက်ရသကဲ့သို့ ပေါ့၍ သွားလေသည်။

"ကိုင်း၊ ဒါဖြင့် ဒီလိုလုပ်ကြစို့ဗျာ။ ကိုတင်မောင် စားပွဲပေါ်က စက္ကူနဲ့ ဖောင်တိန်ယူပြီး လိုက်ရေးဗျာ။ ကျွန်တော် ရှေ့ကို နှုတ်တိုက်ပြောပေးပါ့မယ်"

ဦးထင်ကျော်သည် နှုတ်မှပြောပြသည်ကို ကျွန်တော်က လိုက်ရေးရလေသည်။

မောင်ကံကောင်း ပေးအပ်သော ကြက်ဥနှစ်အရွယ်ခန့်ရှိ ပတ္တမြားတစ်လုံးကို ရွှေတိဂုံဘုရားတွင် လှူဒါန်းရန် လက်ခံထားလိုက်ပါသည်။

ဦးထင်ကျော်သည် စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးပြီးနောက်...

"ကိုင်း ကိုတင်မောင်။ ခင်ဗျားက သက်သေအဖြစ် လက်မှတ်ထိုးဗျာ"

ကျွန်တော်သည် ဦးထင်ကျော်လှမ်းပေးလိုက်သော စာရွက်ကလေးပေါ်တွင် လက်မှတ်ရေးထိုးပေးလိုက်သည်။





မောင်ကံကောင်းသည် ဦးထင်ကျော်ပေးလိုက်သော တစ်ရာတန် ငွေစက္ကူတစ်ချပ်ကို ကိုင်လျက်..

"ကိစ္စပြီးရင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

မောင်ကံကောင်းသည် ကျွန်တော်တို့အား နှုတ်ဆက်၍ မောင်ဘိုးလှူဖွင့်ပေးသော တံခါးမှထွက်၍ လှေကားအတိုင်း ပြေးဆင်းသွားသည်ကို ကြားလိုက်ရလေတော့သည်။

■

(ဤဝတ္ထုကို ကျွန်ုပ်၏ခွင့်ပြုချက်ဖြင့် ကိုအောင်သိန်းဟန်က ဇာတ်လမ်းထွင်၍ ရေးသားခြင်းဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

# ဦးထင်ကျော် ပျောက်ဆုံးသွားခြင်း

အချိန်မှာ ၁၉၄၁ခု နိုဝင်ဘာလကုန်ပြီးနောက် ဒီဇင်ဘာလ တစ်ရက် နှစ်ရက် ဖြစ်၏။ တစ်နေ့သောညနေ၌ ကျွန်ုပ်သည် အလုပ်တိုက်မှ ပြန်လာခဲ့ပြီးနောက် အိမ်သို့ရောက်၍ အဝတ်အစားများ လဲလှယ်လျက်ရှိစဉ် ဦးထင်ကျော်သည် စာအုပ် လေး-ငါးအုပ်ကိုင်ကာ အိမ်ပေါ်သို့ တက်လာလေသည်။ သူသည် စားပွဲရှိရာသို့ လျှောက်သွားပြီးနောက် လက်ထဲတွင်ပါလာသည့်စာအုပ်များကို စားပွဲပေါ်သို့ တင်ထားလိုက်၏။

ဦးထင်ကျော်မှာ ယခင်အခါများကကဲ့သို့ သွက်လက်သည့် အမူအရာမျိုး မရှိဘဲ လေးကန်သောခြေလှမ်းများဖြင့် စားပွဲဆီသို့ လျှောက်သွားကာ စာအုပ်များကို စားပွဲပေါ်သို့ တင်လိုက်ခြင်း ဖြစ်၏။ သူသည် အပေါ်အင်္ကျီကို အခန်းဝရှိ အင်္ကျီချိတ်တစ်ခုတွင် အလွယ်တကူ ချိတ်ထားလိုက်ပြီးနောက် ဆိုဖာတစ်ခုပေါ်တွင် ကိုယ်ကို ပစ်လှဲလိုက်လေသည်။

ဦးထင်ကျော်မှာ မည်သည့်အခါတွင်မျှ မျက်နှာညှိုးငယ်ခြင်း မရှိ၊ မည်မျှလောက် ပင်ပန်းသည့်အလုပ်ကို လုပ်ကိုင်ရစေကာမူ စိတ်ပျက်ညှိုးငယ်ခြင်း မရှိ၊ သူ၏မျက်နှာမှာ ပကတိရွှင်လန်းလျက် ရှိနေတတ်ရာ ထိုနေ့၌မူ သူ၏မျက်နှာမှာ အတန်ငယ် ညှိုးငယ်လျက်ရှိသည်ဟု ကျွန်ုပ် ထင်မိ၏။





သူသည် ဆေးတစ်ဆုံကို ဆေးတံတွင် ထည့်လျက်ရှိရာမှ အခန်းထဲတွင် အဝတ်များလဲလျက်ရှိသော ကျွန်ုပ်ကို မြင်သည်နှင့်‥

"ဩော်၊ ကိုတင်မောင် ပြန်ရောက်နေမှကိုးဗျ။ လာစမ်းပါဦးဗျာ။ စကားစမြည်ကလေးများ ပြောရအောင်"

‥ဟုလှမ်းခေါ်သဖြင့် ကျွန်ုပ်လည်း သူ့အနီးရှိ ကုလားထိုင်ပေါ်တွင် သွား၍ထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိလျက် ရှိလေသည်။

"စစ်ကတော့ မုချဖြစ်တော့မယ် ကိုတင်မောင်။ ဂျပန်ဟာ ဒီလောက်ပြင်ဆင်နေမှဖြင့် အင်္ဂလိပ်နဲ့အမေရိကန်ကို သူ မတိုက်ဘဲ မနေတော့ဘူးဗျ။ မုချ တိုက်တော့မှာပဲ။ သိပ် မကြာဘူး"

"ဒီလိုဆိုရင် ကျွန်တော်တို့မြန်မာပြည်လည်း ပါမလိုဖြစ်နေတာပေါ့"

"ပါမှာပေါ့ဗျာ။ ကျုပ်တို့ မြန်မာနိုင်ငံကလည်း အင်္ဂလိပ်ပိုင် မဟုတ်လား။ ပြီးတော့ အိန္ဒိယကိုတိုက်ဖို့ မြန်မာပြည်ကို ဖြတ်သွားရမယ် မဟုတ်လား"

"ဒီလိုဆိုရင် ကျွန်တော်တို့မြန်မာတွေ ဒုက္ခများ ရောက်ကြဦးမလားဗျာ"

"ရောက်မှာပဲ ကိုတင်မောင်။ အနောက်ဘက်မှာ သူတို့ချင်း စစ်ဖြစ်နေတာ အရေးမကြီးဘူး။ အရှေ့ဘက်မှာ အင်္ဂလိပ်ပိုင် အိန္ဒိယနဲ့ မြန်မာပြည်ရှိတော့ ဘယ်နည်းနဲ့မဆို ဂျပန်က စစ်တိုက်ရင် ကျုပ်တို့ မြန်မာပြည်ဟာ စစ်တလင်း ဖြစ်ပြီးသားပဲ။ အိန္ဒိယကိုတိုက်ရင် အရှေ့ဘက်ကပ်ပြီးနေတဲ့ ကျုပ်တို့မြန်မာပြည်ဟာ ဘယ်နည်းနဲ့မဆို အဆစ်ပါရမှာပေါ့ဗျာ"

ကျွန်ုပ်လည်း သက်ပြင်းတစ်ချက် ချလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သြော်၊ တကယ်လို့များ စစ်များဖြစ်လာရင် ကိုတင်မောင် ဘယ်သွားမယ် ကြံသလဲ"

"ဘယ်မှ မသွားပါဘူး။ ဒီ ရန်ကုန်မှာပဲ နေမှာပေါ့။ ဘာဖြစ်လို့လဲ"

"မဟုတ်ဘူး ကိုတင်မောင်။ ကျုပ်ပြောတဲ့အတိုင်းသာ ဖြစ်လာရင် ဘယ်နည်းနဲ့မှ ခင်ဗျား ရန်ကုန်မှာ မနေနိုင်တော့ဘူး။ အခုစစ်က အရင်လို မဟုတ်ဘူး ကိုတင်မောင်။ ကျုပ်တို့ ငယ်ငယ်တုန်းက ခင်ဗျားရော ကျုပ်ရော ပထမကမ္ဘာစစ်ကြီးကို မီလိုက်ကြတယ် မဟုတ်လား။ ဒီတုန်းကတော့ ဥရောပတိုက်မှာ အင်္ဂလိပ်က အရေးနိမ့်ပြီး ဂျာမနီက ဘယ်လိုပဲ အရေးသာနေနေ၊ ဘယ်လဂျီယန်တို့၊ ပြင်သစ်တို့ ဘယ်လိုပဲ ထောင်းထောင်းညက်ညက် ကျေနေနေ၊ ရုရှားဂျာမနီထဲကို ဘယ်လိုထိုးဖောက် ဝင်ရောက်နေနေ၊ ကျုပ်တို့ မြန်မာပြည်ကတော့ အနေသာကြီးဆိုပြီး ခပ်အေးအေးပဲ မဟုတ်လား။ ကျုပ်တို့နဲ့ မဆိုင်သလို နေခဲ့ကြတယ်။ အခုတော့ မလုပ်နဲ့ ဆရာရေ့။ ဂျပန်က 'စစ်ကြေညာလိုက်ပြီ'ဆိုတာနဲ့ တစ်ပြိုင်နက် နှစ်ရက် သုံးရက်အတွင်း၊ အိုဗျာ နှစ်ရက် သုံးရက်ဆိုတာတောင် ကြာသေးတယ်။ နှစ်ဆယ့်လေးနာရီအတွင်း လေယာဉ်ပျံ ရောက်လာနိုင်တယ်။ ဘယ်လိုရောက်လာမလဲ သိလား။ ကျုပ်တို့ရန်ကုန်ပေါ် ရောက်လာမှာ ပြောတာဗျ။ ရန်ကုန်က သူတို့နဲ့ အနီးဆုံးမဟုတ်လား။ ပထမဆုံး ဟောင်ကောင်တို့ စင်ကာပူတို့ကို ချမယ်။ အမေရိကန်တွေ ခြေကုပ်ယူထားတဲ့ ပါးလ်ဟာဘား(Pearl Harbour)တို့ကို ချမယ်။ ချတယ်ဆိုတာ မကြာလှဘူး ကိုတင်မောင်။ တစ်ရက် နှစ်ရက်အတွင်း ချမှာပဲ။ ဒီကောင်တွေဟာ အင်မတန် လက်မြန်တဲ့အကောင်တွေဗျ။ ဒီနောက် လေယာဉ်ပျံတွေဟာ ဘယ်ကို ဦးလှည့်လာမလဲ။ ကျုပ်တို့





ဆီပဲဗျ။ စိတ်သာချ"

"ဒါဖြင့် တကယ်လို့ စစ်ဖြစ်လာရင် ခင်ဗျားကကော ဘယ်လိုရှောင်မယ် ကြံသလဲ"

"ခင်ဗျားကပဲ အရင်ပြောပါဦး"

"ကျွန်တော်တော့ မွေးရပ်ဇာတိပြန်ပြီး မွေးစားမိခင်ကြီးနဲ့အတူ သူ့ကိုစောင့်ရှောက်ပြီး ဖြစ်သလိုနေရမှာပဲ ဦးထင်ကျော်။ ခင်ဗျားကလည်း ကျွန်တော်နဲ့အတူ လိုက်ခဲ့ပေါ့ဗျာ"

"မဖြစ်သေးဘူး ကိုတင်မောင်။ ကျုပ်မှာ ရည်ရွယ်ချက်တစ်ခု ရှိသေးတယ်။ ကျုပ်ရည်ရွယ်ချက်ကို အခုလို အချိန်အတွင်းမှာ မဆောင်ရွက်ရင် ဘယ်တော့မှ လုပ်ဖြစ်တော့မယ် မဟုတ်ဘူးဗျ"

"ဘယ်လိုရည်ရွယ်ချက်မျိုးလဲဗျ။ ပြောပါဦး"

"လူမှုရေးရော၊ ဘာသာရေးရော၊ ကိုယ့်အရေးရော ဆိုပါတော့ဗျာ။ ခင်ဗျားတို့ ကျုပ်တို့ အသက်လည်း အခု အတော်ကြီးလာကြပြီ မဟုတ်လား။ ခင်ဗျားလည်း သတင်းစာတိုက်မှာ အလုပ်လုပ်၊ ဝတ္ထုဆောင်းပါးတွေရေးပြီး အသက်မွေးခဲ့တယ်။ ကျုပ်ကလည်း ကိုယ်ဝါသနာပါတဲ့အတိုင်း ရာဇဝတ်ပြစ်မှုတွေကို လူတွေဟာ ဘာကြောင့်ကျူးလွန်တယ်၊ ဘယ်သူတွေ ကျူးလွန်တတ်ကြတယ်၊ ဒီကျူးလွန်သူတွေကို ဘယ်လို ဖမ်းဆီးရမိအောင် လုပ်ရမယ်၊ နောက်ထပ် မဖြစ်ပွားရအောင် ဘယ်လိုကာကွယ်ပြီး တိုင်းပြည်အစိုးရကို ကူညီမယ်ဆိုတာတွေ လုပ်တယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ အခု နေလာခဲ့တာ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်ထဲတောင် ရောက်လာပြီ။ ကျုပ်လည်း ကိုယ်ဝါသနာပါတဲ့အလုပ်လုပ်ပြီး ဒီအလုပ်နဲ့ပဲ အသက်မွေးတယ် ဆိုပါတော့ဗျာ။ ဒါနဲ့ ကျုပ်ရဲ့ထောက်လှမ်းစုံထောက်ပုံတွေကို ဝတ္ထုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခင်ဗျားရေးခဲ့တာ အခု ဘယ်နှစ်ပုဒ်လောက် ရှိပြီလဲ''

''အသေအချာတော့ မသိဘူးဆိုပါတော့ဗျာ။ နို့ပေမယ့် ကျွန်တော့်စိတ်ထင် အပုဒ်လေးဆယ်ကျော်ရှိပြီလား မပြောတတ်ဘူး။ ခင်ဗျားကော ဖတ်ကြည့်ရဲ့လား''

''အကုန်လုံးတော့ မဖတ်မိပါဘူးဗျာ။ တစ်ခါတလေ တစ်ပုဒ်စ နှစ်ပုဒ်စတော့ အပျင်းပြေဖတ်ပါတယ်''

''ကျွန်တော်ရေးတာ ခင်ဗျား ဘယ်လိုသဘောရလဲ။ ပြောစမ်းပါဦး''

''ခင်ဗျားရေးထားတာတွေ ဝတ္ထုအသွားအလာရော၊ မြန်မာစာရော ကောင်းတော့ ကောင်းပါတယ်။ နို့ပေမယ့် ကျုပ်ရဲ့ ပြောပုံဆိုပုံ ဟန်ပန်လေသံတွေ၊ ကျုပ်ရဲ့အတွေးအခေါ်အယူအဆတွေနဲ့ ပတ်သက်ပြီး ရေးတဲ့နေရာမှာ လွန်ကဲလွန်းအားကြီးတယ် ထင်တယ် ကိုတင်မောင်။ အမြှောက်အပင့်တွေ များအားကြီးတယ် ထင်တယ်။ ဒါတစ်ခု ပါပဲ။ ဒီအပြင်ဟာတော့ ကောင်းပါတယ်''

''ဒါကတော့ ကျွန်တော့်အမြင်နဲ့ကျွန်တော်ရေးတာပဲ ဦးထင်ကျော်။ စာဖတ်တဲ့လူတွေက ပိုလွန်းတယ်၊ ကဲလွန်းတယ် ထင်ရင်လည်း မတတ်နိုင်ဘူး''

''ဒီလိုကိုးဗျ။ လောကမှာ လူဆိုတာ ကိုယ်နဲ့ခင်မင်တဲ့လူ လုပ်ရင် တခြားလူ လုပ်တာထက် ပိုကောင်းတယ် ထင်တတ်စမြဲပဲ။ ခင်ဗျားဟာ ကျုပ်အပေါ်မှာ အင်မတန် သံယောဇဉ်ကြီးတယ်ဆိုတာ ကျုပ် သိတယ်လေ။ အဲလေ၊ ဒါတွေ ထားလိုက်ပါဦး။ ဒီလောက် နှစ်ရှည်လများ လုပ်လာခဲ့ပြီး အသက်အရွက်ကလည်း ကြီးလာတော့ ကျုပ်ဖြင့် ကျုပ်အလုပ်ကို ငြီးငွေ့စပြုလာပြီ ကိုတင်မောင်။ ဒါနဲ့ ပြောပြရဦးမယ်။ ဟို ဂျပန်ဟိုတယ်က ဂျပန်လင်မယားအမှုမှာ မစ္စ





တာချန့်တိတ်ဆိုတဲ့တရုတ်ဟာ ကျုပ် ဖမ်းမှာကြောက်လို့ ဟိုတယ်ငါးထပ်ပေါ်က ခုန်ချသွားတာကို တစ်ခါတစ်ခါ ကျုပ်ပြန်သတိရလို့ ကျုပ်ပယောဂကြောင့် ဖြစ်ရတယ်ဆိုပြီး စိတ်မကောင်းဖြစ်မိတယ် ကိုတင်မောင်။ ဖြစ်စတုန်းကများ သုံး-လေးရက် ကျုပ် အိပ်မပျော်ဘူး''

''ဟုတ်ပါတယ်လေ''

''မန္တလာဆွေ အမှုတုန်းကလည်း ကျုပ်ဟာ သူတို့လက်ထဲက လက်မတင်ကလေး လွတ်လာခဲ့တယ် မဟုတ်လား ကိုတင်မောင်။ ဟန်ဆောင်ကောင်းလို့ အသက်တစ်ချောင်း လွတ်လာတာပဲ ကိုတင်မောင်ရေ့''

''ဟုတ်တာပေါ့ဗျာ။ ဒါနဲ့ ခင်ဗျားကို မေးရဦးမယ်။ အဲဒီအမှုမှာ ခင်ဗျားကို ကြိုတင်ပြီးသတိပေးတဲ့ ရီရီဆိုတဲ့ အမျိုးသမီးကလေးက ခင်ဗျားအပေါ်...''

ကျွန်ုပ်၏စကားမဆုံးမီ ဦးထင်ကျော်က ကြားဖြတ်၍..

''သြော်...သူက ကျုပ် ကောလိပ်မှာ နေတုန်းကတည်းက မောင်နှမလို ခင်မင်လာခဲ့ကြတာပါဗျာ''

''နောက်တော့ မောင်နှမအရင်းထက် ပိုပြီး...''

ဦးထင်ကျော်က မသိမသာပြုံးလျက်....

''ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဗျာ။ ကျုပ်ကို အတော်ခင်မင်နေရာက အတွင်းဝန်ဦးဝမ်းမောင်ဆိုတဲ့လူနဲ့ သူ့အိမ်က ပေးစားလိုက်ကတည်းက သူနဲ့ မတွေ့ရတာ။ အခုမှပဲ ကျုပ်နဲ့ ပြန်ပြီး တွေ့ရတာပါ။ အခုထက်ထိ ကျုပ်အပေါ် ချစ်ခင်နေတုန်းလားတော့ မပြောတတ်ဘူး''

''ဟုတ်မှာပေါ့ဗျာ။ ဒါမျိုးဆိုတာက တစ်သက်မှာ မေ့တတ်တာမျိုးမှ မဟုတ်ဘဲ။ ဒါကြောင့်လည်း ခင်ဗျားကို သူက ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတိပေးတာပေါ့”

“ပြီးတော့ ဆရာဝန်ကိုသောင်းတင်ဆိုတဲ့လူကလည်း ကျုပ်အပေါ် ခုထက်ထိ အခဲမကြေသေးဘူး ကိုတင်မောင်။ နို့ပေမယ့် အခု ဒီလူ နိုင်ငံခြားရောက်နေသလိုလို ကြားရတယ်”

“သြော်…ဟုတ်လား”

“အင်း…လောကကြီးဟာ အင်မတန် ရှုပ်ထွေးပွေလီတာလား ကိုတင်မောင်။ ချစ်ခင်တဲ့မေတ္တာတရားဟာ ခိုင်မြဲသလို၊ မလိုမုန်းတီးခြင်းဆိုတဲ့ ဒေါသတရားဟာလည်း ခိုင်မြဲတာပဲဗျ။ ဒီဟာတွေလျှောက်ပြီး တွေးလိုက်တိုင်း ကျုပ်စိတ်ထဲမှာ တရားသံဝေဂ ရမိတယ်။ နို့ပေမယ့် ဘဝသံသရာက လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားသံဝေဂမျိုးတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒီအလုပ်ကိုဆက်ပြီးမလုပ်ချင်တော့ဘဲ ငြီးငွေ့သလိုဖြစ်လာတဲ့ သံဝေဂမျိုးပေါ့”

“ဟုတ်တာပေါ့။ အလုပ်ဆိုတာ ဘယ်လိုအလုပ်မျိုးဖြစ်ဖြစ်ကြာတော့ ငြီးငွေ့တတ်ကြစမြဲပဲ”

“ဒါကြောင့် ခင်ဗျားပြောသလို ဒါလောက် အချိန်ကြာလာတော့ ကျုပ်ဖြင့် ဒီအလုပ်ကို မလုပ်ချင်တော့သလိုလို ဖြစ်လာတယ် ကိုတင်မောင်။ မနေ့ကတောင် ခင်ဗျား အလုပ်သွားနေတုန်းမိန်းကလေးနှစ်ယောက် အမှု လာငှားသေးတယ်။ အမှုက သူ့ရည်းစား သူ့ကို ချစ်ဟန်ဆောင် တစ်ပတ်ရိုက်ပြီး စိန်၊ ရွှေ၊ လက်ဝတ်လက်စား တစ်သောင်းဖိုးလောက် လိမ်ယူသွားတယ် ဆိုပါတော့ဗျာ။ နို့ပေမယ့် ကျုပ်တို့ မြန်မာပြည်ကို စစ်ရိပ်စစ်ငွေ့သန်းလာပြီဆိုတာကျုပ်သိတဲ့အတွက်ကြောင့် တစ်ကြောင်း၊ ကျုပ် အခုတင်ကပြောတဲ့အတိုင်း ကျုပ်လုပ်တဲ့အလုပ်ကို ငြီးငွေ့သလိုဖြစ်လာပြီး ပျင်းပျင်းရှိတာက တစ်ကြောင်း အမှုကို လက်မခံလိုက်ဘူး”





“ဒါနဲ့ ခင်ဗျားပြောတဲ့ရည်ရွယ်ချက်ဆိုတာ ပြောပါဦး။ ဘယ်လို ရည်ရွယ်ချက်မျိုးလဲ”

“ဒီလိုဗျ ကိုတင်မောင်ရဲ့။ ခင်ဗျားရော ကျုပ်ရော အခုအလုပ်လုပ်နေကြတာ လက်နဲ့လုပ်တာ မဟုတ်ဘူး။ ဦးနှောက်နဲ့ အလုပ်လုပ်နေကြတာ မဟုတ်လား။ ပါဠိစကားနဲ့ပြောရရင် ရုပ်နဲ့ မဟုတ်ဘဲ၊ နာမ်နဲ့ အလုပ်လုပ်နေကြတယ်ဆိုပါတော့။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင် ဦးနှောက်အလုပ်ပေါ့ဗျာ။ သူတို့အနောက်နိုင်ငံကလူတွေဟာ ရုပ်ကြီးတစ်ခုကို စွဲလန်းပြီး၊ နာမ်ဆိုတာ ရုပ်ကစေခိုင်းတဲ့အတိုင်းလုပ်ရတယ်လို့ အယူရှိကြတယ်။ သူတို့ဟာ ရုပ်ဘက်ဆိုင်ရာကို အင်မတန်ကျွမ်းကျင်တယ်ဆိုပေမယ့် စိတ်ဘက်ဆိုင်ရာကျတော့ သူတို့ဟာ ကျုပ်တို့ အရှေ့တိုင်းသားများ သိမြင်ပေါက်ရောက်သလောက် သိမြင်ပေါက်ရောက်ခြင်း မရှိကြသေးဘူး။

ဒီတော့ ကျုပ်တို့ အရှေ့တိုင်းသားတွေရဲ့ အယူဝါဒက နာမ်တရားသည် ရုပ်တရားကို လွှမ်းမိုးအုပ်ချုပ်နိုင်တယ်လို့ ယူဆတဲ့အတွက်နာမ်တရားဘက်ကို လိုက်ကြတယ်လေ။ အဲဒီအယူအဆဟာ ကျုပ်တို့အရှေ့တိုင်းပြည်တွေမှာပေါ့။ မြတ်စွာဘုရားသခင် မပွင့်မီကတည်းက ရှိတာပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့တော့ စိတ်ရဲ့တန်ခိုးသတ္တိစွမ်းအင်ကို ကောင်းကောင်းကြီး ယုံကြည်တယ်။ ကျုပ်ကိုယ်တိုင်လည်း ကျင့်သုံးတယ်ဆိုတာ ခင်ဗျားအသိပဲ”

“ဟုတ်တာပေါ့ဗျာ။ ဒါကြောင့် စိတ်သာရှင်စော ဘုရားဟောလို့ ဆိုတာပဲ”

“မှန်တယ် ကိုတင်မောင်။ မှန်တယ်။ ဒါနဲ့ ခင်ဗျား ကျုပ်နဲ့ပေါင်းလာတာ ဒီလောက်ကြာပြီ။ ကျုပ်ရဲ့မျိုးရိုးဇာတိအကြောင်း ခင်ဗျားကို တစ်ခါမှ မပြောဖူးသေးဘူး မှတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မပြောသေးပါဘူးဗျာ"

"ဒီလိုဗျ။ ကျုပ်တို့ မျိုးရိုးဇာတိက ရှေးမြန်မာမင်းများ လက်ထက်ကစပြီး ဆင်းသက်လာတဲ့ မင်းဆွေမင်းမျိုးထဲက ဆိုပါတော့။ ဒါက ကျုပ် အဘိုးအဘွားလောက်ကိုသာ ပြောတာပါ။ ဒီနောက် ကျုပ်တို့ရဲ့အဖေ၊ ဒီနောက် ကျုပ်ကျတော့ ငါးမူးစပ် တစ်မတ်စပ် လောက်ပဲ သွေးပါတော့တယ် ဆိုပါတော့။

ဒါနဲ့ ကျုပ်ဖခင်အကြောင်းကို ပြောရဦးမယ်။ ကျုပ်တို့ဖခင်ဟာ ကျုပ်တို့မိခင်နဲ့ အကြောင်းပါပြီးတဲ့နောက် ကာလကတ္တားကို သွားပြီး ပညာသင်တဲ့အခါ တိဘက်ဘုန်းကြီးတစ်ပါးနဲ့ တစ်နေ့တွေ့ပြီး သူ့ရဲ့တရားဓမ္မများကို နာရတယ်ဆိုပဲ ကိုတင်မောင်ရဲ့။ အဲဒီ ဘုန်းတော်ကြီးက သူတို့ဆီက ဘုန်းတော်ကြီးများ တည်ထောင်တဲ့ မဟာယာနဂိုဏ်းက ဂိုဏ်းချုပ်တစ်ပါး ဆိုပဲဗျ။ ဘယ်လို တရားတွေ ဟောတယ်ဆိုတာတော့ ကျုပ် မသိဘူး။

နို့ပေမယ့် နောက်ဆုံးကျတော့ ကျုပ်ဖခင်ဟာ တိဘက်ပြည်မှာ လာမာဘုန်းကြီးတွေ မူလတည်ထောင်ထားတဲ့ အဲဒီ မဟာယာနဂိုဏ်းကြီးထဲကို ဝင်ပြီး၊ နောက်ဆုံး ကျောင်းက ထွက်၊ ကျုပ်မိခင်ဆီကိုတောင် ပြန်မလာတော့ဘဲ ဘုန်းတော်ကြီးနဲ့အတူ တိဘက်ပြည်ကို တစ်ခါတည်း လိုက်သွားတာ အခုထိပဲ ဆိုပါတော့"

"ဩော်..ဟုတ်လား။ ကျွန်တော်တော့ တိဘက်ပြည်ရဲ့နိုင်ငံရေးအကြောင်းကလေး ဘာကလေး နည်းနည်းပါးပါးဖတ်ဖူးပေမယ့်၊ ခင်ဗျားပြောတဲ့ တိဘက်ဘုန်းတော်ကြီးတွေရဲ့ မဟာယာနဂိုဏ်း အကြောင်းတော့ ကျွန်တော် တယ်ပြီး မသိသေးဘူး ဦးထင်ကျော်။ နည်းနည်းပါးပါးလောက်ပဲ ကြားဖူးတယ်"

"ဒီလိုဗျ။ အဲဒီဂိုဏ်းအကြောင်း ပြောရရင် ရှေး ဒေဝါနံ





ပိယတိဿမင်းလက်ထက်က စပြီး ပြောရလိမ့်မယ်။ ဘုရင်ကြီးအမိန့်နဲ့ ရဟန်းတော် သုံးပါးဟာ သာသနာပြုဖို့ သီဟိုဠ်ကျွန်းက ထွက်လာပြီး ကျုပ်တို့ မြန်မာပြည်ကို ဖြတ်၊ တောအထပ်ထပ် တောင်အထပ်ထပ်ကျော်ပြီး နောက်ဆုံး တိဘက်ပြည်ကို ရောက်သွားသတဲ့ ကိုတင်မောင်။ အဲဟိုရောက်တော့ မဟာယာနဂိုဏ်းရယ်လို့ ဂိုဏ်းတစ်ဂိုဏ်း တည်ထောင်ကြတယ် ဆိုပါတော့။ ဗုဒ္ဓဘာသာတော့ ဗုဒ္ဓဘာသာပေါ့ဗျာ"

"နို့ပေမယ့် သူတို့က ကျုပ်တို့မြန်မာပြည်က ဗုဒ္ဓဘာသာကို ဟိနယာနဂိုဏ်းရယ်လို့ ခေါ်ကြတယ်။ ပါဠိဘာသာမှာ မဟာဆိုတာက မြတ်တယ်၊ ဟိန ဆိုတာက ယုတ်တယ်။ ခင်ဗျားလည်း ပါဠိ သင်ဖူးသားပဲ။ သူတို့ဂိုဏ်းက ကျုပ်တို့ဂိုဏ်းထက် မြင့်မြတ်တယ် ဆိုပါတော့။ တိဘက်ပြည်အကြောင်းနဲ့ သူတို့ဘုန်းကြီးတွေအကြောင်းပြောရတာက ကျုပ်ဖခင်ကြီးအကြောင်း ပြောချင်လို့ ပထမစကားပလ္လင်ခံပြီး ခင်ဗျား သဘောပေါက်အောင် ပြောရတာဗျ"

"ဟာ..တယ် ထူးဆန်းတာပဲ။ ဒီအကြောင်းတွေ ကျွန်တော့်ကို တစ်ခါမှ ခင်ဗျား မပြောဖူးသေးပါကလား"

"မပြောရသေးဘူး ကိုတင်မောင်။ ကျုပ် ပြောလည်းမပြောချင်ဘူး။ ကျုပ်မိခင်ကြီးဟာလည်း ဒီသတင်းကိုကြားပြီးတဲ့နောက် သုံး-လေးလလောက် အကြာမှာ ဒီစိတ်နဲ့ ကွယ်လွန်သွားရှာတယ်။ ကျုပ်အမေက သူ့ကို စိတ်နာတယ် ထားဦး။ ကျုပ်အနေနဲ့တော့ သူဟာ တရားဘက်မှာ အတော်ပေါက်ရောက်ပြီး သူတော်ကောင်းကြီး တစ်ယောက် ဖြစ်သွားပြီလို့ ယူဆတယ်"

"ဒါဖြင့် ခင်ဗျားဖခင်ကြီးအကြောင်း ဘာသတင်းမှ ခင်ဗျား နောက်ထပ် မကြားရတော့ဘူး ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"မကြားရတော့ပါဘူး ကိုတင်မောင်။ ကျုပ် ကောလိပ်မှာ နေတုန်းက ကျုပ်ရဲ့ ကျောင်းနေဖက်မိတ်ဆွေ ဘန်ဂါလီကုလားကလေး တစ်ယောက်ရဲ့ဖခင် ကာလကတ္တားမြို့မှာနေတဲ့ ဆရာဝန်ကြီးဆီက တစ်ဆင့် ကျုပ်ဖခင်အကြောင်းကို တစ်ခါ စုံစမ်းဖူးတယ်"

"ဟုတ်လား"

"နို့ပေမယ့် ဘာမှ အကြောင်းမထူးပါဘူးဗျာ။ တိဗက် ဘုန်းတော်ကြီးနောက်ကို သူ လိုက်သွားတာ အမှန်ပဲဆိုတာ သိရတာ တစ်ခုပါပဲ"

"သြော်....ဒါနဲ့...."

ထိုခဏ၌ အပြင်မှ တံခါးခေါက်သံကြားရပြီးလျှင် ဦးအုန်းဘူး ဝင်လာသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း စကားလက်စ ပြတ်၍ သွားကြတော့၏။

* * *

နောက် လေး-ငါးရက်ခန့် ကြာသောအခါ ဒီဇင်ဘာ ရှစ် ရက်နေ့သို့ ရောက်လာ၍ ထိုနေ့မှာ ဂျပန်က ဂရိတ်ဗြိတိန်နှင့် အမေရိကန်ကို စစ်ကြေငြာပြီ ဟူသော ကြောက်မက်ဖွယ်ကောင်းသည့် သတင်းဆိုးကြီးကို ကြားရသောနေ့ ဖြစ်၏။

ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေငြာသည့် အတွက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည့်အကြောင်းကို အထူးသတင်း အဖြစ် သတင်းစာတစ်စောင်ကို ထိုနေ့ညနေတွင် ချက်ချင်းထုတ်ဝေ နိုင်ရန် ကျွန်ုပ်တို့ သတင်းစာတိုက်မှာ အလွန်အလုပ်ရှုပ်လျက် ရှိလေ သည်။ သို့နှင့် ထိုနေ့ဖြစ်ပျက်သည့် အခြား သတင်းအတိုအထွာကလေး များနှင့်အတူ ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေငြာပြီဟူ သောသတင်းကို သတင်းစာ၏ထိပ်တွင် စာလုံးမည်းကြီးများဖြင့် ရိုက်





နှိပ်ကာ ညနေပိုင်း အထူးသတင်းစာအဖြစ် ထုတ်ဝေတော့၏။

အင်္ဂလိပ်သတင်းစာတိုက်များကလည်း ကျွန်ုပ်တို့ သတင်း စာတိုက်ကဲ့သို့ပင် ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေငြာ ပြီ ဟူသောသတင်းကို သတင်းစာ၏ထိပ်တွင် စာလုံးမည်းကြီးများ ဖြင့် ပုံနှိပ်ထုတ်ဝေလေသည်။ ထိုနေ့ညနေ ငါးနာရီခန့်တွင် သတင်းစာ ရောင်းသော သူငယ်ကလေးများသည် ထို သတင်းဆိုးကြီးပါသည့် သတင်းစာများကို ကိုင်ဆောင်ကာ လမ်းကြိုလမ်းကြားများမကျန် အော် ဟစ်ရောင်းချလျက် ရှိကုန်၏။

ထိုနေ့ညနေ၌ ကျွန်ုပ်သည် ခြောက်နာရီကျော်မှ အိမ်သို့ပြန် ရောက်ခဲ့ရာ ထိုအချိန်တွင် အိမ်သို့ ဦးထင်ကျော် မရောက်သေးချေ။

နာရီဝက်ခန့်ကြာလတ်သော် ဦးထင်ကျော် ပြန်ရောက်လာ၍ သူ၏လက်ထဲတွင် စာအုပ်သုံး-လေးအုပ် ပါလာပြန်လေသည်။ ထို့ နောက် သူသည် ယခင်ကကဲ့သို့ပင် စာအုပ်များကို စားပွဲပေါ်သို့ သွား၍တင်လိုက်ပြီးနောက် ကျွန်ုပ်အား လှမ်း၍ခေါ်ကာ....

"ဘယ့်နှယ်လဲ ကိုတင်မောင်။ ခင်ဗျားတို့တိုက်တော့ ဒီနေ့ ညနေ အတော် အလုပ်ရှုပ်သွားတယ် ထင်တယ်"

"ဟုတ်တာပေါ့ဗျာ။ ဒီ စစ်ဖြစ်တဲ့သတင်းကို ရက်မကူးဘဲ နဲ့ ဒီနေ့ညနေ အချိန်မီထုတ်နိုင်အောင် လုပ်ကြ ကိုင်ကြရတာပေါ့။ ကျွန်တော်တောင် အခုပဲ ပြန်ရောက်တယ်"

"ကျုပ်တောင် အင်္ဂလိပ်သတင်းစာတစ်စောင် ဝယ်လာသေး ဗျ။ တစ်ရွက်တည်းနဲ့ တစ်ပဲ ပေးခဲ့ရတယ်။ အထူးသတင်းဆိုတော့ ပေးရပေမှာပေါ့ဗျာ။ အင်း...ဒီသတင်းစာကလေးတော့ သားစဉ် မြေး ဆက် ပြရအောင် ရှိရှိသေသေသိမ်းထားဦးမှပဲ"

"ဒါနဲ့ ခင်ဗျား စာအုပ်တွေ ဝယ်လာပြန်ပြီလား။ ဝယ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကလား ဆရာကြီးရဲ့။ ဘာစာအုပ်တွေများလဲ"

ဦးထင်ကျော်သည် စားပွဲပေါ်တွင် ယခင်က စာအုပ်များနှင့် အတူပုံထားသောစာအုပ်များကို တစ်အုပ်ပြီး တစ်အုပ် လှမ်းယူပြီး နောက်..

"ဟောဒါက ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးတဲ့ ပဋ္ဌိစ္စသမုပ္ပာဒ်ဒီပနီ၊ ဒီစာအုပ်က မေဒိနီဆရာတော်ဘုရားရေး တဲ့ ဗုဒ္ဓဘာသာအခြေပြုကျမ်း၊ ဒီစာအုပ်က သစ္စာလေးပါးမြတ်တရား တဲ့။ ဘယ်သူရေးတယ်လို့တော့ မသိဘူး။ စာအုပ်အဟောင်းဆိုင်က ဝယ်လာတာ။ ဒီစာအုပ်ကလေးက 'နိဗ္ဗာန်သို့ သွားရာလမ်း' တဲ့ဗျ။ ယောဂီကြီးတစ်ဦး ရေးခဲ့တဲ့စာအုပ်။ ဒီဘက်က စာအုပ်က ဒေါက် တာလော့ဘဆင်ရမ်ပ(Lobsang Rampa)ရေးတဲ့ တိဘက်ပြည်မှ သက်ရှိလာမာဘုန်းတော်ကြီးများအကြောင်း စာအုပ်ဗျ။ နည်းနည်းပါး ပါးတောင် မော်တော်ကားပေါ်မှာ ကျုပ် ဖတ်ခဲ့ပြီးပြီ။ အတော် စိတ် ဝင်စားစရာကောင်းတာပဲဗျ။ တစ်နေ့က ခင်ဗျားကိုပြောတဲ့ ရုပ်ဝါဒ၊ နာမ်ဝါဒအကြောင်းနဲ့တကွ သူတို့ဆီက လာမာဘုန်းကြီးတွေရဲ့ကျင့်ရိုး ကျင့်စဉ်တွေ အများကြီးပါတယ်ဗျ။ သမထလမ်းစဉ်တွေပေါ့ဗျာ။ ကျုပ် တို့ ဗုဒ္ဓဘာသာတရားတော်အတိုင်း နိဗ္ဗာန်မဂ်ဖိုလ် ရောက်ရာ ရောက်ကြောင်း ဝိပဿနာလမ်းကြောင်းတော့ မဟုတ်ပေဘူး"

"ခင်ဗျားလည်း ခုတလော ဒီဟာတွေကို သိပ်ပြီး စိတ်ဝင် စားနေတယ် ထင်တယ်"

"ဟုတ်တယ် ကိုတင်မောင်။ ကျုပ်တော့ ခင်ဗျားနဲ့ ဆယ့် လေးငါးနှစ် အတူနေပြီး သွားရ လာရ၊ တစ်ခါတလေလည်း တိုက်ရ ခိုက်ရ၊ ဖမ်းရဆီးရ အလုပ်တွေကို တဖြည်းဖြည်း စိတ်ကုန်လာပြီ ပို့ ခင်ဗျားကို တစ်နေ့က ပြောပြီးပါပကော။ ဒါနဲ့ ရန်ကုန်မြို့ပေါ်မှာ





မနေနိုင်လို့ ရှောင်ကြ တိမ်းကြမယ်ဆိုရင် ခင်ဗျားကတော့ ခင်ဗျား မြို့ကိုပြန်ပြီး မိခင်ကြီးကို စောင့်ရှောက်ရင်း သူနဲ့ အတူနေမယ်ဆိုပါ တော့"

"ဟုတ်တယ် ဦးထင်ကျော်။ ဒီတော့ ခင်ဗျားလည်း ကျွန် တော်နဲ့အတူ လိုက်ခဲ့တာပေါ့ဗျာ။ ဘာမှ ကျွန်တော့်ကို အားနာစရာ မရှိဘူး။ နေဖို့ထိုင်ဖို့၊ စားဖို့သောက်ဖို့ဆိုတာလည်း ကျွန်တော် အားလုံး တာဝန်ယူပါ့မယ်"

"ခင်ဗျားပြောတာ ကျေးဇူးတင်ပါတယ် ကိုတင်မောင်။ နို့ပေမယ့် ခင်ဗျားနဲ့အတူ ကျုပ် မလိုက်နိုင်သေးဘူး။ ကျုပ် ပြောခဲ့ဖူး တဲ့အတိုင်း ကျုပ်မှာ ရည်ရွယ်ချက်ရှိတယ်။ ဘယ်လိုရည်ရွယ်ချက်လဲ ဆိုတော့ ကျုပ်တို့ရဲ့ဗုဒ္ဓဘာသာတရားတော်ဟာ ဒီကမ္ဘာပေါ်မှာ အစစ် အမှန်ဆုံး တရားတော်ဖြစ်တဲ့အကြောင်း၊ ဒီတရားကသာ ဒီကမ္ဘာကြီး တစ်ခုလုံးမှာရှိတဲ့ လူသားတွေ နေ့စဉ်နဲ့အမျှ ခံစားနေရတဲ့ဘေးဒုက္ခ အပေါင်းမှ လွတ်ကင်းပြီး အသခ်တခေတ်ဆိုတဲ့ နိဗ္ဗာန်ရွှေပြည်မြတ် ကို ရောက်နိုင်တဲ့အကြောင်း၊ ကျုပ်ကိုယ်တိုင် အခုကစပြီး လက်တွေ့ ကျင့်သုံးကြည့်ချင်တယ်...

"...အဲဒီလို သမထလမ်းစဉ်ကို ပထမဦးစွာ မလိုက်ခင် ကျုပ်ဖခင်ကြီး လိုက်သွားတယ်ဆိုတဲ့ တိဘက်ဘုန်းကြီးအကြောင်း နဲ့ သူတို့ကိုးကွယ်ဆည်းကပ်တဲ့ မဟာယာနဂိုဏ်းအကြောင်းကိုလည်း ကျုပ် စုံစမ်းချင်သေးတယ်။ ဒါမှလည်း ကျုပ်တို့ ဗုဒ္ဓဘာသာတရား ဓမ္မရဲ့အဆီအနှစ်ဖြစ်တဲ့ သစ္စာလေးပါးဟာ ကမ္ဘာပေါ်မှာ တရားစစ် တရားမှန်ဖြစ်တယ်ဆိုတာ သိရမယ်မဟုတ်လား ကိုတင်မောင်။ အခု တလော ကျုပ်လည်း ဒါတွေကိုပဲ စဉ်းစားနေတယ်။ဒါကြောင့် ခင် ဗျားနဲ့အတူ ကျုပ် မလိုက်နိုင်သေးဘူးလို့ ပြောတာပေါ့။ ဒီလိုပြောရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဝမ်းနည်းပါတယ် ကိုတင်မောင်”

ဦးထင်ကျော်လည်း ရီဝေသောမျက်လုံးများဖြင့် ကျွန်ုပ်၏ မျက်နှာကိုစေ့စေ့ကြည့်ကာ တစ်လုံးချင်း ပြောပြလျက်ရှိရာ သူ၏အသံမှာ ဝမ်းနည်းကြေကွဲသည့်ဟန်ဖြင့် အတန်ငယ် တုန်တုန်ရီရီ ရှိနေ၏။ သူ၏စိတ်ဓာတ်သည် ကျွန်ုပ်၏ကိုယ်တွင်းသို့ ကူးစက်ဝင်ရောက်လာသည့်အလား ကျွန်ုပ်ကိုယ်တိုင် ဝမ်းနည်းကြေကွဲသည့်စိတ်များပင် ပေါ်၍လာမိ၏။

သူနှင့် ကျွန်ုပ်မှာ တစ်ယောက်နှင့်တစ်ယောက် အလုပ်ချင်းပင် မတူညီသော်လည်း ဆယ့်လေးနှစ်ကျော် ဆယ့်ငါးနှစ်မျှ စိတ်တူကိုယ်တူ တပူးတွဲတွဲနေထိုင်ခဲ့ရာ သူသည် ကျွန်ုပ်အပေါ်တွင် သံယောဇဉ်ကြီးမားသကဲ့သို့ ကျွန်ုပ်ကလည်း သူ့အား အစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့၏။ သူနှင့် ခွဲရမည့်အရေးကို စိတ်ထဲတွင် တွေးမိကာ ယူကြုံးမရ ဖြစ်မိ၏။

ဤသို့ဖြင့် နေ့ရက်များသည် တဖြည်းဖြည်း ကုန်လွန်၍လာခဲ့ရာ ဂျပန်က အင်္ဂလိပ်နှင့်အမေရိကန်ကို စစ်ကြေညာပြီးနောက် နှစ်ရက်မျှအကြာတွင် အင်္ဂလိပ်သတင်းစာတစ်စောင်၌ အောက်ပါသတင်းတစ်ခုကို တွေ့မြင်ရ၏။

“၁၉၄၁ခု ဒီဇင်ဘာလ၁၀ရက် (အရှေ့အာရှစစ်ပွဲကြီး ဖြစ်ပြီးနောက် နှစ်ရက်မျှအကြာ)တွင် မလေးရှားပြည်နယ် ကွမ်တမ်မြို့၏ အရှေ့ဘက်ကမ်းခြေနှင့် မနီးမဝေးတစ်နေရာတွင် နိပ္ပန်ဘုရင့်ရေတပ် မတော်ကြီးက တန်ချိန် သုံးသောင်းငါးထောင်ရှိ ဝေလမင်းသား (PRINCE OF WALES)ခေါ် ဗြိတိသျှရေတပ် စစ်သင်္ဘောကြီးနှင့် တန်ချိန် သုံးသောင်းနှစ်ထောင်ရှိ ရီပတ်(REPULSE) ခေါ် စစ်သင်္ဘော နှစ်စင်းကို နှစ်မြှုပ်လိုက်လေသည်”





အထက်ပါသတင်းမှာ ကျွန်ုပ်တို့မြန်မာပြည်သာမက တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချားသွားစေသည့် သတင်းကြီးပင် ဖြစ်တော့၏။

ရန်ကုန်မြို့တစ်မြို့လုံးမှာ အထက်ပါ စစ်သတင်းကြောင့် အထူး တုန်လှုပ်ချောက်ချားလျက် ရှိ၏။ အင်္ဂလိပ်အစိုးရသည်လည်း ကုန်းတပ်၊ ရေတပ်၊ လေတပ်မှစ၍ အသင့်ပြင်ဆင်လျက် ရှိနေ၏။

လေယာဉ်ပျံများ၏ဘေးရန်ကို ကြောက်သဖြင့် ညဥ့်အချိန်များတွင် မှောင်ချထားရန် အမိန့်များ ထုတ်ပြန်၏။ ဒီဇင်ဘာ နှစ်ဆယ့်သုံးရက်သို့ရောက်သောအခါ ရန်ကုန်မြို့သူမြို့သားများမှာ စစ်ကြီး၏ ဘေးဒဏ်ကို လက်တွေ့ခံစားရတော့၏။

ထိုနေ့ နံနက်ဆယ်နာရီအချိန်လောက်တွင် ဂျပန်လေယာဉ်ပျံများသည် ရန်ကုန်မြို့ပေါ်သို့ ပထမဆုံးအကြိမ် ရုတ်တရက် ရောက်ရှိလာပြီးနောက် အစိုးရအဆောက်အအုံကြီးများနှင့်တကွ လမ်းသွားလမ်းလာ မြို့သူမြို့သားများကိုပါမကျန် စက်သေနတ်များဖြင့် ပစ်ခတ်တော့၏။

မြို့သူမြို့သားများမှာ ယခင်က ဤအတွေ့အကြုံမျိုးကို အိပ်မက်မျှပင် မမက်ခဲ့ဘူးသဖြင့် မည်ကဲ့သို့ပုန်းအောင်းနေရမည်။ ရှောင်တိမ်းရမည်ကိုပင် မသိကြချေ။ ဤသို့ဖြင့် ဒါလဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း)နှင့် ဖရေဇာလမ်း (ယခုအနော်ရထာ)လမ်း တစ်လျှောက် လမ်းသွားလမ်းလာများနှင့်တကွ ဈေးဆိုင်ကနားရှိ လူ အတော်များများပါ မရှုမလှသေဆုံးကြရတော့၏။ အလုံဘက်နှင့် မြစ်ဆိပ်ကမ်းနားတစ်လျှောက်တွင် အလုပ်လုပ်နေသည့် အလုပ်သမားများလည်း အတော်များများ သေဆုံးကြလေသည်။

နောက်တစ်နေ့တွင် လေယာဉ်ပျံများမလာဘဲ ဒီဇင်ဘာ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးရက်သို့ ရောက်သောအခါ ဂျပန်လေယာဉ်ပျံများသည် ရန်ကုန်မြို့သို့ ဒုတိယအကြိမ် တစ်ဖန်လာရောက် ဗုံးကြဲတိုက်ခိုက်၊ စက်သေနတ်များဖြင့် ပစ်ခတ်ပြန်ရာ မြို့သူမြို့သား လုပ်သားပြည်သူ အများအပြား သေဆုံးကြရပြန်လေသည်။

ထိုအချိန်များအတွင်း၌ ဦးထင်ကျော်သည် လေယာဉ်ပျံများကို မကြောက်သကဲ့သို့ တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် အိမ်မှထွက်သွားတတ်ရာ ကျွန်ုပ်က သူ့အား မကြာခဏသတိပေးရ၏။

ဦးထင်ကျော်ပြောခဲ့သော စကားများကား မှန်လေပြီ။ ရန်ကုန်မြို့ပေါ်တွင် ဆက်လက်နေထိုင်ရန် မသင့်တော်ပြီဖြစ်သဖြင့် ကျွန်ုပ်လည်း ထိုနေ့၌ပင် အလုပ်တိုက်မှ ခွင့်တစ်လ ယူခဲ့၏။

ထိုည၌ ဦးထင်ကျော်သည် ကျွန်ုပ်အား အပြင်ဘက်ခန်းရှိ သူ၏စားပွဲရှိရာမှ စကားစမြည်ပြောရန် ခေါ်သဖြင့် ကျွန်ုပ်လည်း အပြင်ခန်းသို့ ထွက်ခဲ့၏။ ကျွန်ုပ်တို့တိုက်ခန်းမှာ တစ်ခန်းလုံး မှောင်ချထားသဖြင့် စားပွဲပေါ်ရှိ စားပွဲတင်ဓာတ်မီးမှ အနီရောင် မီးလုံးကလေးတစ်ခုသာ တစ်ခန်းလုံးကို အလင်းရောင်ပေးလျက် ရှိလေသည်။

ဦးထင်ကျော်က....

''ဒါနဲ့ တစ်နေ့က ကျုပ်ပြောလက်စနဲ့ တိဘက်ဘုန်းကြီးတွေအကြောင်း ကျုပ်ကြားဖူးသလောက် ဆက်ပြောရဦးမယ်။ သူတို့တိဘက်ပြည်က လာမာဘုန်းကြီးတွေဟာ အကျင့်သိက္ခာနဲ့ပတ်သက်ပြီး အင်မတန် ကြပ်တည်းတယ်ဆိုတာပဲဗျ''

''ဘယ်လိုကြပ်တည်းပုံလဲ။ ပြောစမ်းပါဦး''

''ဥပမာဗျာ၊ ခင်ဗျားက သူတို့လို ဘုန်းကြီးတစ်ပါးအဖြစ် ခံယူချင်တယ်ဆိုရင် ကျုပ်တို့မြန်မာပြည်မှာလို တစ်ရက် နှစ်ရက်အတွင်း ခေါင်းတုံးရိတ် သင်္ကန်းဝတ်ပြီး ဘုန်းကြီး မဖြစ်နိုင်ဘူး။





ခင်ဗျားရဲ့ အနေအထိုင်၊ အကျင့်သိက္ခာ၊ စာပေကျွမ်းကျင်မှုကို တစ်လတန်သည်၊ နှစ်လတန်သည် ကြည့်ပြီးတဲ့နောက် ခင်ဗျားဟာ သည်းခံနိုင်မှု ရှိမရှိ၊ ရောင့်ရဲတင်းတိမ်နိုင်မှု ရှိမရှိ၊ ခွဲသတ္တိ ရှိမရှိကို လက်တွေ့ စမ်းသပ်စစ်ဆေးကြည့်သတဲ့ဗျ။ ဘယ်လို စစ်ဆေးပုံလဲ သိလား၊ ရဟန်းလောင်းကို အင်မတန်ကျဉ်းမြောင်းပြီး အပေါက်ကလေး တစ်ပေါက်ရှိတဲ့ တိုက်ခန်းကလေးတစ်ခုမှာ ပိတ်လှောင်ထားပြီး အစားအစာကို တစ်နေ့တစ်ကြိမ် အဲဒီအပေါက်ကလေးက လာပေးတယ်။ အခန်းထဲမှာ ရေတကောင်းတစ်ခုရယ်၊ နောက်ဖေးနောက်ဖီသွားတဲ့နေရာရယ်၊ ဒါပဲရှိတယ်..။

''..အဲဒီတိုက်ခန်းကလေးထဲမှာ ခင်ဗျားကို အနည်းဆုံး ဆယ်ရက် ဆယ့်ငါးရက်လောက် ပိတ်လှောင်ပြီး တစ်နေ့တစ်ခါသာ အဲဒီအပေါက်ကလေးက လာပြီး အစားအစာကို ပေးတယ်။ ဒီအတောအတွင်း သူတို့ပေးတဲ့ ကမ္မဋ္ဌာန်းဘာဝနာကိုလည်း ခင်ဗျား အမြဲရွတ်ဖတ်သရဇ္ဈာယ်နေရမယ်။ အဲဒီလို ကျင့်သုံးနေတဲ့အတွင်း ဒီဒဏ်ကို မခံနိုင်လို့ ခင်ဗျားဟာ တစ်နေ့တစ်ကြိမ် သူတို့ကပေးတဲ့အစာကို အစာပေးတဲ့အပေါက်ကလေးမှာ လာမယူရင်တော့ ခင်ဗျားဟာ တစ်ခုခုဖြစ်ပြီပေါ့။ နောက်တစ်ကြိမ် ဒီနောက် တစ်ကြိမ်နှစ်ကြိမ်လောက် လာမယူရင်တော့ ခင်ဗျားကို သေစာရင်း သွင်းလိုက်ပြီဆိုပါတော့။

''...ဒီအခါ သူတို့ဟာ သော့ခတ်ပိတ်ထားတဲ့ တံခါးကိုဖွင့်၊ ရဟန်းလောင်းရဲ့ရုပ်ကလာပ်ကို အပြင်ထုတ်သင်္ဂြိုဟ်တာပေါ့ဗျာ။ သူတို့ သင်္ဂြိုဟ်ပုံက ဘယ်လို သင်္ဂြိုဟ်သလဲ သိလား။ မြေမှာလည်း မမြှုပ်ဘူး။ ရေမှာလည်း မမျှောဘူး။ မီးနဲ့လည်း မရှို့ဘူး။ တောင်ပေါ်မှာ သူတို့လုပ်ထားတဲ့ လူသေကောင်တင်တဲ့ စင်ပေါ်မှာ တင်ထားပြီး လင်းတစာ ကျွေးတယ်ဆိုပဲ ကိုတင်မောင်ရဲ့။ အဲဒီလို ကျုပ်ကြား



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်။ ဒီဟာတွေ အခု ကျုပ်ဝယ်လာတဲ့ စာအုပ်ထဲမှာ ပါမလား မပြောတတ်ဘူး။ ကျုပ်တော့ မဖတ်ရသေးဘူး။ ကျုပ်ကြားဖူးတာက တော့ အဲဒီအတိုင်းပဲ''

''ဒါဖြင့် သူတို့သိက္ခာပုဒ်တွေနဲ့ ကျင့်သုံးတဲ့နည်းလမ်းတွေ ဟာ အင်မတန်ဆန်းတာပဲနော်''

''ဟုတ်တာပေါ့ဗျ။ ကျုပ်လည်း ဒီဟာတွေ ကြားရတော့ အင်မတန်စိတ်ဝင်စားနေတယ်''

''ဒီတော့ အဲဒီဆီကို ခင်ဗျားသွားမယ်များ ကြံနေသလား''

''ဒီလိုလည်း မဟုတ်သေးပါဘူး ကိုတင်မောင်။ သွားဖို့ဟာ လည်း မလွယ်ဘူးဗျ။ သူတို့ဆီကို သွားဖို့ဟာက ပထမ အိန္ဒိယကို သွားပြီး နီပေါပြည်ကို သွားရမယ်။ အဲဟိုရောက်တော့မှ နီပေါနယ် စပ်ကိုကျော်ပြီး သူတို့နိုင်ငံထဲ ဝင်ရမယ်။ ဒါတောင် အလွယ်တကူ ဝင်လို့ မရသေးဘူး။ သူတို့ပြည်က ပြည်သားတစ်ယောက်နဲ့ဖြစ် ဖြစ်၊ လမ်းပြတစ်ယောက်ယောက်နဲ့ဖြစ်ဖြစ် သွားမှ ဝင်နိုင်မယ်။ သွားရ မယ့်လမ်းတွေကလည်း အင်မတန်လျှို့ဝှက်တဲ့ တောင်ကြားလမ်းတွေ ဖြတ်ပြီး ခဲခဲယဉ်းယဉ်းသွားရတယ်လို့ ကျုပ် ကြားဖူးတယ်''

''ဒါဖြင့် အခက်သားကလား''

''ခက်တာပေါ့ဗျာ။ အင်း၊ ကျုပ်လည်း စိတ်သာ ကူးရ တယ်။ တကယ်ဆိုတော့ သွားဖြစ်ဦးမယ် မထင်ပါဘူးဗျာ။ ဒီအပေါ် စစ်ကြီးကလည်း ဖြစ်လာတော့ အိန္ဒိယကိုရောက်ဖို့တောင် ခဲယဉ်းသေး တယ် ကိုတင်မောင်''

''နေပါဦး။ ဒီလိုစိတ်ကူးတာက သူတို့တရားကို သိချင်လို့ လား၊ ဒါမှမဟုတ် ခင်ဗျားအဖေကြီးအကြောင်းကိုပဲ သိချင်လို့လား''

''နှစ်ခုစလုံးပေါ့ ကိုတင်မောင်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်





ပဲဆိုပါတော့''

''ဒါထက် ခင်ဗျားဖခင်ကြီးထွက်သွားတယ်ဆိုတာက ခင် ဗျား ကောလိပ်ကို မသွားခင်ဆိုတော့ အခုလောက်ဆိုရင် သူ့ အသက် ရှင်နေရင်တောင် အတော်ကြီးနေပြီပေါ့''

''ကြီးပြီပေါ့ ကိုတင်မောင်။ အနည်းဆုံး ရှစ်ဆယ့်ငါးနှစ် ကိုးဆယ်လောက်တော့ ရှိပြီပေါ့။ ဒါပေမယ့် တစ်ခုရှိတာက သူတို့ ဆီမှာ လူ့ရဲ့သက်တမ်းကို ရှည်စေနိုင်တဲ့ဆေးဝါးတွေ၊ ရောဂါဘယ မှန်သမျှကို ကာကွယ်နိုင်တဲ့နည်းလမ်းတွေ ရှိတယ်လို့ ကြားဖူးတယ်။ ဒါကတော့ ကုသိုလ်ကံပေါ့ဗျာ။ သူ အသက်ရှင်နေသေးရင်လည်း တွေ့နိုင်မှာပေါ့။ နို့ပေမယ့် ကျုပ်လည်း စိတ်သာကူးရတယ်။ တကယ် ဆိုတော့ ရောက်မှ ရောက်ဖြစ်ပါ့မလား မပြောတတ်ဘူး။ စစ်ကြီးက လည်း ဖြစ်နေလို့ လမ်းပန်းကလည်း မသာဘူး''

ဤသို့ဖြင့် ဦးထင်ကျော်သည် တိဘက်ပြည် မဟာယာန ဂိုဏ်းနှင့် လာမာဘုန်းကြီးများအကြောင်းကို လည်းကောင်း၊ အီဂျစ် ပြည်မှ လူသေအလောင်းများကို နှစ်ပေါင်းနှစ်ထောင်ခန့် ကြာသည် အထိ မပုပ်မသိုး ရုပ်ဆင်းမပျက် ထားနိုင်သည့် အကြောင်းများကို လည်းကောင်း စကားစပ်မိစပ်ရာ ပြောဆိုလျက် ရှိနေ၏။

ထိုနောက် စစ်ဖြစ်သည့်နိုင်ငံများ၌ စစ်တလင်းကျသည့်နေရာ များတွင် မြို့သူမြို့သားများ မည်မျှလောက် ဆင်းရဲဒုက္ခရောက်ရသည့် အကြောင်းများကို စကားစပ်၍ပြောကြရာ ဦးထင်ကျော်မှာ ကိုယ်တိုင် ပင် မတွေ့ကြုံဖူးသော်လည်း နိုင်ငံခြားဗဟုသုတများကို အတော် ဆည်းပူးထားသော သူတစ်ယောက်ဖြစ်သည့်အတိုင်း ပထမကမ္ဘာ စစ်ကြီးဖြစ်စဉ်က အနောက်နိုင်ငံမှ စစ်ပြေးဒုက္ခသည်များ ဒုက္ခရောက် ရပုံ အကြောင်းနှင့်ပတ်သက်၍ ပြင်သစ်၊ ဘယ်လဂျီယန်၊ ပေါ်လန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရုရှားပြည်များတွင် ဒုက္ခရောက်ရပုံများ၊ တရုတ်နှင့်ဂျပန် စစ်ဖြစ်စဉ်က တရုတ်လူမျိုးများ ကစဉ့်ကလျားပြေးလွှားကြရပုံများ၊ တရုတ်ပြည်တွင် လေယာဉ်ပျံများ၏ဘေးဒဏ်မှ အကာအကွယ်ယူရန် ဥမင်လိုဏ်ခေါင်းကြီးတစ်ခုအတွင်းသို့ ဝင်ရောက်ပုန်းအောင်းကြရာ လူများအဆမတန် ပြွတ်သိပ်ကြပ်တီးလာသောကြောင့် ဖုံးဒဏ်ဖြင့် မသေဘဲ အသက်ရှူကြပ်၍သေရပုံ စသည်တို့ကို ပြောဆိုလျက် ရှိပြန်၏။

ထိုနောက် ဦးထင်ကျော်လည်း ကျွန်ုပ်အား သတိပေးသည့်အနေဖြင့် လေယာဉ်ပျံများလာလျှင် မည်ကဲ့သို့ အကာအကွယ်ယူရမည့်အကြောင်း၊ စစ်အတွင်း ခရီးသွားရာတွင် လက်နက်နှင့် စားရေရိက္ခာမှာ အလွန်အရေးကြီး၍ ကိုယ်နှင့်အတူ ထပ်ကြပ်မကွာ အမြဲယူဆောင်သွားသင့်ကြောင်း၊ စားရေရိက္ခာသည် အဝတ်အထည်ထက် တန်ဖိုးရှိကြောင်း၊ မည်သည့်အခါ၌မဆို ဝီရိယရှိဖို့ လိုကြောင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆရာမိဘတို့အား မည်သည့်အခါမျှ မမေ့ရန်အကြောင်း စသည်တို့ကို တစ်သီတစ်တန်းကြီး ပြောကြားလျက်ရှိရာ ကျွန်ုပ်လည်း သူ၏အကြံပေးချက်များကို တစ်သဝေမတိမ်း လိုက်နာပါမည်ဟု ဝန်ခံရတော့၏။

"ကိုတင်မောင် အခုဖြစ်လာတဲ့စစ်ကြီးအတွင်း ခင်ဗျားနဲ့ ကျုပ် မလွဲသာလို့ ခွဲခွာနေရပေမယ့် ဘယ်နည်းနဲ့မဆို တစ်နေ့နေ့မှာ ကျုပ်တို့ မုချပြန်တွေ့ရမှပေါ့ဗျာ။ ကျုပ်နဲ့ ခွဲခွာရမှာ ခင်ဗျား ဘာမှ စိတ်အားငယ်မနေနဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ မြို့ကိုပဲ ကျွန်တော်နဲ့အတူ ခင်ဗျား လိုက်ခဲ့စေချင်တာပဲ"

"ကျုပ်ကလည်း လိုက်ချင်လိုက်တာမှ လွန်လို့ ကိုတင်မောင်ရေ့။ နို့ပေမယ့်၊ ကျုပ်က မဖြစ်လို့ ပြောနေတာ။ ဒီလိုပြောရ





တာ မလွဲသာလို့ ပြောရတာပါဗျာ။ ကျုပ် ဝမ်းနည်းပါတယ်။ ကဲ..ကဲ၊ ကိုတင်မောင် ဆယ့်နှစ်နာရီတောင် ထိုးပြီးသွားပြီ။ ခင်ဗျားလည်း အိပ်ချင်လှရော့မယ်"

ဦးထင်ကျော်မှာ အလွန် ကြေကွဲဝမ်းနည်းသည့်ဟန်ဖြင့် အသံများပင် တုန်တုန်ရီရီရှိနေ၏။ နောက်ဆုံးပြောလိုက်သည့် စကားများကြောင့် ကျွန်ုပ်မှာ မျက်ရည်များ လည်လုမတတ်ရှိလေရာ သူ၏ မျက်ဝန်းများတွင်လည်း မျက်ရည်များ လည်မတတ်ရှိနေသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

ထို့နောက် ကျွန်ုပ်လည်း အိပ်ရာသို့ ဝင်ခဲ့လေသည်။

* * *

ထိုညဉ့်၌ ကျွန်ုပ်မှာ ကောင်းစွာ အိပ်မပျော်နိုင်ဘဲ၊ အိပ်မက်များ ကယောင်ချောက်ချား မက်လျက်ရှိ၏။

အိပ်မက်ထဲတွင် ကျွန်ုပ်၏မွေးရပ်ဌာနီသို့ ဝန်စည်စလယ် အတော်များများကို ယူဆောင်ကာ အလွန်လူကြပ်သော မော်တော်ကားတစ်စီးဖြင့် လိုက်ပါသွားရသည်ဟူ၍ လည်းကောင်း၊ လျှင်မြန်စွာခုတ်မောင်းလျက်ရှိသော မီးရထားပေါ်တွင် ထိုင်စရာနေရာပင် မရှိဘဲ တိုးဝှေ့လိုက်ပါသွားသည်ဟူ၍ လည်းကောင်း၊ မြစ်ကြီးတစ်ခုအတွင်းရှိ သင်္ဘောပေါ်တွင် လိုက်ပါပြီးနောက် အခြားကမ်းဘက်သို့ လှေတစ်စင်းဖြင့် ကူးသွားနေရသည်ဟူ၍ လည်းကောင်း၊ ဂျပန် လေယာဉ်ပျံများ ရောက်လာပြီးလျှင် ဗုံးကြဲတိုက်ခိုက်သဖြင့် တစ်ခါတစ်ရံ သဲသောင်ပြင်များကိုဖြတ်၍ လည်းကောင်း၊ တစ်ခါတစ်ရံလည်း တောထဲတွင် ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့ဖြတ်သန်းကာ လေယာဉ်ပျံများကို ပုန်းအောင်းနေသည်ဟူ၍ လည်းကောင်း အိပ်မက်များ မြင်မက်လျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိပ်မက် မက်ရာမှာ မနိုးဘဲ ထမင်းလုံးတစ္ဆေ ချောက်သကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသည့် အိပ်မက်များကိုသာ ဆက်လက်မြင်မက်လျက်ရှိရာ ကျွန်ုပ်တစ်ကိုယ်လုံးမှာ ချွေးစေးများ ပြန်လျက်ရှိနေသည်ကို တစ်ကြိမ် သိလိုက်ရ၏။ ထို့နောက် အိပ်ပျော်သွားပြန်၏။

မည်မျှလောက် အချိန်ကြာအောင် အိပ်ပျော်သွားသည် မသိ။ မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်၏အိပ်ရာပေါ်က မှန်ပြူတင်းပေါက်မှ ထိုးဝင်လျက်ရှိသောနေရောင်များကို မြင်ရခြင်းအားဖြင့် နေမှာ အတော်ပင်မြင့်နေပြီဖြစ်ကြောင်း သိရ၏။ အိမ်ရှေ့ တိုင်ကပ်နာရီကြီးမှ ကိုးနာရီထိုးသံကို ကြားလိုက်ရ၏။

သို့နှင့် ကျွန်ုပ်လည်း အိပ်ရာမှ ကပျာကယာ ထပြီးလျှင် အိမ်ရှေ့ခန်းသို့ ထွက်လာရာ၊ လက်ထဲတွင် စာတစ်စောင်ကို ကိုင်၍ ထမင်းစားခန်းမှထွက်လာသော မောင်ဖိုးလူကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ၎င်းအား ငေးမောကြည့်ရှု၍ နေမိ၏။ ကျွန်ုပ်သည် မောင်ဘိုးလူလက်မှ စာကို လှမ်းယူရင်း…

"ဘယ်က စာလဲကွယ့် မောင်ဘိုးလူ"

"ဆရာကြီးပေးခဲ့တဲ့ စာခင်ဗျာ"

"နို့၊ သူ ဘယ်သွားသလဲ"

"မနက် အစောကြီးကတည်းက ထွက်သွားတယ်ဆရာ"

"လူချည့်ပဲလား"

"သားရေအိတ်ကြီးကို ဆွဲပြီး တုတ်ကောက်တစ်ချောင်းနဲ့ထွက်သွားတယ် ဆရာ။ သူပြောသွားတာက ငါ ဒီကို တော်တော်နဲ့ ပြန်မလာဘူးတဲ့။ မင်းဆရာနဲ့အတူ မင်း အညာကို ပြန်ချင်ရင်လည်း ပြန်ဆိုပြီး ခြောက်လအတွက် လခ ရှင်းပေးခဲ့တယ် ဆရာ။ ငါသွားတဲ့





အကြောင်း ဘယ်သူ့ကိုမှ မပြောနဲ့တဲ့။ ကိုတင်မောင် အိပ်ရာကနိုးရင် ဒီဟာကို ပေးလိုက်လို့ ပြောပြီး သွားတာပဲဆရာ"

ကျွန်ုပ်သည် သက်ပြင်းတစ်ချက် ချလိုက်မိ၏။ မောင်ဘိုးလူ၏မျက်နှာမှာ မကောင်းဘဲ သူ၏မျက်လုံးများ၌ မျက်ရည်များပင် စို့နေသည်ကို ကျွန်ုပ် သတိပြုမိ၏။

"ဆရာကြီး ဘယ်ကိုသွားတယ်ဆိုတာ ဆရာ မသိဘူးလား။ လခတွေ ရှင်းပေးလို့ ကျွန်တော်က မလိုချင်သေးတဲ့အကြောင်း ပြောတော့ သူက ယူသာ ယူပါကွာ။ ကိုတင်မောင်လည်း သူ့မြို့ကို ပြန်မှာပဲ။ ဒီတော့ မင်းလည်း အညာကိုပြန်ရမှာပဲ။ ဟိုပြန်ရင် မင်းမှာ သုံးဖို့စွဲဖို့ ငွေလိုတာပေါ့လို့ ပြောသွားတယ် ဆရာ"

မောင်ဘိုးလူမှာ အသံများပင် တုန်၍လာပြီးလျှင် သူ၏မျက်လုံးအိမ်၌ မျက်ရည်များပင် စို့လျက်ရှိနေ၏။ စာအိတ်ပေါ်တွင် ဦးထင်ကျော်၏လက်ရေးဖြင့် ကျွန်ုပ်၏အမည် လိပ်စာတပ်ထားသည်ကို တွေ့ရ၏။ စာအိတ်ကို ဖွင့်၍ဖတ်ကြည့်ရာ၊ ထိုနေ့ရက်စွဲဖြင့် ရေးသားထားသော ဦးထင်ကျော်၏ စာကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။

*မိတ်ဆွေကြီး ကိုတင်မောင်*

*အကြောင်းမှာ ခင်ဗျား အိပ်ရာကနိုးအောင် စောင့်မနေဘဲ ထွက်သွားသည်ကို ခွင့်လွှတ်စေလိုပါသည်။ သွားခါနီးတွင် ခင်ဗျားအား အိပ်ရာမှနှိုး၍ နှုတ်ဆက်လိုပါသော်လည်း၊ ဤကဲ့သို့ ပြုလုပ်ရန် ကျုပ်တွင် သတ္တိမရှိသကဲ့သို့ ဖြစ်နေပါသည်။ ခင်ဗျားနဲ့ ကျုပ် တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသည့်အတိုင်း ခင်ဗျားမျက်နှာကိုကြည့်၍ နှုတ်ဆက်ရလျှင် ကျုပ် မှချ မျက်ရည်ကျမိမည် ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍လည်း ခင်ဗျား အိပ်ရာမှမနိုးမီ ခင်ဗျားကို နှုတ်မဆက်ဘဲ ထွက်သွားရခြင်း ဖြစ်ပါသည်။ ကျုပ်မှာ မိမိကိုယ်ကိုမိမိ စိတ်ခေတ်ကြွနိုင်လှပြီ ထင်သော်လည်း ယခုကဲ့သို့ အမှန်သွားရမည်ကို သိသောအခါ ကျုပ်စိတ်ခေတ် မခိုင်တော့ပါ။ သို့ဖြစ်၍ မောင်ဘိုးလှအား ယခုစာကိုသာ ပေးခဲ့ပြီးလျှင်၊ ကျုပ်လိုသမျှ ပစ္စည်းကလေးများကို သားရေအိတ်တစ်လုံးတွင် ထည့်၍ ရန်ကုန်မြို့မှ အပြီးအပိုင် ထွက်သွားပါပြီ။ မောင်ဘိုးလှကိုလည်း သူ၏ နေရပ်ဇာတိဖြစ်သော အညာဒေသသို့ စစ်အတွင်းတွင် ပြန်၍နေထိုင်နိုင်ရန် ခြောက်လအတွက် လစာငွေများကို ရှင်းလင်းပေးခဲ့ပါသည်။

ကျုပ်သံသေတ္တာကို ခင်ဗျားဖွင့်နိုင်ရန် သံသေတ္တာသော့ကို ကျုပ်ခေါင်းအုံးအောက်တွင် တွေ့ပါလိမ့်မည်။ သံသေတ္တာကိုဖွင့်သောအခါ အပေါ်ဆုံးထပ်တွင် ခင်ဗျားသုံးစွဲရန် ငွေသုံးထောင်ကျပ် ထားခဲ့ပါသည်။ ဒုတိယအံဆွဲတွင် ဒင်္ဂါးနှင့် မူးစေ့မတ်စေ့အကြွေများ ထားခဲ့ပါသည်။ ယင်းငွေ အားလုံးကို ခင်ဗျားသဘောအတိုင်း သုံးစွဲနိုင်ပါသည်။ ထို့အပြင် ကျုပ်အိပ်ခန်းနဲ့ ခေတ်ခွဲခန်းရှိပစ္စည်းအားလုံးနဲ့ ကျုပ်ပိုင်သမျှ အဝတ်အထည် တိုလီမိုလီပစ္စည်းများပါမကျန် ခင်ဗျားသဘောအတိုင်း သုံးစွဲစေလိုပါသည်။ အောက်ဆုံးအံဆွဲတွင် အနီရောင်သားရေဖုံးထားသည့် ကျုပ်မှတ်တမ်းစာအုပ်ကို ထားခဲ့ပါသည်။

ယင်း မှတ်တမ်းစာအုပ်မှာ ကျုပ် စုံထောက်ခဲ့သောအမှုများအကြောင်းကို နေ့စွဲများနှင့်တကွ ရေးမှတ်ထားသည့် မှတ်တမ်းစာအုပ်ဖြစ်သည်။ မှတ်တမ်းများကို ဖတ်ကြည့်သောအခါ ကျုပ်အတွေးအခေါ် အယူအဆများနှင့်တကွ ခင်ဗျား မရေးရသေးသောအမှုများ ကျန်သေးသည်ကို တွေ့ရမည် ဖြစ်၍ ထိုအကြောင်းများကို ခင်ဗျားသဘောအတိုင်းရေးသားရန် ခွင့်ပြုပါသည်။ သို့သော် အမှုသည်များ၏အမည်





နာမများ၊ ၄င်းတို့၏ နေရာဌာနနှင့်နေရပ်လိပ်စာများကိုမူ ကျုပ် မှတ်တမ်းတွင်ပါသည့် အမည်နာမများအတိုင်း မရေးဘဲ ပြောင်းလဲရေးသားစေလိုပါသည်။

ဤသို့ ပြုလုပ်ရခြင်းမှာ ကာယကံရှင်များ သော်လည်းကောင်း၊ ၄င်းတို့၏သားသမီးများနှင့် ဆွေမျိုးညာတိများ သော်လည်းကောင်း၊ ယနေ့တိုင် အသက်ထင်ရှားရှိနေက ၄င်းတို့၏ဂုဏ်သိက္ခာကို မထိခိုက်စေရန် ဖြစ်ပါသည်။

ခင်ဗျားက ဝါရင့် စာရေးဆရာတစ်ယောက် ဖြစ်သဖြင့် ဤကိစ္စများကို ကျုပ်ထက် ပို၍ သိပါလိမ့်မည်။ ခင်ဗျားကို မလွဲသာသဖြင့် ခွဲခွာသွားရသော်လည်း တစ်နေ့တစ်နာရီမျှ ခင်ဗျားကို မေ့မည်မဟုတ်ပါ။ တစ်နေ့တွင် ခင်ဗျားနှင့် တစ်ဖန် အမှန်မုချ ပြန်လည်တွေ့ဆုံဦးမည့်အကြောင်းကို စိတ်ထဲတွင် စွဲမြဲယုံကြည်ထားစေလိုပါသည်။

မိတ်ဆွေကြီး ကျန်းမာစေရန် ဆုမွန်တောင်း၍ နှုတ်ဆက်ခဲ့ပါသည်။

ထင်ကျော်

ဦးထင်ကျော်ကား စုံထောက်လောကကြီးနှင့်တကွ ကျွန်ုပ်ကိုပါ အပြီးအပိုင် ခွဲခွာသွားလေပြီ။ ဆွေမျိုးညာတိ သွေးသားပင်မတော်စပ်သော်လည်း ကျွန်ုပ်တို့မှာ ဆယ့်ငါးနှစ်ခန့်မျှ အတူတကွနေထိုင်ခဲ့ပြီးလျှင် တစ်ယောက်အကြောင်းရှိက တစ်ယောက်က ကူညီခဲ့ကြ၏။ သူ၏အမှုတစ်ချို့တွင် ကျွန်ုပ်ကိုယ်တိုင် သူနှင့်အတူ လိုက်ပါ၍ တစ်ခါတစ်ရံ သူ၏အသက်ကိုပင် ကယ်ဆယ်ခဲ့ဖူး၏။

ဤသို့ဖြင့် ကျွန်ုပ်တို့မှာ ညီရင်းအစ်ကိုတမျှ ချစ်ခင်ကာ တစ်ယောက်အပေါ်တွင် တစ်ယောက် သံယောဇဉ်ကြီးမားလှသော



www.burmeseclassic.com

www.burmeseclassic.com

၏။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးသည်ကား ကျွန်ုပ်တို့၏ သံယောဇဉ်နှောင်ကြိုးကို ဖြတ်တောက်ပစ်လိုက်သကဲ့သို့ ရှိတော့၏။

ဆယ့်ငါးနှစ်ခန့်မျှ သူနှင့်အတူ တစ်အိမ်တည်း နေလျက် အလွန်ခင်မင်ရင်းနှီးစွာ ပေါင်းသင်းလာခဲ့သော်လည်း သူ၏ရည်ရွယ်ချက်ကို မည်သည့်အခါကမှ လေသံမျှပင် မဟာဖူးဘဲ ယခုနောက်ဆုံးအချိန်သို့ရောက်သည်တွင်မှ သူ၏အကြောင်းကို ကျွန်ုပ်တို့အား ဖွင့်ဟပြောသွားလေပြီ။

သူ၏ရည်ရွယ်ချက်ကား ထူးဆန်းလှပါပေ၏။ ထူးခြားမွန်မြတ်လှပါပေ၏။ သူ၏စာကို ဖတ်ရသောအခါ ကျွန်ုပ်သည် သူ့အား ယခင်ကထက်ပင် ပို၍ကြည်ညိုလာမိ၏။ သူ၏အကြောင်းကို မကြာခဏသတိရကာ သူနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပုံများကို ကျွန်ုပ်စိတ်ထဲတွင် တရေးရေး မြင်ယောင်မိ၏။

သူနှင့် ပြန်၍ တွေ့မှတွေ့ပါဦးမည်လော့ဟု စဉ်းစားလိုက်သည့်အခါများ၌ မျက်ရည်များပင် တစ်ခါတစ်ရံ ကျ၍လာမိ၏။

သို့သော်..

"ကဲ..ကိုတင်မောင်၊ အခုဖြစ်လာတဲ့ စစ်ကြီးအတွင်းမှာ ခင်ဗျားနဲ့ကျုပ် မလွဲသာလို့ ခွဲခွာနေရပေမယ့် ဘယ်နည်းနဲ့မဆို ကျုပ်တို့ မုချ ပြန်တွေ့ကြရမှာပေါ့ဗျာ။ ကျုပ်နဲ့ ခွဲခွာရခြင်းမှာ ခင်ဗျားဘာမှ စိတ်အားငယ်မနေနဲ့"

ဟု နောက်ဆုံးပြောခဲ့သော သူ၏စကားများကိုသာ ကျွန်ုပ်၏နားထဲတွင် မကြာခဏ ပြန်လည်ကြားယောင်နေမိပါတော့သတည်း။

ဒဂုန်ရွှေမျှား

မိုးရွှေပြည်စာအုပ်တိုက်

# ဆရာကြီး ဒဂုန်ရွှေမျှား၏

## အမ်ကြာရိုးဝတ္ထုတိုပေါင်းချုပ်

လက္ခဏာပညာနှင့်စုံထောက်ပညာ ပေါင်းစပ်ကာ
အမှုအခင်းပေါင်းများစွာကို စိတ်ဝင်စားဖွယ်ရာ
သည်းထိတ်ရင်ဖို အံ့ဩမခန်း
စုံစမ်းဖော်ထုတ်ခဲ့ပုံများ
ထွက်နေပါပြီ
၆၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

လူသည်လောဘသားကောင်းလား။မောဟသားကောင်လား။
ဒေါသသားကောင်လား။
ပုလဲကြီးတစ်လုံးက လူတို့ကံကြမ္မာနှင့် ဘဝသရုပ်သကန်
ကို ဖွင့်လှစ်ပြလိုက်သည်။

**ပုလဲတေးသံ**

ထင်လင်း

The Pearl

**John Steinbeck**

ပန်းရွှေပြည်စာအုပ်တိုက်

ရှားပါးလက်ရာ ရှားပါးစာအုပ်
သင့်စာအုပ်စင်မှာ ထာဝရ ရှိရမည့်စာအုပ်

- မြန်မာဆိုတာဘာလဲ
- သူရဲကောင်းဆိုတာ ဘာလဲ
- မြန်မာသူရဲကောင်းဆိုတာ ဘယ်လိုလူစားတွေလဲ
- အမျိုးဘာသာ သာသနာအတွက် မြန်မာ့ဂုဏ်ရည်ပြခဲ့သော
- အရှင့်ကျေးဇူး၊ နိုင်ငံကျေးဇူးအတွက် ရဲဝံ့စွန့်စားခဲ့ကြသော သူတို့အကြောင်း

**သတင်းစာဆရာကြီး ဦးသိမ်းမောင်**

ပန်းရွှေပြည် စာအုပ်တိုက်က
မြန်မာတို့အတွက် ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ရိုက်ဝေခြင်း။

www.burmeseclassic.com